
www.burmeseclassic.com
BURMESE
CLASSIC
.com
သုခ
www.burmeseclassic.com

www.burmeseclassic.com

**အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ**
ပဋ္ဌမအကြိမ်၊ ၁၉၉၈ ဖေဖော်ဝါရီလ၊ အုပ်ရေ ၂၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၂/၉၇(၁၂) နှင့် စာမူခွင့်ပြုချက်အ
၄၉/၉၇(၁၁) တို့အရ ဦးရဲမြင့်(၀၁၀၄၉)၊ တက်လမ်းစာပေ၊ ၉၆
ပဒေသာရပ်၊ စော်ဘွားကြီးကုန်း က ထုတ်ဝေ၍
မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊
ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က
ပုံနှိပ်သည်။

**တန်ဖိုး ၁၂၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ /၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## မာတိကာ

ဒဂုန်ဦးစန်းငွေ၏ အယူအဆ ၄
ဦးသော်ဇင်၏ အယူအဆ ၁၃
စောမုံညင်း၏ အယူအဆ ၂၂
ဓမ္မာစရိယဦးဌေးလှိုင်၏ အယူအဆ ၂၅

မသိ၍လိုချင်သည် ၂၈

သပေါက်မကလေး ၅၈

ပြည့်တန်ဆာမကလေး ၇၄

လှကေရီ ၁၀၈

ငါးဖောင်ရိုးမကလေး ၁၂၄

လင်များ၍တရားရသည် ၁၄၆

ဖအေကိုအမွေပေးသောသမီး ၁၆၂

တဏှာရှူးမကလေး ၁၇၈

www.burmeseclassic.com

www.burmeseclassic.com

# ဒဂုန်ဦးစန်းငွေ ၏ အယူအဆ

"လူ့စိတ်သည် မျောက်စိတ်နှင့် အလားတူ၏"

ဤသို့ နဝကနိပါတ်၊ ဟလိဒ္ဒိရာဂဇာတ်၌ ဗုဒ္ဓဟောကြားသွားတော်မူ၏၊ ပျံ့လွင့်တတ်သည့် သဘောရှိသောကြောင့် ဤသို့ ဟောတော်မူခြင်းဖြစ်လေသည်။ ကျွန်ုပ်၏စိတ်သည်လည်း မျောက်စိတ်အလား လွင့်ပါးခြင်းကို မလွန်ဆန်နိုင်။

သို့သော် ထိုစိတ်သည် အခါခပ်သိမ်းလည်း လွင့်ပါးနေသည်ကား မဟုတ်၊ တည်ငြိမ်စရာ စွဲလောက်သော အာရုံတစ်ခုခုက ဓာတ်ခံကောင်းနေလျှင် ထိုစိတ်သည် ငြိမ်၍ဝပ်နေတတ်၏၊ ပမာအားဖြင့် အကျော်အမော်မြင်းသည်တော်တစ်ဦးသည် ဒုန်းပြေးနေသောမြင်းကို ရပ်တန့်စေလိုသော် ဇက်ကိုဆွဲ၍ချုပ်လိုက်၏၊ ထိုအခါ မြင်းသည် တုံ့ခနဲ ရပ်သွားလေ၏။

စိတ်သည်လည်း ထို့အတူပင်တည်း၊ အခံအာရုံက ကောင်းလျှင် ထိုအာရုံထဲ၌ နစ်နေတတ်၏။ မှန်၏၊ လက်တွေ့အားဖြင့် ကျွန်ုပ်သည် စာမူတစ်ခုကို ဖတ်နေ၏၊ ထိုအခါ စိတ်သည် ပျံ့လွင့်ရစကောင်းမှန်းပင် မသိတော့ဘဲ ထိုစာပင်လယ် သမုဒ္ဒရာကြီးထဲ၌ စုံးစုံးမြုပ်နေပါသတည်း။ ပျံ့လွင့်ခွင့်မရအောင် ထိုစာက ကျွန်ုပ်၏စိတ်ကို ဆွဲ၍ နှစ်ထားပါပြီတည်း။

ယင်းသို့ စာအာရုံ၌ ထိုမွေ့နေချိန်တွင် 'လမ်းပေါ်မှာ လမ်းပျောက်' ဆိုသကဲ့သို့ ဖတ်နေရင်းမှာပင် စာထဲမှာ စာပျောက်သွားလေသည်။

"သြော် – ဒါကြောင့်ကိုး"

အံ့သြခြင်း၊ ချီးကျူးခြင်း သရုပ်ဖော်ရာတွင် ရတ်တရက်ထွက်လာ

BURMESE CLASSIC .com



တတ်သော 'အစ္ဆရိယ အာမေဍိတ်သံ' ကြီးဖြင့် ကောက်ချက် ချလိုက်မိပါတော့သည်။

ထိုစာသည် မည်သို့သော စာမျိုးဖြစ်လေသနည်း၊ ဖတ်နေရင်း စာထဲမှာ အဘယ်ကြောင့် စာပျောက်သွားလေသနည်း၊ မျက်စိအောက်ကပျောက်သွားရအောင် ထိုစာသည် 'မြေလျှိုးမိုးပျံ' သိဒ္ဓိမြောက်သော စာမျိုးဖြစ်လေသလော။

* * *

"သည်ဟာအတွက် နိဒါန်းလည်းရေးဗျာ၊ နို့ပြီးတော့ အားမနာတမ်း မညှာတမ်း ပွင့်ပွင့်လင်းလင်းလည်း ဝေဖန်ပေးဗျာ၊ နိဒါန်းနဲ့ ဝေဖန်ချက်လိုချင်လို့ တမင်တကာ ခင်ဗျားဆီလာခဲ့တာ"

သူက ရင်းရင်းနှီးနှီးဆိုသည်၊ ပြောသည်၊ ဤသို့ ဆိုပြောရင်းသူ့လက်ထဲက စာမူကို ကျွန်ုပ်လက်သို့ ကမ်းလိုက်လေသည်၊ ကျွန်ုပ်က လှမ်းယူပြီး စာရွက်များကို တစ်ရွက်ချင်း လှန်ကြည့်နေစဉ်အတွင်း တန်းစီ၍ တလွင်လွင်ထွက်လာသော အထက်ပါစကားများကို ကြားနေရသည်။

"ဒါဟာ ငွေတာရီမဂ္ဂဇင်းထဲမှာ အလျဉ်းသင့်သလို ကျုပ် ရေးရေးလာခဲ့တဲ့ စာမူတွေပါ၊ လူထုကို သည်အထဲက အကြောင်းအရာတွေနဲ့ထိတွေ့စေချင်တယ်၊ ယဉ်ပါးစေချင်တယ်ဗျာ၊ ဒါကြောင့် စာအုပ်အဖြစ်ထုတ်မလို့၊ ထုတ်မှာကသူတို့ပဲ၊ ဉာဏ်လင်းစာပေကလေ"

ဤသို့ပြောပြနေသော 'သူ' ဆိုသူကား ဒါရိုက်တာဦးသုခ၊သူတို့ဆိုသူများကား ဉာဏ်လင်းစာပေမှ ဦးတင်အောင်နှင့် ဦးအောင် တို့ဖြစ်လေသည်၊ ထုတ်ဝေသူများကိုပါ ခေါ်လာခဲ့ခြင်း ဖြစ်သည်။ "ဒါမှ အဘိယာစက ဖြစ်မယ်" ဟု သူက ဆိုသေး၏။

တစ်နေ့သော နံနက်ခင်း (၂–၁၁–၇၈) မှာဖြစ်၏၊ ဦးသုခနှင့်ကိုတင်အောင်တို့ တကူးတက ရောက်လာကြပြီး အထက်၌ပြဆိုခဲ့သည့်အတိုင်း စာမူအတွက် နိဒါန်းရေးရန် အကူအညီတောင်းလေသည်၊ စာမူမှာ 'အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ' ဖြစ်၏။

အားလုံးဖတ်ပြီး၍ နိဒါန်းရေးရန် ပြင်ဆင်ရလေသောအခါ ဦးသုခ

www.burmeseclassic.com

www.burmeseclassic.com

ပြောသွားသော စကားများက နားထဲဝဲဝဲလာသည်၊ "အားမနာတမ်းဝေဖန်ပေးစမ်းဗျာ"၊ ဤသည်ကား လွယ်မယောင်နှင့် လွန်စွာခက်သော ကိစ္စကြီးဖြစ်ချေ၏၊ ခက်ပုံကား – သူ့စာသည် စိတ်ကူးယဉ်စာမျိုးမဟုတ်၊ ဗုဒ္ဓခေတ်အောက်တွင် နေလို လလို ထွန်းတောက်ခဲ့ကြသော 'အကျော်အမော်သမီးတော်ကြီးများ'၏ တကယ့်ဖြစ်ရပ်၊ ဘဝတစ်ကွေ့ တကယ့်အတွေ့အကြုံများဖြစ်ခြင်းကြောင့် ဇာတ်လမ်းအနေအားဖြင့် ကျွန်ုပ် အသို့ဝေဖန်မည်နည်း။

တစ်ဖန် အရေးအသား၊ ဝါကျတည်ဆောက်မှုနှင့် စကားအသုံးအနှုန်းများကို ဝေဖန်ရအောင်ကလည်း ဦးသုခမှာ ယခုမှ ပေါ်ပေါက်လာသော 'သုခီအတ္တာနံ ပရိဟရန္တု' ပုဂ္ဂိုလ်မဟုတ်၊ ကျွန်ုပ်ကဲ့သို့ပင် ကလောင်အိုကြီးတစ်ချောင်း (ဝါ) အရေးအသားဘက်တွင် ကျင့်သားရ အနည်ထိုင်နေပြီးဖြစ်သော နာမည်ကျော် ဝါရင့်စာရေးဆရာကြီးဖြစ်ခြင်းကြောင့် အရေးအသားဘက်မှလည်း ပျော့ကွက် ဟာကွက်မထင်၊ ရေပက်မဝင်အောင် စေ့စေ့စပ်စပ်ရှိမည်မှာ သံသယကင်းကင်းနှင့် ကျွန်ုပ်ယုံကြည်၏၊ ထို့ကြောင့် ကျွန်ုပ်သူ့ကိုပသို့ ဝေဖန်မည်နည်း။

– ဗုဒ္ဓခေတ် အကျော်ဒေးယျ သမီးတော်ကြီးများကို လူထုနှင့်ထိတွေ့မိအောင် ဆုံပေးချင်သည်၊ လူထုနှင့်ယှဉ်ပါးစေချင်သည်ဟု သူဆို၏။

– ယင်းသို့ ထိတွေ့ ယှဉ်ပါးခြင်းအားဖြင့် များစွာ အကျိုးများနိုင်တန်ရာပါသည်၊ ဗုဒ္ဓ၏သမီးတော်ကြီးများပမာ အဖိုးတန်အမျိုးသမီးများ ထွန်းကားလာနိုင်တန်ရာပါသည်ဟု သူဆို၏။

''မသိ၍ လိုချင်သည်' တဲ့၊ သူ့စာမူမှ ပထမဆုံး ဇာတ်လမ်း၏အမည်ဖြစ်၏၊ "လင့်မျက်နှာ တစ်ရွာထင်ပြီး သာဝတ္ထိပြည်ကြီးကိုလိုက်လာခဲ့ရတဲ့ ကျွန်မဘဝဟာ" ဤသို့ စသည်ဖြင့် 'ပြန်ပြောသသော' ဖြင့် စ,ထားသည်ကို တွေ့ရသည်။

ဖတ်ရင်း ဖတ်ရင်းမှာပင် စာထဲက စာလုံးကလေးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်၊ ယင်းစာလုံးကလေးများ၏နေရာတွင် တလှုပ်လှုပ် လှုပ်ရှပ်ကလေးတွေ ရောက်လာကုန်သည်၊ ကျွန်ုပ်သည် စာကို



စာဟု မမြင်တော့၊ မထင်တော့၊ ရုပ်ရှင်ဇာတ်ကားကော်(ပ်)တစ်ခု၏အသွင်ကိုသာ မြင်ယောင်လာသည်၊ ရုပ်ရှင်ကို စ၍ပြလျှင်ပြချင်း –

လူကုံထံများနေထိုင်ရာ သားနားလှသော ခန်းမကြီး တစ်ခုအတွင်း ကိုယ်ဝန်ရှိ အမျိုးသမီးကလေးတစ်ဦး တရှုပ်ရှုပ်ငိုနေပုံ၊ သူ၏ဘေးတွင်ရပ်လျက် ယောက္ခမ မိန်းမသူကြီးက စိတ်ဆိုးမာန်ဆိုး လက်ညှိုးတငေါက်ငေါက်ထိုးလျက် "ညည်း ဗိုက်ဟာငါ့သားဗိုက်မဟုတ်ဘူး၊ အလေလိုက်ရာက ရလာတဲ့ဗိုက်၊ ညည်းဟာမိန်းမယုတ်၊ သွား၊ ငါ့အိမ်မနေနဲ့ အခုဆင်း" ဟု ချွေးမဖြစ်သူကိုယောက္ခမက နှင်ချနေပုံ။

ထို့နောက် အိမ်နီးချင်း မိန်းမတစ်သိုက်က "သူမို့ မျက်နှာပြောင် တိုက်ပုံသတော်" ဟူ၍ ထိုအမျိုးသမီး၏အတင်းကိုမိန်းမချင်းအားပါးတရ ဆိုပြောနေကြပုံ။

ထို့နောက် မျက်ရည်အရွှဲသားနှင့် ချွေးမက စဉ်းစားရာမှလင်ခရီးထွက်ခါနီး ရှကွက်ပေါ်လာပြီး လင်တော်မောင် ယူဆောင်သွားစရာများကို ပြင်ဆင်ပေးနေစဉ် ခင်ပွန်းလင်ဖြစ်သူက အခန်းထဲဝင်လာပြီး "ဟင်–ကျိတ်ပြီး ငိုနေပြီလား အချစ်ရယ်" ဟုချစ်ဇနီးကို တယုတယ ဖြေသိမ့်စေပုံ။

ဤရုပ်ရှင်များကိုသာ တစ်ခုပြီးတစ်ခု တလှုပ်လှုပ် ကျွန်ုပ်မြင်ယောင်လာသည်။

ဦးသုခသည် အကယ်ဒမီ အထပ်ထပ်ရသော ဒါရိုက်တာကောင်းတစ်ဦးဖြစ်သည့်အလျောက် ဇာတ်အိမ် ဇာတ်ကွက် ဇာတ်လမ်း တစ်ခုကိုမည်သို့ဖန်တီးလျှင် လူထုနှင့် နီးစပ်လွယ်သည်ကို အစင်းသိ အတွင်းသိဖြစ်သည့်အားလျော်စွာ ဤ'အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ' ကိုရုပ်ရှင်ဇာတ်ညွှန်း အသွင်ဖြင့် တင်ပြထားပေသည်၊ ဇာတ်ညွှန်း ပုံသဏ္ဌာန်မျိုး၊ ကင်မရာအယူအဆ၊ အနီးအဝေးမှစ၍ ခွဲပြမထားငြားသော်လည်း သူ့အခန်းစဉ်အတိုင်း ရိုက်သွားလျှင် ရုပ်ရှင်ဇာတ်ကား ဖြစ်လာနိုင်သည်အထိ ပိရိစေ့စပ်သည်ကို တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တင်ပြထားပုံမှာ လူထုနှင့် နီးစပ်မှုရှိမရှိနှင့် ပတ်သက်၍ ဝေဖန်ရသော အချုပ်အားဖြင့် သူ့စာကို 'စာရုပ်ရှင်' ဟု ကျွန်ုပ်မြင်၏၊ အများသဘောပေါက် နားလည်လွယ်အောင် လူထုနှင့် အနီးကပ်ဆုံးသော အစီအရင်ဖြင့် တင်ပြထားသော ဖတ်စရာ၊ မှတ်စရာများ၊ ရှုကွင်း ရှုကွက်များဖြစ်လေသည်၊ ရုပ်ရှင်ကားကောင်းများကို ရှုစားနေရသည်နှင့် မခြား၊ နားလည်လွယ် သဘောပေါက်လွယ်သည်ဟု မြင်၏။

ရင်နင့်ဖွယ်ရာ ယင်းဇာတ်ထုပ်ကို ထေရဂါထာပါဠိတော် ဂင်္ဂါတီရိယထေရဂါထာမှလည်းကောင်း၊ ထေရီအပဒါန်ပါဠိတော် ဥပ္ပလဝဏ္ဏာထေရီအပဒါန်မှလည်းကောင်း ထုတ်၍ ဆရာဦးသုခက တင်ပြထား၏၊ သားအမိချင်း ညားနေမှန်း၊ မောင်နှမချင်း လင်မယား ဖြစ်နေမှန်းသိကြလေသောအခါ အဝိဇ္ဇာ အမှောင်ထုအောက်မှ လွတ်မြောက်အောင် သားအမိသုံးယောက်စလုံး ရုန်းကန်၍ ရဟန်းပြုသွားကြသည်၊ သားရဟန်းမှာ ဂင်္ဂါမြစ်ကမ်း၌ နေသည်ကို အကြောင်းပြု၍ 'ဂင်္ဂါတီရိယ မထေရ်' ဟု တွင်၏၊ မိခင်မှာလည်း သား၏အမည်ကို အစွဲပြု၍ 'ဂင်္ဂါတီရိယမာတာ' ဟု တွင်၏၊ နှမ၏အမည်ကိုကား ကျမ်းဂန်တို့၌ မတွေ့ရ။

မသိ၍ လိုချင်သည်၊ လိုချင်၍ လိုဘပြည့်အောင် ဖြည့်တင်းသည်၊ လိုဘမပြည့်မချင်း အားသွန်ခွန်စိုက် ကြိုးစားသည်၊ မနေမနား အားထုတ်ခြင်းပြုသည်၊ ဤသို့ လိုချင်ရမ္မက် ငမ်းငမ်းတက်မှုကြောင့် ကျော်မကောင်း ကြားမကောင်း ရင်နင့်ဖွယ်ရာ အဖြစ်ဆိုးကြီးနှင့် ရင်ဆိုင် ငါတို့တိုးမိကြရသည်ဟူ၍ မသိမှုအဝိဇ္ဇာကို အလန့်ကြီးလန့် အကြောက်ကြီးကြောက်၍ တရားအားထုတ်ကြရာမှ သားအမိသုံးယောက်စလုံး အဝိဇ္ဇာမှောင်ထုအောက်က လွတ်မြောက်ကာ ရဟန္တာဖြစ်သွားကြကုန်လေသတည်း။

ယင်းနှစ်ပွင့်တစ်ခိုင် အိမ်ထောင်ရေး ဆွေးတသက်သက် ဇာတ်လမ်းနှင့်ပတ်သက်၍ လူထုရှေ့၌ ချပြမှုတွင် ဦးသုခနှင့်ကျွန်ုပ် မမျှော်လင့်ဘဲ ဉာဏ်ချင်းထပ်သွားသည့်ကို အံ့ဖွယ်လိလိ ကြုံတွေ့နေရပေသည်။

မှန်၏၊ လွန်ခဲ့သော ၂–နှစ်လောက်က 'နိဗ္ဗာန်စခန်းလက်တစ်ကမ်း ဒုတိယတွဲ' စာအုပ်ကို ကျွန်ုပ်ထုတ်ဝေခဲ့၏၊ ထိုစာအုပ်တွင် ဤသားအမိ



သုံးယောက်တို့၏ နှစ်ပွင့်တစ်ခိုင်ဇာတ်လမ်းပါရှိခဲ့၏၊ ထိုဇာတ်လမ်းကို နောက်ကြောင်းပြန်ပြောနည်းဖြင့် ကျွန်ုပ်သရုပ်ဖော်ခဲ့သည်ဖြစ်ရာ မူအားဖြင့် နောက်ကြောင်းပြန်သည်ချင်း ဦးသုခနှင့် ထပ်တူကျနေ၏၊ သို့သော် အမြင်မှာ ကွဲလွဲသည်၊ ကိုယ့်ရှုထောင့်နှင့်ကိုယ် တစ်မျိုးစီမြင်ကြသည်။

ကျွန်ုပ်က စာပန်းချီဟန်ဖြင့် နောက်ကြောင်းပြန်သည်။

ဦးသုခက ရုပ်ရှင်ဟန်ဖြင့် နောက်ကြောင်းပြန်သည်။

ဤသို့တင်ပြကြရာတွင် 'ဟန်' သာ ခြားသည်၊ နောက်ကြောင်းပြန်သည်ချင်းကား တစ်သားတည်းစပ် တစ်ထပ်တည်းနှောမိနေချေ၏၊ ကျွန်ုပ်၏ "နိဗ္ဗာန်စခန်း လက်တစ်ကမ်း – ဒုတိယတွဲ' ၌ တစ်လင်တည်းမယား မိခင်ဖြစ်သူက မိမိ၏အဖြစ်အပျက်ကို သမီးအား ပြောပြခန်း၌ ဤသို့ စာပန်းချီသီ၍ ကျွန်ုပ်သရုပ်ဖော်ခဲ့ပေသည်။

"ချစ်သမီး၊ တစ်နေ့သောအခါမှာ သူ(လင်ဖြစ်နေသောသား) ငါ့ကို မည်သို့လာပြောသည်ဟုထင်သနည်း၊ မျက်နှာချိုကလေးသွေးကာ သွေးကာနှင့် 'မိန်းကလေးတစ်ယောက်ဟာ အတော့်ကို သနားစရာ ကောင်းတာပဲတဲ့၊ သူ့အဖေကို လူဆိုး ဓားပြတွေက သတ်ပစ်ပြီးနောက် သူ့ကို မတရားပြုကျင့်ကြတော့မယ့် အခြေအနေကို ရိပ်စားမိတဲ့အတွက် ကိုယ်လွတ် ရုန်းကန်ပြီး ထွက်ပြေးလွတ်မြောက်လာတဲ့ ဒုက္ခသည်ကလေး ပါတဲ့၊ ကျွန်တော် သူ့ကို မြင်လျှင်မြင်ချင်း သနားလည်းသနား၊ သနားရာမှ မေတ္တာပွားမိလာပါတယ်တဲ့၊ သူဟာ ဘယ်တုန်းကမှ အငယ်အနှောင်းလည်း မထားခဲ့၊ အပျော်အပါးဆိုတာတောင် ယောင်လို့မှ မလိုက်စားမိခဲ့ပါဘူးတဲ့၊ အဲသည် မိန်းကလေးကို သနားလှတဲ့အတွက် ကယ်တင်ပါရစေ၊ သိမ်းပိုက်စောင့်ရှောက်ထားပါရစေတဲ့၊ ကလေးမုန့်ပူဆာသည့်ပမာ သူက ငါ့ထံ ဤသို့ ပန်ကြားလာပါတော့သည်။

ချစ်သမီး၊ မုန့်ကိုသာ ဝေစားနိုင်မည်၊ သည်အရေးသည်ကိစ္စကား ခွင့်လွှတ်နိုင်ခက်သော ကိစ္စပါတကား၊ သို့ဖြစ်လင့်ကစား၊ မေတ္တာဟူသည် ခွင့်လွှတ်ခြင်းပင် မဟုတ်ပါလော၊ ငါ ကိုယ်ချင်းစာကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်၊ 'သူ့ကို ငါ အသည်းနစ်အောင်ချစ်၏၊ ငါချစ်သလို သူကလည်း ဟို သူငယ်မ အပေါ် ချစ်နေပေ၍သာ ငါ့ထံပန်ကြား လာခြင်း ဖြစ်ပေမည်၊ သူ့ကို ငါချစ်လျှင် သူ့အပေါ်မှာ ငါခွင့်လွှတ် နိုင်ရမည်၊ သို့မှသာ ငါ သူ့ကို ချစ်ရာရောက်မည်' ဤသို့ ဆုံးဖြတ် လိုက်ပြီး သဘောထားကြီးစွာဖြင့် 'ဒါဖြင့်လည်း ခေါ်ခဲ့လေ'ဟု ခွင့်ပြုလိုက်၏၊ ငါ၏ခွင့်ပြုချက်အရဖြင့် အဲသည့်သူငယ်မကို သူငါ့ဆီခေါ်လာသည်၊ အစပထမတွင် ငါ့မျက်စိထဲမှာ မီးပွင့်သလို ထင်သွားသည် ချစ်သမီး။

သို့သော် ချစ်သမီး၊ သူ့ကိုချစ်သော မေတ္တာစာတ်ဖြင့် အချိန်မီ ငါအရှိန်သတ်နိုင်ခဲ့၏၊ 'လင်လုဘက်၊ ကြောင်တောင်နှိုက်တဲ့ ကောင်မ' ဟု ငါသဘောမထား၊ 'ငါ့ရှုစရာ မှန်ကလေး တစ်ချပ်' ဟု ငါ့စိတ်ထဲ စွဲမှတ်ထား၏၊ လက်ပွန်းတတီး ငါ့သမီးဟူ၍ပင် သဘောထားကြီးစွာ လင်တူမယားဘ၀ဖြင့် သူကလေးနှင့်အတူ ငါနေလာခဲ့၏၊ ထိုသူငယ်မကား အခြားသူမဟုတ်၊ ညည်း ညည်း ညည်းပဲ၊ ညည်းဟာ ငါ့သမီး အရင်းခေါက်ခေါက်ဖြစ်နေပါကလား သမီးရယ်၊ သမီးကို သူခေါ်လာခဲ့စဉ်တုန်းကသာ အမေမှန်း သမီး မှန်း သိခဲ့ကြမည်ဆိုပါလျှင် ငါတို့သားအမိသည် အခြေဆိုး အနေဆိုး သည်အဖြစ်မျိုး ရောက်ကြရမည် မဟုတ်၊ တစ်ဦးတည်းသော လင့် အတွက် နှစ်ယောက်သော မယားအဖြစ်မျိုးနှင့် ငါတို့ တိုးမိကြမည် မဟုတ်၊ လင်တူမယား၊ မယားပြိုင်ဖြစ်ကြမည် မဟုတ်၊ ယခုသော် တမူကား ငါတို့သားအမိနှယ် လင်ကံဆိုးလေခြင်းသမီးရယ်"

လင်တူမယား သားအမိနှစ်ယောက်၏ဖြစ်အင်ကို သိ ထင် မြင်လွယ် အောင် ဤသို့ ကျွန်ုပ်တင်ပြခဲ့၏၊ ဇာတ်၏သဘောကို မိခင်တစ်ဦးတည်း၏ အပြောဖြင့်သာ သရုပ်ပေါ်အောင် ကျွန်ုပ်ကဖော်၏။

မူအားဖြင့် နောက်ကြောင်းပြန်ခြင်းတူသော်လည်း ဦးသုခ၏တင်ပြ ဟန်မှာ ရုပ်ရှင်ဆန်၍ အရသာကိုတစ်မျိုးတစ်ဘာသာ ခံစားစေလေသည်၊ လှုပ်ရှားမှုအား ဇာတ်ကို သားအမိနှစ်ယောက်စလုံးအား ပေးထားသည်၊



သားအမိချင်း အပြန်အလှန် ဆွေးနွေးခြင်း သရုပ်ဖြင့် လှုပ်ရှားစေသောကြောင့် သူ့ရှုကွက်မှာ စွဲမက်စရာ ဝေဝေဆာဆာ ရှိလှသည်။

ဦးသုခသည် 'အကျော်ဒေးယျ ဗုဒ္ဓသမီးတော်ကြီးများ'၏ ဘ၀ဖြစ် စဉ်ကို တင်ပြရာ၌ နောက်ကြောင်းပြန် (ပြန့်ပြော) ပုံသဏ္ဌာန်မျိုးဖြင့် တင်ပြထားပေသည်။ ဤတင်ပြချက်မှာ ကျမ်းဂန်ထွက်စကားနှင့် တစ်ပြေး ညီစွာ 'စရှေးကိုက်' ဖြစ်သောကြောင့် ချီးမွမ်းအပ်၏၊ အလွန်လေးနက် သော အသွင်ကိုဆောင်၏၊ အဘယ့်ကြောင့်ဆိုသော် ထိုသမီးတော်ကြီးများမှာ 'အပဒါန်စာရင်းဝင်' သမီးတော်ကြီးများ ဖြစ်သောကြောင့်တည်း။

ဤသာသနာတော်၌ ပါရမီတဲခွန် အလွန့်အလွန် ထူးချွန်တော်မူ ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ပုဂ္ဂိုလ်ထူးတို့အတွက် 'အမြင့်ဆုံး အဆင့်အဖြစ်' အထူးသတ်မှတ်ထားချက် 'အပဒါန်' ဟူသောအမည်ဖြင့် ကျမ်းတစ်ကျမ်း ရှိ၏၊ 'ပုဂ္ဂိုလ်ထူးများ ဂေဇက်ဝင်ကျမ်း' ဟု ဆိုနိုင်၏၊ ရဟန္တာတိုင်း တေဒဂ်ဘွဲ့ရ မဟုတ်သကဲ့သို့ တေဒဂ်ဘွဲ့ရသူတိုင်းလည်း အပဒါန်စာရင်းဝင် မဖြစ်ချေ၊ အပဒါန်စာရင်းဝင် ပုဂ္ဂိုလ်ထူးတို့သည် အတိတ်၌ ဖြစ်ခဲ့ဖူးသော မိမိတို့၏ ဘ၀တစ်ကွေ့ အတွေ့အကြုံများကို 'ဖြစ်ကြောင်းရယ်မှကုန်စင်' ပြန်လည်ဖော်ကျူး ပြလေ့ရှိကုန်၏။

ဥပမာ – ထေရီအပဒါန်ပါဠိတော်၌ ပုဂ္ဂိုလ်ထူး ကိသာဂေါတမီ၏ နောက်ကြောင်းပြန်ဇာတ်လမ်းမှာ –

"ထိုအခါ၊ ဗာရာဏသီပြည်၌ မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်သော၊ လူတို့ကို အစိုးရသော ကိကီမည်သော ကာသိမင်းသည် ရှိလေ၏၊ ထိုအခါ ငါသည် ထိုမင်း၏ (အမည်အားဖြင့် ဓမ္မာ ဟူ၍) ထင်ရှားသော ပဉ္စမသမီးတော်ဖြစ်ခဲ့၏၊ မြတ်စွာဘုရား၏ တရားတော်ကိုနာကြား၍ ခမည်းတော်အား ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားခဲ့၏" စသည်ဖြင့်လည်းကောင်း။

ယင်းအပဒါန်ပါဠိတော်မှာပင် မယ်ပဋာစာဟူ၍ထင်ရှားသော ပဋာစာရီ ထေရီမက ရှေးဖြစ်ဟောင်းကို နောက်ကြောင်းပြန်ရာမှာလည်း

"ယခုနောက်ဆုံးဖြစ်သောဘ၀၌လည်း ငါသည် သာဝတ္ထိပြည်

www.burmeseclassic.com

www.burmeseclassic.com



တွင် ပြည့်စုံကြွယ်ဝလျက် များသောဥစ္စာရှိသော သူဌေးမျိုး၌ဖြစ်၏၊ အကြင်အခါ ငါသည် အရွယ်သို့ရောက်သည်ရှိသော် မိဘမျက်ကွယ်လင်ကိုတွေ့သဖြင့် ကာမဝိတက်၏ အလိုသို့လိုက်၍ ထိုလင်နှင့်အတူ လိုက်သွားခဲ့၏၊ ငါသည် သားတစ်ယောက်ကို မွေးဖွားခဲ့လေပြီ၊ နှစ်ယောက်မြောက် (ဒုတိယ) သားသည်ငါ၏ ဝမ်း၌ ရှိလေ၏”
စသည်ဖြင့်လည်းကောင်း။ (ထေရီအပဒါန် မြန်မာပြန်)

ဤသို့ ရှေးအကြောင်း နောက်အကြောင်း ဘဝတစ်ကွေ့ အတွေ့အကြုံများကို နောက်ကြောင်းပြန်၍ ပြောပြခြင်းကား အပဒါန်စာရင်းဝင်ပုဂ္ဂိုလ်ထူးများ၏ ထူးခြားသော ဝိသေသလက္ခဏာရပ်တည်း။

ထို့ကြောင့် ရှေးဟောင်းဂန္ထဝင် အစဉ်အလာနှင့်အညီ အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ၏ ဇာတ်ကွက်ကို ပန္နက်ချရာ၌လည်း ဦးသုခသည် ထေရီအပဒါန်ပါဠိတော် ပုံစံအတိုင်း ခေတ်မီမီ နောက်ကြောင်းပြန်ထားပေသည်။ အချို့ဇာတ်လမ်းများကိုကား ခေတ်ပေါ် ဝတ္ထုဆန်းများ အသွင်ဖြင့် ဖတ်ကောင်း မှတ်ကောင်းအောင် တစ်မျိုး တင်ပြထားသည်ကို တွေ့ရ၏။

ဦးသုခသည် သူ၏စာအုပ်ကို ‘အကျော်ဒေးယျ ဗုဒ္ဓသမီးတော်ကြီး’ ရှစ်ဦးတို့ဖြင့် တန်ဆာဆင်ထားသည်ဖြစ်ရာ သူ့အကြောင်းနှင့်သူ တစ်ဘာသာစီ ဆန်းသစ်၍ ဖတ်ဖွယ်ကောင်း မှတ်ဖွယ်ကောင်းသည်ချည်းသာ ဖြစ်သည်။

‘လူအမျိုးမျိုး၊ နတ်အမျိုးမျိုး’ ဆိုသကဲ့သို့ ရှုထောင့်မှာလည်း ကိုယ့်ရှုထောင့်နှင့်ကိုယ်၊ အမြင်မှာလည်း ကိုယ့်အမြင်နှင့်ကိုယ် ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးရှိကြ၏။ ကျွန်ုပ်အနေအားဖြင့် သူ့လက်ရာ၊ သူ့စာ ‘အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ’ ကို စာထဲမှာ စာပျောက်သွားစေသော တင်ပြချက်၊ (ဝါ) စာရပ်ရှင်ဟုမြင်သော်လည်း အခြားသူများ၏ အမြင်၌ အသွင်တစ်မျိုးဖြစ်ချင် ဖြစ်နေမည်၊ သူ၏တင်ပြချက်မှာ လူထုနှင့် နီးစပ်မှုရှိ မရှိဟူသော အဖြေကို ပေးရန်အတွက် ‘အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ’က အသင့်စောင့်လျက်ရှိနေပါသတည်း။

ဒဂုန်ဦးစန်းငွေ

၁၀–၁၁–၇၈

# ဦးသော်ဇင်၏ အယူအဆ

၁

သာဝတ္ထိဟူသည်၊ ဤရွှေပြည်တွင်၊ မျိုးမည်ကောင်းမြွေ၊ သူဌေးသည်းချာ၊ ဖြစ်တဲ့လှာသည်၊ ဝါသနာရှေးလွန်၊ ဆုရင်းသန်ကြောင့်၊ သန္တာန်မွေးချို၊ ကြာညိုရည်သွေး၊ မည်ရည်ပေးလျက်၊ မြဲတ်လေးကြင်လောက်၊ ရွယ်သက်ရောက်က၊ ညီဝေါက်အသွင်၊ ဝင့်သုံးခွင်ကို၊ ထင်ထင်မျက်စိ၊ အမြင်ရှိ၍၊ သတိမမွေ၊ မွေးဖခေါ်ပင့်၊ ဖော်သည်နှင့်လျှင်၊ အသင့်ဆောလျှင်၊ ငါ့ဆီဝင်သော်၊ ရှာန်ပင်ခက်မြွာ၊ မြစ်ညွန့်ဖြာလျက်၊ ဆဋ္ဌာဘိညာ၊ စသည်ထူးထူး၊ တစ်ဦးဦးတို့၊ ဆွတ်ခူးအာသာ၊ လက်လှမ်းကာဖြင့်၊ ခေမာမည်ရှိ၊ ဘဂိနိဖြင့်၊ အရှိပိုင်စေ၊ လက်ဝဲနေလျက်၊ တေဒဂ္ဂ၊ နာမံငယ်မည်၊ ပြင်ရပ်ရည်ကြောင့်၊ လူ့ပြည်တသွန်၊ ကျော်စောဝှန်မှ၊ ဥပ္ပလဝဏ်မည်သီး၊ ငါ့သမီးဟု၊ ဝှဲချီးနှစ်လို့၊ ဖြစ်ပါတို့သည်၊ ထက်သို့ဘဝဂ် လိုက်ဆူတည်း။ မုဒုလက္ခဏာပျို့။

၂

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ်အဝင်အပါဖြစ်သော အပဒါန်ပါဠိတော်ကြီး၌ ထေရာပဒါန် ထေရီအပဒါန်ဟူ၍ အပိုင်းနှစ်ပိုင်းရှိ၏၊ ထိုတွင် ဂေါတမဗုဒ္ဓ ပစ္စေကဗုဒ္ဓါ ၄၁–ပါးတို့နှင့် ရှင်သာရိပုတ္တရာအစ ရှင်ရဋ္ဌပါလအဆုံး ၅၅၉–ပါးသော ရဟန္တာတို့၏အကြောင်း အတ္ထုပ္ပတ္တိများ ပြဆိုရာအပိုင်းကို ထေရာပဒါန်ဟု ခေါ်၏၊ သုမေဓာထေရီအစ ယသလာထေရီအဆုံး ၄၀–သော ရဟန္တာထေရီတို့၏အကြောင်း အတ္ထုပ္ပတ္တိများပြဆိုရာ အပိုင်းကို ထေရီအပဒါန်ဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်း ခုဒ္ဒကနိကာယ်၌ပင် ထေရဂါထာ၊ ထေရီဂါထာဟူသော ပါဠိတော်နှစ်ကျမ်းလည်း တခမ်းတနား သီးခြားတည်ရှိနေသေး၏၊ ထိုတွင် ရှင်သုဘူတိ စသော ရဟန္တာ ၁၅၅ – ပါးတို့က မိမိတို့ခံစားရသော မဂ်ဖိုလ် ချမ်းသာကို ဆင်ခြင်၍ ဝမ်းသာရွှင်မြူး ဥဒါန်းကျူးသောအားဖြင့် ဖြစ်စေ၊ သူတစ်ပါး မေးမြန်းလျှောက်ထားသည်ကို ပြန်လည်ဖြေကြားသောအားဖြင့် ဖြစ်စေ၊ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးတွင် သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင် သည်၏အဖြစ်ကို ထင်ရှားစေသောအားဖြင့်ဖြစ်စေ၊ ဤသို့ စသောအကြောင်း အားဖြင့် ကိုယ်တိုင်ဟောကြားသော ဂါထာများကို ထေရဂါထာဟုခေါ်၏၊ အညတရာထေရီ စသော ရဟန္တာထေရီ ၇၃ – ပါးတို့ ကိုယ်တိုင်ဟောကြား သော ဂါထာများကိုမူ ထေရီဂါထာဟု ခေါ်လေသည်။

အပဒါန် ပါဠိတော်နှင့် ထေရဂါထာ ထေရီဂါထာပါဠိတော်တို့မှာ ဘုရားရှင်လက်ထက်တော်က ထူးချွန်သော သူတော်စင်တို့၏ အကြောင်း အရာ အတ္ထုပ္ပတ္တိတို့ကို ဖော်ပြသော ပါဠိတော်များဖြစ်သဖြင့် အချင်းချင်း ဆက်စပ်လျက်ရှိကြသည်၊ ထို့ကြောင့် ထေရဂါထာ ထေရီဂါထာတို့၏ အဋ္ဌကထာဖွင့်ဆိုသော ရှင်ဓမ္မပါလသည် ဆိုင်ရာ ထေရ ထေရီတို့ကို ဖွင့်ဆိုရာ၌ များသောအားဖြင့် အပဒါန်ပါဠိတော်ဂါထာများကို ထုတ်ဆောင် ကိုးကားထားခြင်းဖြစ်၏။

ဤတွင် ဆိုလိုသည်မှာ ရဟန္တာအရှင် သူတော်စင်တို့၏ အကြောင်း အရာအတ္ထုပ္ပတ္တိကို အပဒါန်ဟု ခေါ်ဝေါ်ခြင်းပင် ဖြစ်၏၊ ရှင်သာရိပုတ္တရာ စသော ရဟန္တာတို့၏အကြောင်းအရာ အတ္ထုပ္ပတ္တိကို ထေရာပဒါန်ဟု ခေါ်သကဲ့သို့ သုမေဓာထေရီ အစရှိသော ရဟန္တာ ထေရီတို့၏ အကြောင်း အရာ အတ္ထုပ္ပတ္တိကိုလည်း ထေရီအပဒါန်ဟု ခေါ်လေသည်။

ထေရာပဒါန်ကိုလည်းကောင်း၊ ထေရီအပဒါန်ကိုလည်းကောင်း အပဒါန် ပါဠိတော်၌ တွေ့နိုင်၏၊ ထိုထေရာထေရီတို့၏ အကြောင်းအရာ တို့ကို ပြည့်စုံစွာသိရန်အတွက် ယင်းတို့၏ ထေရဂါထာ ထေရီဂါထာတို့နှင့် တွဲဖက်ပြီး လေ့လာရ၏၊ ထိုဂါထာတို့ကိုမူကား ထေရဂါထာ ထေရီဂါထာ ပါဠိတော်တို့၌ တွေ့နိုင်၏။



၃

ထေရီတို့ကား အမျိုးသမီး သူတော်စင် ရဟန္တာတို့ ဖြစ်ကုန်၏၊ ထိုအရှင်မတို့သည် ဗုဒ္ဓသာသနာ၌ အမျိုးသားသူတော်စင် ရဟန္တာတို့ နှင့် တန်းတူပင် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို အရယူကြ၏၊ လူ့ဘဝပန်းတိုင်မှာ လွတ်မြောက်မှု မောက္ခဖြစ်၏၊ မောက္ခသည် လူ့ဘဝအတွက် အရေးကြီး လှ၏၊ ထိုအမျိုးသမီးတို့သည် ဤအရေးကြီးသော မောက္ခကို အမျိုးသားတို့ ကဲ့သို့ပင် ရကြ ရောက်ကြ၏၊ ဤစကားထင်ရှားစေရန် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဘိက္ခုနီသံယုတ် သောမာသုတ်ကို ထုတ်နုတ်ဖော်ပြပါမည်။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စံနေတော်မူ၏၊ ထိုအခါ သောမာဘိက္ခုနီမသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်၏၊ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစား ပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့၍ အန္ဓဝန်တောသို့ နေ့သန့်စင်ရန် ချဉ်းကပ်ပြီးလျှင် သစ်ပင်တစ်ပင်ရင်း၌ထိုင်နေ၏။

ထိုအခါ မာရ်နတ်သည် သောမာဘိက္ခုနီမအား ကြောက်ရွံ့ထိတ် လန့်ပြီး သမာဓိပျက်စေရန် အနားသို့ ချဉ်းကပ်ပြီး "ရောက်နိုင်ခဲ့သော အကြင် အရဟတ္တဖိုလ်သို့ သူတော်ကောင်းတို့ ရောက်အပ်၏၊ သင်သည် မိန်းမ၏ လက်နှစ်သစ်မျှသောပညာဖြင့် ထိုအရဟတ္တဖိုလ်သို့ ရောက်နိုင်ရန် မတတ်နိုင်" ဟု ဆို၏။

ထိုအခါ သောမာဘိက္ခုနီမက "ကောင်းစွာတည်ကြည်သော စိတ်၌ ဖလသမာပတ်ဉာဏ် ဖြစ်သည်ရှိသော် တရားကို ကောင်းစွာ မြင်သူအား မိန်းမအဖြစ်သည် အဘယ်ပြုအံ့နည်း၊ အကြင်သူအား ငါကား မိန်းမဟူ၍ လည်းကောင်း၊ ငါကား ယောကျ်ားဟူ၍လည်းကောင်း၊ ငါကား တခြား တစ်စုံတစ်ခုဖြစ်၏ဟူ၍လည်းကောင်း (တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်)ဤသို့ဖြစ် ရာ၏၊ ထိုသူကိုသာလျှင် မာရ်နတ်သည်ဆိုထိုက်၏" ဟု ပြန်ပြော၏။

ကျွန်ုပ်တို့သည် အကယ်၍ သောမာထေရီ၏စကားကို ကောင်းစွာ နာကြားရပါလျှင် မိမိ၌ ပြည့်စုံသော ပါရမီသာရှိပါက တစ်ထိုင်တည်းနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ဖွယ် ရှိပါသည်၊ ဤစကားကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားစေရန် ပထမ ဓမ္မနာဒဆရာတော်၏ ခြောက်ပါး သိမ်းဆည်းပုံကျမ်းမှ အာရမ္မဏဈာနဖြိုနည်းကို ကောက်နုတ်ဖော်ပြပါမည်။

**အာရမ္မဏဈာန အာရုံခဲကိုဖြိုနည်းကား –**

ထင်ရှားရှိသော အတိုင်း မိန်းမယောကျ်ား သမုတ်ထားသော ဝတ္ထုအထည် ကိုယ်ခြပ်ကြီးတို့၌ –

မိမိ၏ စက္ခုပသာဒခေါ် မျက်စိအကြည်ဖြင့် ထိခိုက်၍ မိမိ၏စက္ခုဝိညာဏ် အမြင်စိတ်ဖြင့်သိရသော အဖြူ အနီ စသော အဆင်းရူပါရုံကို တစ်ပုံပုံ။

မိမိ၏ သောတပသာဒခေါ် နားအကြည်ဖြင့် ထိခိုက်၍ မိမိ၏ သောတဝိညာဏ် အကြားစိတ်ဖြင့် သိရသော အသံမျိုးစုံ သဒ္ဒါရုံကို တစ်ပုံပုံ။

မိမိ၏ဃာနပသာဒခေါ်နှာခေါင်းအကြည်ဖြင့် ထိခိုက်၍ မိမိ၏ ဃာနဝိညာဏ် နမ်းရှူစိတ်ဖြင့်သိရသော အနံ့မျိုးစုံ ဂန္ဓာရုံကို တစ်ပုံပုံ။

မိမိ၏ ဇိဝှာပသာဒခေါ် လျှာအကြည်ဖြင့် ထိခိုက်၍ မိမိ၏ဇိဝှာဝိညာဏ် လျက်သိ စားစိတ်ဖြင့်သိရသော အချိုအချဉ်စသောအရသာမျိုးစုံ ရသာရုံကို တစ်ပုံပုံ။

မိမိ၏ ကာယပသာဒခေါ် ကိုယ်အကြည်ဖြင့်ထိခိုက်၍ မိမိ၏ကာယဝိညာဏ် တွေ့ထိစိတ်ဖြင့် သိရသော အကြမ်း အနုစသော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို တစ်ပုံပုံ။

ဤအာရုံငါးပါးမှတစ်ပါး မိမိ၏ မနောဝိညာဏ် သက်သက်ဖြင့်သာသိရသော မိန်းမ, ယောကျ်ား အထည်ကိုယ်ခြပ် အတွင်းမှာရှိသည့် ရုပ်တရား၊ စိတ် စေတသိက်တည်းဟူသော သဘောမျိုးစုံ ဓမ္မာရုံကို တစ်ပုံပုံ။

(အာရုံခြောက်ပါးတို့ကို ဉာဏ်ဖြင့် တစ်ပုံစီပုံ၍ ကြည့်ဟု ဆိုလိုသည်)

အာရုံခြောက်ပါးတို့ကိုပင် မိန်းမဟူ၍လည်းကောင်း၊ ယောကျ်ားဟူ၍လည်းကောင်း၊ ငါဟူ၍လည်းကောင်း၊ သူတစ်ပါးဟူ၍လည်းကောင်း လောကပညတ် ခေါ်ဝေါ်တင်စားအပ်လေသည်၊ ဤအာရုံခြောက်ပါးမှတစ်ပါး (အသီး အခြား) မိန်းမယောကျ်ားဟူ၍မရှိ၊ အလုံး အခဲ၊ အပု အဝိုင်း စသည်မရှိ၊ ထိုသို့မရှိပုံကို အဆင်းမျိုးစုံ ရူပါရုံသည် ဝိုင်းဝိုင်းလား၊ရှည်ရှည်လား၊ ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကိုမေး၍ကြည့်၊ ထို့အတူ အသံမျိုးစုံ သဒ္ဒါရုံသည်, အနံ့မျိုးစုံ ဂန္ဓာရုံသည်, အရသာမျိုးစုံ ရသာရုံသည်, အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံသည်, ရုပ်နာမ်ဓမ္မမျိုးစုံ ဓမ္မာရုံသည် ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား၊ ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေး၍ကြည့်၊

ထိုသို့စိစစ်၍ကြည့်သောအခါ ဝိုင်းဝိုင်း ရှည်ရှည် ပုပု စသော သဏ္ဌာန်ကင်းပျောက်၍ ရေတ်စေ့၌ အစပ်အရသာသတ္တိကလေးကဲ့သို့ အလုံးစုံ အကုန်သတ္တိချည်း ဖြစ်သည်ကို သိရှိရပေလိမ့်မည်၊ ထိုအခါ မိန်းမယောကျ်ားဟူ၍ စွဲလမ်းမှတ်ထင်နေသော သဏ္ဌာန်ကြီးပျောက်၍ ပရမတ်အစစ်သို့ အသိဉာဏ်ရောက်လိမ့်မည်၊ထိုအခါ ထိုပရမတ္ထသတ္တိ သဘာဝတို့၏ မမြဲသောအနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ မစိုးပိုင်သော အနတ္တသဘောတို့ကို ဝိပဿနာဉာဏ် ဆယ်ဆင့်ဖြင့် အစဉ်အတိုင်း ရှုဆင်ခြင်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်သည်။

ဤကား အာရမ္မဏဈာန ဖြိုနည်းတည်း၊ ဤနည်းဖြင့် သောမာထေရီ၏စကားကို ဆက်စပ်ကြည့်သင့်ပါသည်၊ သို့ဖြင့် သူ၏စကားသည် တိုတိုကလေးနှင့် အဘယ်မျှ ထိမိသည်ကို သိရမည်ဖြစ်ပါသည်၊ ထေရီ၏ စကားကို ယင်းသို့ ကောင်းစွာသိခြင်းပင်လျှင် သမထ,ဝိပဿနာ ဘာဝနာဖြစ်၏၊ သို့ရာတွင် ဤကိုယ်မှာ ကောင်းစွာဆင်ခြင်၍ မှန်စွာမြင်ဖို့ကား ရှိပါသည်၊ မြတ်စွာဘုရားလည်း "ဤတစ်လံမျှလောက်သော ကိုယ်အတွင်းမှာပင်လျှင် လောကကိုလည်းကောင်း၊ လောက၏ဖြစ်ကြောင်းကို လည်းကောင်း၊ လောက၏ချုပ်ရာကိုလည်းကောင်း၊ လောက၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း ပညတ်၏" ဟုဟောတော်မူသည် မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com

ထေရီအပဒါန်ကိုထေရီတို့ကိုယ်တိုင် အသီးသီးဟောကြားခဲ့ကြသည်၊ ထို့အတူ ထေရီဂါထာတို့ကိုလည်း ထေရီတို့ကိုယ်တိုင်ပင် အသီးသီးရင့်ကျူးခဲ့ကြသည်၊ ယင်းတို့မှာ ပါဠိဘာသာ ဂါထာတို့ ဖြစ်ကုန်၏၊ ယင်းဂါထာတို့၏ ခက်ခဲသော အနက်အဓိပ္ပာယ်တို့ကို ရှင်ဓမ္မပါလ အစရှိသော အဋ္ဌကထာဆရာတို့က ပါဠိဘာသာစကားပြေဖြင့် ဖွင့်ဆိုကြသည်၊ သို့ဖြင့် ပါဠိဘာသာ တတ်ကျွမ်းသူတို့သည် ထိုထေရီတို့၏ အကြောင်းအရာအတ္ထုပ္ပတ္တိနှင့် သူတို့ ရင့်ကျူးသော တရားအနှစ်သာရတို့ကို ကောင်းစွာသိကြရသည်၊သို့ရာတွင် ပါဠိဘာသာ မကျွမ်းကျင်သူတို့ကား ထိုအရှင်မတို့၏ အနှစ်သာရကိုသိခွင့် မရကြပါ၊ ထို့ကြောင့် ရှေးကမြန်မာစကားပြေသက်သက်ဖြင့် လည်းကောင်း၊ ကဗျာလင်္ကာဖြင့်လည်းကောင်း ထိုထေရီအပဒါန်နှင့် ထေရီဂါထာတို့ကို ပြန်ဆိုကြ၏၊ ထို့ကြောင့် မြန်မာစာဖတ် ပရိသတ်တို့သည် ထေရီတို့၏ အကြောင်းကို ကောင်းစွာသိခွင့်ရခဲ့ကြပါသည်၊ သို့ရာတွင် ဖတ်တတ်ဖို့ လိုပါသည်၊ ထို့ပြင် ဖတ်ချင်အောင် သွေးဆောင်ဖို့လည်း လိုပါမည်။

ဟိန္ဒီဘာသာ၌ ဥပနိသျှဒ်ကျမ်းများ ရှိပါသည်၊ ယင်းတို့သည် ဟိန္ဒီဘာသာ၏ အနှစ်သာရတို့ဖြစ်ကြ၏၊ သို့ရာတွင် ဝေဒကျမ်းကြီးများအတွင်းမှာ မြုပ်ကွယ်နေကြသဖြင့် လူအများ ထင်ရှားစွာသိရှိခွင့် မရကြပါ၊ ထို့ကြောင့် သင်္ကရာစရိယ, ရာမာနုဇမစ္စ စသောပညာရှိတို့သည် ဝေဒတို့အတွင်းမှ ထိုဥပနိသျှဒ်တို့ကို အသီးသီးထုတ်ဖော်ပေးကြ၏၊ သို့ဖြင့် ဥပနိသျှဒ်တို့မှာ လူပ်ရှားလာလျက် လူအများ၏ လေးစားမြတ်နိုးခြင်းကို ခံကြရ၏၊ သို့ရာတွင် သက္ကတဘာသာဖြစ်၍ ရိုးရိုးဟိန္ဒူတို့အတွက်ခက်နေကြသည်၊ စင်စစ် ဥပနိသျှဒ်တို့မှာ ကောင်းမွန်လှပါသော်လည်း သက္ကတဘာသာ မကျွမ်းကျင်သူတို့အတွက် ခက်လျက်ပင် ဖြစ်နေကုန်၏၊ ထို့ကြောင့် ခေတ်သစ်ရသေ့ကြီးများဟု ထင်ရှားသော ရဗိန္ဒြာနတ်တဂိုး၊ အရဝိန္ဒဂိုရှ် စသူတို့သည် ထိုဥပနိသျှဒ်တို့ကို စနစ်သစ်ဖြင့် အလွန်လှပစွာ ဖွင့်ဆိုကြသည်၊ သို့ဖြင့် ဥပနိသျှဒ်တို့ကို လူတိုင်း လွယ်ကူစွာ လေ့လာနိုင်ကြပေသည်။

ကမ္ဘာ့လူသား အတော်များများသည် တဂိုး၏ကဗျာတို့ကိုဖတ်ပြီး နှစ်သက်နေကြသည်၊ ထိုတွင် မြန်မာတို့လည်းပါဝင်၏၊ စင်စစ် ထိုသူတို့သည်



ဥပနိသျှဒ်တို့၏ အရသာကို ခံစားနေကြခြင်းတို့ပင် ဖြစ်၏၊ တဂိုးသည် ဥပနိသျှဒ်တို့ကို ကဗျာအလှဖြင့် တစ်မျိုးတစ်ဖုံ ဖော်ပြထားလေသည်။

ထို့အတူ ထေရီတို့ကို ပိဋကတ်ကျမ်းစာတို့မှ ထုတ်ဖော်သူတို့တွင် ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်သည် ထင်ရှားလှပါသည်၊ ကျွန်ုပ်တို့သည် ဆရာတော်၏ ထင်ရှားသော 'ဓိနတ္ထပကာသနီ' တွင် ကြည်ညိုဖွယ်ကောင်းသော ထေရီတို့ကို ဖူးမြင်ကြရပါသည်၊ ထို့နောက် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ 'ထေရီဘာသာပြန်' ဖြစ်သည်၊ ထိုခေတ်ထိုအခါက လူတို့သည် ထိုကျမ်းနှစ်ဆူကို ကြည်ဖြူကြ၏၊ လေးလေးစားစား အမြတ်ထား၍ ဖတ်ကြားကြသည်၊ ယခုခေတ် ပညာရှင်တို့အတွက်လည်း အလေးအနက်ပင် နှစ်သက်ဖွယ်ကို ဆောင်လျက်ရှိကြသည်၊ သင်္ကရာစရိယ၏ ဥပနိသျှဒ် ဋီကာတို့ကို ကမ္ဘာ့ပညာရှိများ လေးစားကြသကဲ့သို့ပင် ယင်းတို့ကို မြန်မာပညာရှိများ လေးစားကြပါသည်။

ကမ္ဘာ့လူသား အများအပြား ဥပနိသျှဒ်၏ အနှစ်သာရကို သုံးဆောင်နိုင်ရန်အတွက်ကား တဂိုး၏အလုပ်ဖြစ်သည်၊ သူကား မိမိ၏ ခံစားတွေ့ထိရခြင်းတို့ကို လွန်စွာလှပသော ကဗျာအနုပညာဖြင့် ဖော်ကျူးနိုင်သူဖြစ်၏၊ ထို့ကြောင့် ဥပနိသျှဒ်တို့၏ ဂုဏ်သတင်းသည် ကမ္ဘာအတွင်းမှာ ကောင်းခြင်းဝေဝေ လျှံတက်သွားလေသည်၊ ထို့အတူ ဆယ်ကျော်သက်မှစ၍ ပင်စင်အငြိမ်းစားယူသည့်တိုင်အောင် စာဖတ်သူတို့အား ထေရီနှင့် မိတ်ဆက်ပေးရန်အတွက် ဆရာသုခသည် သူ၏အနုပညာကို 'ပို၍အကျိုးရှိစွာ' အသုံးချလိုက်သည်ဟု ယူဆပါသည်၊ အကြောင်းကား မိမိအကဲခတ်မိသည်မှာ ဆရာသုခသည် သူ၏အနုပညာကို အကျိုးရှိစွာ ပြည်သူ့အကျိုးအတွက်သာ အသုံးပြုခဲ့သည်၊ သူထုတ်ဖော်သော အနုပညာတို့မှာ တိုင်းပြည်အတွက် တစ်ဖက်ဖက်မှ အကျိုးပြုခဲ့သည်သာဖြစ်သည်၊ ဤတွင်ကား ဘဝလွတ်မြောက်ရေးနှင့်ပတ်သက်၍ အရေးကြီးလှသောကြောင့် 'ပို၍ အကျိုးရှိစွာ' အသုံးပြုခြင်းဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။

"ဦးသုခ ဘာပြုလို့ အရင်တုန်းက ဒီလိုဝတ္ထုမျိုး မရေးတာလဲ"

ဇနီးသည် သဇင်ဦးက အတိတ်ကို ပြန်ပြီးအပြစ်တင်ခြင်းဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



ခင်စစ် အပြစ်တင်ပြီး ချီးကျူးသော ဗျာဓောပဝဏ္ဏနာ အလင်္ကာ ဖြစ်၏။

"အရင်တုန်းက မရေးတတ်လို့ နေမှာပေါ့"

"ဟင်"

"မဟင်နဲ့၊ ဒါမျိုးရေးတာ လွယ်တာမဟုတ်ဘူး"

"မလွယ်တာသာရှိရမယ်၊ ဦးသုခရေးတဲ့ ဝတ္ထုတွေ အများကြီး"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီဝတ္ထုမျိုးက မလွယ်ဘူး"

"ဘာပြုလို့"

"ဟိုဥစ္စာတွေက လောကီထုပ္ပတ် လူတို့ဇာတ်တွေပဲ၊ ကြီးကြီးကျယ်ကျယ် ပြောရရင် ပညတ်တွေပဲ၊ ပညတ်တွေမှာ တကယ် အမှန်မရှိဘူး၊ ခေတ္တခဏ အခိုက်အတန့်သာမှန်တယ်၊ ကိုယ့်အမြင်နဲ့ကိုယ်သာမှန်တယ်၊ ဒီဥစ္စာက အမှန်တကယ်ရှိတဲ့ ပရမတ်ဖြစ်တယ်၊ သဗ္ဗညုတဉာဏ်တော်ရဲ့ ကျက်စားရာဖြစ်တဲ့တရားမို့ ကိုင်တွယ်ဖို့ မလွယ်ဘူး"

"ဖတ်လို့တော့ သိပ်ကောင်းတယ်"

"ဖတ်လို့ကောင်းတယ်ဆိုတာ ဘယ်လိုလဲ"

"ရသပေါ်တာပဲပေါ့"

"ရသ က 'ချစ်ရွှင် သနား၊ တည်ကြား ကြမ်းကြုတ်၊ စက်ဆုပ် ကြောက်ရွံ့၊ ရဲဝံ့ အံ့သြ၊ နောအရသာ' လို့ ကိုးမျိုးရှိတာ ဘယ် ရသ လဲ"

"ရသမျိုးစုံပဲပေါ့တယ်၊ သို့ရာတွင် အချုပ်ကတော့ တည်ကြားဆိုတဲ့ သန္တ ရသ ဖြစ်မယ်ထင်တယ်၊ ဘာပြုလို့လဲဆိုတော့ ဖတ်ပြီး ထေရီတွေလို ဖြစ်ချင်တဲ့ စိတ်ကများတယ်"

"ဟုတ်ပြီ၊ အဲဒါ ပရမတ်အာရုံမှာ မွေ့ထုံခြင်းဖြစ်နိုင်တယ်၊ အဲဒီ အာရုံမှာ မကြာမကြာ မွေ့ထုံနိုင်ဖို့ ကြိုးစားသင့်တယ်၊ သန္တ ရသမှ သန္တိသုခ သို့ ကူးပြောင်းနိုင်အောင် ဒီစကားနဲ့စပ်ပြီး အရှင်ဓနကာဘိဝံသရဲ့ 'ဥပသမာနုဿတိ' က သန္တိသုခကို ဖတ်သင့်တယ်"

ထိုသန္တိသုခ နိဗ္ဗာနဓာတ်သည် အများဆိုင် ဘုံတရားကဲ့သို့ တစ်ပါးတည်းမဟုတ်ပေ၊ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အသီးသီးရှိကြ၏၊ ထို့ကြောင့်ပင် အရိယာအရှင်မြတ်တို့သည် ခန္ဓာကိုယ်ဒြပ် ထင်ရှား



ရှိစဉ် မိမိတို့နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ဝင်စားတော်မူကြပေသည်၊ ထိုဖလသမာပတ် ဝင်စားခိုက်ဝယ် နိဗ္ဗာန်ကိုအာရုံမှန်းလျက် စိတ်တန်း၍နေရခြင်းသည်ပင် အင်မတန် ချမ်းသာကြသောဟူ၏၊ ထေရာ ထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းကျူးကာကျူးကာဖြင့် ရုပ်နာမ်ခန္ဓာကို အားရပါးရ စွန့်ပစ်ကြသည်မှာ ရုပ်နာမ်ကို အမြတ်တနိုး ခင်မင်နေကြသော ငါတို့လိုပုထုဇဉ်များအတွက် ရှက်ဖွယ်ကြီးပါတကား၊ ထို့ကြောင့် "ငါတို့ သားအဖတစ်စု ပြင်ထိုင်ကြဦးစို့" ဆိုသလို သူတော်ကောင်းတွင် စာရင်းဝင်လိုကြသော ငါတို့ပုထုဇဉ်တစ်စုကလည်း ရုပ်နာမ်သင်္ခါရအပေါ်တွင် တစ်မျိုးပြင်၍ရှုကြဦးစို့၊ နိဗ္ဗာန်၏ ဥပသမဂုဏ်တော်ကို အာရုံမှန်းပြီးလျှင် နိဗ္ဗာန်ရောက်လုပ်ငန်းကို ကြိုးပမ်းကြကုန်စို့။

အိန္ဒိယနိုင်ငံမှ ဟိန္ဒူစာပေ အနုပညာရှင်တို့သည် ဤကဲ့သို့သော ရှေးဟောင်းပုံပြင်၊ ရာဇဝင်၊ မဟာဝင်၊ ဇာတ်နိပါတ်၊ သမိုင်း စသည်တို့ကို ခေတ်မီ ဝတ္ထု၊ ပြဇာတ်၊ ကဗျာတို့ဖြင့် ပြန်လည်ထုတ်ဖော်ရာမှာ ပြောင်မြောက်လှ၏၊ သူတို့၏လက်ရာကို ကမ္ဘာ့ပညာရှင်တို့ပင် လွန်စွာ နှစ်သက်မြတ်နိုးကြသည်၊ ထို့အတူ မြန်မာစာပေ အနုပညာရှင်တို့လည်း ထိုနည်းနှင်နှင် တန်ဆာဆင်သင့်သည်မှာ ကြာမြင့်လှပြီ ဖြစ်၏၊ ယခုအခါမှာ အနုပညာနှင့်ပတ်သက်၍လည်းကောင်း၊ ဓမ္မတရားနှင့်ပတ်သက်၍လည်းကောင်း အဘက်ဘက်က ပြည့်စုံသော ဆရာဦးသုခက ဤအတွက် တာဝန်ယူလိုက်သဖြင့် လိုက်လိုက်လှဲလှဲ ကြိုဆိုရမည် ဖြစ်ပါသတည်း။

"မပြုလုပ်ရ၊ သဘာဝဖြင့်၊ အေးမြစွာဘိ၊ ဆုံး မရှိသား၊ သန္တိသုခ အနန္တ၏၊ ထွန်းပရောင်လက်၊ ခံစားချက်ကြောင့်၊ ဖြစ် – ပျက် – ဆုံ – ကွဲ၊ ဖန်တလဲလျှင်၊ ဆင်းရဲချမ်းသာ၊ ဝဋ်စကြာနဲ့ ချာချာလည့်ပတ်၊ဘဝဓာတ်ကို၊ ရလဒ်ဟုသာ၊ ယူဆပါ၏"

နိဗ္ဗာန် ပရမ သုခံ

သော်ဇင်

www.burmeseclassic.com

www.burmeseclassic.com

# စောမုံညင်း ၏ အယူအဆ

ကျွန်မမှာ ၁၉၂၇–ခုနှစ်က သားစစ်ဗိုလ် ရတ်တရက် ကွယ်လွန်
သွားလို့ ရွှေတောင်ကြီးပြိုသလို ရပ်တည်ရာမရနိုင်ဘဲ ဗုန်းဗုန်းလဲခဲ့ပါတယ်။
"နွားရှိသောသူ နွားကြောင့်ပူ၏၊ သားရှိသောသူ သားကြောင့်ပူ၏" ဆိုတဲ့
ဇနိယျသုတ်လာစကားကို နှလုံးမသွင်းနိုင်ခဲ့ပါ၊ ပူဆွေ့တွေတရှိန်ရှိန်တက်နေဆဲ
ဆရာဌေးဥဒေါင်း၏ ဗုဒ္ဓစာပန်းချီကို အားပြုဖတ်ရင်း ဒီလောကကြီးဟာ
အချည်းနှီးပါကလားဆိုတာ ခေါင်းထဲဝင်လာခဲ့ပါတယ်၊ အမှည့်လည်းကြွေ၊
အကင်းလည်းကြွေတဲ့ သရက်ပင်ကြီးကိုကြည့်ရင်း သားရဲ့မျက်မြင်ထင်လင်း
တစ်ပိုင်းကြွင်း လက်ရာလေးတွေ၊ ပစ္စည်းလေးတွေနဲ့ပဲ သံဝေဂရခဲ့ပါတယ်။
တစ်မီးမငြိမ်းခင် နောက်တစ်မီး ထတောက်လာပြန်တော့ ခင်ပွန်း
သည်ကိုပါ လက်လွှတ်လိုက်ရပြန်တယ်၊ "လင်ကင်း သားကင်း၊ ဆင်းရဲခြင်း
ဖြင့်၊ မိရင်းရှက်နီး၊ ရွံ့ကြောက်စိုး၏၊ မုဆိုးမကြီး၊ ဖြစ်ခဲ့ပြီးမှ၊ အထီးကျန်ဖွား၊
ကိုယ်ချည်းသာလျှင်၊ ဘယ်မှာပျော်ပိုက်တုံအံ့နည်း" လို့ညည်းခဲ့တဲ့ ဟတ္ထိပါလ
ပုဏ္ဏေးမကြီးနှင့် မခြားခဲ့ပါ။
အပူမီးကို ရေနွေးနှင့်ငြိမ်းမည့်အစား ရေအေးနှင့် ငြိမ်းသတ်ရန် ကျွန်မ
ထေရီအရှင်မကြီးတွေ သံဝေဂယူပုံကို အကြိမ်ကြိမ် နှလုံးသွင်းခဲ့ပါတယ်။
ဆရာကြီး ဦးသုခ ကတော့ ကျွန်မကို "ခေတ်သစ်ပဋာစာရီပေါ့"တဲ့၊
ခြေဆေးရေဟာ မြေထဲစိမ့်ဝင်ပြီး ပျောက်ကွယ်သွားတာကို သံဝေဂရတဲ့
ထေရီမ၊ ကန်စွန်းရွက် အိုးကင်းထဲညှိုးခွေသွားပုံကို သံဝေဂရတဲ့ ထေရီမ၊
"ငါ၏ ပြေပြစ်လှပသောပေါင်တံတို့မှာ သခွတ်ကိုင်းကဲ့သို့လည်းကောင်း၊
ဖွံ့ထွားသောရင်သားဆိုင်တို့မှာ ရေညှစ်ချလိုက်သော ရေအိတ်ကဲ့သို့လည်း
ကောင်း" ရယ်လို့ အလှမာန်စွယ်ကျိုးရှာသော အမ္ဗပါလီထေရီမ၏သံဝေဂရပုံ
တွေကိုဖတ်ပြီး မမြဲတဲ့တရားကိုသာ မြင်လာရပါတယ်။
သင့်ဘဝမဂ္ဂဇင်းမှာ အဲဒီထေရီအရှင်မကြီးတွေအကြောင်း ကျွန်မ



ရေးပြီး စိတ်အားဖြည့်ခဲ့ပါတယ်၊အခုတစ်ဖန် ဆရာကြီးဦးသုခရဲ့ ဝတ္ထုကြောင်း
ဆန်ဆန်ရေးထားတဲ့ မိန်းမမြတ် အာဇာနည်ကြီးတွေအကြောင်းကို ဖတ်ခွင့်
ရတော့ ကျွန်မလို အားငယ်သူကို နှစ်သိမ့်ဆေးတစ်ခွက် တိုက်လိုက်သလိုပါပဲ၊
ဘဝင်အေးရပါတယ်၊ စိတ်နှလုံး ငြိမ်းရပါတယ်၊ ပါဠိပါဌ်သားတွေလည်း
မပါ၊ တရားဟောသံလည်းမပါဘဲ ကျွတ်တမ်းဝင်ခဲ့တဲ့ ထေရီအရှင်မကြီးတွေ
အကြောင်းကို ဝတ္ထုသွားအတိုင်းရေးထားလို့ စိတ်ဝင်စားစရာကောင်းပါတယ်၊
အမျိုးသမီးများရဲ့ သဘာဝကို ရေးထားရာမှာ အမျိုးသားစာရေးဆရာရဲ့
လက်ရာပဲလို့ ပြောရင်တောင် ယုံနိုင်စရာမရှိပါဘူး၊ အလက်ာဆန်တဲ့ အဖွဲ့
အနွဲ့မျိုးနှင့်တင်ပြခဲ့တဲ့ ခေတ်ကြေးမုံသရုပ်ဖော်တွေကလည်း သဘာဝကျ
ပါပေတယ်၊ အများသိပြီးဖြစ်တဲ့ ဝတ္ထုကြောင်းကိုပဲ တစ်မျိုးဆန်းသစ်အောင်
ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ဖန်တီးတာဟာ ထူးခြားမှုတစ်ရပ်ပါ။
ရုပ်ရှင်ဒါရိုက်တာပီပီ စာဖတ်သူကို ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေဠုဝန်နှင့်
ဟိမဝန္တာရပ်ဝေးကိုလည်း အပါခေါ်ဆောင်သွားပြန်ပါတယ်၊ စက်ဆုပ်ဖွယ်
ကျေးပိုင်ကျွန်ပိုင်စနစ်ရဲ့ နိုင်ထက်စီးနင်းကျပုံ တွေကိုလည်း မြင်လာရတယ်။
ကြေအိုးကြေးခွက်တွေဆေးဖို့ ချောင်းထဲဆင်းလာတဲ့ ပုဏ္ဏိကာကျွန်မ
လေးကို သရုပ်ဖော်တဲ့အခါများ အိုးခွက်တွေ မြည်သံကိုပါ နားထဲကြားလာ
ရပါတယ်၊ အသံထွက်ရိုက်နေတဲ့ ဒါရိုက်တာကြီးပေကိုး။
အချောအလှ သိရိမာရဲ့ ရုပ်သွင်ကို ဖော်ပြထားပုံကဖြင့် ပြေးပြီး
သွားကြည့်ချင်စရာပါပဲ၊ ရံရွေတွေက ခေါင်းမြီးယပ်နှင့်ခတ်ပေးလို့၊ လက်
သည်းကို ဒန်းဆိုးပေးသူကပေး၊ နံ့သာဆီနှင့်လိမ်းပြီး နှိပ်နယ်ပေးသူရော၊
စောင်းနှင့်ဖျော်ဖြေနေကြသူများရော၊ သိရိမာဟာ ရော့ရဲရဲပိုးသားဝတ်စုံကို
ဝတ်ပြီး ညှိသည်နှင့်တွေ့ဖို့ ကောတုမ္ဗရာဇ် ပိုးအပေါ်ရုံကို ဝတ်ကာ သရဖီနံ့
သင်းတဲ့ ခေါင်းလျှော်ရည်နှင့် လျှော်ထားတဲ့ဆံပင်ကို ဖြန့်ရင်း ဆင်းလာခဲ့ပုံ
စိန့်ပြည်မှလုပ်သော စန္ဒကူး ညောင်စောင်းပေါ်ထိုင်နေပုံဆိုတဲ့ ရွှေရုပ်လှကိုပါ
အထင်းသား မြင်အောင် ဖော်ပြထားပါတယ်၊ ဆရာရဲ့ အနုပညာနည်းဟာ
ဆွဲဆောင်မှုအပြည့်အဝရှိလို့ လက်ကချမထားနိုင်အောင် ဖြစ်ရပါတယ်။
"သူ့ရဲ့ပုန္နေးတဲ့ ထွက်သက်ဝင်သက်များက ဆံယဉ်ဆံနုလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဝဲနေတဲ့ ကုပ်ပေါ်တိုးဝှေ့သွားလို့ ကျွန်မကုပ်ပေါ်က ကတိုးနဲ့လည်းပါသွား ပါပြီ” ဆိုတဲ့ နန္ဒသူဌေးသားနှင့်သိရိမာတို့ ချစ်ပဏ္ဏာဆက်ခန်းမှာဆိုရင် ရုပ်ရှင်များရိုက်ပြနေတာလားလို့ထင်ရပါတယ်၊ သိင်္ဂါရရသ သရုပ်ဖော်ခန်းမှာ ဆရာကြီးဦးသုခ ဘယ်အထိ ငယ်မူပြန် နုပျိုသွားသလဲဆိုတာ တွေ့ကြရပါ လိမ့်မယ်၊ ဘိက္ခုနီဝတ္ထုတွေဆိုပေမဲ့ ငြီးငွေ့ဖွယ် တစ်ကွက်မျှ မတွေ့ရပါ။

“မဟာနဖူးစ မှာ၊ နံ့သာလူးသ ပြီး၊ ဂရာမြူးကြွလို့၊ တဏှာရွှးမ ကလေး ဖြစ်ခဲ့ရပါတယ်” ဆိုတဲ့ ကာရန်အလှမျိုး၊ “အရက်ကိုတစ်ကျိုက်၊ မိန်းကလေးကို တစ်နမ်း၊ ကဗျာသီချင်း တစ်ပုဒ်”ဆိုတဲ့ အသုံးအနှုန်းမျိုးကဖြင့် ပဥ္စာဝုဓပျို့ထဲက “မြူနှတစ်ခြမ်း၊ နမ်းတစ်မုံညင်း၊ ယိုယွင်းလိမ့်မည်၊ သင်မရှည်နှင့်” ဆိုတဲ့ သဘောမျိုးပါပဲ။

စကားကြွယ်တဲ့သူမို့ ဆရာ့စာပေဟာ စင်းမနေဘဲ ဝေဝေဆာဆာ ဖတ်ချင်စရာကောင်းတယ်၊ သိလွယ်တဲ့ ဥပမာလေးတွေကိုပဲ ဖော်ပြသွား တယ်၊ ‘တဏှာနှင့်တူသော ဖမ်းယူတတ်သော ကွန်သည်မရှိ’ ‘ရုပ်နှင့်ဆိုင် သော အညစ်အကြေးကိုသာ ရေနှင့်ဆေး၍ ရနိုင်သည်’ ဆိုတဲ့ ဥပမာမျိုး။

အရက်ကို ခဏလာလည်သော အာဂန္တုဧည့်သည်နှင့်နှိုင်းပြီး ဧည့်သည်ပြန်တဲ့အခါ မရောက်ခင်ကထက် ပိုပြီးနွမ်းလျတတ်ပုံကို တင်စား ထားပုံကဖြင့် ထူးခြားပါပေတယ်၊ ဒါသနှင့် မပဋာကိုများ ‘ဒါဒါနှင့်ခင်မ’ ယ်လို့ ဆရာက နုနုလေးသုံးထားပြန်ပါတယ်။

မြတ်စွာဘုရားသခင်ရဲ့ အဆင်းတော်ကို ဖွဲ့တဲ့အခါများမှာ ကြည်ညို စိတ်တွေ တဖွားဖွားပေါ်လာရပါတယ်၊ ဝေဠုဝန်ကျောင်းတော်ကြီးကိုသွား ရောက်ပြီး ချမ်းမြေ့ရိပ်မြုံမှာ ဘဝတစ်ခုလုံးကိုမြှုပ်နှံလိုက်ချင်အောင် ထေရီ အရှင်မကြီးများအကြောင်းကို အမွှမ်းတင်ဖော်ပြထားတာမို့ အမျိုးသမီးများရဲ့ လက်စွဲစာအုပ်ဖြစ်တယ်ဆိုတာ အကြွင်းမဲ့ယုံကြည်မိပါတယ်၊ ကျွန်မမှာ ဒီစာအုပ်မျိုးကိုပဲ ရာသက်ပန်အဖော်ပြုပြီး အေးငြိမ်းမှုကိုရှာရမှာမို့ ဆရာဦးသုခ အား နှစ်သိမ့်ဆေးတိုက်ကျွေး တဲ့ ဇီဝကဆရာတစ်ပါးပါပဲလို့ ပငိုသန္တာရ စကား ဆိုခွင့်ပြုစေလိုပါတယ်။

စောမုံညင်း

မဇ္ဈိမစရိယ

ဦးဌေးလှိုင်၏

အယူအဆ

ဆရာကြီးဦးသုခ၏ ဝိသေသအမြင်

ပဋာစာရီ စသော ‘အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ’ အကြောင်း သည် မြန်မာတို့နား၌ ရိုး၍ပင်နေချေပြီ၊ ဆရာ့ဆရာကြီးတို့လည်း ရေးခဲ့ကြလှပြီ။

ထိုရိုးနေသော အကြောင်းအရာကိုမှ ဆရာဦးသုခက ရဲ့ဝံ့စွာပွဲထုတ် လာပြန်၏။ စဉ်းစားတတ်လျှင် ထိုအချက်ကပင် ဆရာဦးသုခ၌ အများနှင့် မတူသော အားကိုးတစ်ခု (သို့မဟုတ်) ဝိသေသအမြင်ရှိနေကြောင်းထင်ရှား လာစေ၏၊ ယင်းဝိသေသအမြင်ကား အဘယ်နည်း။

စာပြ ရုပ်ပြရာ၌ ထိုဝိသေသအမြင်ကြောင့် ဆရာဦးသုခသည်ပင် အကျော်ဒေးယျဖြစ်နေခဲ့သူမဟုတ်ပါလော၊ စင်စစ် ဆရာသုခကား ထိုမျှသာ မက ယခုအခါကဲ့သို့ ဗုဒ္ဓဝင်ဘက်သို့ သူ့ထက်ငါ အလှိုင်းတကြီး လူများစု မျက်နှာမမူကြမီကပင် ဆရာဦးသုခသည် ဗုဒ္ဓစာပေများကို များစွာဖတ်ရှု လေ့လာပြီးခဲ့လေပြီ။

ဖတ်ရှုလေ့လာရုံမျှမက စာမျက်နှာလေးရာနီးပါးရှိ ဗုဒ္ဓစာပေရေးရာ ‘သုခမှတ်စု’ စာအုပ်ကြီးကိုပင်တင်ပြနိုင်ခဲ့၏၊ ကိုယ်ကျင့်ပဋိပတ် ရေးရာတွင် လည်း စောစီးစွာကပင် တစ်နိုင်လေ့ကျင့်နေခဲ့သူဖြစ်၍ ဗုဒ္ဓစာပေများကို ထုတ်ဖော်ရန် ရေးမဆွကပင် အရည်အချင်း ပြည့်စုံလုံလောက်နေနှင့်ပြီးသူ ဖြစ်လေသည်။

ထိုစာပေ၊ ရုပ်ပြ၊ ကျမ်းဂန်၊ ဗဟုသုတနှင့် ထိုမျှအရည်အချင်းတို့ ကပင် သူ၏ ဝိသေသအမြင်ကို ဖော်ဆောင်လိုက်ကြောင်း မြင်သာလှပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆရာဦးသုခကို ကျွန်တော့်အနေဖြင့် အားမရချေ။

ဆရာဦးသုခသည် စွယ်စုံတော်သူ အကျော်ဒေးယျတစ်ဦး ဖြစ်၏၊ ဘာသာရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ဂီတ၊ အပြောအဟော၊ အစုံတော်သူ ဖြစ်သည့်အတိုင်း အစုံလျှောက်၍ လုပ်၏၊ လုပ်ပြတိုင်း ပရိသတ်ကလည်း လိုက်ပါအားပေးကြသည်၊ ယာယီအကောင်းများဖြစ်၍ သားစဉ်မြေးဆက် အတွက် ရေရှည်အမွေ မကျန်ရစ်မည်ကို စိုးရိမ်မိ၏။

'နှုတ်တစ်ရာစာတစ်လုံး' 'ဖလင်တစ်ရာ စာတစ်လုံး' ဆိုထုံးစကား အရ သုခစာပေများ အထူးသဖြင့် ယခုကဲ့သို့ ဝိသေသအမြင် ပါသော ဘာသာရေး စာပေများ၊ များများ ပြုစုနိုင်ပါစေဟုသာ ဆုတောင်းလိုပါ၏။

'အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ' မည့်မျှကောင်းကြောင်း စာရှုသူ တို့အား အထူးချဲ့ထွင် အမွှမ်းတင် မိတ်ဆက်ပေးရန် မလိုကြောင်းပါခင်ဗျား။

ဒွေးလှိုင်


အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ

သုခ



www.burmeseclassic.com

www.burmeseclassic.com




လင့်တစ်မျက်နှာ တစ်ရှာထင်ပြီး သာဝတ္ထိပြည်ကြီးကို လိုက်လာခဲ့ရသည့် ကျွန်မဘဝဟာ လင့်မျက်နှာ ကွယ်တာနှင့် ဒုက္ခအကြီးအကျယ်ရောက်ရတော့တာပါပဲရှင်။

"ဟဲ့ – အကျင့်ယုတ်မ၊ ဖောက်ပြန်တဲ့ကောင်မ၊ နင့် ကိုယ်လေးလက်ဝန်ဟာ ငါ့သားနဲ့လားလားမှမဆိုင်ဘူး၊ ဒီနေ့ ငါ့အိမ်ပေါ်ကဆင်း"

ယောက္ခမကြီးက လက်ညှိုးတငေါက်ငေါက်နှင့် မောက်မောက်မာမာ နှင်ချပါတော့သည်၊ တစ်အိမ်လုံးရှိသမျှ အစေအပါး အသိုင်းအဝိုင်းတွေကလည်း ကျွန်မကို အထင်သေးသောမျက်နှာနှင့် ဝိုင်းကြည့်နေကြပါသည်၊ တချို့ကလည်း တွတ်တွတ်ထိုးပြီး အတင်းအမျိုးမျိုးပြောနေလျက်ပါပဲ၊ ဒီကြားထဲ မျက်နှာလိုအားရ လုပ်ချင်သူများကဖြင့်–

"သူမို့ မျက်နှာပြောင်တိုက်ဝံ့သတော်" ဟု အော်ကြီးဟစ်ကျယ်ဝေဖန်လိုက်ကြပါသေးသည်။

မှန်သော သစ္စာစကားသာပြောရမည်ဆိုလျှင် ကျွန်မချစ်သည့်ယောက်ျားကလွဲ၍ ဖွဲနှင့်ဆန်ကွဲချည်းပဲမှတ်ခဲ့သည့် မေတ္တာအထုအထည်သည် မြင်းမိုရ်တောင်မက သိတာရေတမျှ အဆုံးနဲ့အစ မရှိခဲ့ပါဘူး၊ ဒါကို ကျွန်မ၏ချစ်လင် သိပါသည်၊ သူသိပါသည်၊ သူ့အပေါ်မှာကျွန်မ ချစ်တာသိသလို ကျွန်မအပေါ်မှာ သူတွယ်တာခုံမင်တာတွေသိ၍ သူ့မျက်နှာတစ်ရှာထင်ပြီး သူ့ပုဆိုးစ ဆွဲလိုက်ခဲ့ပါသည်။

လောကကြီး တစ်ခုလုံးမှာ သူသာလျှင် ကျွန်မ၏ အားကိုးရာ၊ မြတ်နိုးရာ၊ ချစ်ကြည်သိုရာ ဖြစ်ခဲ့ပါသည်၊ သို့သော် အခုလောလောဆယ်ဖြင့် ကျွန်မ၏ဒုက္ခကို ယောက္ခမကြီးဆီးက ကာကွယ်နိုင်လောက်သူ မရှိသည့်အခိုက်အတန့် ဖြစ်နေပါပကော။

ကျွန်မမှတ်မိပါသည်၊ ကျွန်မအသည်းနှင့်အောင် ခွဲဖြစ်တော့မည့်ညကို ကျွန်မကောင်းကောင်းကြီး မှတ်မိပါသည်။

www.burmeseclassic.com



နံနက်မိုးသောက်လျှင် အရောင်းအဝယ်နှင့်ထွက်တော့မည့် ချစ်လင်အတွက် ဝေယျာဝစ္စတွေ အကုန်လုပ်ပေးနေသည့် အချိန်မှာပဲ ကျွန်မမျက်ရည်တွေဟာ စမ်းရေများ စိမ့်ထွက်သလို ထွက်နေပါသည်၊ သို့ပေမဲ့ ခရီးခတွင်းသွားမည့်လူ နောက်ဆံမတင်းစေရအောင် မပူရပ် ဆောင်နေခဲ့ရတာပေါ့၊တောတောင်ကန္တာရတွေဖြတ်သန်းပြီး ယောကျ်ား ကြမ်းကြီးတွေမှ ဘေးမကြောက် ရန်မကြောက် သွားကြတဲ့ခရီးမျိုး မှာ မိန်းမသား ဘယ်လိုက်လို့ တော်ပါ့မလဲ၊ ဒါကိုသိပေမဲ့လည်း သူနဲ့ ခွဲပြီး တစ်ယောက်ထဲကျန်ရစ်ခဲ့ရမှာ ကြောက်နေမိပါသည်။

"ကျိတ်ပြီး ငိုနေပြီလား အချစ်ရယ်" တဲ့။

ကျွန်မပခုံးနှစ်ဘက်ကို ကိုင်ပြီး သူ့မျက်နှာကို ရင်ဆိုင်လိုက် စေပါသည်၊ တွဲရွဲခိုနေသည့်ကျွန်မမျက်ရည်ပေါက်ကြားက သူ့မျက်နှာ ထား ကြည့်လိုက်မိတော့လည်း သူပါ မချိသည့်နှလုံးကို အပြုံးနှင့် မလုံမလဲ လွှမ်းမိုးထားရတာ တွေ့ရပါသည်။

ဒါကြောင့် ကျွန်မမှာ ပိုပြီး ဝမ်းနည်းပက်လက် ဖြစ်ရပါသည်၊ သူ့ရင်ခွင်မှာ ခေါင်းအပ်ပြီး ပွင့်ပွင့်လင်းလင်း ငိုချလိုက်မိသည်၊ ဒီတော့ သူက ကျွန်မတစ်ကိုယ်လုံးကို သိမ်းကျုံးပြီး ပွေ့ဖက်ထားလိုက် သည်၊ သူ့ရင်ခွင်ထဲက လွတ်ထွက်သွားမှာကို စိုးရိမ်တဲ့အတိုင်းပါပဲ။

ဒီကြားထဲက သောကဆိုတဲ့ အလုံးကြီးကို ထွက်သက်အဖြစ်နှင့် မှုတ်ထုတ်လိုက်သံကြားရပြီးတဲ့နောက်

"မောင်လည်း ဘယ်ခွဲသွားချင်မလဲ အချစ်ရယ်၊ ကုန်သွယ် တယ်ဆိုတဲ့အလုပ်ဟာ သားမယားကိုချစ်ရင် ပစ်၍ စီးပွားရှာရမယ် ဆို မဟုတ်လား"

"ဟုတ်ပါတယ် မောင်၊ ဒါပေမဲ့ လောကမှာ ကျွန်မကို ချစ်တာဟာ မောင်တစ်ယောက်ထဲပါလား"

"အို–အချစ်ပြောတာ မောင် ရိပ်မိပါတယ်ကွယ်၊ မောင့်မေမေ"



"အမယ်လေး ကြားသွားပါ့မယ်မောင်၊ ကြားသွားပါ့မယ်"

ကျွန်မက စိုးရိမ်တကြီး သူ့နှုတ်ခမ်းပါးကလေးကို ကျွန်မပါးနှင့် ပိတ်ထားလိုက်ရပါသည်၊ "ကျွန်မလေ– မိမဲ့ ဘမဲ့ တစ်ကောင်ကြွက် တစ်မျက်နှာပါနော်၊ ဒီလင်ပဲအဖေ၊ ဒီလင်ပဲအမေ၊ ဒီလင်ပဲ ဆွေမျိုး ဆိုတဲ့စိတ်နဲ့ လိုက်လာခဲ့ရတာကို မောင်သတိမမေ့ရင် ဝမ်းသာရမှာပါ"

သူ့ကိုပြောရင်း ကိုယ့်ဘဝကိုယ် စဉ်းစားမိ၍ ရှိုက်လိုက်မိပါ သည်၊ မှန်လှပါသည်၊ ကျွန်မမှာ အားကိုးအားထား သူကလွဲလို့ တစ်ပါး မရှိ၊ ထို့ကြောင့်ပင်လျှင် ခနရှင်ဖြစ်သော သူ့မိခင်ကြီးက အညတရ ကျွန်မနှင့် သဘောမတူနိုင်ခြင်း ဖြစ်ပါသည်။

'မိန်းမတို့ဥစ္စာသည် အဆင်းတည်း'ဟု လောကနီတိဆရာက ဆိုပင်ဆိုသော်လည်း ဆွေဂုဏ်မျိုးဂုဏ် မခိုင်လုံသော ကျွန်မအဖို့ မျက်နှာငယ်လှပါသည်၊ ချောလှချည်ရဲ့ဟု အများက ထောမနာပြုချက် များက ယောက္ခမကြီး၏ စိန်သွားသီလဝင်စိတ်ဓာတ်ကို ပျော့ပျောင်း နူးညံ့စေသည်မဟုတ်ပါ၊ သားကို ချစ်လွန်း၍ ပဋိပက္ခ မလုပ်သော်လည်း တစ်ရွာမှညား၍ လင်သွားရာ မယားပါလာခဲ့ရသော ချွေးမဆိုသူကို တွေ့တွေ့ချင်း အော့နှလုံးနာဟန် တူကြောင်း မိန်းမချင်းမို့ အတွင်းသိ ဖြစ်ခဲ့ရပါသည်။

ယောက္ခမအိမ်ထက် သမက်သဖွယ် မျက်နှာငယ်ဟု ဆိုရိုးစကား ရှိသည်မှာ သမက်ဆိုသော ယောကျ်ားများအဖို့ မထောင်းတာ၊ အိမ်မကျာ ကြမ်းမကျွာနှင့် နေထိုင်နေရသော ချွေးမမိန်းကလေးများအဖို့ ယောက္ခမတို့၏ အငြူစူ မောင်းမဲခြင်းအောက်၌ မရှောင်သာ မတိမ်းသာ ကိုယ့်မျက်ရည် ကိုယ်သုတ်၍ ခပ်ကုပ်ကုပ်ကလေးသာ နေ့စဉ်နှင့်အမျှ နေကြရပါသည်။

ပြောပါများ မယားစကားအောင်သည်ဟူသော ဥပဒေသမှာ နေရာတိုင်း အားကိုး၍မဖြစ်၊ အမေတစ်ခု သားတစ်ခုအကြားတွင်

www.burmeseclassic.com

www.burmeseclassic.com



ကတုံးကတိုက်လုပ်သည်ဟု လင်သည်က အထင်လွဲမှုဖြင့် ကိုယ့်အပေါ်ဝယ် အချစ်စိတ်ကုန်ခန်း၍ အမုန်းပန်း ပွင့်တတ်လေသည်၊ ယုတ်စွအဆုံး ကိုယ်ချစ်နေရသူခများမှာ မိခင်နှင့်မယားကြား ဗျာပါဒများမှာကိုပင် မကြည့်ရက် မမြင်ဝံ့ ဖြစ်ရပါသေးသည်။

ထိုနေ့ညက သူသည် ကျွန်မအပေါ်ဝယ် မေတ္တာတွင် ကရုဏာတွဲ၍ သဲသဲမဲမဲ ပြုစုလိုက်ပါသည်၊ ထို့ကြောင့်ရကား သူ့ကိုစွဲ၍ကျွန်မအသည်းအောက်၌ သူ၏ကိုယ်ပွား အချစ်ကိုယ်စားကလေး ထားခဲ့ရှာလေပြီဟု အလိုလိုသိလိုက်ရပါပြီ။

"အမေ့သားရဲ့သွေးအစစ်ပါ အမေရယ်၊ သူပြန်လာရင်သက်သေတည်ပါစေမယ်" ဟု ဒူးတုပ်၍ ရှိခိုးရင်း မျက်ရည်တွေကို သွန်ချလိုက်ပါသည်။ သို့သော် ကွဲစေလို၍ ခွဲသည့်မျှသာဖြစ်ခြင်းကြောင့် ဂင်္ဂါရေအလျဉ်ကို လက်နှင့်တား၍ အကြားမထင်သကဲ့သို့ ကျွန်မ၏စကားကို နားမဝင်ပါလေ။

ဇာမှုဖြစ်လာရသော ခွဲသည့် သဘာဝက ကျော်လွန်လေသော် လက်သင့်မခံ ငြင်းဆန်နေတော့သည်၊ တစိုက်စိုက် တထောက်ထောက် လျှောက်လာခဲ့သော ခြေလှမ်းများကား ခနော်ခနဲ့ ယိုင်ယဲ့ယဲ့ ဖြစ်ခဲ့ရပါပြီ၊ ဘယ်နှစ်ရက် ဘယ်နှစ်လ အဘယ်မျှကြာခဲ့သလဲဟု မမှတ်မိ။

* * *

ကျွန်မမှတ်မိနေတာ တစ်ခုရှိသည်၊ ချစ်လင်သွားရာ ရာဇဂြိုဟ်ကို ခြေလျင်သွား၍ မတွေ့တွေ့အောင် ရှာမည်၊ တွေ့သည်နှင့်တစ်ပြိုင်နက် သူ့မိခင် မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး၏ ရက်စက်ပုံကို ပြန်ပြောသဖြင့် ရင်တီးလက်ခတ် ရင်ဘတ်စည်တီး ကရုဏာမိုးကြီး ရွာစေရမည်၊ ဒါသော်လျှင် ကျွန်မရဲ့အားကိုးစရာ မာန်တက်စရာ ရှိပါသည်၊ မယားတို့မည်သည် ကိုယ့်ကိုချစ်ခင်တွယ်တာသော သားကိုလည်း အားကိုး၍ မာန်တက်တတ်သည်၊ ယခု သူ့ကိုတွေ့ပြီးလျှင် သူ့သားကလေးကို



မျက်နှာမြင်ပေးဖို့ အရေးကြီးသည် မဟုတ်ပါလား။

သို့တစေ ကျွန်မ၏ခန္ဓာကိုယ် အတ္တဘောကို ကျွန်မရဲ့သလုံးမြင်းခေါင်းက မသယ်ယူနိုင်တော့ပါ၊ မြေသလင်း နေမင်းက ပူသနဲ့၊ နန်းသူ့ဒေဝီ တွေ့နိုင်ဘဲဟာမို့ လဲလုပြီ၊ ရိုရှားပင်ပန်းခြင်းတို့ကြောင့် ဦးခေါင်းမူးနောက်လျက် မျက်စိများ သီဝေကုန်ကြဆဲ၊ ဩကာသလောကကြီးတစ်ခွင်ကိုပင် မသဲမကွဲ မြင်နေရပါပြီ။

ဘုရား ဘုရား၊ ဒီကြားထဲတွင်မြွေပူရာကင်းကမှောင့်၊ ခါးထဲကမခံသာ အောင့်အောင့်တောင့်တောင့် မစောင့်နိုင်တဲ့ ဣန္ဒြေဟု စာဖွဲ့ရသော ကမ္ဘဇလေအလျဉ်သည် ကျွန်မရဲ့ရင်တစ်ပိုင်းကို လေမုန်တိုင်းဆင်ပါလေပြီ၊ လူတစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာခဲ့၏၊ ခြေဖျားလက်ဖျားများ အေးလာခဲ့၏၊ ချွေးသီးချွေးပေါက်များ ထမင်းနပ်ထားသကဲ့သို့။

ကံအားလျော်စွာ မနီးမဝေး ခရီးလမ်းဘေး ဇရပ်ကလေးတစ်ဆောင် တွေ့ရပါသည်၊ ထိုဇရပ်ရောက်အောင် လုပ်လဲ့လုပ်လီရွှေပိုးတီတွန့်သလို လွန့်၍လွန့်၍ တက်ခဲ့ရပါသည်၊ ဇရပ်ကလေးမှာအမိုးကယိုင်ယိုင် တိုင်ကယဲ့ယဲ့၊ တချို့နေရာတွင် ကြမ်းပျဉ်တွေပဲ့ကျိုး၍ ဆင့်ထိုးထားသော တန်းများပင် ပေါ်နေပါသည်၊ ဇရပ်ကလည်းယိုင်ယိုင်၊ လူကလည်း ယိုင်ယိုင်၊ မခိုင်လို့ ကျိုးမှဖြင့် ကိုယ်ကျိုးနည်းရမည်၊ သို့သော် တိုးတက်ပြင်းထန်လာသော ကမ္ဘဇလေက ကျွန်မသားကလေးကို ကျွမ်းစောက်ဦးပြန် မွေ့နေပါပကော။

ကပျာကယာ ပါလာသောအဝတ်ကလေးကို ခင်းရသည်၊ ယိုင်နဲ့နဲ့တိုင်ကိုပင် မှီထားရသည်။ ဆီးကင်းလောက် ချွေးတွေဟာ နားထင် နားရင်း နဖူးတို့ဝယ် အမြုပ်ထ၍ ထွက်လာကြသည်၊ ဇရပ်ခေါင်အထက်နားက အဖော်ကွဲသော တစ်တီတူးငှက်သည်သူ့အမည်ကို သူဖော်၍ တကြော်ကြော် ပျံသန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်တီတူး တစ်တီတူး' ဆိုသောအသံက ကျွန်မကိုမြင်၍ 'ဖြစ်ပြီဘူး ဖြစ်ပြီဘူး' ဟု အော်သွားသယောင်ယောင် ကြားလိုက်မိသည်။ ဟုတ်ပါသည်၊ မိန်းမတို့ဓမ္မတာ အားကိုးရာ "ချင်ခြင်း"သည် ယခုလိုကာလအတွင်းကလေး၌ အရေးအကြီးဆုံးဖြစ်ပါသည်။

'စကြာမင်းသမီး၊ ဖြစ်တပြီးလည်း၊ တောင်ကြီးဖဝါးအောက်၊ လင့်နောက်လိုက်ရ၊ ဂုဏ်နိမ့်ချ၍၊ ယုယလုပ်ကျွေး၊ သူ့သွေးသန္ဓေ၊ ဆောင်ထွေစွဲကပ်၊ မီးယပ်သားဖွား၊ ဤငါးပါး' ကို လင်သားနှင့်သော မကွေကွာရလျှင် ထိုဝေဒနာကို ကျောကော့၍ ခံလိုက်နိုင်ပါသည်။

ယခုလိုအခါမျိုးမှာ လင်လုပ်သူရဲ့ ပြုံးပြသောမျက်နှာကို ကြည့်လျက် အားပေးသောလင့်စကားကို နားထောင်ရင်း သူ့လက်တစ်ဖက်ကို အားကုန်ညှစ်လိုက်ချင်တဲ့ အချိန်ကြီးပေါ့၊ အခုတော့ ကျွန်မမှာ အထီးကျန် တိရစ္ဆာန်တမျှ ဓမ္မတာသဘာဝကိုပဲ အားကိုးပြုရတော့မှာပါကလား။

ရွှေနမ်းထုပ်နဲ့ အုတ်ပူဟင်းခါး၊ နနွင်းသားနဲ့ ရင်းပြားရေနွေး၊ မသက်သာခင်၊ မျက်နှာမြင်တုန်း၊ သုံးဖို့မှမရှိ၊ ကျွန်မတစ်ယောက်ထဲ င်းတီတီ။

ပြင်းပြလွန်းလှသော ဝေဒနာက အမိုက်တိုက်ကြီးထဲသို့ မကြာမကြာ ကျွန်မအား ဆွဲခေါ်သွားပါသည်။

မှီနေရသော ဇရပ်တိုင်ကလေးကို တစ်အားဖက်၍ ကျိုးနေသော ကြမ်းပေါက်ကဆင့်ကို ခြေဖြင့် တစ်အားကန်ကာ အံကိုကြိတ်၍မျက်စိကို မှိတ်လိုက်သည့်တစ်ခဏဝယ် ကျွန်မ လုံးဝမေ့မြောသွားပါတော့သည်။

မည်မျှကြာအောင် မိန်းမူးသွားသည်ကို မသိ။ အူဝဲအူဝဲဟု တစာစာအော်ဟစ်နေသံကလေးက ဝေးရာသဲ့သဲ့မှ တကယ့်ကို ကျွန်မအနားရောက်လာပါသည်။



"ဟော ငါ့မွေးပြီးပြီ၊ ငါ့ကလေး ငိုနေပြီ" ဟူသော အသိက ချွေးတွေနစ်နေသော၊ အရုပ်ကျိုးပြတ်ကျနေသည့်ကျွန်မကို အားသစ်တွေလောင်းပေးလိုက်ပါတော့သည်။ ပက်လက်အနေအထားက တိုင်ကို ဖက်တွယ်၍ ကိုယ်ကိုမတ်ကြည့်ရာ ကျွန်မခြေရင်း၌ တကြော်ကြော် အော်နေသော ဖအေတူသားကလေးကို ဝမ်းသာလွန်း၍ မှုန်သွားအောင် တွေ့မြင်လိုက်ရပါသည်။

ကိုယ့်ရင်သွေးကို ချစ်ရမှန်းသိသည့် မေတ္တာသည် အကြောပေါင်းတစ်ထောင် ပျံ့နှံ့စိမ့်ဝင်လာကြပါပြီ၊ သားကလေးအား ရင်ခွင်မှာ ပွေ့ပိုက်သည်၊ တစိမ့်စိမ့်ယိုဆင်းလာသော သွေးမှဖြစ်သည့် နို့ရည်ကို စို့စေသည်၊ ကလေးငယ်က သူ့သဘာဝအသိကလေးနှင့် စို့ယူမျိုသောက်လိုက်သည်၊ ထိုအခါမှ ကျွန်မ အားရပါးရ ချုံးပွဲချ၍ အရသာတွေ့အောင် ငိုလိုက်ရသည်။

ဤအခါ ငိုရခြင်းကတော့ အားကိုးရာမဲ့၍ လင်နှင့်ကင်းကွာ၍ ဆင်းရဲခြင်းတွေကြောင့် ငိုမိတာမဟုတ်၊ တကယ်ဆန်းစစ်လိုက်လျှင် ကျွန်မမိခင်ကို ကျွန်မချစ်လွန်းလို့ ငိုရခြင်းဖြစ်ပါသည်၊ သွားလေသူမိခင်ကြီး၏ မေတ္တာစေတနာတွေကို ယခုမှ သိသိသာသာ ကိုယ်ချင်းစာနိုင်တော့သည်၊ သူ့အချစ် သူ့မေတ္တာတွေကို ကြွေးကျေအောင်မှ ကျွန်မ ပြန်မဆပ်နိုင်ခဲ့ပါလား။

သားကလေးက နို့ဝ၍ အိပ်ပျော်သွားသလို ကျွန်မမှာလည်း အားရအောင်ငိုပြီး၍ မောလာပါသည်၊ မောရာက ရေငတ်လာပါသည်၊ သေလာပဗ္ဗတ တောင်ကြီးတစ်တောင်၏ ထိပ်ကိုရောက်အောင် တက်ခဲ့ရသလို၊ အပြောကျယ်စွာ သဲအတိပြီးသော ဝဋ္ဋကန္တာရ ခရီးကြမ်းကြီးကို ဖြတ်သန်းလာခဲ့ရသလို ပင်ပန်းခဲ့ရသည့်ဝေဒနာက ရေကြည်တစ်ပေါက်လောက်ကို အပူတပြင်း တောင့်တခဲ့လေပြီ။

ဇရပ်ပေါ်က တောတန်းတစ်လျှောက် ပတ်ပိန်းကျင်ကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ မျှော်ကြည့်လိုက်သည်၊ ရေရနိုင်သောနေရာ ရေတွေ့နိုင်သော စိမ့်စမ်းတို့မှာ မျက်စိတစ်မျှော်အတွင်းမှာတော့ မမြင်ရ၊ လည်ချောင်းတွေပူ ရင်တွင်းမှာလောင် နှုတ်ခမ်းတွေကွဲလောက်အောင် ရေငတ်ခြင်းက နှိပ်စက်လာသည်၊ သားငယ်အား ရင်ခွင်ထဲက အဝတ်အခင်းကလေးပေါ်သို့ အသာအယာ ပွေ့ချလိုက်သည်၊ ဘယ်နေရာအထိ ရေရှာရမည် မသိသောခရီးတွင် နေပူတဲလျှပ် မထိစေလိုပါ။

သွေးနုသားနုဖြစ်သော ကျွန်မမှာ ခရီးမတွင်လှ၊ ရေကလည်း နီးနီးနားနား၌ မတွေ့၊ ခင်တန်းကလေးတစ်ခုကို ဖြတ်ကျော်လိုက်သောအခါမှ စမ်းရေကျသံကလေးကို ကြားရသည်။

သာယာသော ကျေးငှက်တို့၏ ပျူပျူငှာငှာ ရင့်ကျူးသံတို့သည် တော၏ ဂီတများဖြစ်နေကြသည်၊ ခင်တန်းကလေး၏နောက်ကွယ် အနိမ့်ပိုင်းကလေးတွင် ကျောက်တုံးကျောက်ခဲကလေးများကို ဖေ့ဝိုက်စီးဆင်းလာသော စမ်းချောင်းတစ်ခုကို တွေ့ရသည်။

တွေတွေစီးနေသော ရေအလျဉ်သည် ကြည်လင်ရုံမက အတွေ့ကလည်း အေးမြလှပါဘိသည်။

သဖန်းပင်တစ်ပင်သည် စမ်းချောင်းအား ထီးမိုးထားဘိသကဲ့သို့ အုပ်ဆိုင်းလျက်ရှိသည်။

စမ်းရေကို ကျွန်မအားရပါးရ သောက်လိုက်သည်။

မိမိကိုယ်တွင် အညစ်ဟူသမျှကိုလည်း သန့်စင်လိုက်သည်။

ထိုအခါ စိတ်၏ညစ်ညူးခြင်းရော ကိုယ်၏ညစ်ညူးခြင်းပါ တစ်မဟုတ်ချင်း ပပျောက်၍ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ဖြစ်သွားရပါသည်။

ထိုအခိုက် သဖန်းပင်ပေါ်မှ မျောက်တစ်အုပ်၏ ဆူညံဟစ်အော် ပြေးလွှားသံက အထိတ်တလန့် ဖြစ်သွားစေပါသည်။

မျောက်မောင်းမတစ်ကောင်သည် သူ၏သားငယ်ကလေး



နှစ်ကောင်အား တစ်ကောင်ကို ရင်ခွင်တွင်းမှာထားလျက် တစ်ကောင်ကို ကျောမှာဖက်သိုင်းထားစေပြီးလျှင် နီးရာအကိုင်းတစ်ခုသို့ ခုန်ကူးလိုက်သည်။

"ဘုရား ဘုရား၊ မျောက်မနယ် မိုက်လိုက်ပါဘိတော့၊ ကလေးနှစ်ကောင် မနိုင်မနင်းနဲ့ လွတ်များကျလိုက်မှဖြင့်"

ကျွန်မက မျောက်မောင်းမကို အပြစ်တင်ရင်း မော်ကြည့်နေစဉ် မျောက်မက ကျွန်မကို ပြူးတူးပြဲတဲ ကြည့်ရင်း တကွဲကွဲ တကွကွနှင့် ပြန်၍ ရန်တွေ့နေပါသည်။

ထိုစဉ် အမေပြောသောပုံပြင်ကို ရုတ်ခြည်းသတိရလိုက်ပါသည်။

မျောက်မောင်းမ တစ်ကောင်က သူ့သားကလေးတွေကို သစ်ပင်ပေါ်မှာထားခဲ့ပြီး အစာရှာထွက်သည်၊ တစ်ကောင်ကတော့သူ့သားလေးတွေကို ရင်မကွာ သယ်ပိုး၍ အစာရှာထွက်သည်၊ ယခုလို ချောင်းတစ်ခုကို ခုန်အကူး၌ ကလေး ပါမလာသော မျောက်မောင်းမက သားတွဲလဲ မျောက်မအား အပြစ်တင်လိုက်သည်။

"နင့်မှာ သားတွဲလဲ သမီးတွဲလဲနဲ့ မတော်လို့များ လွတ်ကျရင် နင် ရင်မကျိုးရပါလား"

ထိုအခါ ရင်အုပ်မကွာ မျောက်မက . . .

"ဟဲ့-ငါ့သားသမီး လွတ်ကျလို့သေအုံး၊ ငါ့ရှေ့မှာ သေရတာ ကျေနပ်စရာရှိသေး၊ နင့်မှာသာ မျက်စိကွယ်ရာ နားကွယ်ရာ ထားပစ်ခဲ့တာ ရက်စက်ရာမကျဘူးလား၊ အကယ်တန္တု၊ နိုင်ရာစား ရန်သူတွေက နင့်သားသမီးတွေ သတ်ဖြတ်ချေဖျက်လိုက်တောင်မှ နင်တွေ့ရမှာ မဟုတ်ဘူး မဟုတ်လား၊ နင်သာ မိုက်လုံးကြီးတဲ့ အနွံဟဲ့" ဟုပြန်၍ ရန်တွေ့သည့် ပုံပြင်ပင် ဖြစ်သည်။

ဟုတ်ပါရဲ့၊ ကျွန်မသားကလေး မွေးစ နီတာရွှေ ဖရုပ်ပေါ်မှာ အဝတ်နဲ့သာ ထွေးခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တောခွေး တောဝက် ရက်စက်သားစား တိရစ္ဆာန်များရဲ့အန္တရာယ်များလှပါသော်ကော။

ကျွန်မ ကသောကမျော ပြန်ပြေးခဲ့သည်။

ရေရှာလာရသောအချိန် ရေသောက်သုံးနေရသောအချိန်တို့မှာ အတန်ကလေး ကြာလွန်ခဲ့ပြီ မဟုတ်ပါလား။

ကျွန်မတွင် တွေး၍ပူတိုင်း အပြေးကလေး ပြန်ခဲ့ပါသည်။

ဇရပ်နားရောက်၍ ဇရပ်ပေါ်သို့ မျှော်ကြည့်မိလိုက်သည်နှင့် 'ဟောတော့၊ ကိုယ်ကျိုးနည်းပါပြီ' ဟုသာ တစ်ခွန်းတည်း အော်လိုက်နိုင်တော့သည်၊ ခန္ဓာကိုယ်ကတော့ ငှက်ပျောပင်ကို ဓားနှင့်ပိုင်းလိုက်သလို ဗိုင်းခနဲ လဲကျသွားပါလေ၏။

ကျွန်မသားကလေး ပျောက်ခြင်းမလှ ပျောက်သွားရပါပြီကော။

* * *

ကျွန်မသည် အရပ်လေးမျက်နှာအနှံ့ ရောက်ခဲ့ရပါပြီ။

သားပျောက်မိခင်သည် ဘယ်ဝယ်မြောက်တောင် ရွေးချယ်ဖို့ မလိုပါ။

ရှေ့နောက်ဝဲယာသည် သားကိုတွေ့နိုင်သော ဒိသာများသာ ဖြစ်ပါ၏။

အပူသည်များတွင် လင်ကိုမြွေပေါက်၊ သားကြီးရေနစ်၊ သားငယ်စွန်ချီခံရသည့် ပဋာစာရီ အမျိုးသမီးကို ပရိဒေဝဘွဲ့ တပ်ကြပါသည်။

သို့သော် အကြင်ပဋာစာရီသည် မျောက်မောင်းမ ပြောသကဲ့သို့ သူ့မျက်စိအောက် နားအောက်၌ ကံ၏ဖန်တီးခြင်းအဖြစ် တွေ့မြင်လိုက်ရသောကြောင့် ဖြေဆည်နိုင်အံ့ ရှိပါသေးသည်။

ကျွန်မမှာတော့ နို့တစ်ကျိုက်မျှသာ စို့ရှာသေးသော လူ့ဘဝ ရောက်ခါစ ကလေးငယ်ကို မျက်နှာလွှဲ ခဲပစ် ဥပေက္ခာလုပ်ရက်ခဲ့သော မိုက်ပြစ်က ကောင်းကောင်းကြီး နှိပ်စက်နေပါပြီ။



ကျွန်မသားကလေး အသက်နှင့်ကိုယ် မြဲလျက်ရှိနေပါသည်။

ဒါကိုသိ၍ ရှာအားတော့ ရှိပါသေးသည်။

သားရဲတိရစ္ဆာန် သတ်ဖြတ်ကိုက်ချီသွားလျှင် သားငယ်၏သွေးစသွေးနများ ဇရပ်ကြမ်းပြင်ဝယ် အထင်းသား ပေကျံနေရစ်ခဲ့ရမည်။

နောက်တစ်ကြောင်းကလည်း ကလေးကို သိပ်ထားခဲ့စဉ်က ထွေးနွေးသော အဝတ်ကို အနီးပြု၍ တယုတယ သိပ်ခဲ့သည်ဖြစ်ရာ ယခုတော့ အဝတ်ပါ မတွေ့၊ ကေန္တ တစ်စုံတစ်ယောက်သော ခရီးသွားလူသားသာလျှင် ဆောင်ကြဉ်းသွားတာ ဖြစ်ရမည်။

ထို့ကြောင့် ကျွန်မ ရှာအားရှိသည်။

တစ်ရက်နှစ်ရက်မှ တစ်လနှစ်လ၊ တွေ့သလိုစား၍ သွားစရာလမ်းရှိသမျှ လျှောက်ခဲ့ရသည်။

လူတွေ့တိုင်း ကလေးသတင်းမေးရသည်။

"ဟဲ့–အမျိုးသမီး ရပ်လိုက်စမ်း"

တောတန်းကလေးတစ်ခုကိုအဝင်၌ ငေါက်လိုက်သောအသံကြား၍ ဘွားခနဲတွေ့လိုက်ရသည်မှာ ဓားလွတ်ကိုင်လူတစ်ယောက်ဖြစ်သည်။

သူ့ပုံပန်းသည် မုဒိမ်းတန္တ တစ်ယောက်သဖွယ်။

"အစ်ကိုကြီးရယ် ကျွန်မဒုက္ခသည်ပါ၊ သားငယ်ပျောက်လို့လိုက်ရှာနေရတဲ့ မိခင်ပါ" ကျွန်မက မျက်ရည်လည်ရွဲနှင့် အသနားခံလိုက်ပါသည်။

"တစ်ဆိတ်ပြောပါရှင်၊ လ သားကလေးတစ်ယောက်များ ကောက်ရတယ်ဆိုတဲ့သတင်း မကြားခဲ့ဘူးလားမောင်ကြီးရယ်"

ဓားလွတ်ကိုင်လူဆိုးသည် ကျွန်မရဲ့အင်္ကျီရပ်ကို ဆေးဘက်လေးတန်ပြည့်အောင် လှည့်ပတ်၍ ကြည့်နေပါသည်၊ သူ၏မျက်စိအောက်မှာ တစ်သားမွေး၍ တစ်သွေးလှနေဟန်တူသော ကျွန်မ၏

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို သုံးဆောင်ခံစားနေမှန်း ရိပ်မိလိုက်ပါသည်။

"သားပျောက်တာများ ဒီလောက်ပင်ပန်းကြီးစွာ ရှာနေဖို့လို သလားနှမရယ်၊ လင်ရရင် သားရှိလာလိမ့်မပေါ့ ဟဲ-ဟဲ"

သူသည် ဓားလွတ်အစား သူ့လက်နှစ်ဘက်ဖြင့် ကျွန်မအား ဓားပြတိုက်ပါတော့၏။

တောအုပ်အလယ် ကယ်မည့်သူမရှိ။

ရေနစ်သူကို ဝါးကူ၍ဖိပြီး နံဘေးသို့ချထားသောဓားကို ပြန် ကောက်လိုက်ကာ-

"ကဲ-ငါနဲ့သာလိုက်ခဲ့တော့၊ မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းမယ်၊ အဟောင်းတွေသာ မေ့ပစ်လိုက်၊ ကြားလား"

ကျွန်မဘဝမှာ သူ့နောက်သို့ လိုက်ရုံမှအပ ဘာများတတ်နိုင် ဦးမှာလဲရှင်။

* * *

တောင်ဆီမှ မိုးကလေးညိုလာပြီဆိုလျှင် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသော စကားပုံကို သွား၍သတိရမိပါသည်၊ ယောက္ခမ ၏ နှိပ်စက်ပုံ၊ အချစ်ဦးလင်သားနှင့်ကွဲရပုံ၊ အားကိုးမဲ့ မီးဖွားရပုံ၊ သားငယ် ပျောက်ခြင်းမလှ ပျောက်ခဲ့ရပုံ၊ ပြီးသည့်နောက် ကျွန်မအား ယခုလင်ကိုစောရက အနိုင်ကျင့်၍ယူပုံများမှာ ကျွန်မ ဘဝတစ်လျှောက် လုံး သွားလေရာရွာချသော ကံဆိုးမိုးမှောင်များဖြစ်ကြပါသည်။

သူခိုးကြီး၏စရိုက်မှာ အလုပ်နှင့်လိုက်အောင် အပြောကြမ်း၊ အဆိုကြမ်း၊ သဘောကြမ်း၊ မနောကြမ်း ဖြစ်ပါသည်။ ချစ်သည်ဆိုတာ တောင်မှ အသည်းထိအောင် ရန့်ရင်းကြမ်းတမ်းလွန်းလှပါသည်၊ လင်ရလျှင် သားရှိသည်ဟု သူ့ပြောစကားအတိုင်း ယခုအချိန်တွင် သူ့ကိုမှီ၍ သမီးကလေးတစ်ယောက် ထွန်းပေါက်ခဲ့ရပြီ၊ သို့ပင်ဖြစ် လင့်ကစား တောင်ဆီမှ မိုးကလေးညိုလာပြီဆိုလျှင် -



"ဟဲ့-ကောင်မ၊ ပုခက်ထဲက ကလေးငိုနေတာ မကြားဘူးလား"

မိုးချုန်းသံနှင့်တူသော သူ့အသံကြီးက ဓားသွေးနေရာမှ ပေါ်ထွက်လာသောကြောင့် ကျွန်မတစ်ကိုယ်လုံး တုန်သွားပါသည်၊ ပုခက်တွင်းမှ တအဲ့အဲ့ တအီအီငိုနေသောကလေးကို ကောက်ချီလိုက် သည့်အချိန်တွင် ဝင်းတလက်လက်ဖြစ်နေသော ငှက်ကြီးတောင်ဓားနှင့် သူ အိမ်ပေါ်သို့ တက်ခဲ့ပါပြီ။

"ဗိုင်းတာမ၊ လင်ဟောင်း သားဟောင်းကို စဉ်းစားရင်းမွန်နေလို့ သမီးကို နင်ဂရုမစိုက်တာ မဟုတ်လား၊ နင့်သားကို တစ္စစ္စ တလမ်းလမ်း ဖြစ်ရအောင် ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့ရလို့လား၊ နင့်လင်ကကော ဒေဝဒဟကပိလ က သကျသာကီဝင်မို့လားဟဲ့"

ပြောပြောဆိုဆို ကျွန်မအား ဖနောင့်နှင့်ပေါက်လိုက်သောကြောင့် ငုတ်တုတ်က အိပ်ရာကွပ်ပျစ်နှင့် ပြေးဆောင့်သလို ခံလိုက်ရပါသည်၊ ကလေးငယ်က ရှူးရှူးဝါးဝါးအော်လိုက်၍ ငုံ့ကြည့်လိုက်မိရာ သမီး ကလေး ငယ်ထိပ်ဝယ် သွေးခြင်းခြင်းနီနေတာ တွေ့လိုက်ရပါသည်။

ကံအားလျော်စွာ မောင်မင်းကြီးသားက ကျွန်မတို့ သားအမိ နားသို့ မလာဘဲ ရပ်နေရာက တံတွေးတစ်ချက် ထွေးပစ်လိုက်ရင်း အိမ်ပေါ်က ဆင်းသွား၍သာ တော်တော့သည်။

ယခုလို သူ့သမီး ထိပ်ပေါက်ခေါင်းကွဲဖြစ်သွားတာ မြင်လိုက် လျှင် သူ့လက်ထဲကသွေးပြီးကာစ ဓားရှက်တွင် ကျွန်မရဲ့သွေး ခြင်းခြင်း နီစရာသာ ရှိပါသည်။

သမီးကလေး၏ခေါင်းမှာ တိုင်နှင့်ဆောင့်မိသောကြောင့် လက် တစ်ဆစ်လောက် ပေါက်ပြဲသွားသည်ဖြစ်ရာ ကြံမိကြံရာ [illegible]နှင့် အတင်းသိပ်၍ ကလေးနှင့်ရောပြီး ငိုရပါသည်။ ကျွန်မမှာ ကြာကြာ နေ၍ မဖြစ်တော့ပါ၊ သူပြန်လာ၍ ကလေးဒဏ်ရာကိုတွေ့လျှင် ကျွန်မကိုယ်မှာပါ ဒဏ်ရာတွေအပြည့် ဖြစ်ရတော့မည်၊ လူဆိုးဓားပြ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေကာမူ သူတစ်ပါးသာ သတ်ဖြတ်နှိပ်စက်လင့်ကစား သူ့သွေး သူ့သားကိုတော့ လေးလေးပင်ပင် ချစ်ကြင်နာရကောင်းမှန်း သူသိသည်၊ မိခင်တစ်ယောက်အနေနှင့် ကိုးလလွယ်၍ ဆယ်လမှာ ဖွားရသောကြောင့် ဖခင်လုပ်သူထက် အကြင်နာတရားပိုသည်ဖြစ်စေ၊ သူ့ဒေါသ ကြမ်းကြုတ်မှုကို အသက်အန္တရာယ်အထိ ကြောက်လန့်လွန်းလှပါသည်၊ ထို့ကြောင့် အနာကိုဆေးဝါးသိပ်၍ နို့တိုက်ပြီးအိပ်သည်နှင့် တစ်ပြိုင်နက် သူမပြန်ခင် ကိုယ်လွတ်ပြေးထွက်ခဲ့ရပါတော့သည်။

သားငယ်ပျောက်၍ တစ်နှစ်အကြာတွင် သမီးငယ်တစ်ယောက်ကို ခွဲပစ်ခဲ့ရပြန်ပါပကော၊ ကံဆိုးမသွားလေရာ မိုး ဘယ်အထိလိုက်ရွာဦးမည်မသိ။

* * *

ရာဇဂြိုဟ်ပြည်အနီး ညောင်ညိုပင်ကြီး၏ အေးရိပ်သာသည် ဘိက္ခုနီဝိဟာရကို ထွေးပိုက်ထားလေသည်၊ တစ်ခါတစ်ရံ ကျောင်းပရိဝုဏ် မြေခင်းသန့်သန့်၌ ဗာရာဏသီမှ လှည်းကုန်သည်များ ခရီးတစ်ထောက် နားနေတတ်ကြသည်မှလွဲ၍ ဆိတ်ငြိမ်လျက်ရှိပါသည်။

ထို့ကြောင့် တရားရသော ယောဂီများအဖို့ လောကီနယ်မှ ရှောင်ပုန်းအောင်းရာ ပဋိရူပဒေသဖြစ်သည့်နည်းတူ ကျွန်မအတွက်လည်း လင်ငမိုက်သား ဒေါသသမား၏ ရန်အန္တရာယ်ကို ပုန်းအောင်းမှီခိုရာ ဖြစ်နေရပါသည်။

ကျောင်းထိုင်ဘိက္ခုနီက ဒုက္ခသည်ကျွန်မအား အပူကို သီတာရေ ဖျန်း၍ လက်ကမ်းကယ်တင်ထားသည်မှာ အချိန်ကာလအားဖြင့် တစ်ဆယ့်ငါးနှစ် ကြာမြင့်ခဲ့ရပါပြီ။

ဤကျောင်းသို့ ရောက်သည့်နေ့မှစ၍ ကာမဘောဂီ လောကီလူသားများ၌ ဒုက္ခဖွဲ့နှောင်ခြင်းခံရတတ်ပုံကို နားချ၍ တရားပြလေ့ရှိပါသည်။ သူကိုယ်တိုင် ကြာညိုနံ့သင်းသော ဥပ္ပလဝဏ်ထေရီကြီးက



ဒုက္ခမီးငြိမ်းပေး၍သာ ယခုလို အကျွတ်တရားရခဲ့သူဖြစ်ကြောင်းနှင့် တကွ ဘိက္ခုနီသာသနာ၏ ကျေးဇူးရှင်ဖြစ်သော မိထွေးတော်ဂေါတမီအားလည်း ကြည်ညိုမြတ်နိုး၍ မဆုံးနိုင်ကြောင်း နေ့စဉ် ဟောပြောတတ်ပါသည်။

ကျွန်မမှာ ဝဋ်မကုန်တတ်သေး၍လား မသိ၊ သာသနာတော်တွင်းသို့ ဝင်ရောက်ခိုလှုံရန် အကြံ အထ မမြောက်နိုင်သေးပါ၊ အာသဝမကုန်သည့် ကာမဘုံမှာ ရာဂအဟုန်က လှိုင်းရိုက်ခြင်းခံနေရသည်ကို ကိုယ့်ဝမ်းနာ ကိုယ်သာသိပါသည်။

ရှက်ရမည်ကိုလည်း မရှက်နိုင်၊ ကြောက်ရမည်ကိုလည်း မကြောက်နိုင်။ တဏှာပေမကြောင့် ငိုယိုရ ပူရ ပင်ရ ဆင်းရဲရခဲ့သမျှတို့မှာ အမှုးပြေသည်နှင့်တစ်ပြိုင်နက် ထန်းနို့ကို မော့ကြည့်သော ထန်းရည်သမားကဲ့သို့ ဖြစ်နေပါသည်။

"အစ်မကြီးရယ်၊ ရိုင်းတယ်လို့ မအောက်မေ့ပါနဲ့၊ အစ်မကြီးကို မြင်မြင်ချင်း ကျွန်တော့်စိတ်ထဲမှာ မနေနိုင်မထိုင်နိုင်အောင် ချစ်နေမိပါပြီ"

"ဟဲ့–ဟဲ့၊ မြတ်စွာဘုရားကယ်တော်မူပါ"

ကျွန်မက သူ့စကားကို ကြားကြားချင်း ရင်ကိုမ၍ တအံ့တဩ ကြည့်မိပါသည်၊ သူကလေးကား ဗာရာဏသီပြည်မှ လှည်းကုန်သည် အဖွဲ့ခေါင်းဆောင်ကြီး၏ ရင်နှစ်သည်းချာ လုလင်ပျိုကလေးသာ ဖြစ်ပါသည်၊ သူ့အသက်မှာ မိုက်ရူးရဲတစ်ဖွတ်ထိုး ကျင့်ကြံပြုမူတတ်သည့် ဆယ့်ခြောက်နှစ်ပတ်ဝန်းကျင်မျှသာ ဖြစ်သည်၊ တကယ်ဆိုတော့ ဘိက္ခုနီကျောင်းနားတွင် လှည်းစခန်းချ၍ သူတို့သားအဖ တည်းခိုနေစဉ်အတွင်း သူ့ကိုကျွန်မက စတွေ့ခြင်း ဖြစ်ပါသည်၊ သူ့မျက်နှာ သူ့အမူအရာ သူ့ပြောပုံဆိုပုံကလေးက ကျွန်မအား မိန်းမသားတန်မဲ့ သူ့ရှေ့ကိုအရောက်သွား၍ မိတ်ဆွေဖွဲ့ဖြစ်အောင် ဆွဲငင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက မြင်မြင်ချင်း ကြိုက်ပါသည်ဟု တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆိုပြန်တော့လည်း မူးမိုက်သွားတော့မတတ် ရင်တွင်းမှာ တလှပ်လှပ်ခံစားလိုက်ရပြန်ပါသည်။

သူ့ကို နောက်ထပ် အတွေ့မခံတော့ပါ၊ အတွေ့ခံ၍လည်း မဖြစ်နိုင်ပါ၊ သူယိမ်းအောင် ကိုယ်မငင်ဘူးထား၊ သူသိမ်းလျှင် ကိုယ်ပါလိမ့်မည်ကိုကား ကိုယ့်စိတ်ကိုယ် ရိပ်မိပါသည်၊ တကယ်ဆိုတော့ သူကလေးကို ကျွန်မအနားထားပြီး နိစ္စဓူဝ ကြည့်နေချင်တာပဲ ကျွန်မသိသည်၊ သူတို့လှည်းအုပ်ကြီး တရွေ့ရွေ့ထွက်သွားသောအခါ သူကလေးက လည်တဆန့်ဆန့် ငေးမျှော်ရှာဖွေရင်း ပါသွားဘိသကဲ့သို့ ကျောင်းပရိဝုဏ်အတွင်း တစ်နေရာက ကိုယ့်မျက်ရည်ကိုယ်သုတ်၍ ကျန်ရစ်ခဲ့သူမှာ ကျွန်မသာလျှင် ဖြစ်ပါသည်။

* * *

"သုံးဆယ့်တစ်ဘုံဆိုတဲ့လောကမှာ သတ္တဝါတိုင်းဟာ မသိလို့ လိုချင်ကြတယ်၊ လိုချင်တော့ တောင့်တတယ်၊ တောင့်တတော့ ပြုလုပ်တယ်၊ ပြုလုပ်တော့ရတယ်၊ ရတော့မှ ဒုက္ခလုံးလုံးကြီး ဖြစ်တတ်တယ် ချစ်သမီး"

ဘိက္ခုနီဆရာတော်က ကျွန်မအား တရားဟောလို့မှမပြီးခင် လှည်းခလောက်သံ နွားချူသံ လူတွေ၏ညီးညီးညံညံ အသံစုံကြားလိုက်ရခြင်းကြောင့် ဝပ်ပျပ်နေရာက ခေါင်းထောင်၍ ထလိုက်မိပါသည်၊ ဗာရာဏသီလှည်းကုန်သည်စု ရောက်လာကြပြန်ပကော။

ဆရာတော်က ကျွန်မရင်ထဲတွင် ဗလောင်ဆန်နေသော ရာဂစိတ်ရိုင်းကို အထင်းသား မြင်လိုက်ပုံရပါသည်၊ ထို့ကြောင့် ကျွန်မ လှမ်းမျှော်ရာ လှည်းစခန်းသို့ တစ်ချက်ကြည့်လိုက်ရင်း –

"အင်း ဒုက္ခ ဒုက္ခ" ညည်းတွားပြီး တခြားသို့ထွက်သွားပါပြီ။

မနှစ်က ကွေကွင်းသွားခဲ့သော မောင်ကလေးကို တွေ့လိုသည့်



အာသာမှာ ထိန်းချုပ်ဖုံးဖိထားရာမှ ဖြုန်းခနဲ ပွင့်ကန်တိုးထွက်ကုန်ကြသည်။

ကျွန်မက ကျောင်းပရိဝုဏ်ကို ပြေးအထွက်၊ သူကလည်း စွပ်စွပ်ရှုပ်ရှုပ် ပြေးအဝင် ကျောင်းမုခ်ဝတွင် နှစ်ယောက်သားဆုံမိကြပါသည်။

"အစ်မကြီး ကျွန်တော့်ကိုကြည့်ပါအုံး၊ မနှစ်ကနဲ့မှ တူသေးရဲ့လား" ဝမ်းနည်းအားငယ်မျက်စိသူငယ်နှင့် ပြောရှာပါသည်၊ ဟုတ်ပါသည်၊ သူ၏ ပျိုမျစ်နုနယ် ချစ်စဖွယ်သော အသွင်အပြင်မှာ နေထိသော ကုမုဒြာကြာကဲ့သို့ ညှိုးလျော်ခွေပျောင်းလျက်ရှိပါသည်။

သူ့ကို တောစပယ်ရုံအောက်သို့ ခေါ်ခဲ့ရပါသည်။

"ကိုယ့်အသက်နဲ့ ထက်ဝက်ကွာတဲ့ မိန်းမတစ်ယောက်ကို ဒီလောက် စွဲလမ်းရသလားကွယ်" ဟု ကျွန်မက ရင်ထုမနာ ပြောမိပါသည်၊ ထိုအခါ သူက လူငယ့်မာန်နှင့် ခပ်ထန်ထန် ပြန်ပြောလိုက်ပါသည်။

"အသက်ချင်း ကွာတာနဲ့ မေတ္တာမှာ လျော့ရတော့မတဲ့လား အစ်မကြီး၊ ရာဂဆိုတာ မီးလိုပဲ၊ မီးပုံဟာ သေးတယ် ကြီးတယ်ရယ်လို့ အရွယ်ခွဲခြားပြီး အထင်သေးလို့ မရပါဘူး၊ သူ့ကိုထိရင် သူစွဲမိရင် ပြာသာဒ်များအထိ လောင်နိုင်တာပါပဲ၊ မြွေဆိုးကလေး လက်ညှိုးလောက်ဟာလည်း လှည်းဝင်ရိုးလောက်ရှိတဲ့ မြွေဆိုးတစ်ကောင်ရဲ့ အဆိပ်ကို တန်းတူလိုက်နိုင်တာပဲ မဟုတ်လား၊ ကျွန်တော့်ရင်ထဲမှာ မီးလိုပူလို့ အဆိပ်လိုတက်နေတာ အစ်မကြီး မသနားဘူးလား"

သူ့စကားကြောင့် ကျွန်မရင်ခွင်ထဲပွေ့လိုက်မိပါသည်၊ သူ့အတွေ့အထိသည် မိခင်က သားငယ်တစ်ဦးအား ထွေးနွေးရသလို လေးလေးနက်နက် ခံစားမှုပေါ်လာပါသည်။

"မင့်ဖခင်က ကလေးကို မုန့်ပေးကြိုက်တယ်လို့ စွပ်စွဲတော့မှာပေါ့ မောင်လေး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အဖေ ဆုံးရှာပြီလေ"

"ဟင် – အနိစ္စ အနိစ္စ"

"အခု ကျွန်တော်ဟာ အဖေ့နေရာမှာ အုပ်ချုပ်ရတဲ့ ကုန်သည်မှူး၊ ကိုယ့်ဒူးကိုယ်ချွန်ရမယ့်ဘဝပါ၊ အချုပ်အချယ် မရှိပါဘူး၊ ဒီတော့ အစ်မကြီး ကျွန်တော်နဲ့လိုက်ခဲ့ပါတော့"

ကျွန်မက ရီဝေသောမျက်လုံးဖြင့် သူ့ကိုကြည့်ရင်း မျက်ရည်ကျလာမိပါသည်။

"အစ်မကြီး ကျွန်တော့်ကို ချစ်လို့ ငိုနေတာမဟုတ်လား"

"အစ်မကြီးသိတာတော့ မောင်လေးကို အမြဲကြည့်နေချင်တယ်ဆိုတာပါပဲကွယ်"

သူက ကျွန်မကို လည်ပင်းဖက်၍ လက်နှစ်ဘက်နှင့် ရစ်သိုင်းလိုက်ပါသည်။

"အင်း– လိုချင်တာတော့ ရပကော"

ကိုယ်စိတ်ချမ်းသာ၍ ဝမ်းသာရတာထက် သူကျေနပ်နေတာမြင်ရ၍ ကျွန်မကြည်နူးနေရပါသည်၊ ကျွန်မတို့နှစ်ယောက် ဒိုးတူပေါင်ဖက် ရောင်းဝယ်ဖောက်ကားရင်း ခရီးသွားနေရသည်မှာ ပျော်စရာအနန္တ ဖြစ်ပါသည်။ ရာဇဂြိုဟ်၊ သာကေတ၊ ဗာရာဏသီ၊ တက္ကသိုလ်၊ သာဝတ္ထိ၊ ကပိလဝတ် မြို့ကြီးပြကြီး တိုင်းပြည်ကြီး နေရာအနှံ့ရောက်ခဲ့ပါပြီ၊ ရောက်လေရာ တိုင်းပြည်တိုင်း၌ ဗုဒ္ဓ၏အဆုံးအမခံ ရဟန်းယောကျ်ားရဟန်းမိန်းမများ၏ အရဟတ္တဖိုလ်ဆောင်သော ရောင်တို့သည် ထိန်ပြောင်ဝင်းဝါနေကြသည်မှာ အထောင်အသောင်းမက ရှိပါသည်။

ကုဋေကုဋာကြွယ်ဝသော သူဌေးကြီးများသည် များပြားကြီးကျယ်သော ဥစ္စာတို့ကို စွန့်ပစ်လျက် သပိတ်တစ်လုံး၊ သုံးထည်မျှသော သင်္ကန်းတို့ဖြင့် တောထွက်သွားကြကြောင်းကိုလည်း ကြားရတွေ့ရပါသည်၊ မြို့စားရွာစား တိုင်းပြည်ရှင်အချို့လည်း သြဇာအာဏာတို့ကို



လွှင့်ပစ်ပြီး မာန်မာနတို့ကို ချခင်းကာ ရဟန်းဖြစ်သွားကြသည်ကိုလည်း ကြားသိရပါသည်။

ငယ်ရွယ်နုနယ်သော သူဌေးသမီးများပင်လျှင် ရဟန်းဆောင်သို့ ဝင်ကြသည်မှာ မထူးဆန်းသလို ဖြစ်နေကြပါပြီ၊ သို့သော် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ မိဖုရားတစ်ပါးဖြစ်သော ခေမာဒေဝီ တစ်ယောက် ရဟန္တာမ ဖြစ်သွားပြီဟူသည့် သတင်းကတော့ ဥက္ကောဋ္ဌယျ ကြီးလှပါသည်။

ခေမာဒေဝီသည် အလွန့်အလွန် အဆင်းလှသော အမျိုးသမီးဖြစ်ပါသည်၊ ဘုရင်သုဒ္ဓေါဒန၏ချွေးမ သိဒ္ဓတ္ထကုမာရ၏ တောင်ညာစံ ယသော်ဓရာမိဖုရားကလွဲလျှင် တစ်ဆယ့်ခြောက်ပြည်ထောင်လုံး၌ ခေမာမိဖုရားသာလျှင် အလှဆုံး အချောဆုံးဟု သတ်မှတ်ခဲ့ကြပါသည်၊ ချောသလောက် လှသလောက်လည်း သူ့ရုပ်ရည်အတွက် မာနတက်သူဖြစ်ပါသည်၊ နိစ္စဓူဝ သူ့ကိစ္စများကား အသက်ရှည်ရန်ထက်ပင် သူ့အဆင်း၊ သူ့အလှ၊ လှသည်ထက်လှ၊ ချောသည်ထက် ချောရန် မွမ်းမံခြယ်လှယ်ပြုပြင်ခြင်း ဝေယျာဝစ္စက အရေးကြီးသည်ဟု ဆိုကြပါသည်၊ ဤရွေ့ဤမျှ ကိုယ့်အဆင်းကိုယ့်အလှကို တသသဖြင့် မာနတွေ ရင်ခွင်ပိုက်ထားသော မိဖုရားတစ်ပါးက ဘုရားရှိရာဝေဠုဝန်ကျောင်းတော်သို့ အလည်တစ်ခေါက်ရောက်ပြီးသည်နှင့် တစ်ပြိုင်နက် သုံးတောင်ကျော်ဆံကေသာကိုပယ်၍ ဖန်ရည်စွန်းသောအဝတ်ငါးထည်မျှကို ဝတ်ကာ ဆင်းရဲငြိငြင်စွာ တရားရှာနေသည် ဟူသည့်သတင်းမှာ အထူးသဖြင့် အလှအပကြိုက်သော အမျိုးသမီးလောက အသိုင်းအဝိုင်း၌ အတော်တုန်လှုပ်သွားကြပါသည်။

ဤသတင်းကို အတွင်းကျကျပြောပြသူမှာ ရာဇဂြိုဟ်က ကုန်သည်မလေး တစ်ယောက်ပင် ဖြစ်ပါသည်၊ ကျွန်မတို့နှင့် အရောင်းအဝယ်တွင် ဖောက်သည်ဖြစ်နေသောကြောင့် တစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အတော်ခင်မင်ပွန်းတီးနေသူဖြစ်ပါသည်၊ ထိုသူငယ်မတွင် မိဘမရှိ၊ အခိုင်းအစေ အခြွေအရံများဖြင့်သာ ကုန်သည်ဘဝ လုပ်ကိုင်စားသောက်နေသူ ဖြစ်ပါသည်။

တကယ်ဆိုရလျှင် စီးပွားရေး အဆက်အသွယ်ကြောင့်မဟုတ်ဘဲ သူ၏ မွန်ရည်ခြင်း၊ သဘောသကာယကောင်းခြင်း၊ ပျိုမျစ်နုနယ် ချစ်စဖွယ်ရှိခြင်း၊ ချိုသာသော အပြောအဆို အမူအရာတို့ကြောင့် မြင်လျှင်မြင်ချင်း ကျွန်မက တွယ်တာမိသလို သူကလည်း ကျွန်မအား အစ်မရင်း အဒေါ်ရင်းသဖွယ် ချစ်ကြည်ညိုလာခြင်း ဖြစ်ပါသည်။

"ဒီလောက်ချောတဲ့ လှတဲ့ ကိုယ့်မိဖုရားလေးတစ်ပါးကို ရဟန်းပြုဖို့ အလွယ်တကူခွင့်ပေးနိုင်တဲ့ ဗိမ္ဗိသာရမင်းကြီးဟာ အံ့သြစရာပဲနော် တူမလေး"

ကျွန်မက ဝေဖန်လိုက်သည်၊ ကလေးမက ယောက်ခံသလို ချစ်စရာကောင်းအောင် ခေါင်းကလေးငဲ့လိုက်ပြီး –

"ကျွန်မတော့ ကျွန်မရဲ့ ခုအသက်အရွယ်နဲ့ အခုအဆင်းရူပကိုတောင် မစွန့်နိုင်သေးဘူး"

"အေး မင်းက ငယ်သေးတာကိုး၊ ငယ်တဲ့အရွယ်ဆိုတာ ပန်းဝတ်မှုံကို လိပ်ပြာတွေကြိုက်သလို ကာမဂုဏ်ကို ကြိုက်ကြတာပဲ"

"ဒါဖြင့် အဒေါ်ကတော့ ကြီးလာလို့ မကြိုက်တော့ဘူးလား"

"အေး–ကြီးလာတော့ ကြိုက်ရကောင်းတာ မဟုတ်တော့ဘူးလို့ စဉ်းစားလာတတ်တယ်"

"အဒေါ်လိမ်ပြောတာပါ၊ အဒေါ်သာ ကြီးတာလေ၊ အဒေါ့်ယောကျ်ားကလေးက ငယ်တုန်းချောတုန်း သန်တုန်းမြန်တုန်း မဟုတ်လား၊ လူဆိုတာ ကိုယ်တိုင်ပျိုမျစ်နေတာတစ်ခုထဲကို ကျေနပ်နှစ်သက်ကြတာ မဟုတ်ပါဘူး၊ ကိုယ့်လင် ကိုယ့်မယား ကိုယ့်သား ကိုယ့်သမီးတို့ရဲ့ အလှအပ ပျိုမျစ်ခြင်းတို့ကိုလည်း တပ်မက်ကြတာပဲမဟုတ်လား"



"အင်း–၊ ငါ့တူမစကားဟာ သဘာဝကျပါပေတယ်"

ကျွန်မက သူ့ကိုချီးမွမ်း၍ ရယ်သွမ်းသွေးလိုက်ရပါသည်။

သူကတော့ ကျွန်မကို ရွှန်းရွှန်းစားစားကြည့်ပြီး –

"အဒေါ်သိပ်ကံကောင်းတာပဲ" ဟု ပြန်၍ ချီးမွမ်းလိုက်ပြန်သည်။

"မင်းဆိုလိုတာက လင်ငယ်ငယ်ချောချောကလေး ရထားလို့လို့ ဆိုချင်တာလား"

"ဒီအပြင် ဘာရှိရအုံးမှာလဲ အဒေါ်"

"အေး လင် လင်၊ သူ့ကို လင်အဖြစ်နဲ့ နေရတာထက် သားအဖြစ်နဲ့ ရ ထားတာကို ပိုပြီးနှစ်သိမ့်နေရတာ ငါ့တူမ မသိလို့ပြောတာပဲ၊ သူ့ကိုငါချစ်တာဟာ သားကလေးလိုတစ်ပိုင်းပါတယ်၊ လင်ဆိုတာ တစ်ခုထဲနဲ့ သူ့ကိုချစ်နေရရင် အခုချိန်ဟာ ငါရင်ကွဲပက်လက်ဖြစ်နေရမယ့် အချိန်ပေါ့"

"အဒေါ့်စကားက ထူးဆန်းလိုက်တာ"

"မင်းအခုန သဘာဝကျကျ ပြောသလို ငါ့စကားဟာလည်း သဘာဝကျပါစေ့မယ်ကွယ်၊ မထူးဆန်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ စတွေ့တဲ့အချိန်မှာ ငါဟာ အသက်သုံးဆယ်ကျော် သုံးဆယ့်ငါးနှစ်လောက်ပေါ့၊ အဲဒီအရွယ်နဲ့ အဆင်းလောက်ဟာ ကာမဂုဏ်ကိစ္စနဲ့ ပတ်သက်ရင် အသုံးဝင်သေးတဲ့အရွယ် မဟုတ်လား၊ ဒီတော့ သူငါ့ကို တန်းတန်းစွဲချစ်ခဲ့တယ်၊ နို့မခွဲသေးတဲ့ သမင်ကလေးဟာ သူ့မိခင်ရင်ခွင်ထဲ အမြဲတိုးခွေ့နေသလို နေခဲ့တယ်၊ မနောမယ ပတ္တမြားကိုရတဲ့ဆင်းရဲသားလို အရိပ်တကြည့်ကြည့်နေခဲ့တယ်၊ အခု တို့အကြောင်းပါခဲ့တာငါးနှစ်တောင်ရှိပြီလေ၊ ငါးနှစ်ဆိုတဲ့ လပိုင်း ရက်ပိုင်းတွေဟာ ဘယ်ပစ္စည်းဖြစ်ဖြစ် ဟောင်းနွမ်းပျက်စီးတတ်တာ သဘာဝပဲ၊ ဇရာဆိုတာက သစ်ဆွေးကို ခြကိုက်သလို ဗီဇနာနဲ့အမှု မသိမသာကိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ မဟုတ်လား၊ ဖျက်ဆီးနေတာပဲ မဟုတ်လား၊ ဒီလိုပဲ ငါ့ကိုယ်ကာယဟာ အသားအရေ မတောင့်တင်းတော့ဘူးပေါ့၊ အသံ တောင်မှ တီတီတာတာအသံမျိုး မရှိတော့ဘူး၊ အစကတည်းက သူ့အစ်မ သူ့အဒေါ်လောက်ရှိတဲ့အရွယ်က အခုအချိန်ကျတော့ သူ့အမေ သူ့အဖွားလောက် ရင့်ရော် အိုမင်းလာခဲ့ရပြီပေါ့၊ ဒီတော့ ပျိုမျစ်လန်းဆန်းခြင်းကိုသာ အစဉ်တောင့်တတဲ့ယောကျ်ားပျိုကလေးများအဖို့ အသုံးဝင်စရာ မဟုတ်တော့ဘူးလေ၊ အင်း– ဒါကြောင့် သူ့အမြဲပဲ"

ကျွန်မစကားကို အစမသတ်ဘဲ ရပ်ထားလိုက်သည်။

"သူ အမြဲပဲ ဘာဖြစ်နေတာလဲအဒေါ်၊ ဆက်ပြောစမ်းပါ"

သူက အဆောတလျင် စိတ်ဝင်စားလာသည်ကို ကျွန်မက အေးဆေးတည်ငြိမ်စွာ ပြန်ဖြေပြလိုက်ပါသည်။

"သူ့အမြဲပဲ သက်တူရွယ်မျှ ပျိုမြစ်တဲ့ အချစ်သစ်ကို ရှာနေပြီပေါ့"

ကလေးမသည် ကျွန်မ၏မျက်နှာကို ရက်ကိုးရက်ကန်းတစ်ချက်သာကြည့်၍ မျက်လွှာချပစ်လိုက်သည်၊ ထို့နောက် ဘာစကားမျှ ဆက်မပြောတော့ဘဲ အတန်ကြာအောင် လက်သည်းကလေးနှင့် နေရာထိုင်ခင်းကို ကုတ်ခြစ်နေသည်၊ ထို့ကြောင့် သူ့ကို ကြင်နာစွာကျွန်မက ဆက်ပြောလိုက်သည်။

"ရှာလို့တွေ့ရင်လည်း ငါက သဘောတူပါတယ်ကွယ်"

"ဟင်– အဒေါ်သဘောတူမယ် ဟုတ်လား"

"တူရမှာပေါ့၊ သူပျော်နေတာ မြင်နေရရင် ငါလည်းပျော်နေရမှာကိုး၊ ငါက 'နွားစာခွက်ထဲကခွေးလို' အလကားသဝန်တိုနေစရာမှ မဟုတ်ဘဲ၊ အေး ငါကြောင့်ကြတာ တစ်ခုပဲရှိတယ်၊ ငါ့ကို မယားလို ကာမဂုဏ်နဲ့ မပေါင်းမှာကြောင့်မဟုတ်ဘူး၊ သူ့အပါးက ငါထွက်သွားရမှာပဲ စိုးရိမ်မိတာဖြစ်တယ်"



ကလေးမသည် ချစ်စဖွယ်ကောင်းအောင် ကျွန်မကိုကျော်၍ ရာဇဂြိုဟ်၏ နောက်ခံတောင်ကြီးများ၏ ထိပ်ဖျားကို မျှော်ကြည့်နေရာသည်၊ ကျွန်မက သူ့အကဲကို တထိတ်ထိတ်နှင့် ကြည့်နေရသည်။

"ကျွန်မ အဒေါ့်ကို ဖွင့်ပြောတော့မယ်၊ အဒေါ်စိတ်မဆိုးဘူးဆိုရင်ပေါ့လေ"

သူ့အသံလေးက မဝံ့မရဲပေါ်လာသည်၊ သူ့မျက်လုံးအစုံမှာ နှင်းရည်ကလေးများ ဝေ့လည်နေသည်၊ ကျွန်မမျက်နှာကိုကား သူ မကြည့်၊ ထို့နောက် ဆက်၍မပြောဘဲ တန့်နေလေသည်။

"အဒေါ်စိတ်မဆိုးပါဘူးကွယ်၊ သူက မင်းကို ချစ်ရေးဆိုတာကော၊ မင်းက သူ့ကိုပြန်ချစ်နေတာကော မင်းရှက်လို့ ဖွင့်မပြောချင်ရင်တောင် မပြောဘဲနေနိုင်ပါတယ်၊ ငါက မင်းတို့နှစ်ယောက်ထက် အသက်ထက်ဝက်လောက်ကြီးတာ မဟုတ်လား၊ ဒီတော့ လောကရဲ့ အတွေ့အကြုံဟာ မင်းတို့ထက် နှစ်ပြန်နှစ်ဆလောက် ရင့်ကျက်နေတယ်ဆိုတာ ပြောစရာလိုမယ် မထင်ပါဘူး၊ အေး– တစ်ခုတော့မင်းဆီက တောင်းခံချင်တာရှိပါရဲ့"

"ဘာများ တောင်းခံမလဲအဒေါ်၊ ငွေလား၊ ပစ္စည်းလား၊ဘာမဆို ကျွန်မပေးပါ့မယ်"

"ငွေလည်း မဟုတ်ဘူး၊ ပစ္စည်းလည်းမဟုတ်ဘူး၊ ငါ့မျက်မှောက်ကတော့ သူ့ကိုဆွဲထုတ်မသွားပါနဲ့လို့"

ကျွန်မ၏စကားမှာ အဆုံးသတ်တွင် အသံမပီအောင် ဆို့နစ်သွားရပါသည်၊ မျက်ရည်များသည် ဟိမဝန္တာက ဆီးနှင်းများ ပျော်သလို၊

ကလေးမလေးက ကျွန်မ၏ခြေဖမိုးနှစ်ဘက်ကို သူ့လက်နှင့်ထိပြီး ခေါင်းစိုက်ချလိုက်ပါသည်၊ သူ့မျက်ရည်များက ကျွန်မခြေဖျားဝယ် ပူနွေးနွေးကလေး အတွေ့ကို ပေးလိုက်သည်၊ ကျွန်မက ကြင်နာခြင်းအပြည့်အဝနှင့် သူ့ပခုံးလေးနှစ်ဘက်ကို ထူမပေးလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်နှာကလေးမှာ မျက်ရည်အရွဲသားဖြင့် အားကိုးခြင်း၊ ကြည်ညိုခြင်း၊ ချစ်ခင်တွယ်တာခြင်း၊ ကရုဏာရှိခြင်းတို့ကို မထိမ်မဝှက် တင်ပြနေရှာသည်။

"ကျွန်မနဲ့သူ အမေ့မျက်စိအောက်က ဘယ်မှ မရောက်စေရပါဘူး၊ ကျွန်မ ကတိပေးပါတယ်"

"ထ–ထ ချစ်သမီး၊ မင်းလိုချင်တာ ရပါစေမယ်"

အင်း–လိုချင်ကြတာတော့ ရကြပြန်ပကော။

* * *

လောကသုံးပါးတွင် သမ္မာသမ္ဗုဒ္ဓဟူသောဘွဲ့ကို လက်ခံပြီးသော ဗုဒ္ဓသည် မိဂဒါဝုန်တောဝ်၌ ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစက္ကပဝတ္တန သုတ္တန်ကို ဟောတော်မူသည်ဟု ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်လုံး ဝသုန်မြေသည်ဟည်းကာ သတင်းစကား အဆင့်ဆင့် ကြားခဲ့ကြသည်။

ထိုတရားဝယ် 'လိုချင်တာမရခြင်းသည်လည်း ဆင်းရဲ၏'ဟု ဒုက္ခသစ္စာကို ဖော်ထုတ်ပြတော်မူသည်ဟု ကြားဖူးခဲ့ရသည်၊ ယခု ကျွန်မတို့သုံးယောက်စလုံး လိုချင်တာကို တူညီစွာရရှိနေကြပြီဖြစ်၍ ကျွန်မတို့ စိတ်ချမ်းသာ ပျော်ရွှင်နေကြသည်။

သည်ကြားထဲက ကျွန်မ၏အတွေးအခေါ်သည် ဦးတည်ချက်မရှိသော ပြဿနာဆီသို့ ရောက်၍သွားမိသည်၊ ငါလိုချင်တာသည် ဤမျှသာဖြစ်သလား၊ ငါပျော်ရွှင်ချမ်းသာနေခြင်းသည်လည်း ဤအတိုင်းအဆထဲတွင်ပင် နစ်မြုပ်၍ အဆုံးသတ်ဖြစ်နေပြီလား။

ဗုဒ္ဓဟောသော လိုချင်တာသည် ဘာကိုဆိုလိုသနည်း။

ဆင်းရဲခြင်းဆိုသည်ကော ဘယ်ဆင်းရဲခြင်းမျိုးနည်း။

"အမေ့မျက်နှာဟာ တစ်စုံတစ်ခုထဲကို နစ်နစ်နက်နက် ရှူးစိုက်ထားတဲ့စိတ်ကို ဖော်ပြနေပါကလား၊ အမေ ဘာစဉ်းစားနေသလဲ၊ ကျွန်မမှာအပြစ်ရှိသလား၊ ကျွန်မတို့ယောကျ်ားမှာ အပြစ်ရှိသလား"



ကလေးမ၏မေးခွန်းကြောင့် ကျွန်မသတိပြန်ဝင်လာသည်၊ ကျွန်မတို့ယောကျ်ားဟု သုံးလိုက်ခြင်းကြောင့်လည်း ကျွန်မ ထိတ်ခနဲ လန့်သွားရသည်၊ ရှက်စနိုးဖြစ်ရသည်၊ သို့သော် သူ့မျက်နှာသည် ကျွန်မအား ရိုသေကျိုးနွံခြင်းကို ထင်ရှားနေစေသည်၊ သူက ကျွန်မကို 'မိခင်၊အမေ' ဟုခေါ်သည်၊ ကျွန်မကလည်း 'သမီး၊ ကလေးမ'ဟု ခေါ်ခဲ့သည်၊ ဤမျှ ကျွန်မတို့ ချစ်ကြင်နာနေကြသည်။

"ငါ့သမီးမှာကော သူ့မှာပါ အပြစ်မရှိပါဘူးကွယ်၊ ငါ 'ဆင်းရဲခြင်း' ဆိုတာကို စဉ်းစားနေမိတယ်၊ တို့ အခု မဆင်းရဲဘူးမဟုတ်လားဟင်၊ စားသောက်တဲ့ အာဟာရဖြစ်စ်ဖြစ်၊ ဘဏ္ဍာမှာဖြစ်ဖြစ်၊ အနာရောဂါမှာပဲ ဖြစ်ဖြစ်၊ လိုချင်တာကိုရတဲ့ ဆန္ဒမှာပဲဖြစ်ဖြစ်၊ တို့ ဆင်းရဲရတယ် မရှိသေးဘူး မဟုတ်လား"

"ဟုတ်ပါတယ် မိခင်၊ ကျွန်မတို့ အားလုံးပြည့်စုံနေတယ်၊ ဒါကြောင့်လည်း ပျော်ရွှင်ကျေနပ်ရောင့်ရဲတာကို 'ချမ်းသာခြင်း' လို့ ခေါ်တယ်မဟုတ်လား"

"အေး–ခေါ်ကြတယ်ထင်တာပဲ"

"ကဲပါ အမေရယ်၊ ဒါတွေ တွေးနေတာဟာ ပျော်ရွှင်ခြင်းကို ဖျက်ဆီးတတ်ပါတယ်၊ အမေ ကျွန်မကို ခေါင်းဖြီးပေးမယ်ဆို၊ လှသထက် လှအောင် ကျွန်မဆံယဉ်ကလေးကို ပြုပြင်ပေးမယ်ဆို"

သူက ဘီးကိုလှမ်းပေး၍ ကျွန်မကယူလိုက်သည်၊ သူ့ကို ကျွန်မ၏ရှေ့ဝယ် ကျောပေး၍ ထိုင်စေကာ သူ့ခေါင်းက ဆံကေသာကို ဘီးနှင့်ဖြီးလိုက်သည်၊ ညီညာဖြောင့်စင်းသွားသောကာလ ငယ်ထိပ်အလယ်တည့်တည့်မှ နှစ်ဘက်စ ခွဲချလိုက်သည်။

"ဟဲ့ မင့်ငယ်ထိပ်မှာ အမာရွတ်ကြီးပါလား"

ပထမက အမှတ်မထင်ပြောလိုက်မိခြင်းသာ ဖြစ်သော်လည်း ကျွန်မရင်တွင် တဒိတ်ဒိတ်ခုန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမာရွတ်ကြီးပေါ့အမေရဲ့၊ ကျွန်မမိခင်ရဲ့ ရက်စက်မှုသက်သေလေ"

"ဘာ– ဘယ်လို. . . ဘာပြောတယ်၊ ဆက်စမ်းပါအုံး"

"ကျွန်မအမေနဲ့ ကျွန်မအဖေရန်ဖြစ်ကြသတဲ့၊ ကျွန်မအဖေက ရိုက်နှက်တော့ ကြားထဲက ကျွန်မမှာ သည်ဒဏ်ရာရတာပဲ၊ ကျွန်မအမေဟာ ဘယ်လောက်များရက်စက်သလဲဆိုရင် အဖေ့ကို စိတ်နာတာနဲ့ ကျွန်မကို ထားပစ်ခဲ့ပြီး ထွက်ပြေးတော့တာပဲတဲ့၊ မသကာ ကျွန်မကိုပါ ရင်အုပ်မကွာ ခေါ်ပြီးသွားဖို့ မကောင်းဘူးလားဟင်"

"မင်းကိုခေါ်ပြီးသွားရအောင် မင်းအဖေ လူဆိုးစားပြ သူသတ်သမားကြီးရဲ့ရန်ကို ကြောက်လွန်းလို့ ထားပစ်ခဲ့ရတာပါ သမီးရယ်၊ ငါ့သမီး အရင်းကလေးရယ်"

ကျွန်မက သူ့ကိုဖက်၍ ငိုလိုက်သည့်အချိန်ဝယ် သူ့မှာအံ့အားအသင့်ကြီး သင့်သွားပါတော့သည်။

"အမေ ဘာကိုဆိုလိုတာလဲဟင်"

"မင်းဟာ ငါ့သမီးအရင်းပေါ့"

ကျွန်မက အတိတ်ကို ပြန်ပြောလိုက်ပါသည်။

"ဟော့... ကျွန်မတို့.... ကျွန်မတို့ အကျိုးနည်းကြပါပကော၊ ကျွန်မတို့သားအမိ လင်တူမယားဖြစ်ရတာ ရှက်စရာ ကြောက်စရာကောင်းလှပါကလား အမေ၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

ကျွန်မတို့နှစ်ယောက်မှာ ရှက်ကြောက်ခြင်းပြင်းစွာ ငိုနေကြဆဲ ကျွန်မတို့ရဲ့ လင်ယောကျ်ားပြန်လာသည်နှင့် ပက်ပင်းတိုးနေပါပြီ။

"ဘယ်လိုလဲ၊ ခင်ဗျားတို့နှစ်ယောက် သင့်သင့်မြတ်မြတ်နေကြပါမယ်ဆို၊ အခုဘာဖြစ်လို့ စကားများ ရန်များပြီး ငိုနေကြရတာလဲ"

ကျွန်မ၏ပါးစပ်မှ မထွက်ဝံ့သော အဖြစ်သနစ်ကို ကျွန်မသမီး



က မျက်ရည်နှော၍ ပြောပြလိုက်ပါသည်၊ ထိုအခါ ခင်ပွန်းသည်က သဘောကျသလို ခွက်ထိုးခွက်လန် ရယ်နေပါသေးသည်။

"အေးပေါ့ဗျာ၊ ဘဝက ရေစက်ဆိုတာ ဒီလိုပဲလို့သာ သဘောထားကြပေတော့၊ ကျွန်တော်ဝမ်းသာပါတယ်၊ တစ်လင်ထဲ မယားဆိုတာ သွေးရင်းသားရင်းဖြစ်ကြရင် သူစိမ်းတွေထက် တစ်ယောက်ကိုတစ်ယောက် ပိုပြီး သည်းခံနိုင်ကြတာပေါ့၊ အဲ– အတိတ်ကအကြောင်းဆိုတာ·မကောင်းတာတွေလည်း ရှိတတ်တာပါပဲ၊ ဒါကတော့ လူတိုင်းမှာ ဝမ်းနည်းစရာ ကြေကွဲစရာ ဒဏ်ရာဖြစ်ရပ်ကလေးမျိုးကို အချိန်နဲ့ကုစားပြီး အမာရွတ်ပျောက်အောင် ဖျောက်ကြရတာပေါ့၊ ခင်ဗျားတို့ပြောသလိုသာ ပြောရမယ်ဆိုရင် လှည်းကုန်သည်ဖခင်ဟာ ကျွန်တော့်အဖေရင်းလည်း မဟုတ်ဘူး၊ ကျွန်တော့်အမေဆိုတာ မြင်ဖူးဖို့ထား ဘယ်သူလဲဆိုတာ ကြားတောင် မကြားခဲ့ရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို မွေးပြီးပြီးချင်း ရာဇဂြိုဟ်နဲ့သာဝတ္ထိခရီး အကြားက ဇရပ်ပေါ် လာပစ်ထားတာကိုး"

"ဘာ. . .ဘာ. . . မင်းဘယ့်နှယ့်"

"အေးလေ– ကျွန်တော်ပြောပကော၊ ဖအေမပေါ်တဲ့ကလေးမို့ ကျွန်တော့်မွေးမိခင်ဟာ သူ့အရှက်နဲ့သူ့သိက္ခာကို ကျွန်တော့်အသက်နဲ့ ရက်စက်စွာ လဲယူတာပေါ့၊ အဲဒါ ကျွန်တော့်ကိုမွေးစားတဲ့ ကုန်သည်အဖေက ခရီးသွားရင်းတွေ့လို့ ကောက်ယူကျွေးမွေး"

ကျွန်မ ရပ်တည်နေသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် ပတ်ချာလည်သွားသည်သာ ကျွန်မမြင်လိုက်ရပါသည်၊ သတိရလျှင်ရချင်း ကျွန်မနှုတ်က ပေါ်ထွက်နေသော အသံကား–

"ငါ့သား –ငါ့သမီး–ငါ့သား–ငါ့သမီး" ဟူသော စကားများသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့အား မချိတင်ကဲဝမ်းနည်းပက်လက်ခတ်ကြောင်းကို ရှင်းပြလိုက်ရသည်။ လူတစ်ယောက်၏ ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ ယုကျုံးမရခြင်း၊ ရှက်ကြောက်ခြင်း၊ နောင်တကြီးစွာဖြစ်ခြင်းတို့ကို ကျွန်မသား၏ မျက်နှာပေါ်တွင်သာ အပြည့်အစုံ ရောပြွမ်း၍ မြင်ရဖူးပါသည်။

သူသည် ရုတ်ခြည်း ခါးကြားကဓားမြှောင်ကိုဆွဲထုတ်လိုက်ပြီး ရင်ကိုကော့၍ တစ်အားစိုက်ချလိုက်သည်၊ ရင်ဝကို ဓားဦးမထိမီ ကလေးတွင် ကျွန်မ၏သမီးက ဆွဲထားလိုက်သည်။

“အစ်ကို ကျွန်မကို အရင်သတ်ပေးပါ၊ ကျွန်မကိုယ်ကျွန်မ မသတ်ဝံ့လို့ အစ်ကို့ကို တောင်းပန်ရတာပါ အစ်ကို၊ ကျွန်မသေမှလည်း အစ်ကို့ကိုယ်ကို အစ်ကို လက်စသတ်နိုင်တာပဲ မဟုတ်လား”

ကျွန်မသားက တွေ၍စဉ်းစားလိုက်သည့်ခဏအတွင်း ကျွန်မက ဝင်ပြောလိုက်ရပါသည်။

“အေး–ငါ့ကိုယ်လည်း ငါ သတ်သေဖို့ ကောင်းတာပါပဲ၊သားနဲ့ သမီးရယ်၊ ဒါပေမဲ့”

စကားမဆုံးမီ ကျွန်မ၏ခေါင်းထဲသို့ အလင်းရောင်တစ်ခုက ဖြတ်ခနဲ ထိုးဝင်လာပါသည်။

**မသိ၍ လိုချင်သည်၊ လိုချင်၍ စွဲလမ်းသည်၊ စွဲလမ်းတော့ ပြုလုပ်သည်၊ ပြုလုပ်တော့ ရသည်၊ ရသည့်အရာကား ချမ်းသာခြင်း မဟုတ်၊ ပကတိဆင်းရဲခြင်း၊ ဆင်းရဲခြင်း။**

ကျွန်မအဖို့ မသိ၍သာ ကိုယ့်သားအရင်းနှင့် ညားခဲ့သည်၊ သူကလည်း မသိ၍သာ အတင်းပူဆာ၍ ပေါင်းခဲ့သည်၊ ကျွန်မတို့နှစ်ယောက် မသိ၍သာ သမီးဖြစ်သူနှင့် တစ်ဖန် လင်တူမယားနေကြရသည်၊ သမီးကလည်း မသိ၍သာ ပျော်ရွှင်စွာ ပေါင်းခဲ့ကြသည်။

ထိုပျော်ရွှင်ခြင်းကို ကျွန်မတို့အားလုံးက ချမ်းသာခြင်းဟု



အမည်မှည့်သည်၊ ဗုဒ္ဓဆိုလိုတော်မူသော မရနိုင်သည့် လိုချင်ခြင်းကား 'မလိုချင်ခြင်းတည်း'၊ ငါရိပ်မိပါပြီ။

ကျွန်မသည် တစ်ခဏချင်း ပူဆွေးမှု၊ ရင်ထုမနာဖြစ်မှု၊ ရှက်ကြောက်မှုတွေကို သန့်သန့်ရှင်းရှင်း ပယ်ချလိုက်နိုင်သည်၊ ကျွန်မ၏ မျက်နှာသည် ရဲဝံ့လာသည်၊ အသံက တိကျပြတ်သားလာသည်။

“ယော့– သားနဲ့သမီးတို့၊ အခု တို့အဖြစ်ကို ရှက်လို့ ကြောက်လို့ သတ်သေလိုက်ကြပါပြီတဲ့၊ အဲဒါ တစ်ဘဝပဲ တုံးမယ်၊ အစတော့ဆုံးမှာမဟုတ်သေးဘူးဆိုတာ ပြောပါရစေ၊ မသိလို့ ပြုလုပ်တဲ့အခါတိုင်း အခါတိုင်း နေရောင်မှာလမ်းလျှောက်ပြီး ကိုယ့်အရိပ်က ကိုယ်လွတ်အောင် မရှောင်နိုင်သလိုပဲရှိမယ်၊ မလိုချင်တဲ့ သဘောတရားက ဘာမှ မဖြစ်အောင်ဟန့်တားတဲ့ဆေးကင်းရာပဲ၊ လာကြလော့၊သွားကြကုန်အံ့”


ဤသို့နှင့် ကျွန်မနှင့်တကွ ကျွန်မသမီးမှာ ဥပ္ပလဝဏ်ထေရီ ရဟန္တာမကြီးထံ ရောက်လာရပါသည်၊ မကြာခင်ပင် အာသဝေါကုန်ခန်းသော ရဟန္တာမများ ဖြစ်ရသည်မှာ အမိုက်တိုက်အတွင်းမှ ထိုးထွင်း၍ အလင်းရောင်ပေးသော ဗုဒ္ဓသခင် ကျေးဇူးရှင်၏ ကရုဏာ၊ မဟာကရုဏာဟု ဆိုရပါမည်။

ကျွန်မ၏သားမှာလည်း ဂင်္ဂါမြစ်အနားဌ် အလွန်ခြိုးခြံခေါင်းပါးလှစွာသော သလ္လေခအကျင့်မြတ်ကို ဆောက်တည်၍ သုသာန်သချိုင်း စသည်တို့မှ အဝတ်စုတ်တို့ကို ပံ့သုကူကောက်ယူ ရုတင်ကျင့်ဆောင်လျက် ထန်းရွက်သုံးခုမျှသာမိုးသော ကုဋီကျောင်းဝယ် အဓိဋ္ဌာန်ပြုကျင့်ခြင်းဖြင့် မလိုချင်သောပန်းတိုင်အရောက် သစ္စာလေးပါးတို့ မျက်မှောက်ပြုနိုင်ပြီဖြစ်သောကြောင့် ဂင်္ဂါတီရိယ မထေရ်ဟုပင်အမည်ရှားကျော်စောရလေပြီ။

ဩော်– တကယ်ဆိုတော့ မသိ၍ လိုချင်ခြင်းများပါတကား။

(ဥပ္ပလဝဏ်ထေရီအပဒါန်)

www.burmeseclassic.com




www.burmeseclassic.com

ဌာနကား သာဝတ္ထိ၊ ကာလကား မိုးသောက်အရုဏ်၊ ရာသီကား ဟေမန္တ။

မြစ်ရေသည် ခဲတော့မတတ် ထင်ရသည်၊ အအေးလွန်သဖြင့် စေးထန်းထန်း ပျစ်ချွဲချွဲရှိသယောင် ဖြစ်နေသည်။

ဆီးနှင်း ရေခဲတို့ကို သရဖူဆောင်း၍ သီတ၏ ဘုရင်တစ်ဆူ မင်းမူနေသော တောင်မင်းဟိမဝန္တာက သူ၏တန်ခိုးရှိန်စော်များကို မြောက်ပြန်လေနှင့်အတူ အရပ်ရှစ်မျက်နှာသို့ အာဏာစက် ပျံ့နှံ့စေသည်။

သစ်ပင်ကြီးငယ်တို့သည် ထိပ်ဖျားမှန်သမျှ ဆီးနှင်းခဲများကို ခေါင်းစွပ်တန်ဆာပြု၍ ဆင်ထားကြသည်၊ တဟူးဟူးတိုက်ခတ်နေသော ရေခဲလေကြောင့် ယိမ်းယိုင်နေသော သစ်ပင်တို့မှာ နတ်ဝင်သည် ကသကဲ့သို့ ထင်ရသည်။ သို့သော် ထိုအပင်များပေါ်ရှိ ကျေးငှက်များကား လှုပ်လှုပ်ရှားရှား မပြုကြ၊ ကျီကျီကျာကျာမှုမရှိ၊ ပြင်းပြသော ရာသီဥတုဒဏ်ကို ခေါင်းငုံ့၍ ခပ်ကုပ်ကုပ်ခံနေကြသည်။

ထိုအချိန်ထိုကာလမျိုးတွင် အဘယ်လူသား တစ်ဦးတစ်ယောက်မျှ အပြင်သို့ထွက်လာစရာမရှိဟု ထင်ရသော်လည်း မိန်းကလေးတစ်ယောက်သည် တောင်းကြီးတစ်တောင်းကို ခေါင်းပေါ်ရွက်၍ နှင်းမှုန်တိုင်းကြားဝယ် မြစ်ကမ်းပါးဆီသို့ ခပ်သုတ်သုတ် လှမ်းလာနေသည်၊ သူ၏ပါးလွှာသော အပေါ်ရုံအဝတ်ပိုင်းကလေးမှာ လေကစား၍ တလွှားလွှားဖြစ်နေသည့် တံခွန်တိုင်က ကုက္ကားလိုဖြစ်နေသည်၊ ခေါင်းပေါ်က တောင်းနှုတ်ခမ်းကို တစ်ဖက်ကထိန်းရင်း လက်တစ်ဖက်က ကိုယ်လုံးကလေးမှခွာ၍ ပြေတော့မတတ်ရှိသော ထိုအဝတ်ကို ပြန်၍ပြန်၍ ပတ်နေရသည်က ကိစ္စတစ်ခု ဖြစ်နေလေသည်။

ခေါင်းပေါ်ကတောင်းကား ခြေလှမ်းတိုင်း တချောင်ချောင် တဂျင်ဂျင် အသံမြည်နေသည်၊ အဘယ်ကြောင့်ဆိုသော် တောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ကြေးအိုးကြေးခွက်၊ ဖွန်း၊ ပန်းကန်၊ ယောက်မတို့အပြည့်နှင်နှင် ပါလာသောကြောင့် ဖြစ်၏၊ ထိုပစ္စည်းများက ကလေးမ၏ ခြေလှမ်းအလိုက် စည်းနှင့်ဝါး အချက်ကျကျမြည်ပုံမှာ ဂီတသံတစ်မျိုးလိုလို ကြားနိုင်ပြန်၏။

မိန်းကလေးသည် ရေစပ်နားရောက်သောအခါ ခေါင်းပေါ်မှ တောင်းကို မနိုင်မနင်း ချလိုက်သည်၊ သူ့ကိုယ်တွင်ရှိသောအဝတ်ပိုင်းကလေးကို တင်းတင်းကျပ်ကျပ်ဖြစ်အောင် ကိုယ်ကလေးကို ရစ်ပတ်ပြီး အစသတ်ကို ခါး၌ ညှပ်လိုက်သည်၊ ချမ်းတသိမ့်သိမ့် တုန်နေသော ဝေဒနာက ပေါ့လိုပေါ့ငြား ဆောင့်ကြောင့်ထိုင်၍ ဒူးနှစ်ဘက်ကို လက်ယှက်၍ သိုင်းထားမိသည်၊ ကုပ်ကလေး တို့ဝင်သွားအောင် ခေါင်းကလေးကလည်း ငုံ့ထားလိုက်သည်။

ယခုအခါမျိုးကား အိမ်အပြင်ထွက်၍ ရေနှင့်စပ်သော အလုပ်တာဝန်မျိုးကို လုပ်ဖို့မဟုတ်၊ လုပ်ဖို့မသင့်၊ ရေနှင့် အရောဝင်စရာ မကောင်းလှ၊ အိပ်ရာထဲတွင် ကွေးသော်လည်း ကွေးစေ၊ မီးပုံအားတွင် နွေးသော်လည်း နွေးစေ၊ သို့မှသာ သဘာဝကျမည့် အခါတည်း၊ အငွေ့တထောင်းထောင်းထနေသော ယာဂုများကို တရှုပ်ရှုပ်နှင့် မှုတ်သောက်နေရသော စည်းစိမ်သည် စတုမဟာရာဇ်, တာဝတိံသာက နတ်အရသာများလားဟု ထင်နိုင်လောက်စရာရှိသည်၊ မိန်းကလေးသည် ဤသို့ တွေးမိ၏၊ ဤသို့ တောင့်တမိ၏၊ သို့သော် အနှိကလေးမဘာဝက တောင့်တတိုင်းဖြစ်အောင် အကျိုးမပေးခဲ့၊ တွေးကြည့်တာပင် လွန်လှပြီ၊ သူနှင့်မတန်မရာ တွေးခြင်း၊ စိတ်ကူးခြင်း၊တောင့်တခြင်းဟုဆိုနိုင်သည်။

သူ့အမည်ကား ပုဏ္ဏိကာဖြစ်၏၊ ပုဏ္ဏိကာဟု ခေါ်ကြ၏၊ ပုဏ္ဏိကာဟူသည်ကား ပြည့်စုံခြင်းဟု အဓိပ္ပာယ်ရှိ၏၊ အဘယ်အရာအဘယ်အရည်အချင်းနှင့် ပြည့်စုံပါသနည်း။ ဂုဏ်ပကာသနလော၊ ရူပကာယလော၊ စည်းစိမ်ဘောဂလော။ ဤအရာများနှင့် ကလေးမ



ကား လားလားမျှမဆိုင်။ စင်စစ်မှာကား ဆင်းရဲခြင်း၊ ယုတ်နိမ့်ခြင်းတို့၏ အနက်အရှိုင်း၌သာ ပြည့်စုံလာရခြင်း ဖြစ်သည်၊ တစ်နည်းဆိုရသော် ပြည့်စုံခြင်းဆိုသည်မှာ သူ့အတွက် ပြည့်စုံခြင်းမဟုတ်၊ သူများအဖို့ သူကပြည့်စုံပေးရခြင်းဖြစ်ဘိ၏။

ကြည့်ပါလော့၊ အနာထပိဏ်သူဌေးကြီးအိမ်၌ အစေခံ ကျွန်အမှုလုပ်များ ရာနှင့်ချီ၍ ရှိ၏။ မိန်းမ၊ ယောကျ်ား၊ လူကြီး၊ လူရွယ်၊ အသွယ်သွယ် အစားစား များပြားလှသည်၊ ထိုကျွန်မိန်းမနှင့် ကျွန်ယောကျ်ားတို့က ပေါက်ဖွားလာကြသော သပေါက်တို့၏ အရေအတွက်ပင် ကိုးဆယ့်ကိုးယောက် ရှိခဲ့သည်။

'တစ်ရာပြည့်ဖို့ တစ်ယောက်လိုတော့သဟော့' ဟု အရေအတွက်သမားများက ဆိုကြ၏၊ တောင့်တကြ၏၊ ထိုအချိန်မှာမှ အိုးခွက်ဆိုင်ရာ ကုမ္ဘဒါသီ အမည်ရှိသော ကျွန်မက သမီးကလေးတစ်ယောက် မွေးပေါက်ပေးလိုက်၏။

"ဟာ၊ ပြည့်ပြီဟော့၊ ပြည့်ပြီဟ၊ အခုမှ ရာပြည့်ဖြစ်တော့တယ်"

ဤသို့အားဖြင့် ထိုကလေးမကို ပုဏ္ဏိကာဟု အားလုံးက ခေါ်ကြ၏၊ ပုဏ္ဏိကာသည် ကျွန်ကမွေးသော သူဌေး၏ သပေါက်မကလေးမျှသာတည်း။

သူ့အလုပ် သူ့တာဝန်က တစ်အိမ်လုံးရှိ စားအိုးစားခွက်ပန်းကန်ဟူသမျှ နံနက်တိုင်း ဤမြစ်သို့လာ၍ ဆေးကြောသုတ်သင်သန့်စင်ပေးရသည်၊ ဒါသည် သူ့ဝတ္တရား။

နေပူသည်ဖြစ်စေ၊ ချမ်းအေးသည်ဖြစ်စေ၊ မိုးချုပ်သည်ဖြစ်စေ၊ မိုးလင်းခါစ ရှိသည်ဖြစ်စေ၊ အဖျားနှိပ်စက်၍ အိပ်ရာထဲတွင် ဗုန်းဗုန်းလဲမနေသမျှကာလပတ်လုံး ဟကုန်းကုန်းနှင့် စက်ရုပ်လိုလုပ်ပေးနေရမည်မှာ နိစ္စဓူဝကိစ္စ။ ကျွန်အမှုလုပ် ခေါင်းဆောင်ကြီး၏ ကြိမ်းမောင်းမာန်မဲ ဆိုဆဲရိုက်နှက်နှိပ်စက်ခြင်းတို့၏အောက်ဝယ် သူ့မိခင် သူ့ဖခင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ကြီးတွေသော်မှ ခေါင်းမဖော်ဝံ့ဘဲ ဒူးနှင့်မျက်ရည် သုတ်နေရတတ်သည့် အခြေအနေတွင် ကျွန်က ပေါက်သော သပေါက်မလေး၌ အဘယ်မျှလောက် ငြိမ်ဝပ်ပိပြား ဝတ္တရားကျေပွန်ရမည်ကို သူ့ဘဝ အသိပေး ဉာဏ်ကလေးဖြင့် သိနေရသည်။

အနာထပိဏ်သူဌေးကြီးကိုယ်တိုင်က ဗုဒ္ဓ၏ အဆုံးအမကိုခံယူကာ ကျောင်းဒကာကြီးနှင့်နှင့် ဖြစ်သဖြင့် ဉပါသကာ သူတော်ကောင်းကြီးဟု သိနိုင်စေကာမူ သူ့လက်အောက်အဆင့်ဆင့် ကျေးပိုင်းကျွန်ပိုင်း အစေခံပိုင်းတို့၌ နိုင်ရာစား မျက်နှာလိုအားရသမားများ ခြေချင်းလိမ် နေကြသည်မှာ သဘာဝအတိုင်းပင် ဖြစ်လေသည်။

ပုဏ္ဏိကာသည် ယခုလို နံနက်မိုးလင်းစ အိုးခွက်တို့ကိုလာ၍ ဆေးရ ကြောရသည်ကိုပင် နှစ်သက်မိသေးသည်၊ တစ်ဦးတည်းမို့ လွတ်လပ်သည်၊ သီချင်းဆိုနိုင်သည်၊ ဓိမ်ဆွဲ၍ နေနိုင်သည်၊ အပျိုကလေး ပီပီ တွေးချင်းရာတွေး ငေးချင်းရာငေး ကစားချင်လျှင်လည်း ကစား၊ အာဏာရှင် ခေါင်သူကြီးတို့၏ စောင်းမာန်မျက်ငြိုးကြားက ရှောင်နိုင် တိမ်းနိုင်ပါပေသေးသည်၊ ပုဏ္ဏိကာသည် ကြေးအိုးကြေးခွက်တို့ကို သီချင်းကလေး တညည်းညည်းဖြင့် ထုတ်ယူလိုက်သည်။

"ဟောသည့် ကြေးနီခွက်များဟာ အေးစရာရှိလည်း အလွန်အေး၊ ပူစရာရှိလည်း တကယ်ပူတဲ့ သတ္တုမျိုးပဲ၊ ဒါများ အဖိုးထိုက်အဖိုးတန်လုပ်လို့ ငါသာဆို ငှက်ပျောဖက်နဲ့စားမယ်"

ပုဏ္ဏိကာက တိုးတိုးကလေး ရေရွတ်လိုက်သေးသည်၊ မြစ်ရေထဲသို့ လက်ကိုနှစ်လိုက်သောအခါ မြစ်ရေသည် သူ့လက်ကလေးကို ထုံကျဉ်သွားအောင် ဟပ်တပ်စွဲ၍ ကိုက်ခဲလိုက်သည်။

"အလား . . . လာလာ၊ ဒီကနေ့မှ ပိုအေးလာသလား"

ရေအပြင်မှ လက်ကိုနုတ်ပြီး ရုတ်တရက်လန့်ကြည့်လိုက်မိသည်၊ အခိုးအငွေ့များသည် ရေပေါ်၌ တဝေ့ဝေ့တဝဲဝဲ ပျင်းတိပျင်းရွဲ



ဝိုက်လည်နေကြသည်၊ ပုဏ္ဏိကာသည် ထိုအငွေ့များကိုကြည့်ရင်း ကြီးကြီးကျယ်ကျယ် အကြောင်းတစ်ခုကို တွေးလိုက်မိလေသည်။

'အင်း–အငွေ့ဆိုတဲ့ အငွေ့များဟာ အပူကြောင့်သာ ထွက်တတ်တာမဟုတ်ဘူး၊ အအေးလွန်တော့လည်း ထွက်တတ်တာပဲကိုး၊ ဩော်–နေအုံး၊ အငွေ့ဆိုတာ တေဇောတဲ့၊ ဟုတ်ပေသားပဲ၊ ဥဏှတေဇော သီတတေဇော၊ အပူငွေ့ အအေးငွေ့၊ ဒါပဲပေါ့၊ မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာ၊ ငါကြားဖူးတာ မှန်နေပါပကော'

ပုဏ္ဏိကာက ဤသို့မှတ်ချက်ချလိုက်သည်၊ သို့သော် တကယ်တော့ သူသည် ဗုဒ္ဓသခင်ကို ဟုတ်ဟုတ်ငြားငြား အနီးကပ်ဖူးတွေ့ရသည်မဟုတ်၊ တရားစကား ကြားနာရသည်မရှိ၊ သို့ပေမဲ့ ပြောစရာတစ်ခုတော့ ရှိသည်၊ သူတို့၏ အရှင်သခင် အနာထပိဏ်သူဌေးကြီးက ဇေတမင်းသားတို့ ပျော်ပါးရာ ဉယျာဉ်ကြီးတစ်ခုလုံးကို ငွေပြားအပြည့်ခင်းအပ်သော တန်ဖိုးဖြင့် ဝယ်လိုက်သည်၊ ထိုနေရာကို ဇေတဝန်ဟု ဗုဒ္ဓအတွက် ကျောင်းတော်ကြီးဆောက်လိုက်သည်၊ သို့ကလို ကျောင်းဆောက်၍ လှူဒါန်းသည့်အခါ ပုဏ္ဏိကာလည်း ကျွန်အမှုလုပ်တို့နှင့် ရောရှပါသွားရသည်၊ ထိုစဉ်က ဗုဒ္ဓသခင်ကို ဝေးဝေးက ဖူးမြော်ခွင့်ရခဲ့လေသည်။

ထို့နောက် အခါအားလျော်စွာ ဗုဒ္ဓသခင်သည် သူဌေးကြီးအိမ်သို့ ဆွမ်းစားကြွရသည်၊ တရားအနုမောဒနာပြုရန် ကြွလာတတ်သည်။ ထိုအခါများတွင် ပုဏ္ဏိကာမှာ မထင်မရှား နောက်ပါးကျကျ နေရာက နားစွန်နားဖျား သဘောတရားများကို ကြားရနာရသေးသည်၊ ထိုကြားရနာရသည့် အထဲက တီးမိခေါက်မိ ရှိသင့်သမျှ ရှိနေသည်ကိုတော့ အိမ်ရှိလူ ကုန်မဆိုထားနှင့် သူ့မိခင်ကျွန်မကြီးမျှမသိ၊ တရားဆိုသည်ကား ဗဟိဒ္ဓရတနာမဟုတ်၊ အဇ္ဈတ္တရတနာတည်း၊ ကာမဗလပညာသည် ပြပွဲပြိုင်ပွဲများဖြင့် ဆုံးဖြတ်၍ရသည်၊ စိတ္တဗလပညာသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပွဲ ရွတ်ပွဲ သရုပ်ပွဲများဖြင့် ကိုယ့်အရည်အချင်းကို ပြ၍ရသည်၊ အနက်နဲဆုံးသော လောကုတ္တရာပညာဟူသည်ကား တစ်ခါတစ်ရံ ပြန်ပြော၍မဖြစ်၊ ရေးပြ၍မတတ်၊ လုပ်ပြ၍မရ။ အရူး၊ အ-အ များ အိပ်မက်မက်ထားသလိုသာ ကိုယ့်ဟာကိုယ် ကြည်နူးရဖို့ပဲ ရှိသည်။

"အေးလေ၊ အေးတတ်တဲ့သဘောဟာ အေးမှာပဲ၊ ပူတတ်တဲ့ သဘောဟာလည်း ပူမှာပဲ၊ ဒါပေမဲ့ အေးတာရော ပူတာရော ဘယ်ဟာမှ ထာဝရတည်တံ့နေတာ မဟုတ်ပါဘူး"

ပုဏ္ဏိကာက ဤသို့ သတိထားလိုက်သည်၊ သတိနှင့်ကိုင်တွယ်လာသောအခါ အအေးဒဏ်ကို မတုန်မလှုပ် ခံနိုင်စွမ်းရှိလာခဲ့သည်၊ ထို့ကြောင့် သွက်သွက်လက်လက်ပင် ကြေးအိုးကြေးခွက်တို့ကို ပွတ်တိုက် ဆေးကြောနေလိုက်တော့သည်။

နှင်းမှုန်တွေကား သူ့အနီးအပါးတွင် ဝေ့ဆဲ ဝိုက်ဆဲ ပျံ့လွင့်ဆဲ။

ထိုကဲ့သို့ ဝိုးတဝါးတွင် ကမ်းနားသို့ လူတစ်ယောက် ဆင်းလာသည်ကို ပုဏ္ဏိကာ တွေ့ရသည်၊ ဆင်းလာသူမှာ တစ်ကိုယ်လုံးခိုက်ခိုက်တုန်လျက် ခြေလှမ်းများပင် ခပ်စိပ်စိပ်နှင့် ခပ်မြန်မြန် လှမ်းနေသည်၊ ပုဏ္ဏိကာက သူ့အလုပ်ကို ခဏရပ်၍ အကဲခတ်နေမိသည်။

ချမ်းချမ်းတီးတီး စောစောစီးစီး ဘာလာလုပ်တာပါလိမ့်။

ထိုသူသည် ရေစပ်သို့ မဝံ့မရဲဆင်းပြီး ခြေဖျားကို ရေထိအောင် စပ်စုကြည့်လိုက်သည်၊ ထို့နောက် လန့်၍ တစ်လှမ်းဆုတ်လိုက်ပြီး ပါးစပ်ကလည်း တစ်ခုခုကို ရေရွတ်လိုက်သည်၊ ပြီးသည့်နောက် သူ့ကိုယ်ရုံပုဆိုးကို ကိုယ်မှခွာ၍ အနားက ကျောက်တုံးကလေးပေါ် တင်လိုက်သည်။

ချက်ချင်းပင် အအေးဓာတ်က သူ၏ရင်ညွန့်ကို လေလျှဉ်လုံ့တံ နှယ် ထိုးစိုက်လိုက်သည်၊ ၎င်းဒဏ်ချက်ကို လက်နှစ်ဘက်နှင့်ရင်မှာ ယှက်သိုင်း၍ အထိတ်တလန့် ကာကွယ်လိုက်ရှာသည်၊ ရေစပ်မှ



ရေနက်ထဲသို့ တဖြည်းဖြည်း ဆင်းသွားသော သူ့တစ်ကိုယ်လုံးမှာ တုန်တုန်ယင်ယင်ဖြစ်နေသည်၊ တစ်ကိုယ်လုံးသာမဟုတ်၊ မုတ်ဆိတ်အပြည့်ရှိသော သူ့မေးဖျားပါ တဆတ်ဆတ်တုန်အောင် တလှုပ်လှုပ်ခုန်နေသောကြောင့် ဆိတ်သိုးကြီးတစ်ကောင် အစာဝါးနေသကဲ့သို့ ဖြစ်ရသည်။

ပုဏ္ဏိကာက ရယ်လိုက်မိသေးသည်၊ သို့သော် ထိုပုဂ္ဂိုလ်၏ ပုခုံးမှခါးသို့ သွယ်လျှကျဆင်းနေသော ချည်စလွယ်ကလေးကို မြင်လိုက်ရသောအခါ ဗြာဟ္မဏတစ်ဦးမှန်း သိလိုက်သည်။

"ဟာ-သောတ္ထိယ ဆရာကြီးပါလား"

သောတ္ထိယဗြာဟ္မဏမှာ သာဝတ္ထိ၌ ထင်ရှားသော ဆရာကြီးတစ်ဦးပင် ဖြစ်ပေသည်၊ အမျိုးမြင့်မြတ်ခြင်း၊ ဝေဒကျမ်းကြီးများကို တတ်ကျွမ်းခြင်း၊ အကျင့်သိက္ခာ ပြည့်ဝခြင်းတို့ကြောင့် ပညာရှိပဏ္ဍိတ်ကြီးဟု လူတကာက ဆည်းကပ် ကြည်ညိုကြသည်။

ဤသို့ လူတကာက ကြည်ညိုခံရအောင် သိက္ခာသမာဓိနှင့် ဂုဏ်နွှေကြီးလွန်းသော ဗြာဟ္မဏဆရာကြီးမှာ မြစ်ရေ၌ ကိုယ်ကိုစိမ်ကာ ခိုက်ခိုက်တုန်နေသော မေးဖျားမှ တတွတ်တွတ်ရွတ်နေသည့် အခိုက်မှာတော့ ကပွဲမှ လူပြက်တစ်ယောက် ရယ်ရွှင်စရာလုပ်နေသည်နှင့် တူနေတော့သည်။

ပုဏ္ဏိကာသည် ခစ်ခနဲရယ်လိုက်မိသည်၊ ဆရာကြီးက ရယ်သံကြား၍ လှမ်းကြည့်သည်။

"ဆရာကြီး-ဆရာကြီး သောတ္ထိယ" ဟု ပုဏ္ဏိကာက လှမ်း၍ နှုတ်ဆက်လိုက်ရသည်။

"ဟေး- ဟေး- ဘယ်သူလဲကွ ဟ-ဟ၊ ငါ့ကို ခေါ် ဟော်-ဟော် -တာ-ဟာ-ဟာ"

ပုဏ္ဏားကြီး၏ ပြန်၍မေးသံကပင် ရယ်စရာ ဖြစ်နေပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သွားချင်းရိုက်၍ တခိုက်ခိုက်တုန်နေသောနှုတ်မှ မချိမဆံ့ထွက်လာကြောင်း ထင်ရှားသည်။

"ကျွန်မပါ၊ ပုဏ္ဏိကာပါ"

"အမယ်လေး ဟေးဟေး၊ ချမ်းရတဲ့အထဲ ဟဲ-ဟဲ ဘာများတုံးဟ၊ သပေါက်မကလေးရ ဟ. . . ဟ. . .ဟီး. . . .ဟီး. . .ဟီး"

ဆရာကြီးက သူ့ဒုက္ခထဲဝင်ပြီး စပ်စုနေသောကြောင့် ဒေါသထွက်လာပုံရသည်၊ ထို့ကြောင့်သာ ပုဏ္ဏိကာကို မျှစ်ချိုးမှိုချိုး ဆဲလိုက်ခြင်းဖြစ်သည်၊ သို့သော် ပုဏ္ဏိကာကတော့ စိတ်မဆိုး၊ လူအများ၏ အပူဇော်ခံဆရာကြီးတစ်ယောက်၏ ဖြစ်ပုံကိုသာ ရယ်မောချင်နေသည်။

"သိပ်ချမ်းသလား ဆရာကြီးရဲ့" ဟု ထပ်၍ ကွန့်လိုက်မိသည်။

"ကျွန်မတောင် မချမ်းဘဲနဲ့" ဟု ဆက်၍ ကျီစယ်လိုက်သည်။

ဆရာကြီးသည် ကျွန်သပေါက် မလောက်လေး မလောက်စားမြေးအရွယ် မိန်းကလေးက ပမာမခန့် ပြက်တီးပြက်ချော် သရော်ကျီစယ်နေသောအခါ ဒေါသအခိုးများကြောင့် အချမ်းပင် ပျောက်ကုန်တော့သည်။

"ဟဲ့-ကျွန်မကမွေးတဲ့ သပေါက်မလေး၊ ငါ့များ ငယ်ပေါင်းကြီးဖော် သူငယ်ချင်း အောက်မေ့နေသလား၊ ရာရာစစ နင်တော့လားနေနှင့်အုံး၊ နင်တို့ရဲ့ ကျွန်သူကြီးကို တိုင်လိုက်မယ်၊ ကျောကော့ရအောင် ပြင်ထား"

ပုဏ္ဏိကာက ဤတစ်ခါတော့ အသံထွက်အောင် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"စိတ်မဆိုးပါနဲ့ ဆရာကြီးရယ်၊ ကျွန်မက ဆရာကြီးအချမ်းပျောက်သွားအောင် ကုပေးလိုက်တာပါ၊ အခုဆရာကြီး ဒေါသဖြစ်လာတော့ အချမ်းအအေး ပေ့ါသွားလိုက်တာ စကားပြန်ပြောတာတောင် မေးဖျားမရိုက်တော့ဘူး မဟုတ်လား၊ ဟဲ-ဟဲ- လောဘမီး ဒေါသမီး



မောဟမီးလို့ ဆရာကြီးက လူတကာကို သတိပေးနေတာ၊ ဆရာကြီးကိုယ်တိုင် ချမ်းတဲ့အခါကျတော့ ဒီမီးတွေကို အသုံးမချဘဲကိုး၊ ဟဲ-ဟဲ၊ ကျွန်မပြောတာ မဟုတ်ဘူးလား"

"အမယ် ... အမယ် ... ခွေးပါးစပ်က နတ်စကားများထွက်လို့ပါလားဟ့င်"

"ဘယ်ကထွက်ထွက် မှန်တာသာမူလမဟုတ်လား ဆရာကြီး"

"နင့်စကားနင်ကမှန်တယ်ထင်နေသလား၊ ခွေးမလေး၊ လောဘဒေါသ မောဟဆိုတာ မကောင်းမှုကံချည်းပဲ၊ အခု နင့်ပြောနေရတာတောင် ငါ အပြစ်တွေများလှပြီ"

"ကဲလေ ထားပါတော့၊ တစ်ခုတော့ ကျွန်မ မသိလို့ မေးစမ်းပါရစေ၊ ဒီလောက်ချမ်းတဲ့အေးတဲ့ အခါကြီးမှာ ဆရာကြီး ဘာဖြစ်လို့ ရေထဲလာစိမ်နေရတာလဲ၊ ကျွန်မဆိုရင် အထက်လူကြီးတွေက ရိုက်မှာပုတ်မှာစိုးလို့ ဆူမှာကြောက်လို့ မလုပ်ချင်ဘဲ လာလုပ်နေရတာ ထားပါတော့၊ ဆရာကြီးက ဘယ်သူ့များ ကြောက်ရလို့ ခိုက်ခိုက်တုန်အောင် အဆင်းရဲလာခံနေရတာလဲ"

"တယ်... ဒီကောင်မလေး၊ စကားမရှိ စကားရှာလိုက်တာ"

"တစ်ဆိတ်လောက်ပြောပြပါ ဆရာကြီး၊ ကျွန်မ တကယ်သိချင်လို့ မေးတာပါ"

"နင်အလကား သိရက်နဲ့ မေးနေတာမဟုတ်လား၊ တို့ဗြာဟ္မဏမျိုးဟာ မကောင်းမှုကံတွေ ကင်းကွာသန့်စင်ရအောင် ရေချိုးရေစိမ်ပြီးတော့ သန့်စင်စေရတယ်ဆိုတာ နင်နားမလည်ဘူးလား၊ မကောင်းတဲ့အပြစ်တွေလုပ်ခဲ့သမျှ ရေနဲ့ဆေးကြောလိုက်ရင် ကင်းကွာသွားတယ်၊ အဲဒါ ကြီးတဲ့လူဖြစ်ဖြစ် ငယ်တဲ့လူဖြစ်ဖြစ် နံနက်စောစောမှာ ရေစိမ်ရေချိုးရတယ်၊ နင်လည်း အပြစ်တွေများလှပြီ၊ ရေဆင်းချိုးလိုက်"

"အမယ်လေး၊ ကျေးဇူးတင်ပါတယ်ဆရာကြီး၊ ရှိပါစေတော့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့နေပါအုံး၊ ဆရာကြီးပြောသလို မကောင်းမှုတွေကို ရေနဲ့ဆေးလို့သာ အပြစ်ကင်းမယ်ဆိုရင် မွေးကတည်းက ရေထဲအမြဲစိမ်နေကြတဲ့ ဖားတို့ လိပ်တို့ နဂါးတို့ မိကျောင်းတို့ဆိုတာ သူတော်ကောင်းကြီးတွေဖြစ်ကုန်မှာပေါ့နော်၊ နောက်ပြီး သားသတ်သမားတွေ တံငါတို့ သူခိုး ဓားပြ လူသတ်ယောက်ျားဆိုတာတွေလည်း သူတို့လုပ်ချင်သမျှ လုပ်ခဲ့ပြီး ရေထဲ တဝုန်းဝုန်းခုန်ချ ချိုးကြ စိမ်ကြရင် နတ်ပြည်သွားရမယ့် နတ်သား နတ်သမီး အလောင်းအလျာတွေ ဖြစ်ကုန်ကြရောလား"

"ဟဲ့ . . . နင် ငါ့ကို ငွစကားပြောဝံ့သလား၊ သပေါက်မ"

ဆရာကြီးသည် ချမ်းချမ်းစီးစီးထဲမှ ရှူးရှူးရှားရှား ဖြစ်လာသည်အထိ ဒေါသမာန်ရှိသွားတော့သည်၊ သပေါက်မကလေး ပါးစပ်မျိုးက သူတို့ တစ်မျိုးလုံး လက်ခံကျင့်သုံးလာခဲ့သော အမှုကြီးကို ဝေဖန်လိမ့်မည်ဟု နည်းနည်းမှ မမျှော်လင့်ခဲ့မိ။

ပုဏ္ဏိကာ၏ အချက်ကျသောစကားသည်သူ့အရှိက်ကို ရေထဲက ငုပ်၍ထိုးလိုက်သကဲ့သို့ ရှိသည်။

"ဆရာကြီး၊ ကျွန်မကို ဒေါသဖြစ်တာကလေး ရေထဲမျှောလိုက်ပြီး ခေါင်းအေးအေးနဲ့ ခဏကလေး စဉ်းစားကြည့်ပါအုံး၊ တတွေတွေ စီးဆင်းနေသော ရေအလျဉ်ထဲမှာစိမ်လို့ မကောင်းမှုကံတွေဟာမျောပါသွားမယ်ဆိုရင် ဆရာကြီး တစ်သက်တာမှာ လုပ်ခဲ့သမျှ ကောင်းမှုကံတွေပါရောပြီး မျောပါသွားရတော့မှာပေါ့၊ တကယ်ဆိုတော့ ဘာမှ မသိတတ်တဲ့ ရေဟာ ဆရာကြီးရဲ့အပြစ်တွေကိုသာ ရွေးချယ်ပြီး ဆေးကြောသွားနိုင်တဲ့ အစွမ်းအာနိသင်ရှိတာ မဟုတ်ပါဘူး၊ ရေဟာ ရေပါပဲ၊ ဥပမာ ကျွန်မဆေးတဲ့ အိုးခွက်တွေကိုပဲ ကြည့်ပါအုံး၊ သူတို့မှာ တွယ်ကပ်နေတဲ့ စားကြွင်းသောက်ကြွင်း ချေးညှော်ဆီများ အညစ်အကြေးတွေကို ကျွန်မလက်နဲ့ ပွတ်တိုက်ဆေးကြောလိုက်တဲ့အခါမှာ ဒါတွေသာ ကွက်ပါသွားတာ မဟုတ်ဘူး၊ အင်္ဂမတန်မွှေးကြိုင်နေတဲ့



ကျွန်မလက်ဖျားက သနပ်ခါးလေးတွေလည်း ပါသွားရတာပါပဲ၊ပါမှာ ပေါ့လေ . . . ရေကိုး"

ဤအခါတွင် ဆရာပုဏ္ဏားကြီးသည် ရေထဲမှ ကမန်းကတန်း တက်လာ၍ ပုဏ္ဏိကာအပါးသို့ ချဉ်းကပ်ခဲ့ပေပြီ၊ စွတ်စိုနေသော ရေပေါက်များကို သူ့အပေါ်ရုံအဝတ်ပိုင်းနှင့် သုတ်သင်ရင်း ပုဏ္ဏိကာ၏ စကားကို စိတ်ဝင်စားလာလေ၏။

"အေး... နင်က ငယ်ပေမဲ့ အလာကြီးပဲ၊ ကဲ-ကဲ ဆက်ပြောစမ်းပါအုံး"

"ကျွန်မကို မချီးမွမ်းပါနဲ့၊ ဆရာကြီးက ကျွန်မထက်ပညာကြီးပါတယ်၊ ဆရာကြီးက ကိုယ့်အပြစ်အမျိုးမျိုး ပျောက်အောင် ရေကို အားကိုးနေလို့ ပြောတာပါ၊ ရေဟာ သဘာဝမှာရှိတဲ့ မကောင်းမှုကံ ကောင်းမှုကံကို ရွေးချယ်တတ်တယ်လို့ ဆုံးဖြတ်သလို ဖြစ်နေတာဟာ သဘာဝ မကျကြောင်းတော့ ကျွန်မ စဉ်းစားမိလို့ ပြောရတာပါ၊ ဒီမြစ်ရေကို ကြည့်စမ်းပါ၊ ဒိုက်သရော အညစ်အကြေးတို့ကိုသာ အကြေဘက်ကို တိုက်ယူသုတ်သင်သွားတာ မဟုတ်ပါဘူး၊ မြစ်ကမ်းပါးက စေတီပုထိုးတို့ကိုလည်း ဖျက်ဆီးသွားတာပဲ မဟုတ်လား"

"အေး-နင်ပြောတာ ငါသဘောပေါက်ပြီ၊ ရေကြောင့်တော့ အပြစ်တွေ ကင်းသွားနိုင်တာ မဟုတ်ဘူး၊ ကိုယ်က ချေးညှော် အညစ်အကြေး ချွေးသီးချွေးပေါက်တွေသာ သန့်စင်ချင်ရင် သန့်စင်သွားမယ်၊ ဟုတ်တယ်"

သောတ္ထိယပုဏ္ဏားကြီးသည် ပညာရှိဖြစ်သူပီပီ တစ်ထွာပြန်၍ တစ်တောင်မြင်လိုက်သည်၊ ထိုအခါ ပုဏ္ဏိကာက အားတက်သရော သူ့ထင်မြင်ချက်ကို ဆက်၍ပြောပြန်သည်။

"ကဲ- ဆရာကြီးက ကျွန်မထက် ပညာရှိပါတယ်လို့ ပြောသားပဲ၊ ဒီတော့"

www.burmeseclassic.com

www.burmeseclassic.com



"အေး–ဒီတော့ ရုပ်နဲ့စပ်ဆိုင်ဆက်သွယ်သော အညစ်အကြေးကိုသာ ရေနဲ့ဆေးလို့ စင်နိုင်မယ်၊ နာမ်နဲ့စပ်ဆိုင်တဲ့ မကောင်းကံအညစ်အကြေးတွေကို ဘာနဲ့ ဘယ်လိုနည်းနဲ့ စင်ကြယ်အောင် လုပ်ရမလဲ ပေါ့၊ ကောင်းလေစွ၊ ကောင်းလေစွ ပုဏ္ဏိကာ၊ ဒီကနေ့မနက်ကြီးစောစော ငါ့သမီးနဲ့တွေ့ရတာ လမ်းလွှဲလိုက်ပြီး မိုက်မှားနေတဲ့ အသိဉာဏ်ကို လမ်းမှန်ပြလိုက်သလိုပါပဲကွယ်၊ ကဲ–ချမ်းလှတယ်၊ ငါ့အပေါ်ရုံပုဆိုးကို မင်းအား ငါပူဇော်ပါတယ်၊ ယူ– ယူ"

ဆရာပုဏ္ဏားကြီးသည် ပုဏ္ဏိကာအား အလေးအမြတ်ပြု၍ အပေါ်ရုံအဝတ်ကို ကမ်းလင့်၏၊ ပုဏ္ဏိကာကား အားရနှစ်လိုသော အပြုံးဖြင့် သူ၏အလှူဝတ္ထုကို ပယ်လိုက်၏။

"နေပါစေဆရာကြီး၊ ဆရာကြီးရဲ့သားကိုသာ ဒီပုဆိုးပေးလိုက်ပါ၊ ကျွန်မအနေနဲ့ ဆရာကြီးပုဆိုးကို လက်ခံရတာထက် ဆရာကြီးသဘောပေါက်သွားတာကို ဝမ်းသာနေရပါပြီ၊ ဆရာကြီးဟာ ပညာရှိပဏ္ဍိတ်ကြီး မှန်ပါပေတယ်"

"မင်းကပြောမှ ငါသတိရဟာ၊ ငါဟာ ပညာရှိဖြစ်နိုင်ပါတော့မလားကွယ်"

"ဒီလိုမထင်ပါနဲ့ဆရာကြီး၊ ဗုဒ္ဓဘုရား ဟောဖော်ကြားတဲ့ တရားတစ်ပုဒ်ကို ကြားဖူးပါတယ်၊ အကြင်သူသည် မိမိမိုက်မှားသည်ကို မိုက်မှားသည်ဟူ၍ သိသောကြောင့်ပညာရှိ ဖြစ်သေး၏၊ မိမိမိုက်မှား၍နေသည်ကို မိုက်မှားမှန်းမသိ အကန်းအတိ ဖြစ်သောသူကိုသာလျှင် စင်စစ် မိုက်သောသူဟုဆိုသင့်၏–တဲ့"

"အမယ်–မင်းက ဗုဒ္ဓရဲ့စကားတွေတောင် သိသကိုး"

"ဘယ့်နှယ်ပြောလိုက်တာလဲဆရာကြီးရဲ့၊ သပေါက်မ ပေမဲ့ ဘုရားဒါယကာ ဥပါသကာအိမ်မှာ မွေးလာတဲ့ မိန်းကလေး မဟုတ်လား၊ ကြားဖူးနားဝတော့ ရှိတာပေါ့"



"အေး–အေး၊ အရတော်လေစွကွယ်၊ မင်း သာသနာ့ဘောင်ဝင်မယ်ဆိုရင် ချက်ချင်း အသိဉာဏ်ရမှာပဲ"

"ဝင်ချင်တာပေါ့ဆရာကြီး၊ ဒါပေမဲ့ ကျွန်မျှားတောင်မှ သခင်ကတော်လှန်ခွင့်မပေးရင် ကိုယ့်ဘဝကိုယ် မပိုင်ဘူး မဟုတ်လား၊ ကျွန်ကပေါက်တဲ့ သပေါက်ဆိုရင်တော့ ဘယ်ပြောစရာရှိမလဲလေ"

"အေးလေ.. တစ်နေ့တစ်ချိန်ကျတော့ ကိုယ့်ဉာဏ်က ကိုယ့်ဘဝကို ကယ်တင်နိုင်သားပဲ၊ ကဲ– နာမ်နဲ့ပတ်သက်တဲ့ မကောင်းကံကိုဘယ်လိုချေချွတ်ရမလဲ"

"ဆင်းရဲခြင်းကို တကယ်ကြောက်သောသူသည် မကောင်းမှုဟာသမျှကို ထင်ထင်ရှားရှားတွင်ဖြစ်စေ၊ ဆိတ်ကွယ်ရာတွင် ဖြစ်စေမပြုအပ်၊ အကယ်၍ ပြုဆဲဖြစ်အံ့၊ တောကြို့တောင်ကြား ပြေးသော်ငြားလည်း ဆင်းရဲခြင်းမှ လွတ်ခြင်းသည်မရှိ၊ ထိုဆင်းရဲခြင်းကိုမုန်းငြားအံ့၊ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူသော ဗုဒ္ဓသခင်ကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်လော့၊ သီလတို့ကို ဆောက်တည်လော့၊ အဲသလိုကျွန်မကြားနာရဖူးပါတယ် ဆရာကြီး"

"အိမ်း–ကောင်းလေစွ၊ ကောင်းလေစွ၊ ငါစိတ်ချမ်းသာရာရပါပြီကွယ်၊ ဒီနံနက်ကစ၍ ကိုးကွယ်ရာအမှန်တို့ကို ဆည်းကပ်ကိုးကွယ်ဆောက်တည်ပါတော့မယ်"

မြစ်ကမ်းတစ်ဘက်မှနေ၍ နေဝန်းသည် နှင်းငွေ့ရီမှောင်တို့ကိုဖောက်ထွင်း၍ အရောင်အလင်း ဝင်းထိန်ခဲ့လေပြီ၊ မြစ်ရေပြင်ကျယ်မှာအငွေ့အသက်တို့သည် ကင်းပျောက်ချုပ်ငြိမ်းကုန်ကြသကဲ့သို့ မြစ်ရေတွင် ရွှေနှင့်ယိုးမှား ရွှေရည်တွေ တတွေတွေ စီးဆင်းနေသလား ထင်ရတော့သည်၊ ကျေးငှက်တီတာ ကျီကျာကျာနှင့် သာယာလှပသော နံနက်ခင်းပေတကား။

www.burmeseclassic.com

www.burmeseclassic.com



သောတ္ထိယပုဏ္ဏားသည် သပေါက်မ ပုဏ္ဏိကာ၏ တရားစကားကို ရိုသေစွာ နာယူမှတ်သား သံဝေဂဖြစ်ပွားပြီး ရဟန်းပြုကာ ကမ္မဋ္ဌာန်းကို အားထုတ်၍ ရဟန္တာဖြစ်သောအခါ ဤဂါထာကို ဥဒါန်းကျူး၏။

“(ငါသည်)ရှေးအခါ၌ ဗြာဟ္မဏပုဏ္ဏားမျိုး ဖြစ်ဖူးပြီ၊ သို့သော်ယခုမှသာလျှင် ဗြာဟ္မဏအစစ်သည် ဖြစ်ရပေ၏၊ ဝိဇ္ဇာသုံးပါးကိုလည်းရပါ၏၊ ဝေဒပညာကိုလည်း ကောင်းစွာတတ်မြောက်ပြည့်စုံရပါ၏၊ မဂ်ရေစင်ဖြင့် သွန်းလောင်းကာ ချိုး၍ ရေချိုးပုဏ္ဏားအစစ် သောတ္ထိယ စင်ကြယ်ခြင်း အဖြစ်လည်း ယခုမှ ဖြစ်ရပေတော့သတည်း”

သာဝတ္ထိပြည်အလုံး အုံးအုံးကျွက်ကျွက် ဖြစ်ခဲ့ဖူးသည်မှာ မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်၌ သန်းခေါင်ယံအခါ မထင်ရှားသောနတ်သားတစ်ပါးက မင်္ဂလာဟူသည့် ပြဿနာကို မေးမြန်းတင်လျှောက်သောကြောင့် ဗုဒ္ဓသခင်က သုံးဆယ့်ရှစ်ဖြာမင်္ဂလာအစစ်ကို ဟောပြတော်မူသည်ဟူသော ဥက္ကောဋ္ဌေယျပင်ဖြစ်သည်၊ ထိုသည့်နောက်ပိုင်းတွင် ယခု ပုဏ္ဏိကာနှင့်သောတ္ထိယပုဏ္ဏားကြီးတို့၏ အကြောင်းက လှုပ်လှုပ်ရွရွ ဖြစ်လာပြန်လေသည်။

“သပေါက်မကလေး ပုဏ္ဏိကာက ဆရာပဏ္ဍိတ်ကြီး သောတ္ထိယအား တရားဟော၍ သာသနာ့ဘောင်ဝင်သဖြင့် ရဟန္တာဖြစ်စေသည်” ဟူသော သတင်းစကားပင် ဖြစ်လေသည်။

လောကအခြေအနေနှင့်သာ တိုင်းထွာ၍ရလျှင် သောတ္ထိယဆရာကြီးနှင့် ပုဏ္ဏိကာမှာ မဟာသမုဒ္ဒရာနှင့် ကျွဲခြေရာခွက်၊ ဂိရိဇဟို မြင်းမိုရ်နှင့် ခြတောင်ပို့၊ သို့ကလို ဆိုစရာရှိသည်၊ အမျိုးအမြတ်ဆုံးသော ဗြာဟ္မဏနွယ်ဝင်နှင့် အယုတ်နိမ့်ဆုံးသော သပေါက်မကလေး၊ ပညာဉာဏ်ကြီးသော ဆရာပဏ္ဍိတ်ကြီးနှင့် အမျိုးသမီး အညတရ။

သို့ပင် ဖြစ်စေကာမူ အမှန်တရားသည် မျိုးရိုးဇာတိနှင့်မဆိုင်၊ လောကီပညာနှင့် မပတ်သက်ကြောင်း သာဝတ္ထိပြည်တွင်း အနံ့အပြား



ရေပန်းစားနေသော သတင်းတစ်ခုအဖြစ်ဖြင့် လူစုဝေးရာတိုင်း ပျံ့နှံ့သွားတော့သည်။

ထို့ကြောင့်ရကား သူဌေးကြီး အနာထပိဏ်သည် သပေါက်မကလေး ပုဏ္ဏိကာအား ကျွန်အဖြစ်မှ တော်လှန်စေရုံသာမက သမီးအရင်းအဖြစ်နှင့်ပင် မွေးစား၍ တရားဝင်ချီးမြှောက်လိုက်လေသည်၊ တရားဓမ္မကို မြတ်နိုးသကဲ့သို့ ပုဏ္ဏိကာအားလည်း မြတ်နိုးလှသည်။

“ချစ်သမီးပုဏ္ဏိကာ၊ ငါဖခင်မှာ ဇေတဝန်ကျောင်းတော်ကို ငွေကုန်ကြေးကျခံနိုင်၍သာ ဆောက်လုပ်လှူဒါန်းပြီး ကျောင်းဒကာဖြစ်ရုံရှိတယ်၊ ငါ့သမီးကတော့ ဗုဒ္ဓသာသနာမှာ ရဟန္တာတစ်ပါးတိုးအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ သာသနာ့ဒါယိကာမလေး ဖြစ်နေပါပြီကော၊ ယနေ့ကစ၍ ငါ့သမီးအလိုရှိသမျှ ပြည့်စုံရသည့် ‘ပုဏ္ဏိကာအစစ်’ဖြစ်စေ” ဟု အခွင့်အရေးပေးလေသည်။

ထိုအခါ ပုဏ္ဏိကာက သူဌေးကြီး၏ ခြေဖမိုးအစုံကို ဝပ်ပျပ်ရှိခိုး၍ ဆိုလိုက်သည်။

“ဖခင်၊ ကျွန်မပုဏ္ဏိကာအား ဗုဒ္ဓသာသနာတွင် ရဟန္တာတစ်ပါးတိုး၍ မြတ်နိုးတယ်ဆိုရင် ရဟန္တာတစ်ပါးသာမက ရဟန္တာမတစ်ပါးပါ တိုးဖို့ မြတ်နိုးစွာဆောင်ရွက်ခွင့်ပေးပါလော့”

“ဘယ်လိုများ ဆောင်ရွက်လိုသလဲ ချစ်သမီး”

“အလိုရှိသမျှ ပြည့်စုံလာရသော ပုဏ္ဏိကာဆိုတဲ့ နာမည်ဟာ လောကုတ္တရာချမ်းသာကို ပြည့်စုံလာပါမှ ‘ပုဏ္ဏိကာအစစ်’ အဖြစ်ကြီး ဖြစ်နိုင်ပါလိမ့်မယ် ဖခင်၊ ကျွန်မအား ဘိက္ခုနီပြုခွင့် ပေးတော်မူပါလော့”

“သြော်-သြော်- ငါ့သမီး ပုဏ္ဏိကာအားတစ်ဖန်ထပ်၍ မြတ်နိုးလှပါဘိ၊ အလိုရှိသမျှ ပြည့်စုံပါစေလော့၊ ကောင်းလေစွ၊ ကောင်းလေစွ တကား”

(ပုဏ္ဏိကာထေရီအပဒါန်)

www.burmeseclassic.com

www.burmeseclassic.com



ပြည့်တန်ဆာမကလေး

ကျွန်မအမည်က သီရိမာ။

ကျွန်မအလုပ်က ပြည့်တန်ဆာ။

ဟော– ပြည့်တန်ဆာလို့ ဆိုလိုက်တာနဲ့ ကျွန်မကို အထင်သေးသွားပြီလား။

ယောကျ်ားတကာတို့ကို ကိလေသာကာမနဲ့ မြူဆွယ်ဖြားယောင်း မကောင်းမှုဒုစရိုက်တွေဖြစ်စေတဲ့ မိန်းမဟု စွပ်စွဲတော့မလား၊ယုတ်မာသော အသက်မွေးဝမ်းကျောင်းဟု နှာခေါင်းရှုံ့ကြတော့မလား၊ တဏှာတွေဖုံးနေတယ်လို့ နှလုံးနာလိုက်ကြမလား၊ ဟီရိသြတ္တပ္ပ နည်းလှချည့်ဟု အကဲဖြတ်လိုက်ကြမလား၊ အလွန်မသမာသည်ဟု ရွံရှာကြမလား၊ ပလီပလာမို့ မသဒ္ဒါစရာလို့ ပြောကြမှာလား။

ဒါပေမဲ့ ပြည့်တန်ဆာဆိုတဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်မ ပြောပါရစေနော်၊ ပြည့်တန်ဆာဆိုတာ တိုးတက်စည်ကားတဲ့ တိုင်းကြီးပြည်ကြီးတွေမှာ သာယာတဲ့ နိမိတ်အင်္ဂါ တန်ဆာတစ်ပါးလို့ သတ်မှတ်ကြတာထင်ရှားပါသည်၊ နောက်ပြီး ပြည့်တန်ဆာရဲ့ ဂုဏ်အင်္ဂါလို့ပြောရင် အပြစ်တင်ကြမှာလား၊ တကယ်တော့ ကျွန်မဘဝရဲ့ ရှိသင့် ရှိအပ်တဲ့ အရည်အချင်းအင်္ဂါတွေက မနည်းလှပါဘူး။

ပြောပါရစေတော့ရှင်၊ အမျိုးသမီးတိုင်း ပြည့်တန်ဆာမအဖြစ် တိုင်းပြည်က ရွေးချယ်မြှောက်စားလို့ မဖြစ်နိုင်ပါဘူး၊ မှန်သောသစ္စာစကားပါရှင်၊ ဒါက ကာမာဝစရကုသိုလ်လို့ ဆိုရမလား၊ ဘဝအကျိုးပေးကုသိုလ်နဲ့ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ကောင်းခြင်းငါးဖြာပြည့်စုံရမှာက ပထမအရည်အချင်း ဖြစ်ပါသည်။ မမြင့်လွန်း၊ မနိမ့်လွန်း၊ မဝလွန်း၊ မပိန်လွန်း၊ မဖြူလွန်း၊ မညိုလွန်း သော အပြစ်ခြောက်ပါးကင်းရပါလိမ့်မည်၊ အဲဒါက ရုပ်ရည်ဆင်းဝါ မွေးကတည်းက ပါလာရမည့် အင်္ဂါဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည့်နောက် အဋ္ဌာရသ ယောကျ်ားတို့ အတတ် ၁၈– ရပ်ရှိသလို အနုပညာ ကလာအတတ် ၁၈–ရပ်ကို တတ်မြောက် ကျွမ်းကျင်ရပါလိမ့်မည်၊ အမှန်ကတော့ ကလာအတတ် ၆၄– ပါးရှိပေမဲ့ ကျွန်မတို့လို မင်းဧကရာဇ်က အသိအမှတ်ပြုခြင်းကို ခံယူရတဲ့ ပြည်ကြီးတန်ဆာတို့မှာ ရှိအပ်တဲ့ အင်္ဂါ ၁၈– ပါးကို ပြောခြင်း ဖြစ်ပါသည်။

၁။ နစ္စ = အကမျိုးစုံ ကိုယ်တိုင် က,တတ်ရပါမယ်၊ သူတစ်ပါးကိုလည်း သင်ပြနိုင်ရမည်။

၂။ ဝါဒန = အတီးမှုတ်မျိုးစုံ တီးခတ်နိုင်ရမယ်၊ ဒီအထဲမှာ ဂီတသီချင်း သီဆိုမှုလည်း အကျုံးဝင်ပါသည်။

၃။ ဝတ္ထာလင်္ကာရ သန္တာန = လူတို့နှင့် သင့်လျော်အောင် အခါရာသီအလိုက် အဝတ်တန်ဆာကို ဆင်ယင်ပေးမှု၊ ကိုယ်တိုင်လည်းဆင်ယင်တတ်မှု။

၄။ အနေကရူပဝိဘာဂ ကရဏ = ရုပ်နှင့်လိုက်အောင် အမှုန်းအခြယ် အပြင်အဆင် (အခုအခေါ်တော့ မိတ်ကပ်ပေါ့)၊

၅။ သေယျတ္ထရဏာဘိသံယောဂပုပ္ဖာဒိဂန္ထရ = အိပ်ရာခုတင်စသည်တို့ကို တင့်တယ်အောင် စီရင်ခြင်း၊ ပန်းပွင့် ပန်းနွယ်များကို တင့်တယ်အောင်ပြုပြင်ခြင်း။

၆။ အနေကကီဠာရဉ္ဇန = လူအမျိုးမျိုးတို့အား ကလူကျီစယ်ခြင်းဖြင့် နှစ်သက်စေမှု။

၇။ အနေကာသန သန္တာနရတိဇာနန = (ပြောပါရစေတော့၊ ဦးနှင့်ဆံနှင့် ကန်တော့ပါရဲ့) နေရာအမျိုးမျိုးတို့၌ နည်းအမျိုးမျိုးဖြင့်ကာမ မွေ့လျော်ပုံတို့ကို သိသောအတတ်။

၈။ မဇ္ဇာသဝါဒိကရက = သေရည်သေရက် အမျိုးမျိုးတို့ကိုပြုလုပ်ရောစပ်မှု၌ လိမ္မာခြင်း။

၉။ သလဟာရဏာဝဏာဝိဇ္ဈန = ဒဏ်ရာ (လေးမြားကျည်ဆန်)



တို့ကို ခွဲစိတ်ကုသခြင်း။

၁၀။ အန္နာဒိပစန = အချက်အပြုတ်မှန်သမျှ ကျွမ်းကျင်လိမ္မာသောစားဖို့အတတ်။

၁၁။ စိတ္တာချလေခ = ပန်းချီပညာ။

၁၂။ ဒုဋ္ဌဒေါဟာဒိဝိညာန = နို့ထောပတ်တို့ကို စီရင်တတ်ခြင်းအတတ်။

၁၃။ ကဍ္ဍနကာဒိသဗ္ဗန=အင်္ကျီအဝတ်အစားတို့ကို လှပဆန်းကြယ်အောင် ချုပ်လုပ်ခြင်း။

၁၄။ ဂေဟဘဏ္ဍာဘိဇ္ဇန = အိမ်တွင်းတန်ဆာဆင်နည်း၊ ပရိဘောဂထားသိုနည်း။

၁၅။ မနောနုကုလသေဝါကရဏ = အရှင်သခင် လင်ယောကျ်ားတို့၏ စိတ်တိုင်းကျအောင် ပြုစုလုပ်ကျွေးနည်း ပရိယာယ်။

၁၆။ သုသုသံရက္ခဏာဒါရဏာကြိယာ = ကလေးသူငယ်တို့အားစောင့်ရှောက်မွေးမြူချော့မော့ထိန်းသိမ်းရေး။

၁၇။ နာနာဒေသိယ ဝဏ္ဏာလေခန = ဘာသာမျိုးစုံကို ရေးနိုင်ဖတ်နိုင်ခြင်း။

၁၈။ တမ္ဗုလာရက္ခာဒိကြိယာ = ကွမ်းယာခြင်းအတတ်။

ကဲ– အဲသည့်အတတ်တို့ကို အကဲခတ်ကြည့်ကြစမ်းပါ၊ လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆ လျှပ်ပေါ်လော်လည်နေရုံမျှနဲ့ ဤပညာတွေကို မရနိုင်ပါဘူး၊ အပတ်တကုတ် ကြိုးစားအားထုတ်ပြီး သင်ကြရပါသည်၊ ပြည့်တန်ဆာဆိုတာ လမ်းမပေါ်က ကလေကချေမိန်းမလို့ ထင်ရင်မှားပါလိမ့်မည်၊ ရုပ်ရည်ချောမွေ့သလောက် ဉာဏ်ပညာ အရည်အသွေးတောက်ပြောင်ရပါသည်၊ အမျိုးအနွယ်အားဖြင့်လည်း ဂုဏ်သရေရှိမင်းမျိုး မှူးမတ်မျိုးဖြစ်ရပါအုံးမည်။

ကျွန်မ၏ မိခင်ဖြစ်သည့် သာလဝတီကိုပဲ ကြည့်ပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီပြည်မှာ ဂဏာအမတ်ကြီးတစ်ဦးရဲ့သမီး အမ္ဗပါလီဆိုတဲ့ ပြည့်တန်ဆာအမျိုးသမီးကြောင့်တိုင်းပြည်သာယာနေပါတယ်လို့ ကျွန်မတို့ ရာဇဂြိုဟ်က ခရီးသွားကုန်သည်ကြီးတွေက လျှောက်ထားသတင်းပေးကြတဲ့အတွက် ဘုရင်ဗိမ္ဗိသာရမင်းကြီးက မှူးမတ်မျိုးဖြစ်တဲ့ ကျွန်မ၏မိခင်ကို ပြည်ကြီးတန်ဆာအဖြစ် ခန့်ထားသတ်မှတ်လိုက်ခြင်း ဖြစ်ပါသည်၊ ခရီးသွားကုန်သည်ကြီးတွေဟာ အမှန်မှာတော့ မိမိတိုင်းပြည်အတွက် ကုန်ကူးရင်း တိုင်းပြည်ရေးရာ သူလျှိုကြီးတွေလည်း ဖြစ်ပါသည်။

ကျွန်မ၏မိခင်မှာ ဘုရင်ကေရာဇ်က သတ်မှတ်ခန့်ထားတာဖြစ်လို့ ဥယျာဉ် ပန်းခြံ ဗိမာန် ရထားနှင့်တကွ အခစား အခြွေအရံမိန်းမပျိုကလေးများစွာအပြင် အစောင့်အရှောက် အရံအတား အလုပ်သမား အမှုထမ်းတို့နှင့် ပြည့်စုံခမ်းနားစွာ နေရပါသည်။

သွားလာဝင်ထွက် ဆက်ဆံခွင့်ရသူများလည်း သေးသိမ်နုပ်မွဲတဲ့ဆင်းရဲသားများမဟုတ်တဲ့ ဂုဏ်သရေရှိသူဌေးသူကြွယ်များက အနိမ့်ဆုံးအတန်းအစားများဖြစ်ပြီး တိုင်းရေးပြည်မှု ကြည့်ရှုစီမံရတဲ့ မင်းညီမင်းသား မှူးမတ်များ၊ ပြည်တွင်းပြည်ပရန်ကို ခုခံချိုတက် အောင်ပွဲရလာသည့် စစ်ရေးစစ်ရာ စစ်ဗိုလ်ကြီးများ၊ တိုင်းတစ်ပါးမှလာကြသောသံတမန်တော်ကြီးများ၊ ဒီလိုပုဂ္ဂိုလ်များကို ဧည့်ခံဧည့်သည်တော် အပန်းပြေစေရခြင်း ဖြစ်ပါသည်၊ လူအမျိုးမျိုး စရိုက်အဖုံဖုံ ဝါသနာစုံဖြစ်တဲ့ ပုဂ္ဂိုလ်အသီးသီးကို လိုက်လျောညီထွေ ကျင့်တတ်စေဖို့က ကျွန်မပြောခဲ့တဲ့ အတတ်ပညာ ၁၈– ရပ်ကို နှံ့စပ်လိမ္မာရပါသည်။ ကိလေသာကာမ ရာဂတဏှာ ကိစ္စတစ်ခုသာ မဟုတ်ဘဲ မင်းမှုထမ်းစစ်မှုထမ်းများကို နိုင်ငံတော်အတွက် ကြိုးပမ်းသည်ထက် ကြိုးပမ်းနိုင်ကြအောင် အားပေးသွေးထိုးရတာမျိုးများ ရှိသလို နိုင်ငံရပ်ခြားတိုင်းတစ်ပါးက ဧည့်သည်တော် သံတမန်ကြီးများထံမှ လျှို့ဝှက်သတင်း



မျိုးစုံကိုလည်း အစ်အောက်မေးမြန်း စုံစမ်းတီးခေါက်ယူရပါသည်၊ ဒါကြောင့် ဘာသာအမျိုးမျိုး စာအမျိုးမျိုးကို ပြောနိုင် ဆိုနိုင် ဖတ်နိုင်ရေးနိုင်ရမည်ပေါ့၊ တကယ်ဆိုတော့ ကျွန်မတို့မှာ နိုင်ငံဝန်ထမ်း ဌာနတစ်ခုလို့ ဆိုနိုင်ပါလိမ့်မည်။

ကျွန်မ၏မိခင်မှာတစ်ခါက ဘုရင့်သားတော် အဘယမင်းသားကိုစွဲ၍ ကိုယ်ဝန်ရခဲ့ပါသည်၊ မွေးဖွားလာတဲ့အခါ သားယောကျ်ားကလေး ဖြစ်နေတော့ ကလေးရဲ့နောင်ရေး ဂုဏ်သိန်မမေ့ရအောင် ဖခင်အဘယမင်းသားကိုယ်တိုင် မွေးစားဖို့ အစီအစဉ်လုပ်ရပါသည်။

အဘယမင်းသားကလည်း သူ့ရင်သွေးဖြစ်ကြောင်း သိလေတော့ ဇီဝကဟု အမည်ပေးပြီး ကောင်းမွန်စွာ မွေးစားခဲ့ပါသည်။

ကျွန်မကိုမွေးဖွားတဲ့အခါမှာတော့ သမီးမိန်းကလေးဖြစ်တဲ့အတွက် သူ့အရိုက်အရာကို ခံနိုင်အောင် ပညာစွယ်စုံ သင်ကြားပေးခဲ့ပါသည်၊ မိခင်ကြီးကွယ်လွန်ပြီးတဲ့နောက် ကျွန်မ၏အစ်ကိုကြီးကသမားတော်ကြီးဇီဝကဟု ထင်ရှားကျော်ကြားနေသလို ကျွန်မမှာလည်း ရာဇဂြိုဟ်ပြည်ကြီးမှာ ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ဗဟုသုတအဖြာဖြာနှင့် ထင်ရှားကျော်စောတဲ့ မင်းအသိအမှတ်ပြု တိုင်းပြည်ဝန်ထမ်း ပြည်ကြီးတန်ဆာ ဖြစ်လာခဲ့ခြင်းပါ။

ဒါကြောင့် ပြည့်တန်ဆာဟူ၍ အောက်တန်းစား ပညာမဲ့မဟုတ်ကြောင်း ပြောချင်ပါသည်၊ ကျွန်မမိခင်သာလျှင် ကွယ်လွန်အနိစ္စရောက်သွားခဲ့သော်လည်းကျွန်မမိခင်နှင့် ခေတ်ပြိုင်တန်းတူအမ္ဗပါလီအမျိုးသမီးကြီးသည်ကားဆိုလျှင် ဝေသာလီပြည်က မှူးကြီးမတ်ကြီး ပဏ္ဍိတ် ပညာရှိကြီးများထက် အရည်အချင်း သာလွန်လှတဲ့ဗုဒ္ဓသမီးတော် ထေရီမယ်ကြီး ဖြစ်နေရပြီလေ၊ ဒါကိုထောက်တဲ့လို့ ကျွန်မတို့ကို အထင်မကြီးချင်လျှင် နေပါ၊ အထင်တော့မသေးပါနဲ့လို့။

ကြောင်းကျိုးသိမြင် လူ့သခင်တို့က နေ့စဉ်မပြတ် သင်ကြား

www.burmeseclassic.com

www.burmeseclassic.com

သည့်ရှိသော် တိရစ္ဆာန်မွေး တောမုကြက်တူရွေးပင် ဖြစ်သော်လည်း လူတို့ဘာသာ တွေလာထူးပြား လူ့စကားကို သာယာမြည်ကြွေး ဆိုတတ်ပါသေးသည်၊ မငြိမ်လှုပ်ချောက် တောထဲမှမျောက်တို့ပင်လျှင် လုပယဉ်ကျေး ကတတ်ပါသေးသည်၊ ထို့အတူ ရှင်တော်ဗုဒ္ဓ ဟောဖော်ပြတဲ့ ဓမ္မအရသာများကို ခံစားနာကြားရတဲ့ တစ်နေ့ကျလျှင် ကျွန်မအဖို့အရာမှာ အဘယ်ကြောင့်နှံ့နေး အမြင်မှေး၍ မယဉ်ကျေးဘဲ ရှိနိုင်ပါ့မလဲရှင်။

တစ်နေ့သောနံနက်ခင်းအခါ ကျွန်မရဲ့ သီးသန့်သဥ္ဇာလီဆောင်အတွင်း ခင်းထားအပ်သော ခုတင်ပေါ်မှာ အသာအယာ လဲလျောင်း၍နေပါသည်၊ ကျွန်မရဲ့ အခြွေအရံမိန်းမပျိုတစ်ယောက်က ငှေါင်းမြီးယပ်နဲ့ ခတ်ပေးနေ၍ တစ်ဦးကတော့ ကျွန်မ၏လက်သည်းများကိုစပယ်ဖူးကလေးများနှင့်တူအောင် ကိုက်ညှပ်ပေးနေစဉ်ဝယ် တစ်ဦးကတော့ ခြေရင်းကထိုင်၍ ခြေသည်းကလေးများကို ဒန်းဆိုးပေးနေပါသည်။

ကျွန်မရဲ့ခါးပေါ်မှာ ပါးလွှာတဲ့ ပိုးသားကလေးသာ လျော့ရိလျော့ရဲတင်ထားပါသည်၊ အဲသည့်ပိုးသားအောက်က ကျွန်မရဲ့ ဖြောင့်စင်းတဲ့ ပေါင်တံကို အမျိုးသမီးတစ်ဦးက မွှေးကြိုင်သော နံ့သာဆီနှင့် လိမ်းကျံ နှိပ်နယ်ပေးနေပါသည်၊ မနီးမဝေးမှာ စောင်းအတီး သင်နေကြတဲ့ ကလေးမများကဖြင့် စောင်းချင်းများကို ထံတျာဖြည့်စွက်၍ လက်သံပြနေကြဆဲအခါ ဖြစ်ပါ၏။

ထိုအတောအတွင်းမှာ အိပ်ခန်းအပြင်ဝယ် တာဝန်ကျနေသော မိန်းမပျိုလေးက အိပ်ခန်းထဲ ကမန်းကတန်းဝင်လာခဲ့ပြီး ကျွန်မရဲ့အိပ်ရာဘေးမှာ ပုဆစ်ဒူးတုပ်ထိုင်လိုက်ရင်း–

"မမ၊ ကျွန်မတို့ဥယျာဉ်တွင်းကို ရထားပေါင်းချုပ်တစ်စင်း ဝင်လာပါတယ်"

"ဟဲ့– ဒီအချိန်မှာ ဘယ်ကဧည့်သည်များလာနေတာလဲ၊



ငါ့ဆီကို ကြိုတင်အချိန်းအဆိုမရှိဘဲနဲ့ ဘယ်သူတစ်ဦးတစ်ယောက်မှ မလာရဘူးဆိုတာ ပြောလိုက်"

သူငယ်မလေးက သွက်လက်ဖျတ်လတ်စွာ ထ,ထွက်သွားပါသည်၊ သို့သော် သူ မကြာမတင် ပြန်ဝင်လာပါသည်။

"မမ့၊ ဧည့်သည်က အလွန်ကျက်သရေရှိတဲ့ အမျိုးသမီးတစ်ဦးပါ၊ သူ အခု အဆောင်ဝ လှေကားမှာ ရထားက ဆင်းနေပါပြီ"

"ဟေ– အမျိုးသမီးတစ်ဦး"

ကျွန်မက ထူးဆန်းနေသောကြောင့် လဲလျောင်းနေရာမှ အသာအယာထလိုက်ရာ အနှိပ်သည်မလေးက မေးမပြီး ထူပေးလိုက်ပါသည်။

"ဘာကိစ္စတဲ့လဲ၊ ဘယ်သူဆိုတာ သွားမေးချေအုံး၊ ငါ အချိန်တွေ အလကား မဖြုန်းနိုင်ဘူး"

"ဟုတ်ကဲ့ မမ"

ကျွန်မက အပေါ်ရုံအင်္ကျီခပ်ပွပွကို လှမ်းလင့်၍ တောင်းလိုက်သည်၊ အရိပ်အကဲကို သိတတ်ကြသော အခြွေအရံတို့က စံပယ်နံ့သင်းထားသော ကောဇ္ဇမ္မရာဇ် ပိုးအပေါ်ရုံအင်္ကျီကို တစ်ယောက်တစ်ဖက်ကိုင်ကာ အဆင်သင့်ဝတ်ပေးလိုက်ကြသည်၊ သရဖီနံ့ထုံသော ခေါင်းလျှော်ရည်ဖြင့် လျှော်ထားခါစ ကျွန်မ၏ဆံကေသာတို့မှာ ပခုံးတစ်ဖက်တစ်ချက်က လျော့ကျ ကော့ကျ၍ ဒူးဖျားဝယ် ဖုံးအုပ်နေကြသည်၊ ကျွန်မရှေ့ဝယ် လာ၍ထောင်ပြသော ကြေးမုံပြင်ဝယ် ကျွန်မ၏ မျက်နှာသွင်ပြင်ကို တစ်ချက်ကြည့်လိုက်ပါသေးသည်။

"မမ၊ ဧည့်သည်အမျိုးသမီးက မမနဲ့သာ တွေ့ပါရစေလို့ တောင်းဆိုနေပါတယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုပါလာတယ်လို့လည်း ပြောပါတယ်၊ ဘာပဲဖြစ်ဖြစ် အထက်တန်းကျကျ သဘောသကာယကောင်းတာကိုတော့ ကျွန်မပြောဝံ့ပါတယ်၊ သူ့အနေအရာဟာ ခင်မင်နှစ်လိုဖွယ်ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး၊ ငါ့ထက်များ လှနေပလားကွယ်၊ ကဲ-ကဲ မုဒရက်ဖျော်ရည်ကလေးများနဲ့ ဧည့်ခန်းမှာ ဝတ်ပြုထားလိုက်ကြ"

မကြာမတင် အခန်းကြီးထဲကိုကျွန်မဝင်သွားပါသည်၊ စိန့်ပြည်မှ လုပ်သော စန္ဒကူးညောင်စောင်းပေါ်တွင် ကျွန်မနှင့် အသက်အရွယ် မတိမ်းမယိမ်းရှိသော မိန်းမပျိုကို မြင်လိုက်ပါသည်၊ သူကမူ ကျွန်မကို မမြင်သေး၊ အဖိုးထိုက်တန်သော ပရိဘောဂနှင့် မွမ်းမံခြယ်လှယ်ထားသော အဆင်အပြင်များကို စိတ်ဝင်စားနေပုံရသည်၊ ထို့ကြောင့်သာပင် ကျွန်မက ကျွန်မလောက် မလှသော်လည်း ကျက်သရေရှိသော သူ့မျက်နှာ၏ ထူးခြားချက်ကို ကောင်းစွာသတိပြုနိုင်လောက်အောင် အချိန်ရလိုက်ပါသည်။

ကျွန်မက လေးတွဲ့ယဉ်နွဲ့သော ခြေလှမ်းဖြင့် သူ့အပါးကို လျှောက်သွားပြီးကာ -

"ကျွန်မ သီရိမာပါ" ဟု နှုတ်ခွန်းဆက်လိုက်ပါသည်။

သူက ကျွန်မကိုကြည့်၍ တစ်ခဏကလေးလောက် အံ့သြသွားပုံရပါသည်၊ နောက်မှ ခင်မင်သောအပြုံးကိုဆောင်၍ မတ်တတ်ထလိုက်ပါသည်။

"ဒီလောက်လှတာဟာ သီရိမာပဲဖြစ်ရမှာပေါ့၊ ကျွန်မကတော့ ဥတ္တရာပါ"

သူက သူ့ကိုယ်သူ မိတ်ဆက်ရင်း လက်နှစ်ဘက်ကို ကမ်းလင့်ပါသည်၊ သူကမ်းလင့်သော လက်နှစ်ဘက်ကိုကျွန်မက ကျေကျေနပ်နပ်ကြီးကိုင်၍ နှစ်ယောက်သား ယှဉ်ထိုင်မိကြပါသည်။

သူသည် အဆင့်အတန်း အနိမ့်အမြင့်ကို ပဓာနပြုပုံမရ၊ မိန်းမတို့မည်သည် ဝန်တိုခြင်း၊ မစ္ဆရိယပွားခြင်း၊ တစ်ဖက်လူအား နှိမ့်ချခြင်းဖြင့်သာ မာန်မာနတက်ကြွကြပါသည်။

"ဥတ္တရာလို့ ကျွန်မကြားဖူးနေတာတော့ ကြာပါပကော"



"ဟုတ်ကဲ့၊ သုမနသူဌေးကြီးရဲ့ ချွေးမပါ"

"သြော်... သြော်... နန္ဒသူဌေးကလေးရဲ့ သက်ထားကြင်ယာပေါ့နော်"

"ဟုတ်ပါတယ် သီရိမာ၊ ကျွန်မယောကျ်ားကိုများ တွေ့ဖူးပါသလား"

"အို.. အို..သူ့ခများကို အထင်မမှားလိုက်ပါနဲ့၊ ကျွန်မအပါးကို သူမရောက်ဖူးပါဘူး" ကျွန်မက ရယ်သွမ်းသွေးလိုက်သောအခါ ကျွန်မစကားကို သံသယကင်းစွာ လက်ခံပါသည်။

"အင်း-သူ သီရိမာနဲ့မတွေ့ဖူးတာ ကျွန်မအတွက် နစ်နာတာပဲ"

"ဘာကိုဆိုလိုတာလဲ မိတ်ဆွေရယ်"

ဤအတွင်း ကျွန်မရဲ့အခြွေအရံက မနောလင်ပန်းဝယ် ရွှေခွက်နှစ်ခွက်နှင့် ထည့်လာအပ်သော မုဒရက်ဖျော်ရည်များကို တရိုတသေပေးလာ၏၊ ကျွန်မက ဥတ္တရာအား ရိုရိုသေသေ တစ်ခွက်လှမ်းပေးလိုက်ပြီး ကျွန်မက တစ်ခွက်ကိုင်ထားလိုက်သည်၊ အခြွေအရံကလေးသည် မနောလင်ပန်းကို ရင်ဝယ်ပိုက်လျက် မတ်တတ်စုံရပ်ကာ အစေအပါးကို ခံယူလျက်ရှိသည်။

ဥတ္တရာသည် ထိုမိန်းကလေးအား ပြုံးကြည့်လိုက်သည်၊ ကျွန်မသူ့ဆန္ဒကို ချက်ချင်းသိလိုက်ပါသည်။

"မင်းသွားနိုင်ပြီကွယ်၊ ငါလိုတော့မှ ခေါ်လိုက်တော့မယ်နော်"

မိန်းမပျိုလေးက ရို့ရို့ကျို့ကျို့ နောက်တဆုတ်ဆုတ်ဖြင့်အခန်းတွင်းမှ ကွယ်ပျောက်သွားသည်။

"သီရိမာနဲ့သာ တွေ့ဖူးရင် ကျွန်မ လွတ်လွတ်လပ်လပ်ကြီး ဥပုသ်ပြုနိုင်မှာပေါ့၊ အခု ကျွန်မကို ကူညီပါလို့ တောင်းပန်ရအောင်လာခဲ့တာပဲ သီရိမာ"

သူက ကျွန်မအား အဖျော်ရည်ကို ဦးစားပြု၍ သောက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ရွှေခွက်ကို မြှောက်ပြလိုက်သည်၊ ကျွန်မက အိမ်ရှင်ပီပီ သူ့ကိုပြန်၍ ဦးစားပေးလိုက်ရသည်၊ ထိုအချိန်မှ သူက နှုတ်ခမ်းပါးကလေးမှျသာ စွတ်အောင် ရွှေခွက်ကို ပင့်လိုက်သည်၊ ယဉ်ကျေးမှုကို အတော်ရှိသေပါကလားဟု ကျွန်မ မှတ်ချက်ချလိုက်မိပါတော့သည်။

"အစ်မကြီးစကားကြားရတာ ကျွန်မထူးဆန်းနေတယ်၊ ဂုဏ်သရေရှိတဲ့ ဇနီးမယားမှန်သမျှ သူတို့လင်သားကို ကျွန်မဆီ မသွားမလာကြအောင်ပဲ ထိန်းကွပ်ချုပ်ချယ်ထားလေ့ရှိပါတယ်၊ အစ်မကြီးကတော့ အစ်မကြီးခင်ပွန်းနဲ့ ကျွန်မကို တွေ့ပေးစေချင်တဲ့ သဘောလား၊ ဩော်– ခွင့်ပြုပါနော်၊ ကျွန်မရှင့်ကို အစ်မကြီး ခေါ်ချင်လာတယ်"

"ခေါ်ပါညီမငယ်၊ အစ်မကြီးဝမ်းသာပါတယ်၊ ညီမငယ်က အစ်မကြီးထက်တောင် လှပပျိုမြစ်နေတာပဲ၊ အစ်မကြီးဂုဏ်ယူပါတယ်၊ ဒါထက် ရိုင်းတယ်လို့ မထင်ရင် မေးပါရစေ၊ ငါ့ညီမရဲ့ အဖိုးစားနားက ဘယ်လောက်သတ်မှတ်ပါသလဲ"

"ဩော် ဟော် ဟော်"

ကျွန်မက ဂုဏ်ယူစွာ မပွင့်တပွင့်ကလေး ရယ်ပြလိုက်သည်။

"ဒီရာဇဂြိုဟ်ပြည်မှာ ကျွန်မရဲ့အဖိုးစားနားကို မကြားဖူးတဲ့လူ မရှိပါဘူး၊ တစ်နေ့ကို အသပြာတစ်ထောင်ဆိုတာ နန်းတွင်းနန်းပြင် သိနေကြပါတယ်၊ အေးလေ အစ်မကြီးကတော့ အမျိုးသမီးပေကိုး၊ ကာမစ္ဆန္ဒနီဝရဏတွေကို ဂရုမစိုက်ကြောင်းလည်း ညီမလေး ရိပ်မိပါပြီ၊ ကေန္တ အစ်မကြီးဟာ ဗုဒ္ဓရဲ့အဘိဓမ္မာကို သက်ဝင်ယုံကြည်နေတယ်မှတ်တယ်"

"ဘယ့်နှယ်ပြောပါလိမ့်ညီမရယ်၊ ညီမကော မယုံကြည်ဘူးလား"

"အင်း– တစ်နေ့နေ့မှာ ယုံကြည်လာမလားတော့ မသိဘူး"

"ဟုတ်တာပေါ့၊ ညီမရဲ့ ပတ်ဝန်းကျင်နဲ့ ဗုဒ္ဓရဲ့အဘိဓမ္မာဟာ



ဆက်စပ်မှုရတဲ့ တစ်နေ့ ဖြစ်မှာပေါ့၊ ဝေသာလီက အမ္ဗပါလီ အမျိုးသမီးဟာ ညီမတို့လိုပဲလေ၊ သူကတော့ ဘုရားသာသနာတော်ကိုတောင် ဝင်ပြီး ခီဏာသဝရဟန္တာမကြီး ဖြစ်သွားတယ်လို့ ကြားပါကလား"

"အင်း... သူ့အသက်က ကြီးလာလို့ ထင်ပါရဲ့၊ ကျွန်မရဲ့ မိခင်နဲ့မှ သူက တစ်ရွယ်ထဲကိုး၊ ဒါထားပါတော့၊ ကျွန်မ အစ်မကြီး အတွက် ဘယ်လိုဆောင်ရွက်ပေးရမလဲ ပြောသာပြောပါ"

ဥတ္တရာက ဘာမှမပြောခင် ကျွန်မကို ပြုံးကြည့်နေပါသေးသည်။

"ပြောရမှာတော့ အားနာတယ်သိရိမာ၊ ကျွန်မခင်ပွန်း နန္ဒသူဌေးသားကလေးဟာ သူ့ဖခင် သုမနသူဌေးကြီးလိုပဲ၊ ဗုဒ္ဓရဲ့အဆုံးအမကို လက်မခံသေးဘူး၊ ကျွန်မကတော့ ကျွန်မရဲ့မိဘက ဆင်းသက်ပြီး ရတနာသုံးပါးနဲ့ ဒါန သီလ ဘာဝနာကို အားကိုးပြုပြီးနေတယ်၊ ဒါပေမဲ့ သူနဲ့ အကြောင်းပါတဲ့နေ့ကစပြီး အဋ္ဌင်္ဂဥပုသ်ကို စောင့်ထိန်းခွင့်မပေးဘဲ သူ့ကိုသာ နေ့ရှိသမျှ လုပ်ကျွေးနေရတယ်လေ"

ကျွန်မက သူ့စကားဆုံးတော့ ခစ်ခနဲ ရယ်လိုက်မိပါသည်။

"ကျွန်မအဖြစ်က ရယ်စရာကောင်းတယ်နော် သိရိမာ"

"မဟုတ်ဘူး အစ်မကြီး၊ ကျွန်မ ပြက်ရယ်ပြုတာ မဟုတ်ပါဘူး၊ အစ်မကြီးရဲ့ခင်ပွန်းဟာ အစ်မကြီးကို ဘယ်လောက်ချစ်တယ်ဆိုတာ ရိပ်မိနိုင်လို့ ရယ်မိတာပါ"

"ဒါ ချစ်တယ်ခေါ်သလား သိရိမာ၊ အိုတဲ့ နာတဲ့ သေတဲ့အထိ သူချစ်နိုင်မှာ မဟုတ်ပါဘူး၊ အဆင်းလှတုန်း အရွယ်နုပျိုတုန်း ကျန်းမာသန်စွမ်းတုန်းသာ ချစ်စရာလို့ သဘောထားနိုင်တာပါ၊ တကယ်ဆိုတော့ သူ့ကိုယ်တောင် သူမသိသေးပါဘူး"

"အင်း ဒါစဉ်းစားစရာပဲ၊ ကျွန်မအမေ အရွယ်လွန်သွားတဲ့အချိန်မှာ ဘယ်သူမှ အရေးမစိုက်ကြတော့ဘူး၊ ပျိုမျစ်စဉ်မှာ လှပိုင်းအနမ်းခံရတဲ့ ပန်းကလေးလိုဘဝက အိုလာတော့ အမှိုက်သရိုက်လို သဘော

www.burmeseclassic.com



ထားလာကြတယ်၊ ကျွန်မရဲ့ ဒီအလှအပနဲ့နှုနယ် ပျို့မြစ်ခြင်းဟာလည်း ဘယ်လောက်များ ကြာကြာခံပါ့မလဲ၊ နောက်ငါးနှစ်၊ နောက်ဆယ်နှစ်"

ကျွန်မက အထိတ်တလန့်နှင့် ရှေ့ရေးကို တွေးနေမိသောကြောင့် စကားစ ပြတ်နေကြသည်။

"ဘာတွေများ တွေးနေသလဲ သီရိမာ၊ လှလွန်းတဲ့ မိန်းကလေးကို ဇရာအကြောင်းပြောမိတာ စိတ်အနှောင့်အယှက်ပေးရာများ ကျသွားပလား"

"အင်း– ကျွန်မစဉ်းစားမိတယ်ဆိုပါတော့၊ ဒါပေမဲ့ အခုလှနေတာကလေးကိုတော့ ကျွန်မ ကျေနပ်နေသေးတယ်လေ" ပြည့်ဖြိုးသော ကျွန်မ၏ လက်မောင်းကလေးကို သုံးသပ်ရင်း ပြောလိုက်မိသည်။

ဟုတ်ပါသည်၊ ကျွန်မလက်မောင်းကလေးဟာ အသားအရေက ရွှေလိုဝင်းနေပါသည်၊ အရိုးအဆစ်မပေါ်ဘဲ သွယ်သွယ်ပျောင်းပျောင်း ရွှေငှက်ပျောပင်က ထွက်လာတဲ့ အစို့ကလေးလို နူးညံ့သန့်စင်နေပါသည်၊ ရွှေရောင်ပြေးနေတဲ့ အမွေးနုကလေးများက ခပ်ရေးရေးကလေး ရှိပါသည်။

ဥတ္တရာသည် ကျွန်မရုပ်ပသာဒကို ကျွန်မတပ်မက်နေကြောင်း သိ၍ ကရုဏာသက်သော အပြုံးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေပါသည်၊ ကျွန်မ သူ့အရိပ်အကဲကိုသိ၍ ချစ်စနိုးစွာ စကားဆက်လိုက်ရသည်။

"ကဲလေ ကျွန်မဘယ်လို ကူညီရမလဲ"

"ဆယ့်ငါးရက်တိတိ ကျွန်မအိမ်မှာလာနေပြီး ကျွန်မကိုယ်စား နန္ဒသူဌေးကလေးကို ပြုစုလုပ်ကျွေးပေးပါ သီရိမာ၊ ကျွန်မ ဗုဒ္ဓကို အိမ်မှာ ဆွမ်းပင့်ကျွေးချင်တယ်၊ အဋ္ဌင်္ဂသီလ ဆောက်တည်ချင်တယ်၊ တရားနာချင်တယ်၊ သီရိမာအတွက် ကျသင့်တဲ့ငွေ တစ်သောင်းငါးထောင်ကို အခုပေးသွင်းခဲ့ပါမယ်"



"နေပါဦးလေ အစ်မကြီး၊ ဆယ့်ငါးရက်တောင် များလှချည့်၊ နောက်ပြီးတော့ အစ်မကြီးရဲ့ခင်ပွန်းက ကျွန်မကိုနှစ်သက်လိမ့်မယ်လို့ အစ်မကြီး ပြောရဲလို့လား" ဟု မချိုမချဉ်နှင့် တမင်သွေးတိုးစမ်းကြည့်လိုက်သည်။

"အမယ်လေးလေ၊ ငါညီမလောက်လှတာ ရာဇဂြိုဟ်မှာ အရှားသားကလားကွယ်၊ ဒါကို လက်မခံဘူးဆိုရင် ကာယဂတာသတိ အမြဲရှိနေတဲ့ ယောဂီသာ ဖြစ်တော့မပေါ့၊ အစ်မကြီးခင်ပွန်းအကြောင်း အစ်မကြီး သိပါတယ်"

ဥတ္တရာက ပြုံးရုံသာ ပြုံးလိုက်စေကာမူ ကျွန်မက ညိုးညိုးညံ့ညံ့ကလေးဖြစ်အောင်ရယ်၍ သူ့ရှေ့ဝယ် မတ်တတ် ထလိုက်ပါသည်၊ ကျေနပ်စွာ လှုပ်ရှား၍ ခါးကလေးပေါ်သို့ လက်နှစ်ဘက်တင်ကာ တစ်လှမ်းနှစ်လှမ်း လျှောက်လိုက်ပါသည်၊ မေးမည့်သာမေးလိုက်သည်၊ ကျွန်မရဲ့ရုပ်ရုံကွန်ချက်က ပြေးထွက်နိုင်သောသူ အလွန်ရှားသဖြင့် သူ့ယောကျ်ားလည်း ဘာသားနှင့်ထုသနည်းဟု သိပြီးဖြစ်ပါသည်။

ဥတ္တရာက လက်ခုပ်သုံးချက်တီးလိုက်သည်၊ ဧည့်ခန်းကြီးအပြင်ဝယ် စောင့်နေရစ်ခဲ့ရသော သူ့အခြွေအရံက ငွေထုပ်ပိုက်ပြီး ဝင်လာပါသည်။

"ဟောဒီမှာ ငွေတစ်သောင်းငါးထောင်ပါ သီရိမာ၊ အစ်မကြီးရဲ့ ကုသိုလ်ကမ္မပထကို ကူညီတဲ့အတွက် ညီမမှာလည်း ကောင်းမှုရဲ့ အထောက်အပံ့ဖြစ်ပါလိမ့်မယ်"

"အင်း – ကျွန်မကတော့ ဧနီးသည်တစ်ယောက်က သူ့ခင်ပွန်းအတွက် ကိုယ်တိုင်လာခေါ်ရတယ်ဆိုတာပဲ ဂုဏ်ယူချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မဘဝဟာ ပုဂ္ဂလိက ပစ္စည်းမဟုတ်တာတော့ အစ်မကြီး သိကောင်းပါရဲ့၊ ဆယ့်ငါးရက်တော့ ကျွန်မ အချိန်ပေးနိုင်ပါ့မလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ကောင်းပါပြီ၊ ငါ့ညီမဆန္ဒရှိရာ ပြည့်စုံပါစေတော့၊ မနက်ဖြန်မနက် ရထားလွှတ်လိုက်ပါမယ်"

"အို – ကိစ္စမရှိပါဘူး၊ ကျွန်မရထားနဲ့ပဲ လာခဲ့ပါမယ်"

ဥတ္တရာက ကျွန်မလက်နှစ်ဘက်ကို လှမ်းကိုင်လိုက်ပြန်ပါသည်၊ ကျွန်မက သူ့ကိုတွဲဖက်ရင်း ရထားပေါင်းချုပ်ပေါ်အရောက် လိုက်ပို့ပါသည်၊ သူ့ရထား ဥယျာဉ်မှထွက်သည်အထိ ပြုံးကြည့်နေမိသည်။

* * *

ကျွန်မ၏ မြင်းဖြူလေးကောင်ကသော ရထားက နန္ဒသူဌေး၏ တိုက်ဝသို့ ဆိုက်လိုက်ပါသည်၊ ရထားနောက်မြီးတွင် ရပ်ပါလာကြသော အမှုထမ်းနှစ်ယောက်က လျင်မြန်သွက်လက်စွာဆင်း၍ တံခါးဖွင့်ပေးလိုက်သည့်အချိန်ဝယ် ဥတ္တရာသည် တိုက်တွင်းမှ အဆော တလျင် ပြုံးပြုံးရွှင်ရွှင်နှင့် ထွက်လာကာ ရထားပေါ်က ကျွန်မအား သူ့လက်နှစ်ဘက်ကမ်း၍ လှမ်းကြိုလိုက်ပါသည်။

"ကျေးဇူးတင်လှပါတယ် အစ်မကြီး"

ကျွန်မက သူ့ယုယမှုကို အသိအမှတ်ပြုကာ ရထားပေါ်မှ ဆင်းလိုက်ပါသည်၊ အဆင်သင့်ရှိနေသော သူ့ခြွေရံသင်းပင်းများက ကျွန်မ၏ တံတင်းသေတ္တာများကို ကျင်လည်စွာ သယ်ယူသွားကြပါသည်၊ အလှအပ အသုံးအဆောင် အဝတ်တန်ဆာများပင်ဖြစ်ပါသည်။

ကြီးမားကျယ်ဝန်းသော ခန်းမကြီးသို့ရောက်လျှင်အိမ်မှုလုပ်သားယောကျ်ားမိန်းမအကုန် ကျွန်မကိုကြည့်၍ အထူးအဆန်းသဖွယ်အံ့သြနေကြပါသည်၊ တိုးတိုးတိတ်တိတ် ချောင်းမြောင်းကြည့်သူများလည်း အများအပြား။

ဒီကြားထဲ "နာမည်ကြီးမားသလောက်လည်း လှသကို"

ယောကျ်ားတစ်ယောက်၏အသံက ကျွန်မကို ဝေဖန်နေသဖြင့် နန္ဒသူဌေးဖြစ်လေမလားဟု ခေါင်းငဲ့၍ ကြည့်လိုက်မိသည်၊ အတော်



သားနားသော ဝေဖန်သည့်ယောကျ်ားကား သူ့စကားသူ ရှက်စနိုး၍ အခန်းတွင်းမှ ခပ်လျှိုးလျှိုးထွက်သွားသည်ကို မိန်းကလေးများက ကျိတ်ပြီးရယ်လိုက်ကြပါသည်။

"သူဌေးမင်း အပေါ်ဆောင်မှာရှိပါလိမ့်မယ်၊ သွားကြရအောင် နော်"

ကျွန်မက စကားမပြန်ဘဲ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပါသည်။

ပွတ်လုံးများဖြင့် ကြီးမားကျယ်ဝန်းသောလှေကားကို နှစ်ယောက်သား တက်လာခဲ့ကြသည်၊ လှေကားထိပ်အပေါ်ဆောင်တွင် အဆင်သင့်ရှိနေကြသော မိန်းမပျိုနှစ်ယောက်က ကျွန်မတို့အား အရိုအသေပေးလိုက်သည်။

"ညည်းတို့အရှင် အခန်းတွင်းမှာပဲလား"

"ဟုတ်ပါတယ် သခင်မ၊ ဧည့်သည်အတွက်လည်း ဤအခန်းနဲ့ ကပ်လျက်အဆောင်မှာ ပြုပြင်ထားပြီးပါပြီ"

"အေး– အေး– မင်းတို့ လွတ်လပ်စွာ နေကြတော့"

ခန်းဆောင်ကြီးတစ်ခုကို ဖြတ်သန်းသွားပြီးနောက် ကတ္တီပါ သပြေနုရောင် ဆီးထားသည့် အတွင်းခန်းထဲသို့ ဥတ္တရာက ရှေ့ဆောင်ပြုပြီး ဝင်သည်။

ကျွန်မက သူ့နောက်ပါးမကျတကျက လိုက်သွားသည်။

ကျွန်မထက် ငါးနှစ်လောက်သာ ကြီးမည်ဟု ခန့်မှန်းရသော သူဌေးကလေးကို သလွန်ညောင်စောင်းတစ်ခုပေါ်တွင် တွေ့လိုက်ရပါသည်၊ သူသည် သေအရက်ကို ရွှေခွက်နှင့် သောက်နေဆဲဖြစ်သည်၊ ကြန်အင်လက္ခဏာမှာ ခံ့ညားမွန်ရည်၍ အပူအပင် အကြောင့်အကြ စိတ်သောကကို သူ့အရှုတ္တတွင်းသို့ အရောက်မခံသည့် လူစားမျိုးဖြစ်ဟန်ရှိသည်၊ ဥပမိရုပ်ကောင်းသလောက် ကာမဂုဏ်လွှိကာနယောက

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးပုံကို အကဲခတ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ သဘောထား ဖြောင့်စင်းလျက် နှစ်လိုဖွယ်သော အဆင်းရှိသူတစ်ဦးဖြစ်ကြောင်း ကိုကား ကျွန်မသိလိုက်ပါပြီ။

"ဟောသည်မှာ သီရိမာရောက်လာပါပြီ အရှင်သား"

သူက ကျွန်မကို စောင်းငဲ့၍ ကြည့်လိုက်သည်၊ ကျွန်မကလည်း သူ့ကိုသာ တည်တည်ကြည်ကြည် စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်၊ သူ့စက္ခုဝိညာဉ်နှင့် ကျွန်မရူပါရုံသည် သံလိုက်နှင့်အပ်သဖွယ် ဖြစ်နေပါပြီ။

"ကဲ–သီရိမာ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး ပျော်ပျော်ပါးပါး နေပါနော်၊ အိမ်စေအမှုလုပ်များကလည်း ကျွန်မနဲ့မခြား ခ,စား ရှိသေကြပါလိမ့်မယ်"

ဥတ္တရာ၏စကားကို ကျွန်မက လက်ခံလိုက်သည့်သဘောနှင့် ခေါင်းညိတ်လိုက်သည့်အချိန်တွင် နန္ဒကတော့ ကျွန်မ၏ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်နေဆဲပင် ဖြစ်သည်၊ သူအကြည့်ရဲသလောက် ကျွန်မကလည်း ပသာဒကို စွန့်ကြဲနေပါသည်၊ သူ့ဒွေးကတော်သည် သူ့ခင်ပွန်း၏ အကဲခတ်ပုံကို ခပ်ပြုံးပြုံးနှင့် လျစ်လျူပြုလိုက်သည်၊ မဆွကပင် အစစအရာရာ လင်နှင့်မယား သဘောတူစီစဉ်ထားသည့် အလား နောက်ထပ်ထူးထူးထွေထွေ မပြောတော့ဘဲ ဥတ္တရာက ကျွန်မကို ယဉ်ကျေးစွာနှုတ်ဆက်၍ထွက်သွားပြီးသည့်နောက် ကတ္တီပါ ခန်းဆီးကာထားသည့် အပြင်ဘက်တံခါးမကြီး ပိတ်လိုက်သံ ကြားရပါသည်။

မတုန်မလှုပ်ဖြစ်နေသေးသူနှင့် ကျွန်မ နှစ်ဦးတည်းသာ လွတ်လပ်စွာ ကျန်ရစ်ခဲ့မှန်းသိသဖြင့် သူရှိရာသို့ ရဲရဲဝံ့ဝံ့ တစ်လှမ်းနှစ်လှမ်း တိုးသွားပြီး သူ့ရှေ့တည့်တည့်မတ်မတ်မှာ ရပ်လိုက်သည်။

"သီရိမာကို မနှစ်လိုရင် အနှောင့်အယှက်မပေးချင်ပါဘူး မောင်မောင်"



ကျွန်မစကားက ငိုက်မျဉ်းနေသူကို ထိပ်မှုတ်၍ အနှိုးခံရသကဲ့သို့ ရှိပါသည်။

"အို–အို ဒီလိုမဟုတ်ပါဘူး"

"ဧည့်သည်တစ်ယောက်ကို ပျူပျူငှာငှာမရှိပုံက ဧည့်ခံတာ မဟုတ်ဘဲ ပြန်နှင်နေတာနဲ့ မတူဘူးလား၊ ဒါမှမဟုတ်ရင်လည်း အာသဝေါကုန်ခန်းတဲ့ ရဟန္တာကြီးများ ကျွန်မဖူးတွေ့နေရပြီလား"

"ဖြုန်းခနဲတော့ အံ့ဩသွားမိလို့ပါ သီရိမာ"

"အံ့ဩတယ်၊ ဘာဖြစ်လို့ အံ့ဩရတာလဲ"

"ဩော် အိပ်မက်များ မက်နေတာလားလို့"

"ထမင်းလုံးတစ္ဆေ အခြောက်ခံနေရတယ်လို့များ မက်နေတာ လားဟင်"

"ကိုယ့်အလှ ကိုယ်သိရက်သားနဲ့တော့ တစ်ဖက်လူကို ငေါ့ဖို့ မကောင်းပါဘူးကွယ်"

ကျွန်မက တမင်အသံသာသာကလေးဖြစ်အောင် ရယ်လိုက်ပါသည်၊ သူကတော့ မရယ်နိုင် မပြုံးနိုင် မျက်တောင်မခတ် ရွှန်းရွှန်းစားစား ကြည့်နေဆဲပင် ရှိပါသေးသည်၊ ဒါကိုပင် ကျွန်မက ကျေနပ်နေရသည်။

"လုံ့သွားဖြင့် အသားကိုထိုးသော် တရားစွဲနိုင်၏၊ မျက်စိဖြင့် အသည်းတွင်းသို့ ထိုးနှစ်သော် တရားမစွဲနိုင်၊ သို့သော် ဒဏ်ရာက တူမျှချေ၏လို့ နီတိဆရာက ဆိုပါတယ်မောင်မောင်"

ထိုအခါမှ သူက ပထမဆုံးပြုံးခြင်းဖြင့် ပြုံးပြလိုက်ကာ ပြန်၍ ချေပလိုက်သည်။

"မေတ္တာသည် အသည်းသို့စူးဝင်သော မြားဆိပ်ပင် ဖြစ်ပေ ပါသည် သီရိမာ၊ ဤနေရာတွင် ထိုင်စမ်းပါအုံး" ဟု သူ့အနားက ကတ္တီပါနေရာခင်းကို လက်နှင့်သပ်၍ ဖိတ်ခေါ်လိုက်သည်၊ သို့သော် ကျွန်မက ဖြုန်းခနဲ မထိုင်သေးပါ၊ သူ့ကိုယ်တိုင် ကိုယ်ထလက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ငင်ယူခြင်းကို ဂုဏ်ယူလိုက်ချင်ပါသေးသည်၊ ထို့ထက်ပြောရလျှင် ကျွန်မ၏ အလှအပအောက်ဝယ် ဒူးထောက်၍ အညံ့ခံစေချင်သေးသည်၊ ငွေကြေးနှင့်ဝယ်ယူရသည်ဟု သူစွဲမှတ်ထားတာမျိုးကိုကား သူ့ပိုင်နက်မို့ ကျွန်မက လုံးဝလက်မခံလိုပါ။

"အချို့သော သက်ညှာသည့် ယောက်ျားများဟာ မိန်းမသားရဲ့ အင်္ကျီဝတ်ရုံကို ကူညီပြီးသိမ်းဆည်းပေးတတ်တယ်ဆိုပါကလား မောင်မောင်ရယ်"

ကျွန်မ၏ အပေါ်ယံ ဖဲဝတ်ရုံကို ချွတ်လိုက်တော့မည့်ဟန်ပြုဆဲတွင် သူက ထိုင်နေရာမှထ၍ လောကဝတ်ပြုပါသည်၊ ကျွန်မက သူ အင်္ကျီချွတ်ယူနိုင်အောင် သူ့ကို ကျောပေး၍ အဆင်သင့်အနေအထားတွင် ရပ်လိုက်ပါသည်၊ ပခုံးနှစ်ဘက်ကိုကိုင်ကာ ကျွန်မ၏ဝတ်ရုံကို ချွတ်ခွာလိုက်သောအခါကား သူ့နှာတံမှ ပူနွေးသော အဿာသ ထွက်လေသည် ဆံနု ဆံယဉ်ကလေးများဝဲနေသည့် ကျွန်မ၏လည်ကုပ်ကို တိုးဝှေ့သွားပါသည်၊ ဝင်သက်အနေနှင့်ကား ကျွန်မကုပ်ပေါ်က ကတိုးနံ့ကို သူသယ်ယူသွားပြီး ဖြစ်ပါသည်။

အပေါ်ယံဝတ်ရုံမှ ကင်းကွာသွားပြီဖြစ်သော ကျွန်မ၏ခန္ဓာကိုယ်အထက်ပိုင်းမှာ သိပ်သည်းသောကိုယ်ကျပ်အင်္ကျီလက်တိုကလေးအောက်၌ တစ်တစ်ရစ်ရစ် ဖြစ်နေပါသည်၊ အဝေ့အဝိုက် အရှိုက်အဖိုတို့သည် လည်ဟိုက်အင်္ကျီအကြားမှ ဝင့်ဝင့်ကြွားကြွား ပြနေကြသည်။

အင်္ကျီနှင့်ပိုးသားထဘီ မီအောင်ဖုံးမထားနိုင်သည့် ကျွန်မ၏ ခါးသားကား ရွှေခါးပတ်အထက်က သူ့လက်ထွာဆိုင်အတွင်းမှာ ဝင်းဝင်းဝါဝါ ရှိနေပါသည်၊ ပိုးသားထဘီအောက်တွင်မူ ဆင်နှာမောင်းကဲ့သို့ ဖြောင့်စင်းရှူးသွယ်သွားကြသည့် ပေါင်တံများကို အထင်းသားလောက် မြင်နေနိုင်သည်၊ ကျွန်မ၏အငွေ့ ကျွန်မ၏အနံ့ ကျွန်မ၏ အလှသည် သူ၏ရုပ်ရော နာမ်ပါ မလှုပ်နိုင်အောင် ဆုပ်ကိုင်၍ဖမ်းလိုက်



သည့်ကွန်ရက်တစ်ခု ဖြစ်သွားပါတော့သည်၊ ဒါဟာ ကျွန်မ အလုပ်မဟုတ်ပါလား။

"လှလိုက်တာ သီရိမာ၊ လှလိုက်တာ၊ ဒီနေ့ ဒီရက်အထိ သီရိမာကို မတွေ့ခဲ့ရတာတော့ ကိုယ့်ကိုယ်ကိုတောင် ခွင့်လွှတ်နိုင်ကောင်းစရာ မရှိပါဘူး"

ကျွန်မ၏ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ဖက်ပြီး ညည်းညည်းညူညူ အငမ်းမရ ဖြစ်လာပါပြီ၊

"လောမကြီးပါနဲ့ မောင်မောင်၊ တစ်ဆယ့်ငါးရက်သော ကာလပတ်လုံး ခြေရင်းမှာ လုပ်ကျွေးဖို့ ငွေပေးထားတာ ပြေးသွားမှာမဟုတ်ပါဘူး"

သူ့လက်နှစ်ဘက်ကိုဖြေ၍ ကျွန်မက သလွန်ညောင်စောင်းမှာ ခပ်စောင်းစောင်းလေး ထိုင်လိုက်ပါသည်။

သူက ရွှေကရားမှ သေအရက်ကို ငှဲ့ပေးရင်း –

"သီရိမာကို စတွေ့တဲ့ မင်္ဂလာအထိမ်းအမှတ်အဖြစ် သောက်လိုက်စို့လား"

ကျွန်မက အလိုက်သင့် ယူလိုက်ပါသည်၊ သူ့ရွှေခွက်နှင့် တစ်ချက်ထိလိုက်သည်၊ သူ နှစ်နှစ်ခြိုက်ခြိုက် မော့သောက်လိုက်သည်ကို ကြည့်ပြီး ကျွန်မက နှုတ်ခမ်းကို ဆွတ်လိုက်ရပါသည်။

"မောင်မောင် သေအရက်ကို နှစ်သက်သလားဟင်"

"ဘာဖြစ်လို့ မေးတာလဲသီရိမာ၊ သေအရက်ဆိုတာ နှုတ်မြိန်တယ်၊ ဝမ်းမီးကောင်းတယ်၊ ကိုယ် စိတ် ပေါ့ပါးတယ်၊ အင်အားဗလ သန်မာတယ် မဟုတ်လား"

ကျွန်မက လက်ထဲက ရွှေခွက်ကို လှည့်ပတ်ကြည့်ပြီးမှ ရွှေလင်ပန်းထဲသို့ အသာကလေး အနုပညာဆန်ဆန် ချထားလိုက်ပါသည်၊ နောက်တော့ သူ့မျက်နှာကို ခပ်ပြုံးပြုံး ခပ်ထေ့ထေ့ မျက်လွှာကို

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကြည့်လိုက်ပါသည်၊ ထိုအကြည့်မျိုးကို မည်သည့်ယောကျ်ားမှ ခံနိုင်စွမ်းမရှိ။

"ဘာပြောချင်လို့လဲ သီရိမာ၊ ဘယ်လိုဝေဖန်မှာတုံး၊ သေအရက်ကို မုန်းသလား"

"မင်းယောကျ်ားများအဖို့ 'သုရာမုတ္တ၊ ဣတ္ထိမုတ္တ' ရယ်လို့ ရှိကြတယ်မဟုတ်လား၊ မိန်းမကိုချစ်တတ်တဲ့လူဟာ အရက်ကို မချစ်ရဘူး၊ အရက်ကိုချစ်တဲ့လူဟာလည်း မိန်းမကို ချစ်ရာမရောက်ဘူး"

"ဒါဖြင့် အရက်ကိုသောက်ပြီး မိန်းမကို ချစ်တယ်ဆိုရင်ကော"

"လူတစ်ယောက်ဟာ ပခုံးတစ်ဖက်ထဲနဲ့ ရေအိုးနှစ်လုံး မရွက်နိုင်ဘူး"

"ပခုံးနှစ်ဘက်မှာ ရေအိုးတစ်လုံးစီထားရင်ကော"

"ဒီရေအိုးတွေကို လက်ဘယ့်နှယ်ထားပြီး ကိုင်ပါ့မလဲ"

"ဟဲ-ဟဲ-ဟဲ-ဟဲ သီရိမာ့ နှုတ်မှုရေးရာ လက်ာတယ်ဆန်ပါလားကွယ်၊တချို့ပညာရှိများကတော့ အရက်ကိုတစ်ကျိုက်၊ မိန်းကလေးကို တစ်နမ်း၊ ကဗျာသီချင်းတစ်ပုဒ်၊ ဒါကိုပဲ ကာမစည်းစိမ်ဟူ၍ သမုတ်ပါကလား"

"ပညာရှိပြောတာမှန်ပါတယ်၊ အရက်ကို တစ်ငုံတစ်ကျိုက်က မပိုရင်လေ၊ အဲသည့်နှုန်းနဲ့ဆိုရင် မိန်းကလေးကိုလည်း တစ်နမ်းလောက်နဲ့ပဲ အာသာဖြေပေါ့၊ ကဗျာသီချင်းကိုလည်း တစ်ပုဒ်ပဲနားထောင်ရမယ်နော်"

"သြော်-သြော် မင်းပြောတာကို သဘောပေါက်ပါပြီ သီရိမာ၊ မင်းဟာ တကယ်ဆိုတော့ နယ်ပူပဒေသ ကထိက ကလေးပါလား"

သူက ဟက်ဟက်ပက်ပက် ပျော်ပျော်ရွှင်ရွှင် ရယ်မောနေပါသည်၊ သို့သော် သူ၏ရယ်မောခြင်းသည် ပေါ့ပေါ့ဆဆ ပြက်ရယ်ပြုခြင်း မဟုတ်ဘဲ ကျွန်မအား တကယ်လေးစားလာကြောင်း သိသာနေ



ပါသည်၊ ထို့ကြောင့် ကျွန်မဟာ လေးလေးနက်နက်ပင် စကားကိုဆက်ရပါသည်။

"ဇေဂ္ဂတာဆိုတာ တစ်ခုတည်းသော အာရုံကို အာရုံပြုတဲ့ သဘောခေါ်ပါတယ်၊ ဘယ်သတ္တဝါဖြစ်စေ၊ တစ်ပြိုင်တည်း စိတ်နှစ်မျိုး မထားနိုင်ကြပါဘူး"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကျုပ်သဘောပေါက်ပါပြီ၊ ဒါပေမဲ့ အရက်ဟာ ကာမဂုဏ်အရာမှာ ရသာယနဆေးစွမ်းကောင်းတစ်လက် ဆိုတာကကော"

"အာဂန္တုက ခဏလာလည်တဲ့ ဧည့်သည်ကို တစ်သက်လုံး အားကိုးရမှာလား မောင်မောင်၊ သေအရက်ထဲမှာ ခဏလေးသာ သွေးသားတွေဆူပွက်ပြီး ရမ္မက်ဆိုတာကို နှိုးဆွနိုင်တဲ့ သတ္တိမျိုး ပါဝင်ပါတယ်၊ အင်မတန်ချစ်ခင်နှစ်သက်တဲ့ ဧည့်သည်တစ်ယောက် နေရင်းကို ပြန်သွားတော့ ဧည့်သည်မရောက်ခင်ကထက် ပျင်းရိခြောက်သွေ့လာတယ်လို့ မထင်မှတ်ခဲ့ဖူးဘူးလား၊ ဒီသဘောတရားပါပဲ၊ အာဂန္တုက သတ္တိသြဇာကုန်သွားရင် မသောက်ခင်ကထက် နွမ်းလျမိန်းမောနေတတ်ပါတယ်"

"အမယ်လေး- ဓာတုရသ ဗေဒဆရာမလေးရယ်"

အားရပါးရ ချီးကျူးရင်း ကျွန်မ၏ တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ယူလိုက်ပါသည်။

"မောင်မောင်နေအုံးလေ၊ သီရိမာဟာ သမားတော် ဇီဝကရဲ့ နှမဆိုတာ မမေ့နဲ့အုံး"

"အမယ်လေး ထူးဆန်းလှချည့်လား သီရိမာ၊ ဘယ်ပုံတော်စပ်ကြတာလဲ"

"ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက ခန့်အပ်ထားတဲ့ ပြည့်တန်ဆာ အမျိုးသမီး သာလဝတီဟာ သီရိမာရဲ့ မွေးသမိခင်ပါ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်၊ သီရိမာကို မဖွားခင်က မယ်တော်နဲ့ ဘုရင့်သားတော် အဘယမင်းသားတို့ ယဉ်ပါးတော်မူကြတဲ့အတွက် ဇီဝကကို ဖွားမြင်ခဲ့ရပါတယ်၊ တကယ်ဆိုတော့ ဇီဝကနဲ့ သီရိမာဟာ မအေတူ ဖအေကွဲ မောင်နှမလို့ ဆိုရမှာပေါ့"

"ကဲ–ကဲ ဒီလိုဖြင့် ပုရိသယောကျ်ား မောင်တို့လိုလောကီသားတွေအတွက် ဆေးကောင်းတစ်လက် ဖော်စပ်ပေးနိုင်ပါ့မလား သီရိမာ"

ကျွန်မက ခပ်လှောင်လှောင်ရယ်သွမ်းသွေးပြီး သူ့မေးစေ့ကို လက်ညှိုးဖြင့်ပင့်တင်၍ မချိုမချဉ်ကြည့်လိုက်ပါသည်။

"ဒီစိတ်တွေကြောင့် မယားအလှ ဥစ္စာရာဟာ အဋ္ဌင်္ဂသီလ မဆောက်တည်နိုင်ရှာတာ ထင်ပါရဲ့နော်"

ကျွန်မစကားက သူ့အရှိုက်ကြားကို ကလိ၍ ကစားသလို ဖြစ်သွားပါသည်။

"ဟုတ်တယ်လေ၊ ခါဘာဖြစ်လဲ၊ မောင်တို့ဖခင်လက်ထက် ကတည်းက ကိုးကွယ်လာတဲ့ နိဂဏ္ဌာဆရာကြီးတွေက အရွယ်ကောင်းတုန်း ကာမဂုဏ်ကို သုံးဆောင်ခံစားပြီး လူအိုလို့ ကာမ ကုန်ခန်းတဲ့အခါ ရဟန္တာဖြစ်နိုင်တယ်လို့ ဆိုထားတာပဲ"

"ကာမဆိုတာ လိုချင်တာမှန်သမျှ ကာမလို့ဆိုကြတယ်လေ မောင်မောင်၊ မလိုချင်ဘူးလို့ ဘယ်အခါမှ ရှိပါ့မလဲ"

"ကဲပါကွယ်– မင်းနဲ့ကျုပ်နဲ့ ဝါဒချင်းပြိုင်ရအောင် ဒီအခန်းထဲ ယှဉ်ထိုင်နေကြတာ မဟုတ်ပါဘူး၊ ဆေးနည်းကောင်းကလေးများသာ တတ်နိုင်ရင် ဖော်စပ်ပေးစမ်းပါ"

"ရသာယနလို့ခေါ်တဲ့ စားဖွယ်တစ်မျိုးတော့ အကျိုးအာနိသင်ရှိတာ တွေ့ရပါတယ်၊ ရေမထည့်သော ကျွဲနို့မှဖြစ်သော စတုဇ္ဇနို့ခမ်း ခြောက်ဆယ့်လေးပိုလ်, ဖြူသောသကြား သုံးဆယ့်နှစ်ပိုလ်, နွားနို့ တစ်ရာ့နှစ်ဆယ့်ရှစ်ပိုလ်တို့ကို ရောနှောမွှေနှောက်၍၊ မြေအိုးသစ်အဝတွင် သန့်ရှင်းစင်ကြယ်သောပိတ်ကိုစည်း၍ နှောပြီးသောဝတ္ထုစုကို အတန်ငယ်စီယူ၍၊ ပိတ်ပေါ်တွင် လေးညှင်း ငရုတ်ကောင်းတို့ကို မီးသင်း၍၊ ၎င်းအမှုန့်တို့ကို မွှေးရုံမျှခတ်၊ ပရုတ်လည်းစဉ်းငယ်မျှခတ်၊ ဝသန္တဥတုမှတစ်ပါး အခြားသောဥတု၌ အမြဲစားသုံးအပ်၏ဟု ဆိုပါတယ် မောင်မောင်"

"အင်း–အကျိုးကကောကွယ်"

"အားကို ဖြစ်စေတတ်၏၊ နွေအခါဖြစ်သော ဂိမှဥတု သရဒဥတုတို့၌ နေပူဖြင့် နှိပ်စက်ကုန်သော ခြောက်ကပ်ကုန်သော သူတို့သည် လည်းကောင်း၊ မယားများကုန်သောသူတို့သည် လည်းကောင်း၊ ခရီးသွား၍ပင်ပန်းကုန်သောသူတို့သည် လည်းကောင်း သုံးဆောင်အပ်ကုန်၏လို့ ညွှန်းပါတယ်၊ နောက်ပြီး နွားနို့မှဖြစ်သော ထောပတ်သည်လည်း ဉာဏ်ပညာတင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း၊ အိုခြင်း နာခြင်းကိုဖျောက်၍ အသက်ရှည်နိုင်၏လို့ ရသာယန အနေနဲ့ ဆိုပါတယ်"

"ကျေးဇူးကြီးပါပေ့ ပညာရှင်မလေးရယ်၊ မောင်မောင် ဒီနေ့က စပြီး သေရည်ကိုမသုံးတော့ပါဘူး၊ ထောပတ်နဲ့တကွ အလိုရှိသမျှ ပစ္စည်းတွေကို မင်းလက်ထဲ အပ်ပါ့မယ်၊ မင်းရဲ့ကိုယ်ပိုင်သီးသန့်ခန်းမှာ ချက်စပ်၍ ပေးပါလားသီရိမာ"

"မောင်မောင်အလိုရှိသမျှ ပေးဆက်ရမယ့် တာဝန်ရှိသူပါ သူဌေးမင်းရယ်"

သူက အမြတ်တနိုး ရင်ခွင်တွင်းမှာပွေ့လျက် တင်းတိမ်ကာ ထားသော သဥ္ဇာလီဘက်သို့ ကျွန်မကိုဆောင်ယူသွားပါသည်၊ ထိုအခိုက် တိုက်အောက်ထပ် အရှေ့ခန်းဆီမှ ရုတ်ရုတ်သဲသဲ မသဲမကွဲ အသံကို ကြားလိုက်ခြင်းကြောင့်–

"ဘာသံတွေလဲ မောင်မောင်" ဟု အထိတ်တလန့် မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"အိုကွယ် ဗုဒ္ဓကြွလာချိန်နီးလို့ ဥတ္တရာတို့ ပြင်ဆင်ကြတာပေါ့"

ကျွန်မစိတ်ထဲဝယ် ထိတ်ခနဲတော့ ဖြစ်သွားပါသည်၊ ကိလေသာအာရုံ ကာမဂုဏ်တို့ကို သုတ်သင်တော်မူနေသောဗုဒ္ဓနှင့် တစ်တိုက်တည်းအတူရှိနေလျက် ကျွန်မမှာတော့ ကိလေသာပွားအောင် ယောကျ်ားတစ်ယောက်ကို အမှောင်ထဲဆွဲသွင်းနေရပါတကား–ဟုရှက်စနိုးဖြစ်လာချိန်တွင် သူက ကျွန်မကို ငုံ့၍ပြောလိုက်သည်။

"ကောဂ္ဂတာဆိုတာ တစ်ခုတည်းသော အာရုံလို့ သိရိမာပြောခဲ့တာနော်"

* * *

နန္ဒသူဌေး၏ ရင်ခွင်ထဲရောက်သည်မှာ သီတင်းနှစ်ပတ်ကြာလွန်ခဲ့ပါပြီ။

ရေမိုးသုံးသပ်ရန် နံ့သာခြယ်သရန် အဝတ်အစားလဲလှယ်ရန် ကျွန်မကိုယ်ပိုင်အခန်းကို နေ့စဉ်ကကဲ့သို့ ပြန်လာခဲ့သည့်အခိုက် ယနေ့မှာတော့ ဘာတစ်ခုမှ မယ်မယ်ရရ မလုပ်ဖြစ်သေးဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်း စဉ်းစားနေမိသည်။

သမဏောန သမဏော၊ ဂေါဏောန ဂေါဏော။

မှန်ပါသည်၊ ကိလေသာ ခေါင်းပါးသူနှင့် တရားကျင့်သူတို့သည် အပေါင်းအဖော်ဖြစ်နိုင်သကဲ့သို့ ရာဂထူပြောသည့် နွားသိုးကြိုးပြတ်နှင့် နွားငတ်ရေချတို့မှာ အလွန်အဆင်ပြေသော မိဿကဖြစ်နေပါ၏၊ နေ့စဉ်နှင့်အမျှ ဗုဒ္ဓဝေယျာဝစ္စဖြင့် အဋ္ဌင်္ဂသီလမြဲနေသော ဥတ္တရာနှင့် ကာမဘောဂီ လောကီဘုံသား နန္ဒတို့ စည်းဝါးမကိုက်ရှေ့သွားနောက်လိုက် မညီသည်မှာ သဘာဝအတိုင်း ဖြစ်ပါသည်။

ကျွန်မနှင့် နန္ဒအဖြစ်မှာတော့ သံလိုက်နှင့်အပ်သွားကဲ့သို့ရှိပါသည်၊ တစ်ဖက်သား၏ရမ္မက်အားကို ဖြားယောင်းသွေးဆောင်သိမ်းသွင်းရသည်မှာ ပြည့်တန်ဆာမ၏ လုပ်ငန်းမျှသာဖြစ်၍ သံလိုက်နှင့် ပမာတူ



ပါသည်၊ သို့သော် သံလိုက်ကမြှူ၍ အပ်သွားက ပြေးကပ်သောအခါ ထိုအပ်သွားကို သံလိုက်က ပြန်၍ ဆုတ်ခွာတွန်းလှန်ခြင်း မပြုနိုင်ပေ၊ အငင်အားသာစွမ်း၍ အနှင်အားမစွမ်း၊ အပ်သွားကပ်နေသလောက် သံလိုက်က အကပ်ခံနေရမည်ဖြစ်ပါသည်၊ တစ်နည်းဆိုသော် သံလိုက်ကပင် အကွာမခံချင်သည့် သဘာဝဓမ္မ မဟုတ်ပါလော။

ကျွန်မစိတ်ကို ကျွန်မသိပါသည်၊ ကျွန်မနန္ဒကို တကယ်နှစ်နှစ်ကာကာ ချစ်နေမိပါပြီ၊ ဥတ္တရာအား ကျွန်မသစ္စာဖောက်နေပါပကော၊ ယခုကျွန်မဘဝကို ဖောက်လှဲဖောက်ပြန် လုပ်ရမည်လား။

ကျွန်မသစ္စာဖောက်ခြင်းမဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ပြည့်တန်ဆာအဖြစ်က သာမန်ဇနီးမယားအဖြစ်သို့ တောင့်တလာခြင်းသာ ဖြစ်ပါသည်၊ နန္ဒနှင့် တွေ့လိုက်ခြင်းသည် တကယ့်တကယ်အိမ်ရာတည်ထောင်သည့် လင်ချစ်မယားချစ်၊ အချစ်စစ် အချစ်မှန်ကို သရုပ်သကန် ထင်ရှားလာနိုင်ခဲ့ပါသည်။ လောကတံထွာ လင်ယူပြီးသားမွေးချင်လာပါသည်၊ ဇနီးမယားအဖြစ် သမီးသားတွေကို ချစ်လာချင်ပါသည်၊ ကိုယ့်လင်ကိုယ့်သား ကိုယ့်အိုးကိုယ့်အိမ်နှင့် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ နေလိုခြင်းမှာ မိန်းမတို့၏ဓမ္မတာဖြစ်ရာ၊ ပြည့်တန်ဆာ၏စိတ်ထား ပြည့်တန်ဆာ၏ဘဝကို ရွံမုန်းစက်ဆုပ်လာခဲ့ရပါပြီ၊ သန့်ရှင်းသောလူ့လောကဝယ် ပြည့်တန်ဆာဟူသည်ကား မလိုလားအပ်သော ဆူးငြောင့်များပါပေ။

ယခု ကျွန်မဖြစ်ရသောဘဝကား ကျွန်မရဲ့ကိုယ်က အများပိုင်ဖြစ်ပါသည်၊ ပုဂ္ဂလိက တစ်ဦးတစ်ယောက်အတွက်သာမဟုတ်။ ရာဂ၏သောင်းကျန်းမှုသည် မေတ္တာ၏ကြင်နာမှုနှင့် ဆီနှင့်ရေ ကွာသလိုကွာကြောင်း ရက်ရှည်လများပေါင်းလာရသဖြင့် ကောင်းကောင်းကြီးရိပ်မိရပါတော့သည်။

"ကျွန်မ ဘာလုပ်ရမလဲ၊ ဘာများကော တတ်နိုင်ပါသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်နှစ်ဘက်နှင့်အုပ်၍ တရှုပ်ရှုပ်ငိုချလိုက်မိသည်၊ ယောကျ်ားတကာ၏ အာသာငမ်းငမ်း စွဲလမ်းတပ်မက်မှုသည် ကိုယ်ပိုင်လင်သား၏ ကရုဏာတရားလောက် လေးလေးပင်ပင် အရသာမရှိပါတကား။

ကျွန်မအားရအောင် ငိုပြီးသည့်နောက် ပြတင်းပေါက်သို့အမှတ်မထင် သွားရပ်နေလိုက်သည်၊ ဗုဒ္ဓဝေယျာဝစ္စဖြင့် ကျေးကျွန် အမှုထမ်းများအား တပင်တပန်း ပြောဆိုခန့်ခွဲနေသည့် ဥတ္တရာ၏အသံကို ကြားလိုက်ရသည်။

သူ့မှာ ကြည်ကြည်လင်လင် ပျော်ပျော်ပါးပါးနှင့် ကျွန်မရပ်နေရာ ပြတင်းပေါက်အောက် တည့်တည့်မှာရှိသည်၊ ကျွန်မက သူ့ကိုပင် မလိုတမာဖြစ်လာရသည်၊ တဏှာပေမနှင့် မဆက်ဆံဘူးထား၊ သူ့မှာ အဖိုးတန်လင်ယောကျ်ားရှိသေးသည်၊ ကျွန်မတွင် ယောကျ်ားတွေ အများကြီးရှိလျက် လင်အဖြစ်နှင့် တစ်ယောက်မှမရခဲ့။

နက်ဖြန် ဆယ့်ငါးရက်နှင်နှင် ပြည့်လျှင် လင်သားကင်းမဲ့သော အိမ်သို့ပြန်၍ စက်ဆုပ်ဖွယ်ဝဲဲသြဃဍ္ဍသာ လည်နေရမည်၊ အကယ်၍ ဥတ္တရာသာသေပြီး ငါသာ နန္ဒ၏တရားဝင်ဇနီးဖြစ်ရလျှင်-

ဆက်၍ မတွေးဝံ့တော့ဘဲ သူ့ကိုကြည့်ရာက မျက်နှာလွှဲလိုက်ရသည်၊ ကျွန်မ၏မျက်စိ ရောက်သွားသောနေရာကား အခန်းထဲတွင် ရသာယနဆေးအတွက် ကျိုချက်ထားသော ထောပတ်အိုးဖြစ်သည်၊ မီးကျီးမီးခဲ ရဲရဲတောက်နေသော မီးဖိုပေါ်တွင် ထောပတ်က ပွက်ပွက်ဆူလျက်ရှိသည်၊ တစ်ပိဿာလောက်ရှိသော ကျိုက်ကျိုက်ဆူနေသည့် ထောပတ်အပူသည် လူတစ်ယောက်၏ အသက်ဇီဝကို တစ်ခဏချင်း ဖြတ်ချနိုင်ကြောင်း ကျွန်မစဉ်းစားလိုက်မိသည်၊ ထိုအခိုက်ကလေးမှာ ဘီလူးသရဲစိတ်ဝင်၍ ဥတ္တရာအား ငုံ့ကြည့်လိုက်ပြန်သည်။

ဤအခါတွင် ဥတ္တရာက အမှတ်မထင် ကျွန်မကိုမြင်၍ ပြုံးပြလိုက်သည်၊ သူ့အပြုံးမှာ အလွန်ကြည်လင် သန့်ရှင်းလှသောကြောင့် ကျွန်မ၏ဦးခေါင်းကို တူနှင့်နှက်သလို ခံစားလိုက်ရသည်၊ ကျွန်မအမုန်းကို သူ၏အပြုံးက တိုက်ခိုက်လိုက်ခြင်း ဖြစ်ဟန်တူပါသည်။



"ဒင်းက အခုအထိ ငါ့ကို အနိုင်ယူတုန်းပါကလား"

ကျွန်မ ဘာမှ မစဉ်းစားနိုင်တော့ပါ၊ မီးဖိုပေါ်က ကျိုက်ကျိုက်ဆူနေသော ထောပတ်အိုးကို သတိကြီးစွာဖြင့် သယ်ယူလာပြီး ဥတ္တရာ ခေါင်းပေါ်သို့ လောင်းချလိုက်ပါတော့သည်။

"အမယ်လေး ဘယ့်နှယ်လုပ်လိုက်တာတုံး" ဟု ဝိုင်းအော်ကြသောအသံကို ကြားလိုက်ရပါသည်၊ ဥတ္တရာ၏အသံကိုကား လုံးဝ မကြားရတော့။

မကြာခင် တိုက်တွင်းရှိလူအကုန် ရုတ်ရုတ်ရက်ရက် ဖြစ်သွားကြသည်၊ တိုက်ပေါ်သို့ ပြေးတက်လာကြသော ဆူဆူညံညံအသံတွေ ကြားရသည်၊ ကျွန်မ၏ အခန်းတံခါးကို အတင်းဖွင့်၍ ယောကျ်ားမိန်းမများစွာက ကျွန်မကို ဆွဲထုတ်သွားကြပါသည်၊ ဟစ်အော်ဆဲရေး၍ ရိုက်ပုတ်နှိပ်စက်ကြသည်၊ ကျွန်မ၏ မနောကံ မြန်ဆန်သလောက် ကာယကံက ပါသွားပြီးလျှင် ယခု ကျွန်မအရိုက်အနှက်ခံရသည့် အခါမတ္တကလေးအထိ ဘာမျှကြာလိုက်သည်မဟုတ်။

နန္ဒက ဘုမသိဘမသိနှင့် အလန့်တကြား သူ့အခန်းမှထွက်၍ တားလိုက်သည်။

"ဟဲ့-ဟဲ့ သိရိမာကို ဘယ်လိုပြုနေကြတာလဲ"

"မဟုတ်ဘူးအရှင့်သား၊ သူ သခင်မကို ထောပတ်ပူတွေနဲ့ လောင်းချတယ်၊ သူသေကြောင်းကြံတဲ့ မိန်းမယုတ်"

"ဟင်- ဥတ္တရာ သေရှာပလား"

နန္ဒ၏ ကရုဏာသံသည် ကျွန်မ၏ဘဝမှန်သို့ ချက်ချင်းပြန်ပို့လိုက်ပါသည်၊ ငါကား အခစား ပြည့်တန်ဆာမျှသာဖြစ်၍ ဥတ္တရာကား

www.burmeseclassic.com

www.burmeseclassic.com



နန္ဒ၏ ကြင်ရာသက်ထား တရားဝင်ဇနီးမယားပါတကား၊ ဇာဂံမ မယားက ထာဝရမယား ဖြစ်လိုဖြစ်ငြား ပြုမိများသည့်တိုင်အောင် နန္ဒ၏ မေတ္တာစစ်ကား ငါ့အပေါ်မှာမဟုတ်၊ ဥတ္တရာပင်ဖြစ်ကြောင်း ကျွန်မ သိရပါလေပြီ။

"ဟဲ့–ဟဲ့၊ ငါ့ခင်ပွန်းမကို အန္တရာယ်မပြုကြနဲ့ ဖယ်ကြဖယ်ကြ"

ပြေးဝင်လာသော ဥတ္တရာကိုကြည့်၍ ကျွန်မ လန့်၍များပင် သွားသည်၊ သူ့တစ်ကိုယ်လုံးမှာ ထောပတ်ပူများနှင့် ရွှဲစိုနစ်လျက်ရှိသော်လည်း ထိုအပူသည် သူ၏မေတ္တာရေချမ်းကို မလွှမ်းနိုင်ကြောင်း ဒိဋ္ဌ တွေ့လိုက်ရသည်၊ အံ့ဩဘနန်းပါလား။

ထောင်းထုရိုက်ပုတ်၍ ပျော့ခွေနေသော ကျွန်မကို ဥတ္တရာက ဝင်၍ ပွေ့ထူလိုက်သည်။

"သူ မတော်တဆပြုမိတာ ဖြစ်မှာပါကွယ်" ဟု ဒေါသဖြစ်နေသူများအား နှစ်သိမ့်လိုက်သည်။

"မဟုတ်ဘူး သခင်မ၊ သူ ကျကျနန လောင်းလိုက်တာ ကျွန်မတို့ တွေ့ရတယ်"

"ကဲ– ကောင်းပြီ၊ ထားပါတော့၊ ငါ့မှာမှ အန္တရာယ်မဖြစ်ဘဲ၊ စိတ်မဆိုးကြပါနဲ့၊ သူ့ကျေးဇူးတွေ တို့ခံစားရတယ်မဟုတ်လား၊ သူလာပြီး အရှင့်သားကို ပြုစုဖော်ရလို့ တို့တစ်တွေမှာ ဝိတက် ဝိစာရတွေ ရှင်းရှင်းနဲ့ ဗုဒ္ဓကိုယ်တော်မြတ်ကို ဆွမ်းလုပ်ကျွေးနိုင်ကြတာ မဟုတ်လား၊ ကြည့်စမ်းပါဦးကွယ်၊ သူ့ခမျာ ဒဏ်ရာတွေတောင် ရနေပါပြီ"

ကျွန်မကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကိုပင် ကိုယ်တိုင် ဆေးဝါးလိမ်းကျံပေးရှာသည်။

ဥတ္တရာ၏ အပြုအမူနှင့်အယုအယတို့သည် ထောင်းထုပုတ်ခတ်သော ဒဏ်ချက်တွေထက် ကျွန်မအသည်းကို ဝမ်းနည်းကြေကွဲစေ



ပါသည်၊ နန္ဒကလည်း ကျွန်မကို တစ်ချက်ကြည့်၍ အပါးမှလှည့်ထွက်သွားပါပြီ၊ ဟုတ်ပါသည်၊ သူ့မယားအပေါ် ရက်စက်မှုကြောင့် ကျွန်မကို စက်ဆုပ်သွားပါပကော။

ကျွန်မ၏ရင်တွင်းဝယ် မဟာသမုဒ္ဒရာက လှိုင်းတံပိုးကြီးများ ရိုက်ခတ်ဘိသလို မိုက်မဲပြစ်မှားမှု နောင်တ လုံးကြီးများက ရိုက်ခတ်နေပါသည်၊ ကျွန်မမျက်ရည်သည် နွေလအခါ ဟိမဝန္တာမှ ဆီးနှင်းခဲများ အရည်ပျော်ကျသလို ကျခဲ့ရပါပြီ။

"ကျွန်မ မှားပါပြီ အစ်မကြီးရယ်၊ သူတော်ကောင်းမကြီးရယ်"

"မငိုနဲ့ညီမ မငိုနဲ့၊ ပုထုဇဉ်ဆိုတာ ရာဂမွှားသလောက် မှားကြတာပဲ"

"အစ်မကြီး ကျွန်မအပေါ်မှာ ခွင့်လွှတ်နိုင်တာ အံ့ဩမိပါတယ် အစ်မကြီး"

"ညီမလေးလည်း တစ်နေ့ကျရင် ခွင့်လွှတ်နိုင်တတ်လာပါလိမ့်မယ်ကွယ်"

"ကျွန်မကို မုန်းတီးစက်ဆုပ်သွားတော့မှာပေါ့နော်"

"ညီမကို မုန်းလိုက်ရင် ထောပတ်ပူတွေက တစ်ကိုယ်လုံးနှိပ်စက်တော့မှာပေါ့၊ အခု အစ်မကြီးမှာ ဘာမှမဖြစ်တာ ကြည့်ပါလား၊ ဒါဟာ ညီမကို မမုန်းတဲ့ အထင်ရှားဆုံး သက်သေပါကွယ်"

ကျွန်မက သူ့ကို အားရပါးရ ဖက်၍ငိုလိုက်ရသည်၊ သို့ကလိုငိုမှ ကျွန်မအပူသက်သာသည်ဟု ထင်ရသည်၊ ဆီပူလောင်းချသူမှာ ကျွန်မဖြစ်သည်၊ ထိုအပူလောင်မြိုက်ခြင်းခံရသူကား သူမဟုတ်၊ ကျွန်မပင်လျှင်တည်း၊ အပြင်အပခန္ဓာကိုသာလျှင်မက ကျွန်မ၏နှလုံးသားကို ဆီပူနှင့် အကြော်ခံရသည့်နှယ်။

"ကျွန်မမိုက်ပြစ်ကြီးကို အစ်မကြီးက သည်းခံပေမဲ့ အကုသိုလ်က သည်းခံပါတော့မလား၊ ကျွန်မကြောက်လှချည်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အကုသိုလ်ကံက သည်းခံနိုင်အောင် အဖဗုဒ္ဓရှိပါတယ်ကွယ်၊ ကိုယ်တော်မြတ်ထံမှာ တောင်းပန်လျှောက်ထားပါ၊ တရားရေအေး တိုက်ကျွေးတော်မူပါလိမ့်မယ်"

"ဗုဒ္ဓက–ဗုဒ္ဓက ပြည့်တန်ဆာမကို လက်ခံမှာတဲ့လား၊ ကျွန်မရဲ့ ဆွမ်းကို ဘုဉ်းပေးမှာတဲ့လား၊ ကျွန်မကို မစက်ဆုပ် မရှောင်ဖယ် ပေဘူးလား၊ ကျွန်မကို အပြစ်မတင်ပေဘူးလား"

"မိုက်ပါဘိညီမရယ်၊ ဝေနေယျကို ရင်၌ဖြစ်သောသားကဲ့သို့ သနားတော်မူတဲ့ မဟာကရုဏာရှင်ကြီးပါကွယ်၊ မမပြောဖူးတယ်လေ၊ မေ့သွားပလား၊ ပြည့်တန်ဆာမဖြစ်ခဲ့တဲ့ အမ္ဗပါလီအမျိုးသမီးကိုတောင် ရဟန်းမိန်းမအဖြစ် လက်ခံတော်မူသေးတာပဲ၊ နောက်ပြီး မမညီမကို ပြောခဲ့တာကော၊ မမကိုယ်စား သူဌေးကလေးကို လာရောက်ပြုစုတာ ဟာ ငါ့ညီမအတွက် ကောင်းမှုကုသိုလ် အထောက်အပံ့ဖြစ်ပါလိမ့်မယ် လို့၊ ကဲ–ထပါကွယ်၊ ထပါ–ထပါ"

* * *

မှန်ပါသည်၊ နန္ဒအား သူ့ကိုယ်စား ဆောင်ရွက်ပေးမှုက ကျွန်မ အတွက် ကုသိုလ်အထောက်အပံ့ဖြစ်ပါလိမ့်မည်ဆိုသော စကားက အမှန်ကြီးမှန်နေပါလေပြီ။

ယခု ဗုဒ္ဓမြတ်စွာအားလုပ်ကျွေးရန် ငါးရာသော ဆွမ်းပွဲကို ကျွန်မကဦးဆောင်၍ အခြွေအရံငါးရာဖြင့် ကျွန်မအိမ်မှ တကူးတက သယ်ခဲ့ပါသည်၊ သူဌေးနန္ဒထံ ခစားရန်လာစဉ်က မြင်းဖြူလေးကောင် ကသော ရထားပေါင်းချုပ်ကိုစီး၍ လျှပ်ပေါ်လော်လည်သည့်စိတ်နှင့် ကိုယ်တွင်မွှမ်းမံခြယ်သ လှသထက်လှအောင် မာနဆောင်သောလာခြင်း မျိုးဖြစ်သော်လည်း ယခုတစ်ခေါက်မှာကား နှိမ့်ချကျိုးနွံသော စိတ်၊ ခင့်ဝါတက်ကြွမှု မရှိသော ကိုယ်၊ ပကာသနမဆန်သော အဝတ်တန်ဆာ တို့ဖြင့် ခြေလျင်သာ လာခဲ့ခြင်းဖြစ်ရာ တစ်ရက်အတွင်း ထူးခြားလာ



သော မိမိ၏အဖြစ်ကို နှစ်ထောင်းအားရ ကျေနပ်သကဲ့သို့ လမ်းသွား လမ်းလာ ရာဇဂြိုဟ်လူထုပင် ကျွန်မကိုကြည့်ရင်း ရင်သပ်ရှုမော အံ့ဩ နေပါသည်၊ ကျွန်မမှာကား ဗုဒ္ဓနှင့်ရင်ဆိုင်ရမည်ကို တထိတ်ထိတ်။

ဥတ္တရာထံရောက်၍ ဆွမ်းပွဲများကို သူ့ကိုအပ်လိုက်ပါသည်၊ သူက သာဓုခေါ်၍ ကြိုလင့်သည်၊ သူ့မေတ္တာကား တကယ့်အထု အထည် ကြီးမားပါပေသည်၊ ကျွန်မအား ဆက်ဆံပုံမှာ သူတော်ချင်း ချင်း သီတင်းလွေ့လွေ့ ပေါင်းဖက်တွေ့လိုက်ရသကဲ့သို့ပင်၊ ထိုအတွက် ကျွန်မ တစ်အားတက်ရပါသည်။

မကြာမတင် ငါးရာသော ရဟန်းတို့အား အမှူးပြု၍ ဥတ္တရာ၏ အိမ်ရှေ့ခန်းသို့ ကြွလှမ်းဝင်လာသော ဗုဒ္ဓမြတ်စွာအား ဖူးမြင်လိုက်ရပါ တော့သည်၊ လူအပေါင်းက တိတ်ဆိတ်လျက် လက်စုံမိုးနေကြရာ ဗုဒ္ဓ၏အဆင်းက တိုက်ကြီးခန်းမ တစ်ခုလုံးကို အလင်းရောင် ဟပ် လိုက်သကဲ့သို့ ရှိပါသည်၊ ဗုဒ္ဓ၏အဆင်းကိုမြင်လျှင်မြင်ချင်း နန္ဒက ကျွန်မကို ပြောသောစကားကို သွား၍သတိရပါသည်။

"လှလိုက်တဲ့သိရိမာရယ်၊ ဒီနေ့ဒီရက်အထိ သိရိမာကို မတွေ့ဘဲ နေခဲ့ရတာတော့ ကိုယ့်ကိုယ်ကိုတောင် ခွင့်လွှတ်နိုင်ကောင်းစရာမရှိဘူး"

ယခု ကျွန်မက ကိုယ့်ကိုယ်ကို ကျိန်ဆဲမိပါပြီ။

"ဗုဒ္ဓမြတ်စွာကို ဒီနေ့ဒီရက်အထိ မဖူးတွေ့ဘဲ နေခဲ့တာတော့ ကိုယ့်ကိုယ်ကို ခွင့်လွှတ်နိုင်ကောင်းစရာ မရှိပါဘူး သိရိမာရယ်"

ပြည်သူတို့နှလုံးကို ယူကျုံးဆွဲငင်နိုင်အား ရှိသည်ဟု ထင်ခဲ့သော ကျွန်မအလှမှာ မြင်သူကို ရာဂဆူပွက် မီးအလျှံတွေတက်စေသော အလှမျှသာဖြစ်ပါသည်၊ ဗုဒ္ဓ၏ အဆင်းတော်ကတော့ ဆူပွက်သော မီးလျှံ မီးတောက်ကို ပျောက်စေကွယ်စေ ငြိမ်းစေအေးစေသော ရေကြည် ချမ်းမြ အလှမျိုးပါတကား။

ယခုမှ "အဖဘုရား" ဟု ဥတ္တရာက တင်လျှောက်ခေါ်ဝေါ်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ရပါသည်။ ဆရာလိုကြည်ညို၍ ဖအေလိုချစ်ဖွယ်သော ရှုပနိကာယ်ပိုင်ရှင်ကြီးပါတကား၊ ထို့ကြောင့် မွေးသဖခင်ကျေးဇူးရှင်၏ မေတ္တာကို ယုံမှတ်အားကိုးရဲဝံ့စေသကဲ့သို့ ကျွန်မက သံဃာ့အလယ် လူပုံအလယ်တွင် ပြတ်သားရဲဝံ့စွာ လျှောက်ထားလိုက်ပါသည်။

"ဘုန်းတော်အနန္တ အဖရှင်တော်ဘုရား၊ တပည့်တော်မသည် ခင်ပွန်းကောင်းဥတ္တရာအား ယမန်နေ့ကပင် မပြုကောင်း မပြုရာ ထောပတ်ဆီပူလောင်း၍ သေကြောင်းကြံခဲ့မိပါသည်ဘုရား၊ ထိုအပြစ်များမှ ချမ်းသာရန် ဘုရားမြတ်စွာအား တပည့်တော်မက နောင်တကြီးစွာဖြင့် လျှောက်ထားခွင့်ပန်ရပါသည် ဘုရား"

ဗုဒ္ဓသည် ကျွန်မ၏လျှောက်ထားချက်ကို သည်းခံခွင့်လွှတ်တော်မူကြောင်း ဆိတ်ဆိတ်နေခြင်းဖြင့် ဥပေက္ခာပြုတော်မူသည်၊ အတန်ကလေးကြာမှ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံတော်မူသောအသံဖြင့်–

"ချစ်သမီး သီရိမာ၊ သူတော်ကောင်းကို ပြစ်မှားခြင်းဒွ်ကြီးမားသော အပြစ်ရှိသည်ဟု မှတ်လေလော့"

ဗုဒ္ဓက ကျွန်မအား 'ချစ်သမီး' ဟု ခေါ်လိုက်ပါသည်။

ဤသို့ အခေါ်ခံရခြင်းပင်လျှင် ကျွန်မတစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားပါသည်။ ကျွန်မကျေနပ်ပါပြီ၊ ကျွန်မဘဝတစ်လျှောက်လုံး ညစ်ညူးခဲ့သမျှ စိတ်ဓာတ်ကျနေသမျှ ယခုအားရကျေနပ်ပါလေပြီ။

"ချစ်သမီး ဥတ္တရာ၊ သီရိမာသည် ကျိုက်ကျိုက်ဆူသော ထောပတ်နှင့်လောင်းသောကာလ အသို့နှလုံးရှိသနည်း" ဟု မေးတော်မူလေသည်။

"ဘပည့်တော်မကား သီရိမာကြောင့် ဒါန သီလကို ပြုခွင့်ရပေသည်၊ ကိုယ်တော်မြတ်ကို ဖူးခွင့်ရပေသည်၊ တရားတော်ကို နာခွင့်ရပေသည်၊ ဤသီရိမာကား ကျေးဇူးရှင်ပေတည်းဟု လွန်စွာချစ်ကြည်သော မေတ္တာဓာတ်ဖြင့်သာ ခံနေပါသည်ဘုရား"



"သာဓု သာဓု သာဓု ဥတ္တရာ၊ ကြမ်းကြုတ်ခက်ထန် စောင်းမာန်အမျက်ကြီးသူကို အမျက်မရှိခြင်းဖြင့် အောင်နိုင်ရာ၏၊ သူတော်မဟုတ် အကျင့်ယုတ်သူကို သူတော်အကျင့်ဖြင့် အောင်နိုင်ရာ၏၊ ဝန်တိုစဉ်းလဲ စေးနှဲသူကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏၊ ချွတ်လွဲဖောက်ပြန် မမှန်စကားဆိုသူကို သစ္စာစကားဖြင့် အောင်နိုင်ရာ၏"

ကျွန်မသည် မျက်ရည်တတွေတွေကျသည်အထိ ပီတိအဖြစ်ကြီးဖြစ်ရပါသည်၊ ဤမျှသော တရားအစုဖြင့်ပင် ကျွန်မစိတ်ကို ကျွန်မလှစ်ခနဲ သိလိုက်ပါသည်၊ အယူအဆ အလွဲအမှားတို့ကို ဒိဋ္ဌသိလိုက်ခြင်းနှင့် သို့လော သို့လော ယုံမှားခြင်းမှန်သမျှတို့သည် အရေခွံချွတ်လဲသော မြွေသတ္တဝါကဲ့သို့ အဟောင်းကို ကွင်းလုံးကျွတ်စွန့်ခြင်းဖြင့် သိမ့်ခနဲ တုန်သွားပါသည်။

မြတ်စွာဗုဒ္ဓ၏ တစ်ခုတည်းသောတရားကို ပိုင်နိုင်ရဲရင့်စွာ သုံးသပ်နိုင်လိုက်သည်၊ ထိုမှတစ်ပါးသော ယုံကြည်အပ်သောတရားသည် အဘယ်မှာမှ မရှိဟု ပြတ်ပြတ်သားသား သိလိုက်ပါပြီ။

ကျွန်မ၏စိတ်မှာ ဓမ္မအရသာကို သန့်ရှင်းစင်ကြယ်တိကျစွာ မြူးကွန့်ကျက်စားနေပါသည်၊ နေရောင်ဟပ်သော ထက်ကောင်းကင်ကတိမ်ဖြူလွှလွှသည် အဆုံးအစမရှိ ပကတိ ဖြူဆွတ်ပေါ့ပါးနေသည့်အလားပင်။

"သာဓု သာဓု သီရိမာ၊ သင်ချစ်သမီးကား အရိယာမဂ်အယဉ်သို့ ပထမအဆင့် ဆိုက်ရောက်ခိုဝင်ပြီးဖြစ်ပေပြီ"

ဗုဒ္ဓ၏စကားသည် ဥတ္တရာတို့ တိုက်ကြီးတစ်ခုလုံး ဥက္ကောဓ္ဒယျ လှုပ်လှုပ်ရွရွ ဖြစ်သွားကြောင်း ကျွန်မ ကောင်းကောင်းသတိထားလိုက်မိပါတော့သတည်း၊ ကျွန်မမျက်ရည်ကား ရွဲရွဲစိုလျက်။

(နန္ဒမာတာဥတ္တရာ ထေရီအပဒါန်)

www.burmeseclassic.com

www.burmeseclassic.com




'တောင်ကြီးငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ်'ဟု အဆိုရှိသော မင်းနေပြည်ကြီးဝယ် ဗုဒ္ဓသီတင်းသုံးတော်မူရာ ဝေဠုဝန်ဥယျာဉ်အတွင်း ရှိ ကျောင်းတော်ကြီးနှင့် မနီးမဝေးတွင် ဘိက္ခုနီတို့ သီတင်းသုံးသော ကျောင်းသင်္ခမ်းကြီးသည်ကား တရားနာရဟန်းမိန်းမများဖြင့်ပျားပန်းခပ် မျှစည်ကားနေလေသည်။

"ယနေ့ ညဥ့်ဦးယံမှာ ခေမာထေရီ ရဟန္တာမကလေးက တရား ဟောမလို့တဲ့" ဟူသောသတင်းစကားက ဘိက္ခုနီလောကဒ္ဓ လှုပ်လှုပ် ရှားရှား ဖြစ်သွားလေသည်။

တရားဒေသနာကို ကြည်ညိုမြတ်နိုး၍လာကြသည့် ပရိသတ် နှင့်အမျှ ဗိမ္ဗိသာရမင်းကြီး၏ အချောအလှဆုံးသော မိဖုရားခေါင်ဖြစ်ခြင်း နှင့် သူ၏ရူပါရုံကို ကြည့်လိုမြင်လိုကြသော ပုထုဇဉ် ရဟန်းမိန်းမများ ကြောင့် ဓမ္မာရုံအခန်းကြီးတစ်ခုလုံး ပြည့်ကျပ်နေတော့သည်။

စိမ်းနေသော ဦးပြည်းနှင့် သစ်ခေါက်ဆိုး သင်္ကန်းရောင်တို့က ခေမာထေရီ၏ ဝင်းဖန့်ဖန့်အသားအရေကို ပိုမို၍ ထင်ပေါ်စေသည်၊ မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းမှစ၍ ကြော့ကြော့ရှင်းလည်တိုင်ကလေး အထိ အပြစ်ဆိုစရာမရှိအောင် ချောမွေ့လှပါဘိသည်။

သုဘနှင့် အသုဘကို မခွဲနိုင်သေးသော ရဟန်းပျိုမကလေး များမှာဆိုလျှင် ခေမာထေရီအား ကြည့်ရှုငေးမောရင်း စုတ်တသပ်သပ် ဖြစ်ကာ –

"ဒီရုပ်ရည် ဒီအဆင့်အတန်းနဲ့များ ရဟန်းမကလေးဖြစ်လာရ တာ သနားစရာကောင်းပါဘိတယ်" ဟုလည်းညည်းညူနေမိကြသည်။

ထေရီမကလေးကတော့ ကော့ရော့ မျက်တောင်နှင့် မျက်လွှာ နှစ်ဘက်ကို ချကာ ပုဆစ်ဒူးတုပ်ထိုင်လျက် ဆက်လက်၍ ဓမ္မဒေသနာ ပြုနေရှာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တရားတော်နှာ လာကြကုန်သော ဘိက္ခုနီအရှင်မတို့-

နောက်ဆုံးဖြစ်သော ယခုဘဝ၌ မဒ္ဒတိုင်း သာကလပြည်ဝယ် မဒ္ဒမင်းကြီး၏ သမီးအဖြစ်ဖြင့် တပည့်တော်မအား ဖွားမြင်ခဲ့ပါသည်၊ ထို ဖွားမြင်သောနေ့၌ သာကလပြည်ကြီးဝယ် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းခဲ့ခြင်းကြောင့် တပည့်တော်မအား 'ခေမာ'ဟူသောအမည်ဖြင့် ဂုဏ်ပြုမှည့်ခေါ်ကြပါသည်၊ အရွယ်ရောက်သောအခါ၌ အလွန်အဆင်း လှသည်ဖြစ်၍ ခမည်းတော်မဒ္ဒမင်းကြီးသည် အလွန်တရာ ဘုန်းလက်ရုံး ပညာနှင့် ပြည့်စုံသော ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းအား ပေးဆက်လိုက်ပါသည်၊ ဗိမ္ဗိသာရမင်းကြီးကလည်း တပည့်တော်မ၏ သူမတူသော အဆင်းကြောင့် သူမတူအောင် မြတ်နိုး၍ အထွတ်အထိတ် မြှောက်စားတော်မူပါသည်။

ရူပါရုံဆိုသော အဆင်းလှမှုသည် စက္ခုဝိညာဉ်ရှိသမျှလူတိုင်း အား ချမ်းသားပေးရိုးမရှိပါ၊ တစ်ပါးသူကို မဆိုထားဘိ၊ ရူပါရုံ ပိုင်ရှင်ဖြစ်ခဲ့သော တပည့်တော်မကိုယ်တိုင်ပင် မိမိ၏အဆင်းကိုတပ်မက် နှစ်လို၍ မဆုံးအောင် ခုံမင်ခြင်းသဘောတရား ပြင်းထန်စေခဲ့ပါသည်။

ထို့ကြောင့် မိမိ၏အဆင်းကို မိမိစုံမက်ခင်မင်၍ တပြင်ပြင် တသသ အလှကိုသာ ပြုပြင်ဆင်မြန်းကာ သာယာ၍နေခဲ့မိပါသည်၊ တစ်နေ့တစ်နေ့တွင် နံ့ရည်စစ်ဖြင့် ရေချိုးခြင်း၊ ရွှေမှုန့်နှောသော နံ့သာပျောင်းတို့ဖြင့် လိမ်းကျံခြင်း၊ ပန်းပေါင်းထုံသော အမွှေးနံ့သာဆီ များဖြင့် ဆံပင်ကို ပြုပြင်ခြင်း၊ အနုဆုံး အယဉ်ဆုံး အလှဆုံးဆိုသော အဝတ်တန်ဆာ ရတနာ ကျောက်သံပတ္တမြားတို့ကို ဆင်ယင်ကာ ကိုယ်လုံးပေါ်ကြေးမုံရှေ့ဝယ် အချိန်ဖြုန်းခြင်းသာ အဓိကဝါသနာ ဖြစ်ခဲ့ရပါသည် အရှင်မတို့ဘုရား။

ပင်ကို အချောအလှတွင်သာမက၊ ဖြည့်စွက်အပ်သော အပြု အပြင် တန်ဆာဆင်ခြင်းများကြောင့် ဘုရားတပည့်တော်မ၏အဆောင်



ကိုင် အပျိုတော်မှန်သမျှသည် အဟောဝတ မြည်တမ်းကာ ချီးမွမ်းခန်း ဖွင့်နေကြပါသည်။ တပည့်တော်မကိုယ်တိုင်ကလည်း မိမိအားထောမနာ စကားကို အားပါးတရ လက်ခံရုံသာမက မိမိ၏အလှကိုလည်း မိမိ အထင်ကြီးနေခဲ့ရပါသည်။

"မုဖုရားကို ဒါကြောင့်လည်း ဘုရင်မင်းတရားက သူတစ်ပါး ထက် ထူးထူးခြားခြား မြတ်နိုးကြည်ဖြူတော်မူပေတာပဲနော်" ဟု သုဘဒ္ဒါမည်သော အပျိုတော်ကလေးက မှတ်ချက်ချလိုက်ပါသည်၊ တပည့်တော်မတွင် ပြုံးနေရာက တစ်စုံတစ်ရာကို သတိရလိုက်မိပါ သည်။

"အိုကွယ်-မင်းတို့က အထင်ကြီးနဲ့ ဘဝင်စီးနေကြတာပါ၊ တကယ်ဆိုတော့ ရွှေနန်းရှင်ဟာ မဖုရားကို မြတ်နိုးတယ်သာဆိုတယ်၊ အဆောင်တော်ကို ဝေဠုဝန်ကျောင်းတော်လောက် ခရီးလမ်းပေါက်တော် မူတာ မဟုတ်ပါဘူး၊ တစ်ခါတစ်ခါများ ငါ့ရူပါရုံကို သူ့အဖို့ မခံစား ချင်တော့သလိုလို ရှိလေသလားမှ မသိနိုင်ပါဘဲ"

"ဒီလိုတော့ အထင်လွဲတော်မူဖို့ မရှိတန်ပါဘုရား၊ ရွှေနန်းရှင် ဘုရားကိုယ်တော်တိုင်က ဗုဒ္ဓရဲ့ ပစ္စည်းလေးပါးဒါယကာ သာသနာ့ အကျိုးဆောင် ဥပါသကာကြီး ဖြစ်နေတော်မူတော့ များပြားလှတဲ့ ဘိက္ခု ဘိက္ခုနီတို့ရဲ့ ဝေယျာဝစ္စအတွက်လည်း တာဝန်ရှိနေဟန် တူပါတယ် ဘုရား"

"အေးလေ မင်းတို့ရဲ့တိုင်းပြည်ကြီးရှင် ဘုရင်ဘက်က တော့က တက်ကြပေမပေါ့၊ အဲဒါထက်ခက်တာက အဆောင်တော်ရောက်တိုင်း မဖုရားကို ဗုဒ္ဓအား ဖူးမြော်အကြည်ညိုခေါ်တာကတော့ တော်တော် စိတ်ညစ်မိတယ် သုဘဒ္ဒါရယ်"

"အို ဒါကလည်း မွန်မြတ်တဲ့ သူ့စေတနာ မဖုရားအပေါ် မေတ္တာတော်ထားလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုများ မေတ္တာထားတာတုံး၊ မင်းသိရင် တင်စမ်းပါ"

"မသိနိုင်စရာ မရှိပေါင်ဘုရား၊ တူစုံမောင်နှံ သံသရာကမ်း တစ်ဖက်သို့ လှမ်းတက်ကြဖို့ ဖြစ်မှာပေါ့ဘုရား"

သုဘဒ္ဒါက ယခုလိုလျှောက်တင်သောအခါ အပျိုတော်ကလေးများက ဝိုင်း၍ ရယ်မောကြပါသည်၊ တပည့်တော်မကမူကား ထိုအချိန် ထိုအခါက ဘုရင်မင်းတရား၏ စေတနာမှာ တပည့်တော်အတွက် ဝေဒနာဟုပင် ထင်လိုက်မိပါသည်ဘုရား။

"တော်စမ်းပါကွယ် သုဘဒ္ဒါရယ်၊ ဗုဒ္ဓကိုယ်တော်ကို မဖုရား မဖူးမြော်ဝံ့ပါဘူး၊ မဖုရားက မိမိ၏ဆင်းရုပါရုံကို အမြတ်တနိုး ခုံခုံမင်မင် စုံစုံမက်မက်ဖြစ်လို့မှ အားရတာမဟုတ်သေးဘူး၊ တော်တော်ကြာ မဖုရားရဲ့အလှကို ရှုစရာမမြတ်သော အတ္တသောခန္ဓာ မစင်ဘင်ပုပ် စက်ဆုပ်စရာအတိ အနှစ်မရှိတဲ့ အသာရကဆိုတဲ့ ဓမ္မကထာတွေနဲ့ နှိမ်ချပုတ်ခတ်နေမှဖြင့် မဖုရားက နားမခံသာဘဲ အော်ဟစ်ငိုမိမှာကွဲ့ သုဘဒ္ဒါရဲ့၊ တကယ်ဆိုတော့ ဗုဒ္ဓရဲ့ အဘိဓမ္မာတွေဟာ စိတ်ပျက်စရာ စကားတွေပါကွယ်၊ ရူပါရုံနဲ့ တင့်တယ်တာတွေလည်း ခဏပဲတဲ့၊ စည်းစိမ်ဘောဂနဲ့ ကြီးကျယ်တာတွေလည်း ခဏပဲတဲ့၊ ဩဇာအာဏာနဲ့ ခြယ်လှယ်တာတွေလည်း ခဏပဲတဲ့၊ အားလုံးပျက်စီး ဆိတ်သုဉ်းကုန်မည့် သဘောတရားချည်းပဲတဲ့၊ ဘယ် နားချမ်းသာစရာ ရှိတော့လို့လဲ၊ လူဆိုတာ လှတုန်း ပျော်ချင်တယ်၊ ချမ်းသာတုန်း ရွှင်ချင်တယ်၊အာဏာရှိတုန်း ကျေနပ်နှစ်သက်ချင်တယ်၊ မဖုရားတော့ ဝေဠုဝန်ကျောင်းတော်ကို ရှောင်နိုင်သမျှ ရှောင်နေမှာပဲ"

တရားတော်နာကြွလာကြကုန်သော ဘိက္ခုနီအရှင်မတို့—

တပည့်တော်မကား မိမိအဆင်း၌ မိုက်မဲတွေဝေစွာ မဟာရာဇာ၏ ဖိတ်ခေါ်ချက်ကို အကြိမ်များစွာ ငြင်းပယ်ခဲ့ဖူးပါသည်၊ သူတော်ကောင်းတရားနှင့် ပြည့်စုံတော်မူသော ဘုရင်မင်းတရားသည်



တပည့်တော်မ တော်လွန်ငြင်းဆန်သော အပြစ်ကို သဘောထားပြည့်ဝစွာ သည်းခံတော်မူခဲ့ပါသည်၊ ထို့ကြောင့်ပင်လျှင် တပည့်တော်မ၏ ဝါသနာဝသီဘော်အတိုင်း အလှပြင်ခြင်း၊ အဆင်းအရသာခံခြင်း၊ တူရိယာဂီတသောတဆင်ခြင်းတို့ဖြင့် အဆောင်တော်အတွင်း ပျော်မွေ့ခြင်းမပျက်ခဲ့ရပါဘုရား။

တစ်နေ့သ၌ မဟာရာဇာ၏ သဘင်ဝန်က အလွန်တရာနာပျော်ဖွယ်ရှိသော သီချင်းသည်အဖွဲ့တစ်ဖွဲ့ ရွှေနန်းတော်သို့ရောက်လာကြောင်း၊ မိဖုရားကြီး ရွှေနားတော်ဆင်လိုပါက ဆက်သွင်းပေးစေဟု အမိန့်တော်ရှိလိုက်ကြောင်း အသုံးတော်ခံခွင့် ရှိမရှိ လာရောက်လျှောက်ထားပါသည်။

ဘုရားတပည့်တော်မသည် အဆင်းကိုနှစ်သက်သကဲ့သို့ အမြိုက်အရသာကိုလည်း နှစ်သက်ပါသည်၊ သဒ္ဒါရုံဖြစ်သော တူရိယာဂီတကဗျာတို့ကိုလည်း မြတ်နိုးပါသည်၊ ထို့ကြောင့်ပင် အဆောတလျင် ဝင်စေဟု ဝမ်းမြောက်ဝမ်းသာ အခွင့်အရေးပေးလိုက်ပါသည်။

အဖွဲ့ဟုသာ ဆိုသော်လည်း အသုံးတော်ခံရန် ခစားလာသည်မှာ အမျိုးသမီးနှစ်ဦးသာဖြစ်ပါသည်၊ သူတို့နှစ်ယောက်၏ ရုပ်ရည်အသွင်အပြင်မှာ လှပချောမွေ့ရုံမျှမက အလွန်တရာမှ ယဉ်ကျေးသိမ်မွေ့လျက် မင်းရေးစိုးခွင့် တတ်သိလိမ္မာသော အရည်အချင်းများပြည့်ဝကြပါသည်၊ အရွယ်ကား ရင့်ကျက်တည်ငြိမ်သည့် လူလတ်ပိုင်းမျှသာ ရှိကြပါသေးသည်။

တစ်ဦးက ငြင်းကို သာယာကျွမ်းကျင်စွာ တီးမှုတ်၍တစ်ဦးက စည်းကိုကိုယ်တိုင်ကိုင်၍ သီဆိုသူဖြစ်ပါသည်၊ တပည့်တော်မ အားဂါရဝပြု၍ ချီးမြှောက်သောအားဖြင့် ဘုန်းတော်ဘွဲ့သီချင်း တစ်ပုဒ်ကို ပဏာမ အသုံးတော်ခံလိုက်ပါသည်၊ ထိုကတည်းက တစ်ဆောင်လုံးရှိ ရံရွေတော်များနှင့်တကွ တပည့်တော်မ ပါ ရင်သပ်ရှုမော အံ့ဩလိုက်ကြ

www.burmeseclassic.com



ပါသည်၊ သူ၏ သဒ္ဒါရုံသည် နားဝင်ပီမ့်အောင် ဖွဲ့ဆောင်နိုင်စွမ်းရှိပါဘိသည်၊ သူ့အသံကို ဖွဲ့လမ်းနေကြသည်မှာ ပတ်ဝန်းကျင်ကိုပင်လျှင် မေ့လျော့နေကြပါသည်။

တပည့်တော်မအတွက် ဘုန်းတော်ဘွဲ့မှာ တိုတိုမျှသာဖြစ်ခြင်းကြောင့် သူသီချင်းချလိုက်မှ အဆောင်တော်တစ်ခုလုံး ဟင်းခနဲ သက်ပြင်းချနိုင်ကြပါသည်။

"ယခု ဘုရားကျွန်တော်မတို့ ရွှေနားတော်ဆက်သွင်းမှာက ဝေဠုဝန်ကျောင်းတော်ဘွဲ့ သီချင်းပါဘုရား" ဟု တပည့်တော်မ အား ဂါရဝပြုလိုက်ပြီး ဆက်၍ဆိုလိုက်သည်မှာ –

"ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ" အစချီသော အလွန်ထူးဆန်းသည့် သီချင်းဖြစ်ပါသည်။

အဓိပ္ပာယ်ကား အကြင်သူသည် မွေ့လျော်ပျော်ဖွယ်ရာဖြစ်သော ဗုဒ္ဓသီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတိုက်တော်ကို မမြင်ဖူးချေ၊ ထိုသူသည် တာဝတိံသာနတ်များစွာတို့ ပျော်ပါးမွေ့လျော်ရာဖြစ်သော နန္ဒဝန်ဥယျာဉ်တော်ကို မမြင်ဖူးသောသူဟူ၍ ငါတို့ထင်မှတ်ပါကုန်၏။

အကြင်သူသည် လူအပေါင်းတို့ နှစ်သက်မြတ်နိုးရာ မြတ်စွာဘုရား၏ ကျောင်းတိုက်တော်ဖြစ်သော ဝေဠုဝန်ဥယျာဉ်တော်ကို မြင်ဖူး၏၊ ထိုသူသည် တာဝတိံသာ ဣန္ဒာသိကြား နတ်အများတို့ ပျော်ပါးမွေ့လျော်ရာဖြစ်သော နန္ဒဝန်ဥယျာဉ်တော်ကို မြင်ဖူးသောသူ ဟူ၍ ငါတို့ ထင်ပါကုန်၏။

တာဝတိံသာနတ်များစွာတို့သည် နန္ဒဝန်ဥယျာဉ်တော်ကိုပင် ပယ်ရှားစွန့်ခွာ၍ လူတို့နေရာမြေအပြင်သို့ ဆင်းလာကြကုန်၍ မွေ့လျော်ပျော်ဖွယ်ရာဖြစ်သော ဝေဠုဝန်ကျောင်းတိုက်တော်ကို ဖူးမြော်ကြကုန်လျက် အလွန်အံ့ဩကြကုန်၍ ရောင့်ရဲတင်းတိမ်ခြင်း မရှိကြကုန်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်၏ ဘုန်းကံကြောင့် ဖြစ်သော



ဗုဒ္ဓ၏ သမ္မာရပါရမီ ဂုဏ်တော် တန်ခိုးတော်တို့ဖြင့် တန်ဆာဆင်အပ်သော ဝေဠုဝန်ကျောင်းတိုက်ကြီးကို မြင်ရကုန်သော လူအပေါင်းသည် ရှု၍မငြီးနိုင်ကြလေကုန်။

သီချင်းစာသားကား အလင်္ကာရသ အပြည့်အဝပါရှိပါသည်၊ သီဆိုသူ ပညာရှင်ကလည်း သိထိလ၊ ဓနိတ၊ ဂရု၊ လဟု ပီပြင်လှပါပေသည်။ သံချို၊ သံညှင်း၊ သံပြင်း၊ သံလျော့၊ အပျော့အမာ၊ အဝိုင်းအဝန်း၊ နှာသံ၊ လျှာသံ၊ ဌာန်နှင့်ကရိုဏ်းနှင့် သိုင်းဝင့်သလို နိုင်နင်းလှပေသည်၊ နားပျော်မငြီး အံ့ချီးဖွယ်ရာ တတ်နိုင်ပေသည်။

တပည့်တော်မတို့ အမျိုးသမီးများသည် သူ့ဂီတ သူ့သဒ္ဒါရုံ၌ နစ်မူးမိန်းမောနေကြသလားဟု ထင်ရလောက်အောင် မလှုပ်မယှက်ဖြစ်နေကြသည်၊ သီချင်းဆုံးသွားသည်ကို သတိရကြပြီးမှ ဥက္ကောဋ္ဌေယျ ချီးကျူးကြသည်မှာ တစ်ခဲနက်ပင်ဖြစ်တော့သည်။

"ကဲ–ကဲ၊ အဆိုတော် အဖွဲ့အား ဆုလာဘ်များများ ချီးမြှင့်လိုက်ပါကွယ်၊ ကောင်းပါပေတယ်၊ ကောင်းပါပေတယ်" ဟု သုဘဒ္ဒါအား အမိန့်ပေးလိုက်ပါသည်၊ သူကိုယ်တိုင် နှစ်သက်နေသော သုဘဒ္ဒါကလည်း သဒ္ဒါရက်ရောစွာ ပိုးဖဲကတ္တီပါများ၊ ငွေခွက် ရွှေခွက်များ လက်ခံစေပါသည်။

သီချင်းသည်များ အားရဝမ်းသာစွာ အဆောင်တော်မှ ဂါရဝပြု၍ ထွက်သွားသည့်အခါကျမှ တပည့်တော်မသည် ခေါင်း တဆတ်ဆတ်ညိတ်ရင်း သဘောပေါက်ကာ ပြုံးမိပါသည်။

"မဖုရား ပြုံးတော်မူတာထောက်တော့ အတော်ကြီး နှစ်ခြိုက်အားရရှိပုံရပါတယ် ဘုရား" ဟု သုဘဒ္ဒါက တင်လျှောက်သောကြောင့် တပည့်တော်မမှာ အသံထွက်အောင်ပင် ရယ်လိုက်ရပါသည်။

"သီချင်းကိုကြိုက်တာလည်း ကြိုက်တာပါပဲ၊ ဒီအထဲက ရွှေနန်းကျော့ရှင် ဘုရင်မောင်တော်ရဲ့ ဝဏ္ဏဝုတ္တိပရိယာယ်ကို ချီးမွမ်းမိလို့

www.burmeseclassic.com

www.burmeseclassic.com



ပါ သုဘဒ္ဒါရယ်၊ တကယ်ဆိုတော့ ရွှေညာဏ်ရှင်ပီပီ ဥပါယ်တံမျဉ်သုံးလိုက်တာပေါ့ကွယ်၊ မင်းတို့ မရိပ်မိကြဘူးလား၊ မဖုရားကိုယ်တိုင် ဝေဠုဝန်ဥယျာဉ်ကြီးကို စိတ်ဝင်စားပြီး အလည်အပတ် အရှုမျှော်သွားချင်အောင် သွေးဆောင်သိမ်းသွင်းဖို့ မောင်တော်ကိုယ်တိုင် စီစဉ်လိုက်တာ ဖြစ်ရမယ်"

ဘုရားတပည့်တော်မ ဤသို့ရိပ်မိသည်တိုင်အောင် သီချင်းသံကို ကြားယောင်နေမိပါတော့သည်၊ ထိုနေ့ကစ၍ ရမ္မံ ဝေဠုဝန်ဆိုသည့် သီချင်းကလေးကိုကား တစ်ပိုင်းတစ်စ ဆိုနေကြသည်မှာ လူတိုင်းလိုပင် ဖြစ်ပါသည်၊ တစ်နေ့တစ်နေ့နှင့် ရွှေနန်းဆောင်တွင်သာမက နန်းတွင်းနန်းပြင် ရာဇဂြိုဟ်တစ်မြို့လုံးပင် ထိုသီချင်းက လူတိုင်းနှုတ်ဖျားဝယ် ခေတ်စားလာပါတော့သည်။

ကောလာဟလဆိုသည်မှာ ကြားရဖန်များသော် စိတ်ဝင်စားလာနိုင်သည့် သတ္တိမျိုး ဖြစ်လာတတ်ပါသည်၊ ယုတ္တိမရှိ ယုံဖွယ်မရှိဟု ငြင်းဆန်ပစ်ပယ်နေရာကပင် လူပြောများလျှင် ကြားချင်မြင်ချင်စိတ် ပေါ်ပေါက်လာမြဲ ဖြစ်ပါသည်။

ထိုသဘာဝကို တပည့်တော်မ ကိုယ်တိုင်လည်း ကြံကြံ့မခိုင်ယိမ်းယိုင်လှုပ်ရှားစပြုလာသောကြောင့် နောက်ဆုံးတစ်နေ့တွင် ဗိမ္ဗိသာရမင်းကြီးအား ဝေဠုဝန်ဥယျာဉ်တော်သို့ အကြည့်အရှု ထွက်တော်မူခွင့်ပြုရန် တောင်းပန်လျှောက်ထားလိုက်ရပါတော့သည်။

တပည့်တော်မ ခွင့်တောင်းသောအခါ မဟာရာဇာသည် တပည့်တော်မကို များစွာသောအခြွေအရံတို့ဖြင့် ခြံရံစေလျက် ဝမ်းမြောက်ဝမ်းသာ ဤသို့ အမိန့်တော်ရှိပါသည်။

"စည်းစိမ်ချမ်းသာကြီးလှသောဒေဝီ၊ ဥယျာဉ်တော်ကို ရှုစားချေလော့၊ ဝေဠုဝန်ဥယျာဉ်တော်သည် မျက်စိပသာဒရှိလှ၏၊ အခါခပ်သိမ်း အသရေတို့ဖြင့် တင့်တယ်လှပပေ၏၊ ဗုဒ္ဓ၏ရောင်ခြည်တော်



ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်လျက် ရောင်စုံခြယ်လှယ် ပန်းနွယ်ပန်းရုံတို့ဖြင့်ကျက်သရေရှိလှ၏" ဟု ပြောဆိုတော်မူပါသည်၊ ဘဝရှင်မင်းတရား၏စကားမှာ ဘုရားရှိရာ ကျောင်းတော်တွင်းသို့ရောက်အောင်ဝင်၍ ဗုဒ္ဓသခင်ကို ဖူးမြော်ခဲ့ရန် ရည်သန်သောစကားရိပ်ပါကြောင်း တပည့်တော်မ ကောင်းကောင်းရိပ်မိလိုက်ပါသည်။

ထို့ကြောင့် တပည့်တော်မသည် အဆင်းကို အပြစ်တင်၍ ဟောတော်မူတတ်သော ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်လေ့ရှိသော အချိန်ကိုမှ ရွေးချယ်သတ်မှတ်၍ ဝေဠုဝန်ဥယျာဉ်သို့ သွားပါသည်၊ ဤရွေ့ဤမျှ မိမိ၏အလှကို ဗုဒ္ဓဆိုဆုံးမည့်ဘေးမှ ကင်းဝေးအောင် သတိထားလိုက်မိပါသေး၏။

ဝေဠုဝန်ဥယျာဉ်ကား သီချင်းစာသားအတိုင်း မှန်လှပါသည်၊ ဆန်းကြယ်စွာ ပွင့်၍နေသော ပန်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ ပန်းပွင့်တို့အလယ်၌ ပျံဝဲကာ ပန်းရည်စုပ်သုံးကြသော ပျားပိတုန်းတို့၏ တောင်ပံသံဖြင့်လည်းကောင်း၊ အသံသာစွာ မြည်တတ်ကုန်သော ဥဒြိငှက်တို့၏ သီချင်းသံတို့ဖြင့်လည်းကောင်း တပည့်တော်မ၌ နားမျက်စိအရသာ ခံစားရပါပေသည်၊ ဥဒေါင်းငှက်အပေါင်းတို့၏ ကမြူးလျက်နေသည်ကိုလည်း ချစ်စဖွယ်မြင်ရ၏။

တိတ်ဆိတ်လှစွာ လူသံမကြား၊ လူအများနှင့် ရောပြွမ်းရှုပ်ယှက်မရှိ၊ ပကတိသန့်ရှင်းစင်ကြယ် မွေ့လျော်ဖွယ်သော စင်္ကြံလမ်းတို့ကိုလည်းကောင်း၊ ကုဋီ မဏ္ဍပ် ဇရပ် တန်ဆောင်း ကျောင်းငယ်ကျောင်းလတ် အရပ်ရပ်သော ကြည့်ရှုဖွယ်တို့ကို လှည့်လည်ကာ ကြည့်ရှု၍လည်းကောင်း "သြော် ငါ၏မျက်စိသည် အကျိုးရှိလှပေ၏ တကား" ဟု မှတ်ထင်မိပါ၏။

ထိုသို့အောက်မေ့လျက် ကြည်နူးနေမိစဉ် တစ်နေရာ၌ ငြိမ်သက် စွာ ထိုင်နေသော အသက်နှစ်ဆယ်ခန့် ရဟန်းပျိုတစ်ပါးကို

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်မ မြင်လိုက်ရ၍ ဤသို့စိတ်အကြံဖြစ်မိပါ၏။

"ဤရဟန်းပျိုကလေးသည် အဆင်းတော်က လှပါဘိခြင်း၊ ဤကဲ့သို့ အဆင်းတော်အရွယ်တော်နှင့် ပြည့်စုံသော ယောကျ်ားကလေးသည် ငါးပါးအာရုံ ကာမဂုဏ်၏ အရသာကို စွန့်ပယ်လျက် ဦးခေါင်းကို ပြောင်စွာရိတ်၍ ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ရုံ၍ ဤတောမြိုင်အတွင်း၌ မပျင်းမရိ သတိမဖောက် တစ်ယောက်ထီးတည်းကမ္မဋ္ဌာန်းကိုရှု ရဟန်းပြု၍ နေနိုင်ပေပြီတကား။ လူ့ဘဝ၌ လူတို့မည်သည်မှာ လူတို့ချမ်းသာ ကာမဂုဏ်၏အရသာကို ငယ်စွာပထမ အရွယ်ကသာ ကောင်းစွာခံစား ပျော်ပါးမွေ့လျော်၍ နောက်ခါအိုမင်း ယိုယွင်းသော အရွယ်ရှိပါမှ တရားကိုကျင့်ဖို့ ကောင်းပါလေသည်တကား"

ဤသို့ ရင်ထုမနာ ဖြစ်လိုက်မိပါသည်။

လှပတင့်ရှုန်းသော ရဟန်းပျိုကလေးအတွက် စဉ်းစားရင်းဝေဠုဝန်ကျောင်းတိုက်ဆီသို့ ရှေးရှုလိုက်ပါသည်၊ ထိုသို့ ပြုမူလိုက်ခြင်းမှာ တပည့်တော်မအဖို့ အကြောင်းရှိပါသည်၊ ဗိမ္ဗိသာရမင်းကြီးသည် တပည့်တော်မအား ဗုဒ္ဓကိုယ်တော်ကို ဖူးမြော်ဆည်းကပ်ဖို့ အလွန်လိုလားပါသည်၊ ထို့ကြောင့်ပင် ဝေဠုဝန်ဥယျာဉ်၏ ချီးမွမ်းခန်းဖြစ်သော တေးဂီတကို တခမ်းတနား စီမံခြင်းဖြစ်၏၊ တပည့်တော်မအပေါ်ဝယ် ချစ်ခင်မြတ်နိုးလွန်း၍သာ မင်းအာဏာဖြင့် မခိုင်းခြင်းဖြစ်သည်၊ ယခုကဲ့သို့ ဝေဠုဝန်ဥယျာဉ်သို့ အကြည့်အရှု အလည်အပတ်ရောက်ပါလျက်နှင့် ဗုဒ္ဓကျောင်းတော်အတွင်းသို့ မဝင်မပြုဘဲ ပြန်မည်ဆိုလျှင် ဘုရင်ရွှေနန်းစံသည် တပည့်တော်မအပေါ် မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်နိုင်လိမ့်မည်မဟုတ်ပါ။

အစီအစဉ်ကို တပည့်တော်မ ပြုခဲ့သည့်ကိုယ်၌က ဗုဒ္ဓဆွမ်းခံထွက်ချိန်မှ ဥယျာဉ်တော်လာခဲ့ခြင်း ဖြစ်ပါသည်၊ ယခုအချိန်ကားကျောင်းတော်တွင်းဝယ် ဗုဒ္ဓမရှိတန်ရာ၊ ထိုအခါတွင်ပင် ဝတ္တရား



ကျေပွန်ရုံမျှ ကျောင်းတော်အတွင်းသို့ ရောက်ခဲ့ပါသည်ဆိုနိုင်ရုံမျှသွားကာမတ္တ ဝင်ကြည့်ဖို့ ဖြစ်ပါသည်။

ရှေးဦးစွာ ကျောင်းတော်ကြီးတစ်ခုလုံး ဆိတ်ဆိတ်ညံညံ ရှိလှသည်ဟု မှတ်မိသည်၊ တဖြည်းဖြည်းနှင့် ဗုဒ္ဓသီတင်းသုံးရာ ဂန္ဓကုဋိတော်သို့ အသာချောင်းလျက် စောင်းငဲ့၍ ကြည့်လိုက်သောအခါကားမြွန်းခနဲအားဖြင့် တပည့်တော်မ တစ်ကိုယ်လုံး တုန်ခါသွားမိပါသည်။

တက်သစ်စ နေမင်းကဲ့သို့ ထွန်းလင်းသပ္ပာယ် ရောင်ခြည်သွယ်ဖြင့် တင့်တယ်တော်မူလှသော မြတ်စွာဘုရားကို တပ်အပ်သေချာဖူးမြင်လိုက်ရပါသည်၊ ဘုရားရှင်၏ အပါးတွင်ကား နှိုင်းတုမရချောလွန်းလှသည့် ဒါယိကာမပျိုကလေးတစ်ဦးက ယပ်ခတ်ပေးနေပါ၏၊ မိန်းမတို့သဘာဝ အမျိုးသမီးတို့၏ ဗီဇဝါသနာအတိုင်း တပည့်တော်မသည် ထိုမိန်းမပျိုအား စေ့စေ့သေချာ လှေ့လာကြည့်မိပါသည်။

မိန်းကလေးသည် ရွှေအဆင်းကဲ့သို့ ဝင်းဝင်းဝါဝါ ချောမောလှစွာ၏၊ ပဒုမ္မာကြာပန်းကဲ့သို့ တင့်တယ်လှစွာသော မျက်နှာ၊ မျက်ခုံး၊ မျက်လုံး၊ မျက်စရှိ၏။ နီဖလဲရွှေအဆင်းကဲ့သို့ ခြင်းခြင်းနီသော နှုတ်ခမ်းကလေး၊ သင်းခွေပန်းငုံ စံပယ်ငုံအထွေးကဲ့သို့ ဖြူဖွေးသန့်စင်ရှုချင်ဖွယ်ရှိသော သွားကလေး၊ ယဉ်ကျေးသပ်ရပ် လျှောက်ပတ်တင့်တယ်သော နားရွက်ကလေး၊ ရွှေမုရိုးစည်ပမာကဲ့သို့ ညီညာလုံးပြေလှနေအထား နုထွားဖြောင့်စင်းသော လည်ပင်းလည်တိုင်ကလေး၊ သီးနှ သီးကင်းသဖွယ် တင့်တယ်လှစွာသောရင်သားကလေး၊ ရွှေပွတ်လုံးအလယ်ကဲ့သို့ သေးသွယ်နွဲ့နှောင်း ညွတ်ပျောင်းသော ခါးကလေး၊ ရွှေငှက်ပျောပင်လုံးကဲ့သို့ ချောမောပြေပြစ်လှစွာသော ပေါင်ကလေး၊ ညိုရောင်စိမ်းဖန့် နူးညံ့သော ထဘီကလေးကို ဝတ်ဆင်ကာ နီမြန်းသော အဆင်း ဝင်းဝင်းဝါဝါ နူးညံ့စွာသော တဘက်ပဝါကလေးကို လက်ဝဲတစ်ဖက် ပခုံးထက်၌ စပယ်တင် သိုင်းခြုံလျက် ကြည့်ရှုမဝနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ချောလှနုပျိုစွာသော မိန်းကလေးကိုမြင်၍ မျက်စိအရသာ ရှိလှပါ၏၊ တပည့်တော်မ၏ တစ်သက်တာ၌ ဤရွှေ့ဤမျှ ချောမောလှပ ကြန်အင်္ဂါအဝဝနှင့် လှထိပ်ခေါင်တင်မကလေးမျိုးကို တစ်ကြိမ်တစ်ခါ တစ်ရံတစ်ဆစ်မျှ မြင်ဖူးခဲ့ခြင်းမရှိ၊ ထို့ကြောင့်ပင် အောက်မေ့မိ၏။

"ဗုဒ္ဓကိုယ်တော်သည် တန်ခိုးမကြွယ် သိမ်ငယ်နုတ်ဖွဲ့ ကုသိုလ်ကံနည်းသော ပုဂ္ဂိုလ်မဟုတ်ပေတကား၊ လူအလွန် နတ်တမျှ ငါကိုယ်တိုင် ရင်သပ်ရှုမော အံ့ဩတွေဝေသွားရသော လှကေရီကလေးကပင် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို လိမ္မာယဉ်ကျေးသောအစေခံမကလေးသဖွယ် ရှိသေစွာ ခစားလုပ်ကျွေးနေရပါတကား၊ လောကတစ်ခွင်တွင် ငါသာလျှင် အလှဆုံးဟု သံပဟုံးစုံး ဖက်မဲ့ကြွားခဲ့သည်မှာ ငါ့ကိုယ်ငါ အထင်ကြီးတစ်လုံးနှင့် နေခဲ့ခြင်းသာ ဖြစ်ရပါပြီကော"

တရားတော်နာ ကြွရောက်လာတော်မူကြကုန်သော ဘိက္ခုနီအရှင်မတို့-

တပည့်တော်မသည် ဤသို့တွေး၍ ကြည့်ရှုငေးမောနေစဉ်အခိုက် ထိုမိန်းကလေးသည် ကြည့်ရင်းကြည့်ရင်း အဆင်းတစ်မျိုး အသွင်ဆိုးလျက် အရိုးအကြော ပေါ်ပေါ်ပေါ်ထွက် ရုပ်ရည်ပျက်၍မျက်စိ နားနှာ ရုပ်ဝါချွတ်ယွင်း အိုမင်းခြင်းသို့ရောက်သဖြင့် ဟောက်တောက်ခွက်တက် နက်သောမျက်တွင်းများ ကျိုးသောသွားနှင့် ပါးရေတွန့်လိမ် ဖြူသောဆံပင် ရှုချင်စဖွယ်မရှိ ပကတိမဟုတ် ရုပ်ဖောက်ပြန်၍ သွားပါ၏။

ထိုမိန်းကလေး၏ တစ်ကိုယ်လုံးကို ကြည့်ရှုသော ခဏကလေးအခါက မြင်ရသော အဆင်းရုပ်ဝါတို့သည် ဘာတစ်ခုမျှ မရှိတော့ပြီ၊ ထို့ထက်တစ်ဆင့် မြင်ပြန်သည်ကား ကျိုးသောသွား၊ မဲ့ခွက်သော နှုတ်ခမ်း၊ ဖြူဖွေးသောဆံပင်၊ အရေမျှဖြင့် တွဲလျားကျသော ရင်သား၊ အရိုးအကြော ပေါ်ပေါ်ပေါ်ထွက်သောခါး၊ ပျက်ပြားချွတ်ယွင်း အိုမင်း



သော မိန်းမကြီးဖြစ်၍ အလုံးစုံသော အင်္ဂါကြီးငယ်တို့တွင် ရှုချင်ဖွယ် တစ်စုံတစ်ခုကိုမျှ မမြင်၊ ညွတ်ကိုင်းသောကိုယ်ဖြင့် တုန်လှုပ်၍ တုတ်တောင်ဝှေးကို ကိုင်စွဲလျက် တွဲခေါ်သောအဖော်ရှိမှ တုန်တုန်လှုပ်လှုပ် ထ၍ သွားနိုင်ပါ၏။ ထိုသို့ တုန်တုန်လှုပ်လှုပ် တုတ်တောင်ဝှေးကို စွဲကိုင်လျက်သွားနေရာမှ လဲကျသွားသဖြင့် မထနိုင်ဘဲ တလူးလူး တလွန့်လွန့်နေသော သူအိုမကြီးကို တပည့်တော်မ မြင်ရသဖြင့် ကြက်သီးမွေးညင်းထအောင် ထိတ်လန့်၍လာပါ၏။

ထိုအခါ၌ မဟာကရုဏာတော်ရှင် ဗုဒ္ဓသခင်သည် တပည့်တော်မအား ဤစကားဖြင့်စ၍ ဓမ္မဂါထာကို ဟောတော်မူလိုက်ပါသည်။

"အဆင်းရုပ်ဝါ ချောလှစွာသည့် ခေမာမည်ခေါ် သမီးတော်-

နာကျင်တတ်စွာသော၊ မစင်မကြွယ် ရွံရှာဖွယ်ရှိသော၊ အပုပ်အတိဖြစ်သော၊ အရိုးအကြောတို့ဖြင့် ဖွဲ့ဆက်စိုက်ထောင်၍နေသော၊ အထက်သို့လည်း အန်ထွက်လာတတ်သော၊ အောက်သို့လည်း ယိုစီး၍ကျတတ်သော၊ အမိုက်မတို့သည် ဖြီးလိမ်းဝတ်ဆင် တပြင်ပြင်တသသ ခင်မင်ကြသော ဤကိုယ်ကောင်ပုပ်ကြီးကို ဟုတ်တိုင်းမြင်အောင် အကုန်အစင် ကြည့်ရှုလေလော့"

တရားတော်နာ ကြွလာတော်မူကြကုန်သော ဘိက္ခုနီအရှင်မတို့-

ဗုဒ္ဓ၏စကားသည် ရုပ်မြင်သက်သေနှင့်ဟောပြသော စကားများဖြစ်ပါ၏၊ တပည့်တော်မသည် ငိုက်မျဉ်းနေသောသူအား ကျောကို ပုတ်၍ လှုပ်နှိုးလိုက်သကဲ့သို့၊ မိန်းမူးမေ့မြောနေသူအား ဆေးဝါးတို့ဖြင့် နှာနှပ် ကုမ လိုက်သကဲ့သို့ စိတ်မှလွင့်ကွာ မျောပါနေသော သတိသည် ရုတ်ခြည်း ပြန်လည်ကပ်ရောက်လာခဲ့ရပါသည်။

"ချစ်သမီးခေမာ၊ တလွန့်လွန့်တလူးလူးနေသော သူအိုကြီး၏ ကိုယ်ကဲ့သို့ ချစ်သမီး၏ကိုယ်သည်လည်း ရင့်ရော်အိုမင်းခြင်း သဘောတရားပင် ဖြစ်၏၊ ဤသူအိုမကြီး၏ ကိုယ်သည်လည်း ရှေးအခါက

www.burmeseclassic.com

www.burmeseclassic.com



အလွန်လှ၏၊ ယခုအခါ၌ကား ကြည့်ဝံ့စရာမရှိ၊ ကြောက်မက်ဖွယ် ထိတ်လန့်ရွံရှာဖွယ်ဖြစ်၍နေ၏၊ ဤကိုယ်၏အတွင်းကို လည်းကောင်း၊ အပကိုလည်းကောင်း အကုန်အစင် ဟုတ်တိုင်းမြင်အောင် ဆင်ခြင် ကြည့်ရှု၍ ဤကိုယ်၌ ဖြီးလိမ်းဝတ်ဆင် တပြင်ပြင် တသသ တမမ တကြွကြွ အလှစုံမက် နှစ်သက်မြတ်နိုး၍ မနေလင့်၊ အရိုးအကြော အသားအရေ တစ်ခုတခြားနေအောင် ခွဲဝေကြည့်ရှု အာရုံပြု၍ အသုဘ သညာ ဖြစ်ပါစေလော့၊ မြတ်နိုးခင်တွယ်ခြင်းကို စွန့်ပစ်ပါလော့၊ ခင်တွယ်မြတ်နိုးခြင်း လွတ်ကင်းလျှင် အေးငြိမ်းချမ်းသာ ငြိမ်သက်စွာ သော နိဗ္ဗာန်ကိုရောက်ရလတ္တံ့၊ အကြင်သူတို့သည် ပင့်ကူမျှင်ကို ပြုလုပ်သော ပင့်ကူကောင်သည် မိမိပြုလုပ်သော ပင့်ကူမျှင်ကို အစဉ် လိုက်၍ လျှောက်သွားသကဲ့သို့ မိမိကိုယ်ကို ဖြီးလိမ်းဝတ်ဆင် တပြင် ပြင်နေသော အဆင်းရုပ်ဝါ တဏှာအမှုကို အစဉ်လိုက်၍ နေကြကုန်၏၊ တဏှာမဖက် ငဲ့ကွက်ခြင်းကင်းသော ပညာရှိတို့သည် ကာမချမ်းသာကို စွန့်၍ ရဟန်းပြုကြကုန်၏"

ဤကဲ့သို့ ဗုဒ္ဓသခင်သည် တပည့်တော်မအား ဟောကြားဆုံးမ တော်မူပါ၏။

"ကာမရာဂ မိုက်မှောင်ကျ၍ ယွင်းခွဖောက်ပြား အထင်မှား လျက် ဘုရားရှင်ကို မမြင်လိုဘဲ ကိုယ်ကိုပြုပြင် တန်ဆာဆင်လျက် တပြင်ပြင် တသသ တကြွကြွနှင့် မိုက်မှောင်ကျနေသော အမိုက်မ ခေမာ ကို အရှင်ဘုရားသည် လိမ္မာသိမြင် တရားထင်အောင် ပုံသွင်ဆန်းကြွယ် နည်းဥပါယ်ဖြင့် ချစ်ဖွယ်ရွံ့ဖွယ် နှစ်သွယ်နှစ်ဝ ရုပ်ပုံပြ၍ ဆုံးမတော် မူတတ်ပါ၏ မြတ်စွာဘုရား၊ တပည့်တော်မသည် အရှင်ဘုရားအား ရိုသေစွာ ရှိခိုးပါ၏၊ အိုခြင်း နာခြင်း သေခြင်းကင်းရာ နိဗ္ဗာန်ခေမာ သို့ တပည့်တော် ဘိက္ခုနီပြု ရှေးရှုပါတော့အံ့"

ဗုဒ္ဓသခင်အား ဤသို့ လျှောက်တင်ပြီးလျှင် အဆောတလျင်



နန်းတော်သို့ ဝင်ခဲ့ပါသည်၊ ဘုရင်မင်းတရားသည် တပည့်တော်မ၏ လှုပ်ရှားပုံကို အကဲခတ်၍ လေးမြတ်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

"အဘယ်သို့ရှိသနည်း ခေမာဒေဝီ၊ ဝေဠုဝန်သည် ပျော်ဖွယ် အတိမဟုတ်ပါလော"

"ရွှေဘုန်းတော်ကြီးလှသော ထီးတစ်ရာ့ကန်တော့ခံဘုရား၊ ကျွန်တော်မသည် ဝေဠုဝန်၏ နှစ်လိုဖွယ်အတိကို အမြိုက်အရသာနှင့် တကွ ခံစားသုံးဆောင်ခဲ့ရပါပြီ၊ အရှင်ဘုရားအား ကျွန်တော်မ တောင်းပန်ပါ၏၊ မဟာရာဇာခွင့်ပြုတော်မူကြားအံ့၊ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုတော့အံ့၊ အဆင်းရုပ်တရား၌ လွန်စွာငြီးငွေ့ လှပါ၏"

တပည့်တော်မက ဤသို့ရဲရင့်ပြတ်သားစွာ လျှောက်ကြားလိုက် သောအခါ ဘုရားၒယကာဘုရင် တပည့်တော်မ၏သခင်သည် ကြည်လင်ဝမ်းမြောက်၍ မဆုံးသောအပြုံးဖြင့် ပြုံးပြလိုက်ပါသည်၊ ထိုသို့ ပြုံးရုံမျှမက တပည့်တော်မအား အတိုင်းထက်အလွန် ကြည်ညို လေးစား ခံ့ညားရှိသေလာပုံရပါသည်၊ သူ၏ဂါရဝမှာ တပည့်တော်မ ၏ ကိုယ်ကာယအပြင်အပနှင့်မဆိုင်၊ မယိမ်းမယိုင် ခိုင်မာသော အတွင်းသဘော ယောနိသောမနသိကာရကိုရှိသေပူဇော်နေဟန်ရှိပါ၏။

ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် –

"အရှင်မခေမာ၊ ရဟန်းပြုခြင်းကိုဝမ်းမြောက်ဝမ်းသာ ခွင့်ပြုပါ ၏၊ အရှင်မ၏ ရဟန်းအဖြစ်သည် ပြည့်စုံပြီးမြောက်ပါပေသတည်း" ဟု လက်အုပ်ချီတင်၍ ပူဇော်ခြင်းပင် ပြုလိုက်ပါတော့သည်။

တပည့်တော်မသည် အရှင်သခင် လင်ယောကျ်ားက လက်အုပ် အချီခံရသော တစ်ဦးတည်းသော အမျိုးသမီးဖြစ်ကြောင်း တုန်လှုပ်သွား အမှတ်ပြုလိုက်မိပါသည် အရှင်မတို့ဘုရား။

(ခေမာထေရီအပဒါန်)

www.burmeseclassic.com

www.burmeseclassic.com




စကားဝါပန်းကလေးက အောင်မဲညိုပွင့်ကလေး ဖြစ်သွားတာများ မြင်ဖူးကြရဲ့လား ရှင်တို့ရယ်။

သဘာဝမကျ တောက်တီးတောက်တဲ့ မဟုတ်တမ်းတရားတွေ ကျွန်မ ပြောနေတာမဟုတ်ပါဘူး၊ တကယ်ဖြစ်သွားတာကို ကျွန်မ ကိုယ်တိုင် ရင်တမမနဲ့ မြင်နေရပါတယ်၊ မချိတင်ကဲ မမြင်ဘဲမဖြစ် မြင်နေရတဲ့အခိုက်အတန့်ကြုံနေလို့ ပြောရတာပါ။

ကြည့်လိုက်စမ်းပါအုံး၊ ကျွန်မရဲ့သားကလေးကို။

မနေ့တစ်နေ့က ကျွန်မရဲ့သားကလေးဟာ စကားဝါအသွေးလို လန်းဆန်းဝင်းဝါ စိုစိုပြည်ပြည် အရေအရောင်ရှိခဲ့တာ အမှန်ပါပဲရှင်၊ ဟော–ဒီနေ့ ဒီအချိန် ဒီအခိုက်အတန့်မှာတော့ သားကလေးရဲ့ တစ်ကိုယ်လုံးဟာ အောင်မဲညိုပွင့်ကလေးလို ညိုညစ်ညစ် ပြာနှမ်းနှမ်း ဖြစ်နေရှာပါပကော။

www.burmeseclassic.com

www.burmeseclassic.com



အသားအရေ ဝါရာက ပြာလာတာ မဟုတ်သေးပါဘူး၊ မမှေး မမှိတ်နိုင်တဲ့ မျက်လုံးကလေးနှစ်လုံးမှာ သူငယ်အိမ်အနက်ကွက်ကလေး များ အထက်တက်ပြီး မျက်ဖြူလန်နေရှာတာက ကျွန်မရဲ့အသည်းတွေ အူတွေ ပြောင်းပြန်ဖြစ်နေရသလိုပါပဲ၊ ချစ်စရာကောင်းအောင် တွတ်တီ ပါလီ တီတီတာတာပြောတတ်တဲ့ နှုတ်ခမ်းပါးကလေးဟာလည်း တစ်ချက်တစ်ချက် ရွဲ့ရွဲ့တက်သွားတာကဖြင့် မမြင်ဝံ့ဘူး၊ မမြင်ရက် ဘူး၊ မမြင်ချင်ဘူး။ ဒါလောက် ဒုက္ခဝေဒနာကို ခံစားနေရရှာတာ မြင်ရမယ့်အစား ကျွန်မမျက်စိ စုံလုံးကန်းနေတာက ပိုပြီးသက်သာ လိမ့်မယ်ထင်ပါရဲ့။

ဒါပေမဲ့ မကြည့်ဘဲလည်း မနေနိုင်ဘူးလေ၊ သူလူ့ပ်ရှားသမျှ သူခံစားနေရသမျှ ကျွန်မက မျက်တောင်မခတ် ရင်တလှပ်လှပ်နဲ့ ကြည့်နေရပြန်တယ်၊ သူ့အစား ကျွန်မသာခံလိုက်ပါရစေ၊ သူသေမယ့် အစား ကျွန်မသေလိုက်ပါရစေ။

ဒီကြားထဲ ကျွန်မအနားက စကားသံတစ်ခု ပေါ်လာပါတယ်။

"ဘယ့်နှယ်လဲ ဆရာကြီးရယ်၊ ကျွန်တော့်သားကလေး အသက် ရှင်ရေး ရှိပါသေးရဲ့လား"

ကျွန်မယောကျ်ားအသံဟာ ကျွန်မရဲ့အသည်းအဆုတ်ကို ဆွဲလှုပ်လိုက်သလိုပါပဲ၊သူ့စကားထဲမှာ ဝမ်းနည်းတာပါသလို ဒေါသ ဆောင်နေတဲ့ အရိပ်အရောင်လည်း ရောပြွမ်းနေပါတယ်၊ ဝမ်းနည်းတာ က သူ့သားရဲ့အဖြစ်၊ အပြစ်တင်တာက ကျွန်မကိုဆိုလိုကြောင်း ကောင်းကောင်းကြီး ကျွန်မ ရိပ်မိပါတယ်၊ကျွန်မကလည်း ကလေးထိန်း ကို ယုံပြီး ပုံအပ်မိပေသကိုး၊ ဒါကြောင့် သူ့မေးခွန်းဟာ ကျွန်မကို ထိတ်လန့်စေပါတယ်၊ ချောက်ချားစေပါတယ်၊ စိတ်အားငယ်ပြီး ကိုးကွယ်ရာမဲ့စေပါတယ်၊ ဒီသားကလေးသာသေရင် ကျွန်မဘယ်အခြေ အနေကို ရောက်သွားရလိမ့်မယ်ဆိုတာ ကျွန်မသိထားရသကိုး။



ဆေးဆရာကြီးက ဖြုန်းခနဲ ပြန်မဖြေသေးပါဘူး၊ သားကလေး ရဲ့ ဝေဒနာကိုသာ ချီတုံချတုံ အကဲခတ်နေပါတယ်၊ သူဒီလိုနေတဲ့ အချိန်ကလေးမှာ ကျွန်မ အသည်းတထိတ်ထိတ်နဲ့ သူ့မျက်နှာကို ကြည့်နေတဲ့ ဒုက္ခဟာ ဘယ်လောက်ပြင်းထန်တယ်ဆိုတာ ကျွန်မသာ သိပါတယ်။

"ဘုရား–ဘုရား၊ မကြားဝံ့ မနာသာ အမင်္ဂလာများတော့ ထွက်မလာပါစေနဲ့"

မိခင်ဟူသမျှ သားအတွက် ပူရတာပဲလို့ ဆိုကြမှာပေါ့။

မိခင်ဟူသမျှ သားကို ချစ်ကြတာ ဓမ္မတာလို့ ပြောမှာပေါ့။

သားကို မိခင်တို့ရဲ့ အသည်းနဲ့နှိုင်းတယ်၊ နှလုံးသည်းပွတ်နဲ့ နှိုင်းတယ်၊ မျက်လုံးနဲ့နှိုင်းတယ်။

အဲသည်မိခင်တွေနဲ့ ကျွန်မအဖြစ်က မတူပါဘူး၊ သူတစ်ပါး မိခင်က အသည်းနှလုံးနဲ့နှိုင်းရင် ကျွန်မကတော့ ကျွန်မဘဝတစ်ခုလုံးနဲ့ နှိုင်းလိုက်ရတော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဘဝရဲ့ တည်တံ့ ရေးဟာ ဒီသားကလေးတစ်ဦးတည်းအပေါ်မှာသာ တည်နေလို့ပါပဲ၊ သူသေရင် ကျွန်မပါလိုက်သေရင်သေ၊ မသေရင် ကျွန်မဘဝ တစ်လျှောက်လုံး အချည်းနှီး ဆိတ်သုဥ်းသွားဖို့ပဲရှိတော့တယ်၊ အပြော ကျယ်တဲ့ သံကန္တာရထဲ တဝဲလည်လည်နဲ့ လျှောက်ဖို့ပဲရှိတော့တယ်၊ ဒါကြောင့် သားကလေးရဲ့ သေရေးရှင်ရေးဟာ ကျွန်မအဖို့ ပူဆွေး ကြင်နာနေရုံလောက်သာမကသော ကျွန်မရဲ့သေရေးရှင်ရေးပါ ဖြစ်နေပြီဆိုတဲ့အကြောင်း ပြန်ပြောင်းလို့ သတိရတာတွေ အများကြီး ရှိပါတယ်။

* * *

ကျွန်မဘဝကို လက်ဦးဆုံးပြောရရင်ကျွန်မဟာ မိန်းမဆိုပေမဲ့ သူတကာလို တောင့်တောင့်တင်းတင်း ဖွံ့ဖွံ့ဖြိုးဖြိုး ပဿာဒကို

www.burmeseclassic.com

အားမကိုးနိုင်တဲ့ ငါးဖောင်ရိုးလို ပိန်ပိန်ကပ်ကပ် ပါးပါးလှပ်လှပ် ကိုယ်ခန္ဓာပိုင်ရှင်ဖြစ်ပါတယ်၊ ယောကျ်ားတကာ စွဲမက်စရာကောင်းခြင်း ငါးဖြာ မဖြစ်တဲ့အပြင် အပြစ်ခြောက်ပါးထဲမှာ တစ်ပါးအပါအဝင် အလွန်ကြုံလှီခဲ့သူပါပဲ၊ ဒါကြောင့် ကျွန်မခင်ပွန်းကအစ တစ်မြို့လုံးက ငါးဖောင်ရိုးမ လို့ ချိုးချိုးဖွဲ့ဖွဲ့ ခေါ်ကြတာကို အောင့်သက်သက်နဲ့ ခံခဲ့ရပါတယ်ရှင်။

ကြည့်လိုက်ပါအုံး၊ကျွန်မယောကျ်ားကျတော့ ဖွံ့ဖွံ့ဖြိုးဖြိုး စိုစို ပြည်ပြည် ရှိရုံမဟုတ်၊ ရုပ်ကလည်း ချောချောခန့်ခန့် သန့်သန့်စင်စင် အလွန်တရာပဲ မွန်ရည်နေပါတယ်၊ ဒါကြောင့် လင်နဲ့မယား ရှေ့သွား နောက်လိုက် ညီဖို့ထားလို့ မယားနဲ့မှမတူ၊ အိမ်သူအစေခံတမျှပဲလို့ ဓာတ်မသိသူများက ယူဆထားကြပါတယ်။

ကျွန်မရဲ့ကိုယ်လုံးကိုယ်ပေါက်ကသာ ချူချာတာလားလို့မေး၊ မဟုတ်သေးပါရှင်၊ ကျွန်မရဲ့မိဘများကိုယ်တိုင် အရင့်အရင် ကျွန်မမမွေး ခင်က ချမ်းသာခဲ့ကြပေမဲ့ ကျွန်မကို မွေးတဲ့အချိန်မှာ ကုန်းကောက်စရာ မရှိလောက်အောင် ဆင်းရဲခဲ့ကြပါတယ်၊ ကျွန်မခင်ပွန်းသည် မိဘများ ကတော့ တစ်မြို့လုံးမှာ ထင်ရှားခဲ့တဲ့ ကြေးရတတ် လူချမ်းသာကြီး တွေပေါ့။

ကဲ–ဒီတော့ ရုပ်ကလည်း ကျောနဲ့ရင် မှားရအောင် ပါးလှပ် လှပ်၊ တစ်ပြားတစ်ချပ်မှ မချမ်းသာတဲ့ အမျိုးသမီးနဲ့ ငွေချမ်းသာ လူရုပ်ချော ထင်ပေါ်ကျော်စောတဲ့ သူဌေးသား ဘယ်လိုများညားကြ ပါလိမ့်လို့ တွေးစရာပါပဲ၊ အင်း– မေတ္တာဆိုတာ ရုပ်မရွေး ဂုဏ်မရွေး အချစ်ပင်အချစ်ညွှန့်ပေါက်တတ်တာပဲလို့ ပြောကြမလား၊ ဒီလိုများ မထင်လိုက်ကြပါနဲ့ရှင်၊ ပါစင်အောင် လွဲပါလိမ့်မယ်၊ ကျွန်မယောကျ်ား ကတော့ ကျွန်မအပေါ်မှာ မညားခင်ကတည်းက ရွှေမေတ္တာတစ်ပဲသားမှ မရှိတာ သိသိသာသာ ပြောဝံ့ပါတယ်။



ဒါဖြင့် ဘာဖြစ်လို့ ညားကြရသလဲလို့ မေးရင်

သူ ကျွန်မကို ယူရတာ သူ့မိဘသြဇာကြောင့်ပါပဲလို့ ဖြေလိုက် ပါရစေတော့။

တိုတိုနဲ့လိုရင်းပြောရမယ်ဆိုရင် တစ်ခါတုန်းက သူ့မိဘများရဲ့ ငွေကြေးအမြောက်အမြားဟာ မီးသွေးတွေဖြစ်ကုန်ခဲ့ပါတယ်၊ ဆိုကြ ပါစို့၊ ငွေအမြောက်အမြားနဲ့ မီးသွေးကုန်တွေကို အရင်းအနှီး ပြုထား မိတယ်ပေါ့၊ ဒီကြားထဲ အရောင်းအဝယ် အခြေအနေမဟန်တော့ ငွေပြန်မပေါ်ကြဘူး၊ သူ့မိဘများကလည်း ငွေရှင် ကြေးရှင်တို့သဘာဝ အတိုင်း ငွေဆိုရင် စုံရေမက်မြဲရှိလေတော့ ငွေအရင်းမြုပ်နေတာ ဒုက္ခကြီးတစ်ခုရယ်လို့ မစားနိုင် မသောက်နိုင် လောဘဇောမီးရှိန်ဟပ် ပြီး မတ်တတ်နာ စွဲတော့မလောက် ဖြစ်နေကြတုန်းပေါ့။

ကျွန်မကတော့ မိဘများဆင်းရဲနေတဲ့အတွက် အရောင်းအဝယ် နဲ့ပဲ ထမင်းတစ်ဝမ်းရှာစားခဲ့ရသူဖြစ်လေတော့ သူတို့မီးသွေးတွေကို ရွာနီး ချုပ်စပ် မြို့ရောနယ်ပါဆင်းပြီး စပ်ဟပ်ရောင်းချပေးရပါထယ်၊ ဒီကြားထဲက ပွဲခကလေး ဘာကလေးစားရတာပေါ့ရှင်၊ တစ်နေ့တော့ ကျွန်မ လှည့်လည်စပ်ဟပ်ရောင်းချပေးတဲ့ မြို့တွေမှာ မိုးရွာရေကြီးတဲ့ ဘေးက လွှမ်းမိုးလာပါတယ်၊ တစ်ရက်လည်းရေမဆင်း၊ မိုးကလည်း အဆက်မပြတ် ရွာထားလေတော့ ပန်းပဲ ပန်းတဉ်း ပန်းထိမ် အိုးထိန်း စတဲ့ အလုပ်သမားတွေမှာ မီးသွေးပြဿနာ အရေးကြီးပေါ်လာပါ တယ်၊ ဒီတစ်ခါမှာ ကျွန်မယောက္ခမလောင်းများရဲ့ မီးသွေးတွေကိုကုန် လောက်အောင်ရောင်းပြီး ဈေးကောင်းကောင်းမိလိုက်တဲ့အတွက် သူတို့ ငွေပင်ငွေရင်းတွေဟာ အမြတ်အစွန်းနဲ့တကွ ပေါ်လာခဲ့ရပါတယ်၊ တစ်နည်းအားဖြင့်ပြောရလျှင် သူတို့ရဲ့မီးသွေးတွေဟာကျွန်မရဲ့လက်ထဲ မှာ ရွှေဖြစ်သွားတယ်ပေါ့။

အဲသလို စွမ်းစွမ်းတမံ မိန်းမတန်မဲ့ စီးပွားရေးအရာကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် ငွေတစ်ခုတည်းသာ မျက်နှာရွေးကြတဲ့ သူဌေးရဲ့မျက်စိမှာ အလိမ္မာအိမ်ပါတဲ့ အမေ့ရွေးမရယ်လို့ ဘွဲ့အပ်လိုက်တာပါပဲ၊ ကျွန်မရဲ့ရုပ်ရည်ပသာဒကို ဘာမှ မနှစ်ခြိုက်ပေမဲ့ မိဘအလိုကိုလိုက်၊ မိဘအကြိုက်ကိုဆောင်၊ မိဘညွှနာခံခဲ့တဲ့ သားကောင်းရတနာပီပီ ကျွန်မကို လက်သင့်ခံခဲ့တာပဲလို့ ဆိုကြပါစို့။

ကျွန်မအဖို့မှာတော့ ကိုယ့်ထက် အစစအရာရာ သာလွန်မြင့်မြတ်တဲ့ လင်ယောကျ်ားတစ်ယောက်ကို ကံအားလျော်စွာ ရခဲ့တာမို့ ခေါင်းကဆံပင် ရင်ကအသည်း ခွဲပေးနိုင်လောက်အောင် ချစ်ခဲ့မိသပေါ့၊ သူ့ရဲ့ ယုယကြင်နာမှု၊ ကြည်ဖြူမှု၊ သဒ္ဓါမြတ်နိုးမှုရဖို့ကိစ္စနဲ့ပတ်သက်ရင် မယားတို့၏ ဝတ္တရားငါးပါးက အပါးငါးဆယ်ပဲဖြစ်ပါစေ၊ ငါးရာပဲဖြစ်ပါစေ၊ မညည်းမညူ အလိုက်တသိ ကိုယ်ဖိရင်ဖိ ပြုစုဆောင်ရွက်ခဲ့ပါတယ်၊ အဲသလို မျက်နှာလိုမျက်နှာရ သူ့အလိုကျ ဖြစ်ရအောင် အိမ်မှုဝေယျာဝစ္စ ကရိကထ ပင်ပန်းနေတဲ့ကြားက သူ့မျက်နှာထားရွှင်လန်းနေတာများ မြင်လိုက်ရတယ်ဆိုရင် ဒုက္ခတွေမေ့ပြီး အမောကိုပြေသွားခဲ့ရပါတယ်၊ သူ့ဆီက ချိုချိုသာသာ ပီယဝါစာကလေးများကြားလိုက်ရရင်ပဲ ကမ္ဘာပေါ်မှာ အသာယာဆုံးဆိုတဲ့ အသံသဒ္ဒါရုံဟာကာမပိုင်လင်ယောကျ်ားရဲ့ နှုတ်ခမ်းကလေးတစ်ခုထဲမှာသာ စုဝေးနေကြပါကလားလို့ တွေးလိုက်မိပါတယ်၊ အဲသည်ကတစ်ဆင့်တက်ပြီး ကာယသံသဂ္ဂအဖြစ်နဲ့ အချစ်ရေယှက်၍ပွေ့ဖက်ယုယခြင်း ခံယူလိုက်ရတဲ့အခါများမှာတော့ ဘဝင်မှာပီတိဟပ်ပြီး ရင်တလှပ်လှပ် နှလုံးသွေးတဆတ်ဆတ် သောမနဿဝေဒနာဖြစ်ရတဲ့အထိ သာယာကြည်နူးမိပါတယ်လို့ ဝန်ခံပါရစေတော့ရှင်။

အဲသလောက် ကျွန်မစိတ်မှာ အချစ်ညွှန့် အချစ်ဩဘာက်ပေါက်ခဲ့ရသော်လည်း သူကတော့ ဝတ်ကျေတမ်းကျေသာ မိဘရဲ့ညွှနာကိုပယ်တယ် မဆိုနိုင်ရုံကလေး ကျွန်မကိုသဘောထားနေပါတယ်။



ဩော်– မိန်းမ မိန်းမ၊ ဣတ္ထိယဆိုတဲ့ မိန်းမတို့ရဲ့ ဇာတ်၊ မိန်းမတို့ရဲ့ဘဝဟာ အရာရာမှာ အောက်ကျနောက်ကျ နိမ့်ပါးရပါကလား။

လူ့တို့ရဲ့ထုံးစံ လူ့ဥပဒေသက စွန့်အပ်သော မယားအပြား ငါးယောက်ရယ်လို့ ရှိပြန်သတဲ့ရှင်။

၁။ အမျိုးတို့၏အကျင့်ကို ဖျက်ဆီးသော မိန်းမ၊

၂။ သယောက်မျောက်မ ထားသော မိန်းမ၊

၃။ နုသောမိန်းမ၊

၄။ သမီးမိန်းကလေးသာ အများအပြား ဖွားသောမိန်းမ၊

၅။ သားသမီး မမွေး၊ မြုံသောမိန်းမ–တဲ့။

အဲသည့်အထဲမှာ အကျင့်ပျက်စီးတဲ့မိန်းမနဲ့ သယောက်လင်ငယ်ဖောက်ပြားတဲ့မိန်းမတော့ လူမကြိုက် နတ်မကြိုက် အကုသိုလ်စရိုက်စာဂမို့ အပြစ်ထားပါတော့။

ကိုးဆယ့်ခြောက်ဖြာသော ဝေဒနာကို ဘယ်သတ္တဝါမှ မပိုင်၊ က စိတ် ဥတု အာဟာရ သဘာဝဗျာဓိသဘောကိုရယ်လို့မှ မသက်ညှာနိုင်တာဟာ ယောကျ်ားတို့မည်သည် မွေးရင်ပန် နံရင်ပစ်ဆိုတဲ့ သစ္စာတရား ပိုင်ရှင်များပါကလားလို့ စဉ်းစားစရာ အင်မတန်ကောင်းပါတယ်။

ကဲ– ဒါက ဝေဒနာမို့ နုနာကို ထားလိုက်ပါအုံး။

သမီးမိန်းကလေးများကိုသာ ဖွားတတ်တဲ့ မိန်းမသားကျတော့ကောရှင်၊ အကျင့်ဖောက်ပြား ယွင်းမှားတာများရှိလို့လား၊ ဇာတိပဋိသန္ဓေကို လူသားတစ်ဦးတစ်ယောက်က မိမိသဘောအလျောက်ပြုပြင်စီရင် ဖန်တီးယူလို့ ရကောင်းစရာ ကိစ္စပါလားလို့ မေးလိုက်ချင်ပါတယ်၊ သဘာဝက ပေးသမျှကို အပြစ်ကင်းမဲ့စွာ လက်ခံရတဲ့မိန်းမခများကို ယုတ်နိမ့်တယ်လို့ အစွပ်အစွဲခံရတော့မှာလား၊ အဲသည့်အတိုင်းပဲ၊ သားသမီးမမွေးဘဲ မြုံတယ်ဆိုတဲ့ မယားတစ်ယောက်ကိုကော

www.burmeseclassic.com

www.burmeseclassic.com



မယားဝတ္တရားဘယ်မျှကျေကျေ စိတ်စေတနာဘယ်လောက်ကောင်းကောင်း ရောင်းမကုန်တဲ့ ဟင်းရွက်ကန်စွန်းအသိုးအပုပ်လို စွန့်ထုတ်ခြင်းခံရတော့မှာလားရှင်။

ဒါတွေကို သတိရလို့ တွေးနေတာက ကျွန်မရဲ့ကိုယ်ရေးနဲ့ ပတ်သက်ခဲ့လို့ပါပဲ။

ကျွန်မကိုယ်တိုင် သားတစ်ယောက်မိခင် အလွန်အမင်း ဖြစ်ချင်ခဲ့ပါတယ်၊ အကြောင်းကတော့ မရေမရာသော ခင်ပွန်းသည်ရဲ့မေတ္တာကို သံယောဇဉ်တစ်ထပ်ကာဖို့ပါပဲ၊ သားသမီးမရတဲ့ မိန်းမတိုင်းကို လင်သည်ဖြေက အကြင်နာတရား ပါးရှားရုံမက တရားဝင်စွန့်ပစ်နေကြတာဟာ ကျွန်မရဲ့မျက်စိအောက် နားအောက်မှာ တွေ့နေရကြားနေရတာ များလှပါဘိ၊ ကျွန်မလို ပိန်ကပ်ကပ် ချူနာနာမယားမျိုးကို ထားတော့၊ အသားအရေ စိုစိုပြည်ပြည် နဂိုနေ တောင့်တင်းတဲ့ မိန်းမတွေတောင် မျက်ရည်သုတ်ပြီး တရှုပ်ရှုပ်ငိုရင်း အိမ်ပေါ်က ဆင်းသွားကြရတာ မြင်နေရတာမို့ ကျွန်မလို ငါးဖောင်ရိုးမအတွက် ရတက်မအေးနိုင်အောင် ရှိရပါတယ်။

ဒါကြောင့် သားသမီးဆိုတဲ့ ဆုလာဘ်ကိုရဖို့ နေ့စဉ်နှင့်အမျှ တောင့်တခဲ့ပါတယ်။

ဒေဝတာများကိုလည်း ဗလိအမျိုးမျိုးနဲ့ ရှိခိုးပူဇော်ဆုတောင်းခဲ့ရပါတယ်၊ ဂါထာမန္တရား ဆေးဝါးပညာရှင်ဆိုလျှင်လည်း သူတို့ထံ ခိုဝင်ပြီး အစီအရင်မှန်သမျှ လုပ်ခဲ့ရပါတယ်၊ ကောင်းတယ်ဆိုတဲ့ ယတြာ၊ စွမ်းပါတယ်ဆိုတဲ့ ဓာတ်ရိုက်၊ အဆောင်လက်ဖွဲ့မကျန် စီမံခဲ့ရပေါင်းလည်းများလှပါပြီ။

မှတ်မှတ်ရရ ကျွန်မဘဝမှာ အကြည်နူးဆုံးဖြစ်ရတဲ့ကာလကို ပြောစမ်းပါဟုဆိုလို့ ကံအားလျော်စွာ ကျွန်မမှာ ကိုယ်ဝန်နုတ်ငုံရှိပြီလို့ သိလာတဲ့အချိန်ကလေးပါပဲ။



"မောင်မောင် ကျွန်မမှာလေ"

အဲသလို ရှက်လည်းရှက် ဝမ်းလည်းသာ၊ ခင်ပွန်းသည်ကို ဖွင့်ပြောလိုက်တဲ့အခါမှာတော့ ကျွန်မနှုတ်ခမ်းကလေးဟာ တဆတ်ဆတ် တုန်နေမိတာ သတိရလိုက်ပါတယ်၊ ကျွန်မအသံဟာလည်း မှုမမှန်ဘဲ' ကတုန်ကယင်ကြီးဖြစ်နေပါတယ်။

ကျွန်မယောကျ်ားက သူကိုယ်တိုင် နားကြားများ လွဲရောသလားလို့ ထပ်ပြီးမေးနေပြန်ပါတယ်၊ ဒါကြောင့် နောက်တစ်ခါ သဲသဲကွဲကွဲ မရဲတရဲနဲ့ ပြောပြလိုက်တဲ့ အခါကျတော့ ပါးလှပ်လှပ် ကြိုလိုလိုရှိတဲ့ ကျွန်မတစ်ကိုယ်လုံးကို သိမ်းကျုံးပြီး စူးစူးစိုက်စိုက် ကြည့်နေပြန်ပါတယ်။

"ဟုတ်မှ ဟုတ်ရဲ့လား ငါးဖောင်ရိုးမရယ်၊ မင်းဟာမင်း လိုချင်လွန်းလို့ စိတ်စွဲလမ်းပြီး ထင်နေတာလား" ဟု သက်ာမကင်း မေးနေပြန်သေးတယ်။

"ဟုတ်ပါတယ်မောင်မောင်၊ ကျွန်မကိုယ်ကျွန်မ စိတ်ချလို့ ဒီဠပြောဝံ့တာပါ၊ ကျွန်မ မိခင်တစ်ယောက်ဖြစ်ပါပြီ"

ဒီစကားကြားတော့ ကျွန်မကို မျက်တောင်မခတ် သုံးသပ်နေပါတယ်၊ ဒီလိုနေရင်းက သူ့ရဲ့ခပ်တည်တည်မျက်နှာကြီးဟာ တဖြည်းဖြည်း ထိန်လင်းပြီး နှုတ်ခမ်းကပါ မပွင့်တပွင့် ပြုံးလာပါတယ်၊ အဲသည့်နောက် သူ့အပါးမှာဒူးထောက်နေတဲ့ ကျွန်မရဲ့နဖူးကို သူ့လက်ဖဝါးနူးနူးညံ့ညံ့နဲ့ ညင်ညင်သာသာထိလာပြီး သူ့ထံက တစ်ခါမှ မကြားရဖူးတဲ့ ကျွန်မရဲ့နာမည်ရင်းကို ဖွင့်ခေါ်လိုက်ပါတယ်။

"ဂေါတမီ၊ ငါဝမ်းသာတယ် ဂေါတမီ" တဲ့။

ဒီနာမည်ကို သူကိုယ်တိုင် ကြင်ကြင်နာနာနဲ့ ခေါ်လိုက်တယ်ဆိုရင်ပဲ ကျွန်မမှာ မျက်ရည်တွေ တွေတွေကျလာတဲ့အထိ ဝမ်းသာကြည်နူးမိပါတော့တယ်၊ သူက ကျွန်မကို 'ဂေါတမီ'တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



သာဝတ္ထိတစ်မြို့လုံးက ကျွန်မကို နာမည်ရင်းဖြစ်တဲ့ ဂေါတမီလို့ မခေါ်ကြဘူး၊ ကိသာဂေါတမီလို့သာ ခေါ်တတ်ကြပါတယ်၊ ကိသာဆိုတာ ကြုံလှီခြင်း ပိန်ကပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား၊ ဒီတော့ ဘယ်ဂေါတမီလဲဟေ့လို့ မေးတဲ့လူကမေးလိုက်ရင် ကိသာဂေါတမီပေါ့ကွာလို့ ဝိသေသနပြုကြပါတယ်၊ နောက်တော့ ဂေါတမီဆိုတဲ့ နာမည်တောင် အဆုံးအထိမဖော်ပြတော့ဘဲ ကိသာ ငါးဖောင်ရိုးမလေး၊ ငါးဖောင်ရိုးမလေးလို့သာ ချိုးချိုးဖဲ့ဖဲ့ နှိပ်နှိပ်စက်စက် အခေါ်ခံခဲ့ရပါတယ်၊ လင်ယောကျ်ားလုပ်တဲ့သူကလည်း ဒီအတိုင်းပါပဲ၊ ငါးဖောင်ရိုးမတဲ့လေ၊ ဒါကြောင့် ဒီနေ့မှ ထူးထူးခြားခြား လင်တော်မောင်က ကြင်ကြင်နာနာ ယုယုယယနဲ့ နဖူးဆံစလေးများတောင် သပ်ပေးပြီး သားသနွှေရဲ့ အရှိန်အဝါနဲ့ ဂေါတမီလို့ ခေါ်လိုက်တာဟာ ဝမ်းသာ ဝမ်းနည်းစရာကြီးပါပဲရှင်။

ဒီနေ့ကစပြီး အိမ်တွင်းဝေယျာဝစ္စတွေတောင်မှ အရင်ကလို တပင်တပန်း မလုပ်ရမကိုင်ရတော့ဘူး၊ သားတန်ခိုးနဲ့ ခါးကျိုးမတတ်ဆောင်ရွက်ရတဲ့ တာဝန်တွေဟာ လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့ရပါပြီ၊ ကျွန်နဲ့တူ သောမယားအရာက အဆွေခင်ပွန်းနဲ့တူတဲ့ မယားအရာကို အလိုအလျောက် ရောက်ခဲ့ရပါပြီ၊ အရင်ကဆိုရင် ငယ်မွေးခြံပေါက်အိမ်အမှုအစေအပါးတို့ကအစ အညတရ ဈေးသည်ဘဝက အိမ်ရှင်မဖြစ်ခဲ့ရသူမို့ မထိမဲ့မြင် မလေးမစား မေးထူးခေါ်ပြော နေခဲ့ကြပါတယ်၊ အခုတော့ သူတို့ အရှင်သခင် ကျွန်မရဲ့လင်က သနွှေသားမျက်နှာနဲ့ အရေးပေးတာကိုတွေ့ရလို့ သူတို့ပါဝိုင်းပြီး အရေးတယူ အလေးမူကြပြီလေ၊ သူဌေးရဲ့အမွေစား အမွေခံ သူတို့ရဲ့အရှင်သခင်အလောင်းကလေးကို ကျွန်မက ကောင်းစွာ စောင့်ရှောက်နေရပြီ မဟုတ်လား။

ဪ–ဒါကြောင့် မိန်းမများရဲ့အား ငါးပါးမှာ သားသမီးရတနာအားက တစ်ပါးပါဝင်နေတယ်လို့ ပြောကြတာပါကလား၊ ကျွန်မ



စဉ်းစားလိုက်မိပါတယ်၊ မိန်းမတိုင်း မလွန်ဆန်နိုင်တဲ့ အာဝေဏိကဓမ္မတာ သားဖွားရမှာကို အင်မတန် ကြောက်ကြရသတဲ့၊ သချိုင်းကိုခြေတစ်ဖက်လှမ်းနေရသလိုပဲတဲ့၊ ကိုယ့်အသက်အန္တရာယ်ကို စိတ်ချလက်ချ မယုံရတဲ့အမျိုးလေးပါးထဲမှာ ကိုယ်ဝန်ဆောင်မိန်းမလည်း တစ်မျိုးတစ်စားအနေနဲ့ ပါဝင်ကြသတဲ့၊ ဒါပေမဲ့ ကျွန်မကတော့ လားလားမှ မကြောက်ခဲ့မိပါဘူး၊ လင်အတွက် မျက်နှာလိုမျက်နှာရ သူ့သွေးသူ့သားကလေးကို မြန်မြန်ပဲဖွားပေးလိုက်ချင်ပါတယ်။

အနေအထိုင်၊ အစားအသောက်၊ အအိပ်အနေ သူကိုယ်တိုင် ကျွန်မကို ဂရုစိုက်တာတွေ့လေ၊ လွယ်ထားရတဲ့သားကလေးကိုကျေးဇူးတင်လေပါပဲ၊ တစ်ခါဖူးမှမရခဲ့တဲ့ အခွင့်အရေးနဲ့ အကြင်နာ မေတ္တာစေတနာတွေကို ကျွန်မခံစားနေရပြီလေ၊ ဒါကြောင့်လည်း မိန်းမိန်းမူးမူး အလူးအလဲ ဝေဒနာတွေခံစားရစေဦးတော့ သားရွှေခဲကလေးကို လင့်အတွက်မွေးပေးချင်ပါကလားလို့ တရားရမိပါသေးတယ်ရှင်။

ကျွန်မသားကလေးကိုလည်း ဒီလိုစိတ်ဖွဲ့နဲ့ မွေးခဲ့ရပါတယ်။

ကျွန်မသာ ပိန်ပိန်လှီလှီ ငါးဖောင်ရိုးမ ဖြစ်ပေမဲ့ သားကလေးကျတော့ ဝဝဖြိုးဖြိုး သန့်သန့်စင်စင် ရွှေတုံးရွှေခဲကြီးပါပဲ၊ မျက်ခုံးမျက်လုံး နဖူး နှာတံ သူ့အဖေနဲ့ ချွတ်စွပ်မို့ တစ်အိမ်သားလုံးရဲ့ မျက်ရှုမျက်ရစ် ရတနာအစစ်လို ဖြစ်နေပါတယ်။

“ငါးဖောင်ရိုးကမွေးတဲ့ ငါးသလောက်ကလေးကွ”

သူ့အဖေကတော့ လက်ပေါ်ကမှမချ၊ ခဏခဏနမ်းပြီး မြည်တမ်းလိုက်တဲ့ စကားပါပဲ၊ ဒီအချိန်ကျွန်မကို ငါးဖောင်ရိုးမလို့ ခေါ်လိုက်တဲ့ အာဘော်ကဖြင့် နှိမ့်ချတဲ့သဘောမဟုတ်ပါဘူး၊ သူ့သားရဲ့ မတန်မရာဟု ကျီစယ်လိုက်တာဖြစ်တဲ့အကြောင်း ကောင်းကောင်းကြီး သိရပါတယ်။

ကျွန်မကိုယ်တိုင် ကျွန်နှင့်တူသောမယား အရာမှ အဆွေခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



နှင့်တူမယ့်မယားအရာ ရောက်ခဲ့ရပါပြီ၊ သည့်နောက် ယခုအချိန်အခါမှာဖြင့် သားကလေးရဲ့ မျက်နှာကြောင့် ငါးသလောက်ကလေး၏မိခင် အိမ်ကြီးရှင်ဘဝကို စိတ်ချလက်ချ ရောက်ခဲ့ရပါပြီလေ။

ဒါပေမဲ့ စကားဝါပန်းကလေးက အောင်မဲညိုပွင့်ကလေးများ ဖြစ်သွားတာများ မြင်ဖူးကြရဲ့လားရှင်တို့ရယ်။

* * *

"ဟင်း" ခနဲ သက်မကြီးတစ်ချက် ပြင်းပြင်းထန်ထန် ချလိုက်သံ ကြားလိုက်ရပါပြီ။ ဤတွင်မှ ကျွန်မရဲ့ အတိတ်အတွေးတွေပြတ်ပြီး ဆေးဆရာကြီးရဲ့ မျက်နှာကို ကြည့်လိုက်မိပါတယ်။

"ငါတော့ လက်လျှော့ရပြီကောကွယ်၊ ကံကြွင်းကံစသာ အားကိုးကြရော့" ဟု ညည်းညည်းညူညူပြောပြီး ဆရာကြီးက ထသွားပါတော့တယ်၊ ဒီအချိန်မှာပဲ ကျွန်မယောကျ်ားက သူ့နဖူးသူရိုက်ပြီး "ငါသေပါတော့၊ ငါသေပါတော့" ဟု အော်ကြီးဟစ်ကျယ် ငိုချလိုက်ပါတယ်၊ ကျွန်မမှာတော့ ငိုဖို့လည်း သတိမရ၊ ဝမ်းနည်းရကောင်းမှန်းလည်းမသိ၊ မျက်စိနှစ်လုံးပြူးထွက်တော့မတတ် သားကလေးရဲ့ အသက်ငင်နေပုံကိုသာ စေ့စေ့စပ်စပ် ကြည့်နေမိပါတော့တယ်။

တောင်ကြီးတစ်ခုလုံး ပြိုကျသွားတယ်ဆိုတာကိုလည်း ကျွန်မမျက်စိနဲ့မမြင်ဖူးပါဘူး၊ ကမ္ဘာမြေကြီး ဟက်တက်ကွဲသွားတာလည်း ကျွန်မ မတွေ့ဖူးပါဘူး၊ ဒါပေမဲ့ ခုလောလောဆယ် ကလေးမှာတော့ ကျွန်မရင်ထဲမှာ တောင်ကြီးပြိုကျပြီး ကမ္ဘာကြီး ဟက်တက်ကွဲသွားပါပြီလေ။

မျက်လုံးကလေးတစ်ချက်ပင့် ရင်ကလေးတစ်ချက်ကော့ပြီးတဲ့နောက် သားကလေးဟာ ဝေဒနာတွေ ပျောက်သွားတော့သလို မလှုပ်မယှက်ဖြစ်သွားပါတယ်၊ တချို့က ကလေးကိုတစ်ချက် ကျွန်မကိုတစ်ချက်ကြည့်လိုက်ပြီး ခေါင်းခါ၍ ထွက်သွားပါတယ်၊ တချို့က



ကလေးငယ်ကို သွေးစမ်းပြီး ကျွန်မကို ဝမ်းပန်းတနည်း ကရုဏာနဲ့ နှစ်သိမ့်ကြပါတယ်။

"ကလေးမရယ်၊ မင့်သားကလေး အသက်မရှိတော့ပါဘူး" တဲ့။

ဒီလိုလူတွေကို ကျွန်မက အရေးလုပ်ပြီး စောဒကတက်နေရင် အချိန်ကုန်ရုံ ရှိတော့မှာပေါ့၊ သားကလေးရဲ့ အသက်ရှင်ရေးဟာ ဗိဇနာတိုင်း ဗိဇနာတိုင်း အရေးကြီးနေတာမဟုတ်လား၊ ဒါကြောင့် ခပ်မြန်မြန် ခပ်သော့သော့ပဲ သူ့အနားက ထွက်လာခဲ့ရတယ်။

တချို့လည်း တစ်ယောက်စကား တစ်ယောက်နား ကြားထားလို့ထင်ပါရဲ့ လှမ်းပြောကြတယ်။

"ဓါတမီရယ်၊ကလေးအလောင်းကို မြင်ကောင်းတုန်းမြှုပ်လိုက်ပါစေတော့" တဲ့၊ ကျွန်မဖြင့် ဒီလိုလူမျိုးကျတော့ ရပ်ပြီးတောင်စကားဆိုမနေပါဘူး။

"ရှင်တို့သာ ရှင်တို့ကလေးတွေကို လွယ်လွယ်ကူကူနဲ့ မြှုပ်ပစ်လိုက်ကြ" လို့ သွားရင်းလည်းပဲ အော်ဟစ်ပြောပစ်ခဲ့ရပါတယ်။

လောကမှာ လူတွေဟာ အတော်ရက်စက်ကြပါကလား၊ကျွန်မသားကလေး ကျွန်မပိုက်ပြီး ဆေးကုဆရာလိုက်ရှာတာကို အထူးအဆန်းဝိုင်းကြည့်နေကြတယ်၊ အစုအဝေးနဲ့ ကျွန်မနောက်က လိုက်နေကြတယ်၊ သူတို့အချင်းချင်းလည်း ကျွန်မကို အတင်းပြောနေကြတယ်၊ တချို့ကလည်း ရင်ဘတ်စည်တီး ကရုဏာသက်သလို ညည်းနေကြတယ်၊ ဒါတွေဟာ အပိုအလုပ်တွေပါလား၊ တကယ်ဆိုရင် ကိုယ်မကုနိုင်တောင်မှ ကုနိုင်တဲ့ သမားကောင်း ဟူးရားကောင်းရှိရာကိုတစ်ဆိတ်ညွှန်ပြဖို့ ကောင်းပါတယ်၊ တော်တော်နေစိမ့်တဲ့သူတွေပါပဲ။

ကျွန်မအဖို့ကတော့ အချိန်ရှိခိုက် လုံ့လစိုက်၊ မေးပါများစကားရ၊ သွားပါများခရီးရောက်ပေါ့။ သားကလေးတစ်ယောက်ကို မွေးရတယ်ဆိုတာ လွယ်လွယ်မှတ်သလား၊ ကိုးလလွယ်ပြီး ဆယ်လနား

www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ ကသိကအောင့် မနည်းခံပြီး မွေးရတာကို သေပြီဆိုတာနဲ့ လွယ်လွယ်ကူကူ ရက်ရက်စက်စက် 'ပက်ခနဲ' ပစ်လိုက်ရတော့ မတဲ့လား။

ဟော- တွေ့ပါပြီ၊ မွှန်မွှန်ရည်ရည်နဲ့ သိက္ခာ သမာဓိရှိပုံရတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်၊ ကျွန်မနဲ့ ရင်ဆိုင်လျှောက်လာပါတယ်၊ သူ့ရဲ့ သွားပုံလာပုံ ကာယိန္ဒြေမြင်ရတာနဲ့ပဲ သူ့ပညာ သူ့တန်ခိုး အကျိုး ရှိရမယ်လို့ ကျွန်မယုံကြည်လိုက်ပါတယ်၊ ဒါကြောင့် အနားရောက် အောင် မြန်မြန်ကပ်ပြီး-

"တစ်ဆိတ်ရှင်၊ ကျွန်မသားကလေးကို ကုပေးနိုင်မလား" လို့ မေးလိုက်ရပါတယ်။

ပထမတော့ ဒီပုဂ္ဂိုလ်ကြီးဟာ အံ့အားသင့်သွားပုံပေါ်ပါတယ်၊ ဘာကိုဆိုလိုမှန်း သိလိုက်ဟန်မတူပါဘူး။

"ဘာကွဲ့ ကလေးမ" လို့ ထပ်မေးနေလေတော့၊ ကျွန်မက အဝတ်ကိုလှစ်ပြီး ရင်ခွင်ထဲက ကလေးကို ပြလိုက်ရတယ်။

"သားကလေးကို အားလုံးကသေပြီလို့ ပြောနေကြတယ် အဘရယ်၊ ကျွန်မကတော့ ကုနိုင်ရင်ရမယ်ဆိုပြီး ဆရာကောင်း လိုက် ရှာနေတာပါ အဘ၊ ကုနိုင်တယ်မဟုတ်လားဟင်"

ဒီတော့မှ လူကြီးမှာ သဘောပေါက်သွားသလို ကျွန်မမျက်နှာကို ကွက်ခနဲကြည့်လိုက်ပါတယ်၊ ပြီးတော့ သားကလေးရဲ့လက်ဖျား ကလေးကို ဆွဲကြည့်လိုက်ပါတယ်။

"လက်ကလေးက တောင့်တောင်နေပါပြီကောကွယ်"

"ဟုတ်ကဲ့၊ တစ်မြို့လုံး အနှံ့အပြား ဆေးဆရာလိုက်ရှာနေရတာ အချိန်နည်းနည်းတော့ ကြာသွားပါတယ်၊ ဒါပေမဲ့ ကုရင် ရှင်နိုင်သေး တယ် မဟုတ်လားဟင်၊ ရှင်နိုင်ပါသေးတယ်နော်"

ပုဂ္ဂိုလ်ကြီးက ဣန္ဒြေမပျက် တစ်ချက်ကြည့်လိုက်ပြန်ပါတယ်၊



သူ့အကြည့်ဟာ သူတကာလို အထင်သေးခြင်း၊ ရွတ်ချခြင်း၊ မယုံကြည် ခြင်းဆိုတဲ့ ကျွန်မ မလိုလားခဲ့တဲ့ သဘောသရုပ်တွေ မပြပါဘူး။ ခေါင်း တညိတ်ညိတ်နေပြီး သာယာညင်းပျောင်းစွာနဲ့ပဲ စကားပြန်လိုက် ပါတယ်။

"ကုထတ်ရင်တော့ ရှင်နိုင်ပါရဲ့ကွယ်"

"အမယ်လေး ကျေးဇူးတင်လိုက်တာ အဘရယ်၊ ကဲ-ကဲ- လုပ်စမ်းပါအုံး"

"ငါကတော့ မကုတတ်ဘူး ကလေးမရဲ့၊ ဒါပေမဲ့ ကုတတ်တဲ့ ဆရာကိုတော့ ညွှန်လိုက်နိုင်ပါရဲ့"

"အင်း- ဒါလည်း မဆိုးပါဘူး၊ ဒီလိုဆိုရင်လည်း မြန်မြန် ပြောစမ်းပါ အဘရယ်၊ မြန်မြန်ကလေးနော်၊ ကဲ-ကဲ-"

"အေးလေ၊ မြန်မြန်သွားမှ အချိန်မီတော့မပေါ့ သမီးရဲ့၊ဟော- အခု အဘလာခဲ့တဲ့ ခရီးအတိုင်းလိုက်သွား၊ ဇေတဝန်ကျောင်းတော် ကို တွေ့လိမ့်မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊သြော် ဆရာ့နာမည်ကို ပြောလိုက်စမ်းပါအုံး၊ လွယ်လွယ်မေးပြီး မြန်မြန်တွေ့ရအောင်"

"ဆရာ့နာမည်ကတော့ 'ဗုဒ္ဓ' တဲ့ကွယ်"

"ကျေးဇူးတင်လိုက်တာအဘရယ်၊ ဆရာ့နာမည်က ဗုဒ္ဓတဲ့နော်၊ နို့ နေစမ်းပါအုံး၊ အရေးထဲ အမေးအမြန်းထူတယ်လည်း မထင်ပါနဲ့၊ အဲဒီဗုဒ္ဓဆိုတဲ့ ဆရာက သူငယ်နာကျဗဟုံးတို့၊ သူငယ်နာထောင့်သန်း တို့တော့ နိုင်ရဲ့နော်အဘ"

"ဘယ့်နှယ်ပြောပါလိမ့်သမီးရယ်၊ သမားတော် ပါရဂူ သယမ္ဘူ ဗုဒ္ဓလို့ တိလောကမှာ ကျော်စောနေတာ၊ မင့်သား‌ရဲ့ ရောဂါသာ‌ဖြက ငါ့သမီးရဲ့ ဝေဒနာတောင် ကုသပေးနိုင်သေးရဲ့"

"အမယ်လေး- အဘနဲ့တွေ့ရတာ သိကြားနဲ့ တွေ့ရသလောက်

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ တချို့ဆေးဆရာတွေက ယောင်ဝါးဝါး တတ်ယောင်ကားတွေ များလွန်းလို့ အဘရယ်၊ တခြားမကြည့်နဲ့၊ ကျွန်မသားကလေးကုခဲ့တဲ့ ဆေးဆရာသာ ကြည့်တော့၊ ငွေသာညာယူတယ်၊ သူ့ငယ်နာတော့ ကုနိုင်တာမဟုတ်ဘူး၊ သူက အခုပဲ သားကလေးသေပြီတဲ့လေ၊ ကျွန်မ ယောကျ်ား မိုက်လုံးထွားတဲ့ နွားသာသာ လင်ကလည်းအချိန်မလွန်ခင် မြှုပ်ပစ်ကြစို့တဲ့လေ၊ ကဲ-ကဲ စကားပြောလို့ကောင်းပါရဲ့ သားကလေး အသက်မီအောင် ပြေးလိုက်ပါရစေအုံး၊ ဆရာ့နာမည်က ဗုဒ္ဓတဲ့နော်"

"အေး-အေး- ဗုဒ္ဓတဲ့၊ ကဲ- သွားပေရော့ သွားပေရော့၊ အင်း ချမ်းသာပါစေကွယ်"

တကယ်ဆိုတော့ သူက ဆုပေးနေတဲ့အသံဟာ ကျွန်မရဲ့နောက်မှာ ကျန်ရစ်ခဲ့ပါပြီ၊ သူ့စကားကို စိမ်ပြေနပြေ ဘယ်မှာ နားထောင်နေနိုင်ပါ့မလဲ၊ အချိန်ရှိခိုက် လုံ့လစိုက်ရမယ်မဟုတ်လား၊ကဲ- မေးပါများလို့ စကားရခဲ့ပြီ၊ ဝီရိယအကျိုးဆိုတာ ဘယ်တော့မှ အလဟဿ မဖြစ်ပါဘူး၊ သူတကာက သေပါပြီဆိုပြီး အစွန့်ခိုင်းခဲ့တဲ့ ကျွန်မသား ကလေး မကြာခင် ရှင်ပြီး အရင်ကလို ထ ပြေးကစားတော့မယ်၊တွတ်တီ ပါလီ နှုတ်ခမ်းနီကလေးနဲ့ မေမေဖေဖေ ခေါ်နိုင်တော့မယ်၊ ဒီတော့မှ ကျွန်မယောကျ်ား လူ့နွားဆီကိုသားကလေးလက်ဆွဲပြီး အရှက်ခွဲပြ လိုက်ရအုံးမယ်၊ နေပါအုံး၊ ဆရာ့နာမည်က ဗုဒ္ဓ၊ နေရာက ဇေတဝန် ကျောင်းတဲ့၊ သူ့ငယ်နာ ထောင့်သန်း မန်းတာမှုတ်တာနဲ့ပဲ ကျမလား၊ အုပ်ဆေးနဲ့ပဲ ချမလား၊ လျှာပွတ်ဆေးနဲ့ပဲ နှိုက်မလား။

အဘပြောတဲ့ ဇေတဝန်ကျောင်းဆိုတာကို ရောက်ပါပြီ၊ သာဝတ္ထိ ပြည်မှာ လူနာတွေ သည်လောက်များမှန်း အဲသည်ကိုရောက်မှ သိရ ပါတော့တယ်ရှင်။

ကျောင်းဆောင်ကြီးထဲမှာ လူတွေ လူတွေမှ မနည်းပဲကလား၊ သူတို့လည်း ဗုဒ္ဓဆိုတဲ့ဆရာ့ထံ ဆေးအကုခံရအောင် လာကြတာထင်



ပါရဲ့၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ ကျွန်မ အရေးမစိုက်နိုင်ပါဘူး၊ ကျွန်မ အရေးတကြီး လှမ်းကြည့်မိတာကတော့ နေရာကောင်းကောင်းမှာ ထင်ထင်ပေါ်ပေါ် ထိုင်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးကိုပါပဲ။

"ဒီမှာရှင်၊ တစ်ဆိတ်လောက် ဗုဒ္ဓဆိုတာ ဒီပုဂ္ဂိုလ်ကြီးပါလား"

အနားကပ်လာတဲ့ လူတစ်ဦးကို ကျွန်မက ခပ်သွက်သွက် မေးလိုက်ပါတယ်၊ အဲသည့်လူကတော့ ကျွန်မကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြပြီး ရင်ခွင်ထဲက ကလေးကို မြင်လိုက်တာနဲ့ပဲ ဘေးကို ရှဲသွားပါတယ်၊ နောက်တော့ လူတွေ ခပ်များများ ဝိုင်းကြည့်ကြပါတယ်၊ သူတို့မှာတော့ အထူးအဆန်းကြီးပေါ့၊ ကျွန်မက ဆရာဗုဒ္ဓအနားရောက် အောင် တိုးဝင်ဖို့ ကြိုးစားနေတာကို အများက ဝိုင်းတားနေကြပြန် သေးတယ်၊ သူတို့သဘောက နောက်မှလည်းလာသေး၊ လူနာကိုလည်း အရင်ဦးအောင် ပြချင်သေးတယ်ဆိုတဲ့သဘော ထင်ပါရဲ့၊ ဒါပေမဲ့ သူတို့က ထူထူထောင်ထောင်တွေပဲရှင်၊ ကျွန်မသားကလေးမှာသာ သေကောင်ပေါင်းလဲ ဖြစ်နေရှာတာ မဟုတ်လား၊ ဆေးဆရာဆိုတာ အရေးကြီးရင် ကြီးသလို ကုပေးတတ်တာပါ။

လူတွေက ဝိုင်းအုံပြီး တားနေကြတဲ့ အချိန်မှာပဲ-

"ချစ်သမီး ဂေါတမီ၊ ငါ့ဆီကို အရောက်လာခဲ့" လို့ ဗုဒ္ဓက လှမ်းခေါ်လိုက်ပါတယ်၊ ဆရာ့အသိဟာ ကျွန်မရဲ့နာမည်တောင်ကြိုတင် ပြီး သိနိုင်တဲ့ဆရာ၊ ကျွန်မသားကလေးရဲ့ ရောဂါတော့ ပျောက်အောင် ကုနိုင်မှာသေချာသွားတာပေါ့။

"တပည့်တော်မသားကလေးကို အသက်ရှင်အောင် ကုပေးပါ ဘုရား" လို့ ကျွန်မက အဝတ်နဲ့တကွ သားကလေးကိုချပြလိုက်တာ ပေါ့၊ လူတွေကတော့ ဟာယ်ခနဲတောင် ဖြစ်သွားကြတယ်။

"ဂေါတမီ သင်၏သားကလေးကို ငါရှင်အောင်ကုပေးပါမည်၊ သို့သော် ဆေးတစ်မည်တော့ သင်ကိုယ်တိုင် လှည့်လည်၍ ရှာဖွေပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ့မလား” လို့ မေးလိုက်ပါတယ်။

“တပည့်တော်မ မရ,ရအောင် ရှာဖွေပေးပါ့မယ်ဘုရား”

“ကောင်းလှပါပြီ၊ သင်သည် လူမသေဖူးသေးသော ပုဂ္ဂိုလ်၏ အိမ်မှ မုန်ညင်းစေ့ လက်တစ်ဆုပ်စာမျှသာ အလျှင်အမြန် တောင်းခံ ယူခဲ့ပါလော့၊ ထိုမုန်ညင်းစေ့ရောက်လျှင် ငေါက်ခနဲ ထထိုင်အောင် သင့်သားကလေးကို ငါကုပေးပါ့မယ်”

ကျောင်းတော်မှ မြို့တွင်းသို့အဝင် တစ်လမ်းလုံး ခြေထောက်မှ မြေကျသည်မထင်၊ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ အားတက်ခဲ့ ရပါတယ်၊ လောကမှာ အနာသိတော့ ဆေးရှိတယ်ဆိုတဲ့စကား မှန်လွန်း လှပါတကား၊ အခုကြည့်စမ်းပါ၊ သားကလေးကို မြင်ရုံနဲ့ မုန်ညင်းစေ့ အရှာခိုင်းလိုက်ပြီလေ၊ ရောဂါဝေဒနာကို သေချာစွာ အကဲခတ်နိုင်တဲ့ သမားတော်ကြီးပေါ့၊ ဒါပေမဲ့ နေပါအုံး၊ သူသုံးချင်တာက လူမသေဖူး သေးသော ပုဂ္ဂိုလ်တစ်ယောက်၏အိမ်က မုန်ညင်းစေ့မှတဲ့၊ အို- ဒါလည်းအလွယ်ကလေးပါလေ၊ ပျိုပျိုရွယ်ရွယ်တွေဆီကို သွားတောင်း လိုက်ရုံပေါ့၊ ဒီလောက်တော့ သနားကရုဏာရှိတတ်ကြပါရဲ့။

ဒီလိုပဲ ကျွန်မ ပထမဆုံးအိမ်ကို ဝင်တောင်းလိုက်ပါတယ်။

“မုန်ညင်းစေ့တော့ တစ်ဆုပ်တောင်မကဘူး၊ တစ်ပုတ်လုံးပဲ ပေးနိုင်ပါတယ်သူငယ်မရယ်၊ ဒါပေမဲ့ တို့အိမ်မှာ တစ်လောကလေးကမှ မိခင်ကြီးဆုံးလို့ အပူလုံးမကျသေးပါဘူး”ဟု ပြောလိုက်ကြပါတယ်။

အို - တစ်အိမ်မရ တစ်အိမ်ပေါ့၊ ဇွဲကိုလျှော့လို့တော့ ဘယ်ဖြစ် မတုံး၊ ကုနိုင်တဲ့ဆရာရှိနေမှ ဆေးမရလို့ ဘယ်ဖြစ်မလဲလို့ ဆုံးဖြတ်ပြီး တစ်ရပ်မှတစ်ရပ် လှည့်ခဲ့ရပါတယ်၊ ပျိုပျိုရွယ်ရွယ် အိမ်ရှင်ထံက အိုအိုမင်းမင်း လူတွေထံ ရောက်ပြန်တော့လည်း-

“အမယ်လေး သမီးရယ်၊ ငါတို့မှာ သားကလေးသေလို့ မျက်ရည်မှမခြောက်တတ်သေးဘူး”



“ဂေါတမီရယ်၊ ငါ့တူကလေး အနိစ္စရောက်တာ ဘယ်လောက်မှ မကြာသေးပါဘူး”

“ဟယ်- ငါးဖောင်ရိုးမရဲ့၊ ငါ့မောင်ငယ်ဆုံးလို့ နှလုံးနောက် ရတဲ့အထဲ”

“ယောက်မရယ်၊ ငါ့ညီမလေး မကြာသေးခင်က သင်္ဂြိုဟ်လိုက် ရပါပကော၊ ညည်းတောင်းတဲ့ မုန်ညင်းစေ့မျိုး တို့အိမ်က မပေးနိုင်ပါ ဘူး”

သားသေ၊ လင်သေ၊ သမီးသေ၊ မိဘသေ၊ မောင်သေ၊ နှမသေ၊ ညီသေ၊ အစ်ကိုသေ၊ အဖိုးအဖွားသေ၊ မိထွေး မိကြီးသေ၊ ဦးရီး ဦးလေးသေ၊သေ—သေ—သေ အားလုံးသေကြတဲ့ လူတွေ၊ သေကွဲ အခွဲခံရလို့ ကျန်ရစ်တဲ့လူတွေ။

ဒီလူတွေ အနန္တထဲကမှ ကျွန်မတစ်ဦးထဲ ထူးကဲပြီး ရူးပဲရူးနိုင် လွန်းလှပါကလား၊ ကျွန်မကိုယ်တိုင် မိဘတွေဆုံးလို့ လူချည်း ကျန်ခဲ့ တာပဲ။

ကျွန်မအဖြစ်ကို ကျွန်မပြန်တွေးမိပြန်ပြီ။

ကျွန်မချစ်တာ ကျွန်မသားကလေးအပေါ်မှာလို့ ထင်ခဲ့မိတာ တက်တက်စင် လွဲပါပကော၊ တကယ်ချစ်တာက ကျွန်မကိုယ်ကျွန်မ ချစ်နေတာ အစစ်ပေါ့၊ ကိုယ်ကချစ်ချင်လို့ ကိုယ်ကသာယာချင်လို့၊ နောက်ဆုံးပြောကြပါစို့၊ သားကလေးဗန်းပြပြီး ချမ်းသာရာရချင်လို့ ပါပဲကလားရှင်။

မရနိုင်တဲ့ ဆေးဝါး၊ တစ်လောကလုံးမှာ ရှာဖွေလို့ မရနိုင်တဲ့ ဆေးဝါးကို ဗုဒ္ဓက လက်တွေ့အရှာခိုင်းတော်မူလိုက်တာဟာ ဂါထာတစ် ထောင်၊ ဂါထာတစ်သောင်း ဟောပြောဆုံးမတော်မူတာထက်ကိုယ်တွေ့ သဘောပေါက်ပြီး နားလည်လောက်ပါပြီ ဂေါတမီ၊ နံလှန်းလှချည့် ဂေါတမီရယ်။

www.burmeseclassic.com

www.burmeseclassic.com



အသိတရားကလေး ဝင်လာတာနဲ့ တစ်ပြိုင်နက် မုန်ညင်းစေ့ရှာဖွေရေးကို ကျေကျေနပ်နပ် လက်လျှော့လိုက်ပါတော့တယ်၊ အခုကျွန်မရှာရမှာက မုန်ညင်းစေ့မဟုတ်ပါဘူး သားကလေး ပြန်ရှင်အောင် ဆေးဝါးရှာဖို့ မလိုတော့ပါဘူး၊ ကျွန်မရှာရမှာက ကျွန်မကိုယ်တိုင် သောက်သုံးရမယ့်ဆေး၊ ဇာတိမဖြစ်ရေးဆေးကြီးပဲပေါ့၊ အဲသည်ဆေးကို ဖော်စပ်ပေးနိုင်တဲ့ သမားတော်ကြီးကို ကျွန်မ ဖူးတွေ့ရပြီလေ၊ ဗုဒ္ဓတစ်ဆူတည်းပင် မဟုတ်လား၊ ဒါကြောင့် မြို့ပြင်ထွက်ပြီး ကျွန်မကိုယ်တိုင် သားအလောင်းကို သင်္ဂြိုဟ်လိုက်ပါတော့တယ်။

မြို့ထဲရွာထဲမှာ သားကလေးအလောင်းပိုက်ပြီး အထပ်ထပ် လျှောက်ခဲ့ရတဲ့ခြေရာတွေ၊ မုန်ညင်းစေ့ တောင်းခံရအောင် အမြန် လျှောက်ခဲ့ရတဲ့ ခြေရာတွေ၊ အဲသည့်ခြေရာတွေအပေါ်မှာပဲ အခုဇေတဝန် ကျောင်းတော်ကိုလျှောက်ခဲ့လို့ နင်းရပြန်ပါပြီ၊ ခြေရာချင်းတော့ မတူခဲ့တော့ဘူးပေါ့၊ ဗျာပါဒကြောင့် ဖနှောင့်မြေမကျ အပြေးအလွှား ချခဲ့ဖူးတဲ့ ခြေရာအပေါ်မှာ အေးငြိမ်းငြိမ်သက်သော ခွင်လုံးပြည့် ကျွန်မ ခြေရာက စေတနာအပြည့် ဖုံးလိုက်နိုင်ပါပြီ။

ကျောင်းတော်ရဲ့အဝင်ဝမှာ ဘိက္ခုနီမတစ်ဦးက ဆီးကြို နှုတ်ဆက်လိုက်ပါတယ်။

"ဘယ့်နှယ်လဲ ဂေါတမီညီမရယ်၊ ငါ့လောက်များ ပူတယ်လို့ ပြောနိုင်ခဲ့လို့လား" တဲ့၊ ကျွန်မက ကြည်သိစရာ ဝင်းဝါနေသော သူ့ မျက်နှာကလေးကို တအံ့တဩ ကြည့်နေမိပါတယ်။

"ဂေါတမီ၊ ငါ့ကို မမှတ်မိတော့ဘူးလား၊ ပဋာစာရီရယ်လေ"

အလို မြတ်စွာဘုရား၊ ကျွန်မမှတ်မိပါပြီ၊ ကောင်းကောင်းကြီး မှတ်မိပါပြီ၊ ဟုတ်ပါတယ်၊ သာဝတ္ထိပြည်မှာ သားသေ လင်ဆုံး မိဘတွေပါ ပြုတ်ပြုတ်ပြုန်းလို့ အရူးမကြီးလုံးလုံး ဖြစ်သွားတာ ဘယ့်နှယ် မမှတ်မိရမှာလဲ၊ ဟုတ်ပေသပေါ့၊ ကျွန်မမှာ သားကလေး



တစ်ယောက်ဆုံးရတာကို လူလုံးမလှ ဖြစ်နေရသေးသလား၊ တကယ် ဆိုတော့ကော သားကလေးကို ပိုင်ဖို့ထား၊ ကိုယ့်ကိုယ်မှ ကိုယ်မပိုင် နိုင်ဘဲကလား။

"သွားသွား– သွားချေတော့၊ ဗုဒ္ဓက ညီမကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူပါလိမ့်မယ်ကွယ်"

ကျွန်မက ပဋာစာရီ ဘိက္ခုနီကို လက်အုပ်ချီ၍ ကျောင်းတော် အတွင်းသို့ ဝင်ခဲ့ရပါတယ်၊ သောက ပရိဒေဝဆိုတဲ့ တိမ်သလာတွေ ကြောင့် မြတ်စွာဘုရားရဲ့ အသရေတော်ကို သားအလောင်းပိုက်ပြီး ကတိုက်ကရိုက်ဝင်ခဲ့တုန်းက အမှတ်မထားမိခဲ့ပါဘူး၊ ခုမှပဲ တိမ်သလာ တွေရှင်းပြီး ခပ်ထင်းထင်း မြင်ရ ဖူးရ ကြည်နူးရပါတော့တယ်။

စိတ်စေတနာနဲ့သတိသာရှိရင်ဖြင့် ဗုဒ္ဓမြတ်စွာရဲ့ ရူပကာယတော် ကပဲ ပူနေရာမှ အေးသွားအောင် ဆောင်ရွက်တော်မူနိုင်ပါပေတယ်။

"ချစ်သမီးဂေါတမီ၊ မုန်ညင်းစေ့ရခဲ့ပါရဲ့လား၊ မင့်သားငယ် ကော ဘယ်မှာလဲ"

"မုန်ညင်းစေ့လည်း မလို၊ သားကိုလည်း စွန့်ခဲ့ပါပြီဘုရား"

"ဒါဖြင့် ဘာများလိုသေးသလဲ ချစ်သမီး"

"တပည့်တော်မရဲ့ ဆောက်တည်ရာသာ လိုပါတယ် ဘုရား"


"ကောင်း၏၊ ကောင်း၏၊ ဂေါတမီ၊ အိပ်ပျော်သော တစ်ရွာလုံး ကို ကြီးစွာသော မြစ်ရေအလျဉ်သည် မျှောယူ၍သွားသကဲ့သို့များသော ရန်သူရှိသော ကပ်ငြိတွယ်တာစိတ်ရှိသော လူဖြစ်လာသော ထိုသားကို သေမင်းသည် ယူသွားလေ၏"

ဗုဒ္ဓမြတ်စွာ၏ သာယာဖျောင်းဖျသော တရားမွှသည်ရပ်လျှက် လက်အုပ်ချီနေသော ကျွန်မဂေါတမီ၏ တစ်ကိုယ်လုံးအား အရည် ပျော်၍ ကျသွားတော့မတတ် ကြည်နူးနေမိပါသတည်း။

(ကိသာဂေါတမီထေရီအပဒါန်)

www.burmeseclassic.com

www.burmeseclassic.com



လင်မျှား၍ တရားရသည်

မြစ်တို့၏ရာဇာ မဟာဂင်္ဂါသည် တဝေ့ဝေ့ တမျှဉ်းမျှဉ်း စောင်းကြိုးညင်းသကဲ့သို့ သာယာသောအသံဖြင့် စီးဆင်းလျက်ရှိ လေသည်။

ကျီကျီကျာကျာ မာဂဓာဖြင့် လူးလာပျံဝဲ သန္ဓာနားစရာ ငါး သတ္တဝါကို စားစရာရှာဆဲရှိကြသည့် မြစ်တွေးစင်ရော်တို့၏ ကြင်ဖော် ဖိုမ ဆိုတဟာစ်ကြွေး ချစ်ရေးပျူငှာ အသံသာတို့သည် မြစ်ဂင်္ဂါ၏ တေးတျာများဖြစ်ဘိ၏။

ထိုဂင်္ဂါမြစ်ကို မေးတင် ရေသောက်ဆင်းနေသော ပုလဲငွေ ရောင် သောင်ခုံကြီးမှာ မစိုလွန်း မသွေ့လွန်း သန့်ရှင်းစင်ကြယ်လျက် နင်း၍ကောင်းရုံ အတွေ့အထိရှိလှသည်။

ပါဋလိပုတ်နေပြည်တော်မှ ခပ်ဝေးဝေးဖြစ်သဖြင့် နှောင့်ယှက် ဆူညံသော မြို့အသံဆယ်ပါးနှင့်လည်း ကင်းဆိတ်လေပြီ၊ မြစ်ကြီး၏ ဟိုမှာဘက်ကမ်းသို့ လှမ်းမျှော်ရှုလိုက်လျှင် အဆင့်ဆင့် မြင့်သည်ထက် မြင့်အောင် ဝေကြူးသီခေါင် မိုးထောင်လုတက်နေကြသည့် တောင်စွယ် တောင်ထွတ်တို့က ဟိမဝန္တာအရောက် တောက်လျှောက် စီရရီ တည်နေကြသည်။

ဘိက္ခုနီနှစ်ပါးသည် ဆွမ်းခံလှည့်လှည်၍ ဂင်္ဂါမြစ်ရေကို သုံးဆောင်လျက် ဆွမ်းစားခြင်းအမှု ပြီးစီးသော ပစ္ဆာဘတ္တအခါ၊ သောင်ပြင်ကြီးတစ်နေရာ အရိပ်အာဝါသရှိသော သစ်တစ်ပင်ရင်းဝယ် နေ့သန့်ကြဆဲ ရှိကြသည်။

ခေတ်အခါအားဖြင့်ဆိုရလျှင် အတုမရှိသော မြတ်စွာဘုရား သခင် အနုပါဒိသေသ မဟာပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း တစ်ရာခန့်သာရှိ၍ ပါဋလိပုတ်မြို့ကြီးကို အသောကမင်းတရား ဖန်ဆင်းတည်ထောင်ပြီးသည်မှ ကာလအားဖြင့် မကြာလှသေးချေ၊ ထိုအခါသမယကား ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးကွယ်ဝင်သွားသည့်တိုင်အောင် နေအရောင်ကား အမှောင်ပယ်ခွင်း လင်းရောင်ခြည် ကျန်နေသေးသကဲ့သို့ မြတ်စွာဘုရား အဆုံးအမဖြင့် ခီဏာသဝါ ထေရီ ထေရာ ရဟန္တာ ရဟန္တာမများ သာသနာရောင်တွင် ထွန်းပြောင်နေအလား ထင်ရှားစင်စစ် ပေါ်များသည့် ခေတ်ဦးဖြစ်ချေသည်။

အပန်းဖြေ နားနေသော ဘိက္ခုနီနှစ်ပါးအနက် အသက်ကြီးသော ဗောဓိထေရီကား မိမိထက် နုပျိုငယ်ရွယ်သော ဣသိဒါသီထေရီကို မမှိတ်မသုန်ကြည့်ကာ တွေးတောလိုက်မိသည်။

ဣသိဒါသီထေရီ၏ စိမ်းဖန့်သော ဦးပြည်းနှင့် ဝါဝင်းသော အသားအရေမှာ ညိုမောင်းသောကိုယ်ဝတ်သင်္ကန်းအကြားက ဘွားဘွားကြီး ထင်ရှားရွှန်းစိုနေဘိသည်၊ ပါးလွှာ စေ့စပ် နီထွေးသော နှုတ်ခမ်းသည်လည်းကောင်း၊ ဖြောင့်တန်းညီညာလှသော သွားပုလဲကလေးများသည်လည်းကောင်း၊ တင်ထားသကဲ့သို့ ထင်ရှားသွယ်လျသော နှာတံသည်လည်းကောင်း၊ တစ်နှစ်ပြည့်မြောက်သည့် သမင်ပျိုမ၏ မျက်လုံးကဲ့သို့ အရည်လဲ့ဝင်းသော မျက်ဝန်း မျက်လုံးတို့သည်လည်းကောင်း၊ တံစဉ်သွတ်ကွေး လေးကိုင်းပမာ တင့်တယ်စွာသော မျက်ခုံးတို့သည်လည်းကောင်း မိန်းမမြတ်တို့၏ ကောင်းခြင်းငါးဖြာ ပြည့်စုံနေသူဖြစ်သည်၊ အပြစ်ခြောက်ပါးတို့ ကင်းပနေသူဖြစ်သည်၊ ယောကျ်ားဟူသမျှတို့၏စိတ်ကို ယိုဖိတ်ဆွဲငင်နိုင်လောက်ပါပေသည်။

'ပုထုဇဉ်ဘဝက ချစ်သူလင်သား မညားမရှိခဲ့ဖူး၍သာ ဘုရားသာသနာဝယ် ရဟန်းပြုခဲ့လေသလော' ဟု တွေးမိကာ ဤသို့မေးမြန်းလိုက်လေသည်။



"အိုး–အရှင်မ ဣသိဒါသီ၊ အရှင်မကား ရုပ်ရည်အဆင်းလှပခြင်းနှင့် ကြည်ညိုဖွယ်ရှိပါပေသည်၊ အရွယ်အားဖြင့်လည်း ယုတ်လျော့သည် မဟုတ်၊ နုပျိုငယ်သွေး ရှိလှပါသေးသည်၊ ထိုသို့ ပျိုမျစ်နနယ်ရှုစဖွယ်ဖြစ်ပါလျက် လူ့ဘောင်လောက၌ အဘယ်သို့သော အဆင်မပြေသည့် အပြစ်ဒေါသကို ရှောင်တိမ်းမရ တွေ့ကြုံခဲ့ရသောကြောင့် ရဟန်းပြုကြား ဝိပဿနာတရားကို အားထုတ်ခဲ့ပါသနည်း"

ဣသိဒါသီသည် သိတင်းသုံးဖော် ထေရီကြီး၏ မေတ္တာရှေ့ထားကရုဏာပွား၍ တရားဆွေးနွေးသည့်စကားကို ခဏလေးမျှ စဉ်းစားလိုက်ပြီးလျှင် မဖောက်မပြန်သော ယောနိသောမနသိကာရဖြင့် နှိမ့်ချရိုကျိုး ပဏာမပျိုး၍ ရှိခိုးလျှောက်ထားလိုက်သည်ကား –

"အရှင်မ ထေရီကြီးဘုရား၊ တပည့်တော်မသည် ထိုထိုသော အဆင်းအလှကြောင့် ပုထုဇဉ်ဘဝ ကာမဝဲသြဃဝယ် အိမ်ထောင်ပြုကြားလင်ယောကျ်ားနှင့် နှစ်ပါးမိဘ နေရာချ၍ မျှတနေခဲ့ဖူးပါသည်"

"ဩော်– ဣသိဒါသီ၊ ကာမဂုဏ်အာရုံခံစားပြီးသောသူသည် ပျားရည်လောင်းသောမြက်ပင်ကို မဆင်မခြင် စားမိမှားသော သားသမင်ကဲ့သို့လည်းကောင်း၊ ဆားငန်ရေကို သောက်မိသော ရေငတ်သူကဲ့သို့လည်းကောင်း၊ အာသာမပြေ အသက်ရှည်သမျှ ဒုက္ခပွားဟုန် ခုံမင်စွဲလမ်းတတ်သော တဏှာကွန်ရက်မှ ရုန်းထွက် စွန့်စားနိုင်ခဲ့သော ပါရမီကို ချီးကျူးလိုက်ပါသည်၊ ဣသိဒါသီ"

"အိုး–အရှင်မဘုရား၊ တပည့်တော်မအား ချီးကျူးဖွယ်ရာမရှိပါ၊ စင်စစ်သော်ကား တပည့်တော်မ၏ သခင်ရာထား လင်ယောကျ်ားတို့က ဆပွားမေတ္တာ ကြင်နာကြပါမူ သာသနာ၏ဂုဏ်ကို ခိုလှုံခံစားခွင့် ရနိုင်မည်မဟုတ်၊ ကာမဂုဏ်ဝဲဇလုတ်ဝယ် နစ်မြုပ်နေမည်သာ ဖြစ်ပါသည်ဘုရား၊ ယခုသော်ကား မောင်မင်းကြီးသားတို့၏ စိမ်းကားပစ်ပယ် မဖွယ်မှန်းတီးသော ဒေါမနဿကြောင့်သာလျှင် လောကထင်ရှား

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရား၏ အဆုံးအမနှင့် သာသနာ့ဝန်ထမ်း ရဟန်းမ ဖြစ်ခဲ့ရပါသည်ဘုရား"

"အလို- သူတို့ဟူသော ဗဟုဝုစ်စကားကို ထင်ရှားပါစေအုံးလော့ ငါ့အရှင်မ"

"မှန်လှပါဘုရား၊ တပည့်တော်မမှာ အများအသွင် တစ်လင်တစ်မယားနေခဲ့ရသည် မဟုတ်ပါ၊ သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်ပြောင်းသောမိန်းမဟူသကဲ့သို့ လင်သုံးယောက်နှင့်နှင့် စွန့်ပစ်ခြင်းခံခဲ့ရသော မိန်းမသားတစ်ဦးသာ ဖြစ်ခဲ့ရပါသည်"

ထိုအခါ ဗောဓိထေရီကြီးက ကြင်နာစွာစုတ်သပ်လျက်-

"အဘယ်ဣသိဒါသီထေရီ၊ မဖြစ်စကောင်း ဖြစ်ကြောင်းမလှ ရှိလေစွ၊ ငါ့အရှင်မ၏ အပဒါန်တရားကို နာကြားရဘိမူ ကောင်းလေအံ့တကား"

ဤသို့ ဗောဓိထေရီအရှင်မ မေးမြန်းစိစစ်သောအခါ ဓမ္မဒေသနာနည်း၌ လိမ္မာတော်မူလှသော ဣသိဒါသီထေရီသည် ဤသို့ အကျယ်အားဖြင့် လျှောက်ထားဖြေဆိုတော်မူလေသတည်း။

"တင်ပါသည်ဘုရား၊ တပည့်တော်မသည် အာဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ အမျိုးအနွယ်အားဖြင့်လည်းကောင်း၊ အဆင်းကြန်အင်အားဖြင့်လည်းကောင်း၊ ဥစ္စာဓနအားဖြင့်လည်းကောင်း ထင်ရှားကျော်ကြားသော သူဌေးကြီးသမီး ဖြစ်ခဲ့ပါသည်ဘုရား၊ အဖသူဌေးသည် သီလကို စောင့်စည်းသော ဗုဒ္ဓဝါဒီဖြစ်သည်နှင့်အညီ သူတော်ကောင်းတရား ပြည့်စုံသူဖြစ်ပါသည်။

သမီးတစ်ယောက်သာ ထွန်းပေါက် မွေးဖွားခဲ့သည် ဖြစ်ခြင်းကြောင့် အမည်ပင်လျှင် ဣသိဒါသီ (ရသေ့၏ ကျွန်မကလေး) ဟု ဘေးအန္တရာယ်မှ ကင်းဝေးစေမှု နိမိတ်ဝေါဟာရပြု၍ မှည့်ခေါ်ကြပါသည်။



တစ်နေ့သောအခါ သာကေတပြည်မှ ဥစ္စာဓနပေါများ၍ အမျိုးမြတ်သော သူဌေးသည် သူ၏သားနှင့် ထိမ်းမြားလက်ထပ်ရန် လက်ဆောင်တင်ကာ တောင်းလာသောကြောင့် အဖသူဌေးမင်းသည် တပည့်တော်မအား ဆုံးမစကားပြောကြား၍ ထိုသူဌေးသားနှင့် ပေးစားလိုက်ပါသည်ဘုရား။

တပည့်တော်မသည် ယောက္ခမအိမ်သို့ ရောက်သည့်နေ့မှစ၍ ယောက္ခမအမိကိုလည်းကောင်း၊ ယောက္ခမအဖကိုလည်းကောင်း၊ နံနက်တစ်ကြိမ် ညချမ်းတစ်ကြိမ် ရှိသေစွာဦးချ၍ နံ့နံ့နာနာပြုကျင့်ခဲ့ပါသည်၊ လင်ယောကျ်ား၏ ညီအစ်ကိုမောင်နှမမွေးချင်းတို့အားလည်း မိမိနှင့်တစ်အူတုံဆင်း သွေးသားရင်းကဲ့သို့ သန့်ရှင်းသောစေတနာဖြင့် ကျွေးမွေးပြုစုခဲ့ပါသည်၊ ကာမပိုင်လင်ယောကျ်ားကိုကား အထူးပြောဖွယ်ရာမရှိတော့ပါ၊ တပည့်တော်မ စင်ကြယ်စွာရေချိုး၍ ပန်းနံ့သာလိမ်း၍ သန့်သန့်ရှင်းရှင်း ဝတ်ဆင်လျက် ယောကျ်ားကို လက်အုပ်ချီ၍ ဆည်းကပ်ခြင်းပြုပါသည်၊ မုတ်ဆိတ် ဆံပင်တို့ကို ဖြီးသောဘီးကိုလည်းကောင်း၊ မျက်နှာကို ခြယ်သလိမ်းကျံသော မျက်နှာချေမှုန့်ကိုလည်းကောင်း၊ မျက်စဉ်းခွက်မျက်စဉ်းကျည်ကိုလည်းကောင်း၊ ကြေးမုံကို လည်းကောင်း၊ အဝတ်တန်ဆာတို့ကိုလည်းကောင်း ယူဆောင်၍ ရှိသေစွာရှိခိုးပြီးမှ ကိုယ်တိုင်ပင် ခေါင်းဖြီးရောင်ထုံး၍ နံ့သာလိမ်းပေးပါသည်။

သခင်ကို ရိုသေကြောက်ရွံ့လေးမြတ်ခြင်းရှိသောကျွန်ကဲ့သို့ ကိုယ်တိုင်ပင် ထမင်းချက်ကျွေးကာ ကိုယ်တိုင်ပင် အိုးခွက်တို့ကို ဆေးကြောသုတ်သင် ထားပါသည်၊ တစ်ယောက်တည်းသောသားကို အမိသည် ပြုစုသကဲ့သို့ ထကြွလုံ့လ ဝီရိယဖြင့် ပျင်းရိခြင်းမရှိ လုပ်ကျွေးခဲ့ပါသည်။

ထိုသို့ မယားကောင်းတို့၏ ဝတ္တရားနှင့် ပြုစုခြင်းသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



လင်ယောကျ်ားသည် တစ်နေ့တခြား တပည့်တော်မအပေါ် ထော်လော်ကန့်လန့် အပြုအစုကို လက်မခံ၊ စကားပြန်မပြော၊ သဘောမတွေ့သည့် လက္ခဏာများ ထင်ရှားလာပါတော့သည်ဘုရား။

တစ်နေ့သော် သူ့မိဘထံပါးအရောက် တပည့်တော်မအား မပေါင်းသင်းလိုတော့ကြောင်း ဖွင့်ဟပြောဆိုပါတော့သည်၊ တပည့်တော်မ၏ အကျင့်သိက္ခာနှင့် မယားဝတ္တရား အဖြာဖြာ၌ လိမ္မာကျိုးနွံ ကျေပွန်ပုံကို ယုံကြည်သိရှိပြီးဖြစ်သော ယောက္ခမများက အံ့သြကြ၍ မျက်နှာစုံညီ အပြစ်ကိုစစ်ဆေးကြပါသည်၊ တပည့်တော်မတွင် တစ်ဆံခြည်မျှ အပြစ်မရှိကြောင်း သိရသဖြင့် သားကို နားချ ဖျောင်းဖျကြသော်လည်း တပည့်တော်မ၏ လင်ယောကျ်ားက တပည့်တော်မနှင့် အတူမနေနိုင်၊ သူကိုယ်တိုင် အရပ်တစ်ပါးသို့ ထွက်သွား ရှောင်တိမ်းပါတော့မည်ဟု ဆိုပါသည်၊ သားအရင်းနှင့်ချွေးမ အရေးကျတော့ ကိုယ့်သွေးဘက်သို့သာ ပါရသည့် သဘာဝအတိုင်း တပည့်တော်မအား ဝမ်းနည်းကြေကွဲစွာနှင့်ပင် ဥဇ္ဇေနီပြည် မိဘများထံမှောက် ပြန်ပို့၍ ရောက်ခဲ့ရပါသည်ဘုရား”

ဗောဓိထေရီသည် ဣသိဒါသီ၏စကားကို နားကြားရင်း ခေါင်းတဆတ်ဆတ်ညိတ်နေမိလေသည်၊ ဣသိဒါသီထေရီသည် စကားကို ခေတ္တရပ်၍ တသွင်သွင်စီးနေသော ဂင်္ဂါရေလျှဉ်ကို အမှတ်သညာတစ်ခုဖြင့် ကြည့်ရှုဆင်ခြင်နေလိုက်သည်။

“သြော်– အနမတဂ္ဂ သံသရာကစ၍ သားသေ လင်ကွဲ အိမ်ထောင်မှုဆင်းရဲတွေကြောင့် ကျခဲ့ရသော ငါ၏မျက်ရည်တို့သည် ဤမဟာဂင်္ဂါရေအလျှဉ်ထက် များပေလိမ့်မည်တကား”

ဤသို့ သံဝေဂယူပြီးသည့်နောက် တည်ငြိမ်သောအသံဖြင့် ဣသိဒါသီထေရီက ဆက်၍လျှောက်ထားပြန်သည်။

“တပည့်တော်မသည် ဖခင်အားဖက်၍ သည်းထန်စွာငိုကြွေး



မိပါသည်၊ အပြစ်မဲ့သော မိမိအား မတူမတန် အထင်အမြင်သေး၍ ဟင်းရွက်ကန်စွန်းပမာ လွယ်ကူစွာ စွန့်ပစ်ခြင်းခံရသည့် မိန်းမသား တစ်ယောက်အနေဖြင့် ရှက်စိတ်နာကြီးဖြစ်ရပါသည်၊ သူတော်ကောင်း ဥစ္စာခုနစ်ပါးနှင့်ပြည့်စုံသော ဖခင်ကြီးကမူ ကံ ကံ၏အကျိုးပေးသာဟု ဖြေသိမ့်ရင်း ဖနီးမယား၏ ဘုန်းကျက်သရေကို မခံယူ မသုံးဆောင် ထိုက်သော ဘုန်းနိမ့်လင်သား လူယောကျ်ားဖြစ်သည်ဟူ၍ မဟောသဓ ဇာတ်တော်လာ ‘ဥဒုမ္ဗရဒေဝီနှင့် ပိင်္ဂုတ္တရလုလင်’ ကို အကိုးအကား ပြုလျက် ယုယအားပေးရှာပါသည်။

ဗောဓိထေရီ နာမည်ကျော်လှ အရှင်မ၊ တပည့်တော်မသည် မိဘထံပြန်ရောက်၍ မကြာမထောက်သော ကာလအတွင်းတွင် မျိုးနွယ်တူကြွား သူဌေးသားတစ်ယောက်က လာရောက်စေ့စပ် တောင်းရမ်းပြန်လာသောကြောင့် ဒုတိယလင်အဖြစ်ဖြင့် အိမ်ထောင်ပြုရပြန်ပါသည်။

တပည့်တော်မမှာ ခဲမှန်ဖူးသည့် စာသူငယ်ကဲ့သို့ လင်မုန်းမည့် အန္တရာယ်ကို စိုးရိမ်လွန်းရကား ယောကျ်ား၏ အခင်အမင် အတွယ်အတာနှင့် ကြင်နာသနားခြင်း ခံရလေအောင် ပထမလင်ကို ပြုစုနိမ့်ချဆက်ဆံသည်ထက် ထမ်းပိုးတက်၍ ခယလုပ်ကျွေး လင်ချစ်ဆေးဖော်ခဲ့ပါသည်၊ လင်ကိုမြင်က အလျင်ထလျက် နောက်မှအိပ်မှု မေးပြုလိုလိုက် စရိုက်ချစ်ဖွယ် သူ့ဝယ်မဆံ နှုတ်သံချိုမြေ့ ပြောဆိုလေ့ဖြင့် စုံစေ့ခြောက်လီ ကျင့်ရေးညီခဲ့ပါသည်ဘုရား။

ဗောဓိထေရီ အရှင်မ၊ အရှင်မ သိတော်မူသည့်အတိုင်းမိန်းမသားဟူသမျှကား လင်ယောကျ်ားရပြီဆိုကတည်းကတောင်ကြီးဖဝါးအောက် လင့်နောက်လိုက်ရ ဂုဏ်နှိမ့်ချ၍ ခ,ယ လုပ်ကျွေး သူ့ဌေးသန္ဓေ ဆောင်ထွေးဖွဲ့ကပ် မီးယပ်သားဖွား ဤငါးပါးမှာ ကင်းနိုင်ကြသည် မဟုတ်ပါ၊ ထိုသို့သော အာဝေဏိကဒုက္ခတို့ကို ရင်ဝယ်ပိုက်ထား

www.burmeseclassic.com

www.burmeseclassic.com



ခံစားရစမြဲ ဖြစ်သော်လည်း မိန်းမတို့၏ အဆင်း ရတနာကား လင်ပင်တည်း၊ မိန်းမတို့၏ အားကိုးရာကား လင်ပင်တည်း၊ မိန်းမတို့၏ ကြည်နူးပျော်မွေ့ လင့်ရင်ငွေ့ကား အာဝေဏိက တရားတို့ကို မှုန်ဝါး ကွယ်ပျောက် စိုးမကြောက်အောင် ဖန်ဆင်းနိုင် ပါဘိသည်၊ ထို့ကြောင့် ရာဂမကုန်သည့် ကာမဂုဏ်တွင် အာသဝအဖုံဖုံ ကပ်ငြိသဖြင့် လင်၏ အပါးမှာ အမြဲနေရအောင် ကြိုးစားပါသော်လည်း လခွဲမှုအကြာ 'စလယ်ဝင် ဖင်မမည်းခင်' ကွဲခဲ့ရပြန်ပါသည်ဘုရား။

ဗောဓိထေရီအရှင်မဘုရား၊ ဤတစ်ကြိမ်မှာကား တပည့်တော်မမှာ ဝမ်းနည်းကြေကွဲခြင်းထက် 'သူမာလျှင် စိန်သံချောင်းသာပ၊ သူပျောင်းလျှင် အရည်ဖြစ်နိုင်ငဲ့' ဟူသော မာန်နှင့် မိဘထံ ပြန်ခဲ့ပါသည်၊ သူကား ပထမလင်ယောကျ်ားကဲ့သို့ တပည့်တော်မတို့ထက် အမျိုးမြတ်သည်လည်း မဟုတ်၊ ဥစ္စာပစ္စည်း နှစ်ဆထမ်းပိုး ကြွယ်ဝချမ်းသာသည်လည်းမဟုတ်၊ တပည့်တော်မတို့နှင့် မျိုးတူရိုးတူ ဂုဏ်ကျက်သရေနှင့် ခနအင်အား တန်းတူသမား တမာလိုသဘောထားမှုဖြင့် ကြက်ဟင်းခါးသီးပြလိုက်ရုံသာ ရှိပါသည်။

တပည့်တော်မ၏ဖခင် သူဌေးကြီးကိုယ်တိုင်လည်း ထိုစိတ်ထားမျိုးနှင့် 'သမီးအား သူဌေးသားများက စွန့်ပစ်လျှင် ဆင်းရဲမွဲတေသော သူတောင်းစားနှင့် ပေးစား၍ သူကောင့်သား ရွှေသမက်ကို အိမ်ထက်၌ တင်ထား၊ ရွှေဘုံစံစားစေလျှင် လင်ဟောင်း သူဌေးသားတို့ကို လက်စားချေရာရောက်လတ္တံ့' ဟူသော အာဃာတဖြင့် တပည့်တော်မတို့ မျက်မှောက်တွင်ပင် ခွက်လက်စွဲကာ တောင်းစားနေရှာသည့် ဒမကအမည်ရှိ သူဖုန်းစားနှင့် နေရာချထားပြန်ပါသည်။

ဗောဓိထေရီအရှင်မဘုရား၊ တပည့်တော်မသည် ကံပစ်ချရာ ကမ္ဘာသကာဘဝ၌ အဖ၏ဆန္ဒအတိုင်း အမျိုးနိမ့်သည်ပင်ဖြစ်စေကာမူ အိမ်သူမယား ဝတ္တရားဖြင့် ခစားလုပ်ကျွေးခဲ့ပါသည်၊ ကုသိုလ်ကံ



အကျိုးပေးကြောင့် အရှင်မွေး၍ နေ့ချင်းကြီးရသော တပည့်တော်မ၏ ယောကျ်ား ဒမကလုလင်မှာကား သူ့ဘဝသူ့တစ်သက်၌ အိပ်မက်မျှ မက်ဖူးမည်မဟုတ်သော လောကရတနာပုံဝယ် ကာမဂုဏ်စည်းစိမ် တထိန်ထိန်ခံစား၍ ဝမ်းပါးအားရ ရှိနေပါသည်။

သို့ပင်ငြားသော်လည်း ဆောင်းညအိပ်မက် ကယောက်ကယက်သည် တစ်ဝက်တစ်ပျက်နှင့် လန့်နိုးရသကဲ့သို့ တပည့်တော်မ၏ ဘဝကား စိတ်လက်ချမ်းသာမှု မနေရသေးမီ ဝိပရိဏာမ် ဖောက်ပြန်လာပါသည်၊ အမောင်ငဲယောကျ်ား သူတောင်းစားက တပည့်တော်မအား မကြည်မလင် မရွှင်မပျ မျက်နှာချင်းမျှ မဆိုင်ရအောင် ရှောင်သလိုလို တိမ်းပြီး စိမ်းကားဟန်ပြလာခြင်း ဖြစ်ပါသည်၊ တပည့်တော်မမှာလည်း မီးကိုမလောင်မီက တားရမည်ဖြစ်၍ အိမ်တွင်းမီးကို တိုးတိုးတိတ်တိတ် ကျိတ်၍ငြိမ်းပါသည်၊ ပို၍နိမ့်ချကာ ပြုစုယုယပါသည်။

'အမောင်– နှလုံးမသာ မျက်နှာမလှ အဘယ်သို့သောဆန္ဒ မပြည့်ဝသောကြောင့် မရွှင်မပျ ရှိနေရပါသနည်း၊ ကျွန်ုပ်အပေါ်မှာ ပြစ်ဆာတစ်စုံ တာဝန်မကျေရှိသည်ကို မြင်မိသလော၊ အပြစ်တွေ့က ဖွင့်ဟမိန့်ကြားပါလျှင် အဆောတလျင် ပြုပြင်ဆောင်ရွက်ပါအံ့၊ လင်နှင့် မယား နှစ်ကိုယ့်တစ်စိတ်ထား၍ မေတ္တာကြင်နာရမည့်အရာတွင် ငြိုငြိုငြင်ငြင် လင်၏မျက်နှာကို မရမရှိသော မယားတို့၌ ကြီးစွာသော စိတ်ဆင်းရဲမှု ဖြစ်ရပါသည်၊ အားငယ်ဝမ်းနည်း ကြေကွဲစိုးရိမ်ခြင်းလည်း ဖြစ်ရပါသည်၊ ဤအိမ်ကြီးပေါ်တွင် ရှိရှိသမျှ ပစ္စည်းဥစ္စာ ရတနာတို့မှ အစ အခြွေအရံ အစေခံနှင့် ကျွန်မအပါအဝင် အမောင်သာလျှင် သာမိက အရှင် ဖြစ်ပါသည်၊ အို– ကျွန်မ၏ အိမ်ဦးနတ်အရှင်၊ မဆင်ခြင်သဖြင့် ပြစ်မှားကျူးလွန်မိသော ကာယကံမှု ဝစီကံမှုရှိသည်ဖြစ်အံ့၊ ထိုအပြစ်တို့ကို လျစ်လျူရှုကာ ခွင့်ပြုပါရန် တောင်းပန်ပါ၏၊ ကျွန်မအား ငဲ့ညှာထောက်ထား၍ မယားအဖြစ် သနားချစ် ချစ်ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်နှင့် သူနားဝင်အောင် နိဝါတထား၍ နှစ်ကိုယ်ကြား တောင်းပန်ခဲ့ပါသည် ဗောဓိထေရီအရှင်မ၊ သို့ပင်ငြားသော်လည်း တပည့်တော်မအား နူတ်ခွန်းမပြန် မူမမှန်သော အမူအရာဖြင့် တပည့်တော်မအပါးမှ ဖယ်ခွာ၍ထ သွားပါတော့သည်။

တပည့်တော်မ၏ ဖခင်ကိုယ်တိုင် ရိပ်မိသိရှိသည့်အခါ သူ့အား အပါးသို့ခေါ်၍ ချိုသာစွာ နှစ်သိမ့်မေးမြန်းရှာပါသည်။

'အမောင် ဒမကလုလင်၊ အမောင့်မှာ အလိုမပြည့်တာ ဘာများရှိသနည်း၊ အမောင့်အလိုအတိုင်း ဘာမဆို ဖြစ်စေရမည်၊ အလိုရှိရာကိုသာ ပြောပါလော့' ဟု ပြောပါသည်။

'ကျွန်ုပ်အလိုရှိသည်ကား ဤအိမ်ကိုလာစဉ်က ကျွန်ုပ်မှာပါလာသောခွက်နှင့် အဝတ်တို့သာ ဖြစ်ပါသည်၊ ထိုအဝတ်တို့ကိုဝတ်၍ ခွက်ကိုစွဲကိုင်ကာ ဤအိမ်မှ ထွက်ခွာသွားခြင်းသာ ကျွန်ုပ်၏ အလိုဆန္ဒ ဖြစ်ပါသည်၊ အသင့်သမီးနှင့်ကား အတူတကွ ပေါင်းသင်းနေထိုင်ခြင်း မပြုလိုတော့ပါ' ဟု ရဲဝံ့ရက်စက်စွာ ပြောပြီးလျှင် တပည့်တော်မတို့ထံမှောက်မှ ထွက်ခွာသွားပါတော့သည်။

အို-ဗောဓိထေရီအရှင်မ၊ မျိုးနွယ်နိမ့်ပါး သူတောင်းစားလင်ပင်လျှင် ကောင်းမြတ်သော စည်းစိမ်ရှင်အဖြစ်မှ မက်မောတွယ်တာခြင်း မရှိမူ၍ တပည့်တော်မအား စွန့်ခွာပစ်ခဲ့ပါသည်၊ တပည့်တော်မမှာ အရှက်ကြီးရှက်၍ အသက်စွန့်လိုက်ရန်သာ ဆုံးဖြတ်လိုက်ပါသည်။

မိန်းမတို့မည်သည် တစ်လင်တစ်မယား တစ်သားမိခင် ဖြစ်ချင်စေလို တောင်းဆုဆိုခဲ့ကြသည်သာ ဖြစ်ပါသည်၊ ကံအကြောင်းမသင့် ပေါင်းခွင့်မရှိသဖြင့် တစ်လင်မှ တစ်လင်ပြောင်းရလျှင်ပင် မျက်နှာငယ်ကြရပါသည်၊ တပည့်တော်မမှာကား တစ်လင်ကနှစ်လင်၊ နှစ်လင်ကသုံးလင် စွန့်ပစ်ခြင်းခံရပြီဖြစ်၍ အရှက်ကို အသက်နှင့် လဲလိုက်ရုံမှတစ်ပါး အခြားဆောင်ရွက်ဖွယ်မရှိတော့ပါချေ။



ထိုသို့ဆုံးဖြတ်၍ မိဘမသိအောင် အိမ်မှထွက်အလာ ဆွမ်းအလို့ငှာ ကြွလာသော အရှင်မ ဇိနဒတ္တာထေရီက တပည့်တော်မရှေ့က ရပ်လင့်ပါသည်။

'အဘယ်ချစ်သမီး ဣသိဒါသီ၊ ချစ်သမီးကား ငြိမ်းရာမရ ဝဋ်ဒုက္ခဖြင့် နေ့ညမချမ်း ဝဋ်မှုထမ်း၍ ဝဋ်တမ်းဝဋ်ထုံး စဉ်မဆုံးဘဲ ပေါင်းရုံးယှဉ်ပူး အိမ်ထောင်ကျူးခဲ့သည်အတွက် ဝဋ်မြူးဝဋ်ပျော် ဝဋ်တော်ဝဋ်သင်း ဝဋ်မင်းဝဋ်ဆိုး ဝဋ်မျိုးဝဋ်နွယ် အကယ်နှင်နှင် ဝဋ်ကျွန်ရှင်နှင့် ဝဋ်လင်ဝဋ်မယား ဝဋ်သားဝဋ်သမီး ပွားစည်သီးအောင် ဆောင်ရွက်ခွင့်မရခြင်းကြောင့် ဝမ်းနည်းတသ ယူကျုံးမရ ရှိနေရသေးသလော၊ အမှန်စင်စစ် ဝဋ်ဒုက္ခမှကင်း၍ အေးငြိမ်းခြင်း အမှန်ကို ရှာကြံခြင်းသာလျှင် ပေးလာသောအခွင့်အရေး မဟုတ်လော'

အရှင်မ ဇိနဒတ္တာထေရီ၏စကားသည် တပည့်တော်မအား မိုးမှောင်တိုက်အလယ်တွင် လျှပ်ရောင်လင်းလိုက်သကဲ့သို့ ဆင်းရဲခြင်း၏မူလ သမုဒယကို မှန်းဆရိပ်မိလိုက်စေပါပြီ။

ထို့ကြောင့် ပေါ့ပါး ဝမ်းမြောက်သောစိတ်ဖြင့် အရှင်မအား အိမ်သို့ပင့်ကာ ကောင်းမွန်စွာ နေရာထိုင်ခင်းပေး၍ ဆွမ်းလုပ်ကျွေးပါသည်၊ ထို့မှုမက ဃရာဝါသ သမ္ဗာဓဟု ကိစ္စများမြောင် လူတို့ဘောင်မှရှောင်ကွင်းကာ သာသနာ့ဝန်ထမ်း ရဟန်းမ လုပ်ခွင့်ရပါမည့်အကြောင်း မိဘများထံ အပူတပြင်းခွင့်တောင်း၍ ရဟန်းပြုရန် အရှင်မ ဇိနဒတ္တာထေရီအထံသို့ လိုက်ပါ ပြီးလျှင် ရဟန်းပြုပါသည်။

ရဟန်းပြု၍ တရားအားထုတ်သောအခါ ခုနစ်ရက်ရှိလျှင် ဝိဇ္ဇာသုံးပါးကိုရ၍ ရဟန္တာမ ဖြစ်ရပါသည်၊ ဗောဓိထေရီ အရှင်မဘုရား"

ဤသို့ ဣသိဒါသီထေရီက လျှောက်ကြားပြီးသည့်အခါ ဗောဓိထေရီရဟန္တာမသည်-

www.burmeseclassic.com

www.burmeseclassic.com



"သာဓု–သာဓု ငါ့အရှင်မ၊ အချိန်မနှောင်းမီ သတိသံဝေဂရသည်ကို ချီးကျူးပါ၏၊ မိမိမှာ အဆင်းရုပ် လှပကောင်းမြတ်ပါလျက် အကျင့်သိက္ခာ ပြည့်စုံပါလျက် မယားတို့၏ဝတ္တရား နှိမ့်ချကျေပွန်ပါလျက် လင်သုံးဆက်တိုင်တိုင် စွန့်ပစ်ခြင်းခံရသည့် အတိတ်မှုကံကို အရှင်မ ရအပ်သော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ပြန်လှန်သုံးသပ်ဆင်ခြင်မှု မပြုခဲ့သလော ငါ့ရှင်မ" ဟု ထပ်မံ စစ်ကြော၍ ဆွေးနွေးနှီးနှောလိုက်ပြန်လေသည်။

ထိုအခါ ဣသိဒါသီထေရီသည် လက်အုပ်ချီ၍ ဤသို့လျှောက်ထားပြန်တော့၏။

"ဗောဓိထေရီ အရှင်မ ဘုရား၊ တပည့်တော်မသည် မိမိ၏ခုနစ်ဘဝတို့ကိုသိပါသည်၊ အကြင်ပရဒါရကံ၏ မကောင်းကျိုးကို အရှင်မအား ပြောကြားပါအံ့၊ တပည့်တော်မသည် ဤဘဝမှ နောက်ပြန်ဆုတ်၍ရေသည်ရှိသော် ခုနစ်ခုမြောက်သောဘဝ၌ ဧရကကစ္ဆမြို့ဝယ် ဥစ္စာကြွယ်သော ရွှေပန်းထိမ်သည်သားဖြစ်ပါ၏၊ အရွယ်အဆင်း တင့်တယ်ခြင်း၊ ဥစ္စာအနေပေါများခြင်းကြောင့် မိန်းမပရိသတ်၌ အလွန်ထင်ရှားလူချစ် များပါသည်၊ ထိုအခါတွင် သူတစ်ပါး၏မယားကို ပြစ်မှားကျူးလွန် လိုက်စားဖူးခဲ့ပါသည်"

ဗောဓိထေရီအရှင်မက ဣသိဒါသီထေရီ၏စကားကို ဖြတ်၍ ဤသို့မေးလိုက်လေသည်။

"အို–ဣသိဒါသီ၊ သင်၏စကားအရ ပစ္စည်းဥစ္စာ ပြည့်စုံသော၊ ရုပ်အဆင်းလှပသော သူဌေးသားတစ်ယောက်ဖြစ်ပါလျက် လင်သားကင်းရှင်းသော အပျိုအရွယ် မိန်းမတို့ကို အဘယ်ကြောင့် စိတ်မဝင်စားခဲ့ဘိသနည်း၊ ကာမေသု မိစ္ဆာစာရကံကို အဘယ်ကြောင့်ရဲဝံ့စွာ ကျူးလွန်ရပါသနည်း၊ ထိုရွှေပန်းထိမ်သည်သား လုလင်ယောကျ်ား၏ စိတ်ထားကား မိုက်မဲလှလေစွ" ဟု အပြစ်တင်လိုက်သည်တွင် –



"အရှင်မဘုရား၊ ပုထုဇဉ်ယောကျ်ားတို့စိတ်ကား လွဲမှားသောမာန်ဖြင့်ဖောက်ပြန်တတ်ကြပါကုန်၏။ ရုပ်အဆင်းလှသူသည် မိမိ၏ရုပ်အဆင်းကြောင့်လည်းကောင်း၊ ဥစ္စာပေါများသူသည် ဥစ္စာကြောင့်လည်းကောင်း၊ အားခွန်ဗလရှိသူသည် မိမိ၏ အားခွန်ဗလကြောင့်လည်းကောင်း၊ အတတ်ပညာရှိသောသူသည် မိမိ၏ အတတ်ပညာမာန်ကြောင့်လည်းကောင်း ဝင့်ကြွားမာန်တက်လေ့ ရှိကြပါကုန်၏၊ ထိုမာန်မာနတရားနှင့်အတူ အိမ်ထောင်မကျသေးသော အ သာမိက မိန်းမပျိုအနုအငယ်တို့ထက် 'ကိုယ်နေပျက်ပြီး မိန်းမကြီးတို့ နပ်ပြီးကုန်ကြ လူ့ဘဝ၌ ကိစ္စသတ္တိ လက်စဉ်းသိ၍ ဟိရိသြတ္တပ် မကပ်ကြောက်ရက် တလင်းတက်သော လင်ရှိမိန်းမတို့အား ပို၍မက်မှားတတ်ကြပါသည်၊ ထို့ပြင်တဝ သူ၏ယောကျ်ား ငယ်လင်သားထက်ဆပွားရမှက် ကိုယ့်ကိုမက်သည်ဟု နှစ်သက်စိတ်နှိုး ကာမဂုဏ်ဆိုးဖြင့် တိတ်တခိုးချစ်ရသည်များကို ဝီတိက္ကမကိလေသာ ပြင်းထန်စွာစွန့်စား၍ မတရားအရသာခံယူလိုကြပါသည်၊ ထိုသို့သော ဣတ္ထိမုတ္တသမားငမိုက်သားကိုမှ ကြိုက်ကြသော ကိလေသာဇော မက်မောလိုလားလိုက်သောအားဖြင့် ရည်းစားတစ်ထောင် လင်တစ်ကောင်ဟု မြှူးထောင်ကွင်းကျော့သော မိန်းမပေါ် မိန်းမသွမ်းတို့ကလည်း များလှပါဘိသည် အရှင်မ"

ဗောဓိထေရီကား အံ့သြတုန်လှုပ်စွာ ရင်ကိုမလျက် မိန်းမယောကျ်ား နှစ်ဦးသားတို့ မိုက်မှားသော အကုသိုလ်ကံတို့ကို ဝေဖန်ဆင်ခြင်နေမိလေသည်၊ ထိုသို့ဆင်ခြင်ရင်း–

"နတ္ထိ လောကေ ရဟော နာမ၊ အကုသိုလ်ကံတို့ကို လုပ်စရာဆိတ်ကွယ်ရာ အရပ်မရှိကြလေတကား" ဟု တစ်ပါးတည်း ညည်းညူလိုက်မိသည်။

ထိုစကားကိုကြားလျှင် ဣသိဒါသီထေရီက ပြန်ခံလျက်–

www.burmeseclassic.com

www.burmeseclassic.com



"စင်စစ် မရှိကြပါဘုရား၊ တပည့်တော်မမှာ ထိုအပြစ်ကြောင့် များစွာနှစ်ပေါင်း ထောင်သောင်းမက ငရဲကျ၍ ဆင်းရဲခြင်းဟူသမျှတို့၏ ဒုက္ခကို အဖန်တလဲလဲ ခံခဲ့ရပါပြီဘုရား၊ နှစ်ပေါင်းရှည်ကြာ ကမ္ဘာဘာ ခံခဲ့ရပြီးသည့်နောက် တစ်ခုသော မျောက်မ၏ဝမ်း၌ ပဋိသန္ဓေနေ၍ မျောက်ထီးအဖြစ် မွေးဖွားလျှင် မျောက်တို့၏ဦးစီး မျောက်ဘုရင်ကြီးက ဝှေးစေ့ကိုကိုက်ဖြတ်၍ သတ်လိုက်ပါသည်။

တောစိုး မျောက်မင်းတို့မည်သည်ကား မောင်းမမိသံ မျောက်မ အများအပြားကို အုပ်ချုပ်၍ ကာမဂုဏ်စည်းစိမ်ကို ခံစားလေ့ရှိရာ မွေးလာသော သားငယ်သည် တစ်နေ့သောအခါဝယ် မိမိအားအန်တု၍ မျောက်မများကို လုယူအုပ်ချုပ်မည်ကို စိုးရကား ငယ်စဉ်ကပင်သားငယ် ကို သတ်ပစ်လေ့ရှိပါသည်၊ ဤကား ပရဒါရ ပါပည်စ်ကျူ မကောင်းမှု၏ အကျိုးဆက်ပါတည်း။

မျောက်ဘဝမှတစ်ဖန် စုတေပြန်သော် မျက်စိလည်းကန်း၊ ခြေလည်းခွင်သော ဆိတ်ကန်းမ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဆိတ်သိုးဖြစ် လာလျှင် ဝှေးစေ့ကိုဖောက်ထုတ် (သင်း)၍ ကလေးသူငယ်တို့စီးသည်ကို ရွက်ဆောင်ရန်းငင်နေရပြန်ပါသည်၊ ဤသည်လည်း ပရဒါရကံ၏ အကျိုးဆက်ဖြစ်ပါသည်။

ထိုဘဝမှတစ်ဖန် နွားကုန်သည်တို့၏ နွားမဝမ်းဝယ် ပဋိသန္ဓေ နေ၍ နွားသိုးအဖြစ် သင်းကွပ်ခြင်း ခံရပြန်ကာ များစွာသောလှည်းဝန် တင်တို့ကို ရွက်ဆောင်ရန်းငင်နေခဲ့ရပါသည်။

ထိုနွားဘဝမှတစ်ဖန် စုတေပြန်သော် ကျွန်မတစ်ဦး၏ဝမ်း၌ ပဋိသန္ဓေနေ၍ မွေးဖွားသောအခါ ယောကျ်ားလည်းမဟုတ်၊ မိန်းမ လည်းမဟုတ်၊ နပုန်းပဏ္ဍုက် ဖြစ်ခဲ့ရပါသည်။

ထိုဘဝမှတစ်ဖန် ဥစ္စာနွမ်းမွဲ ဆင်းရဲလှစွာသော လှည်းလုပ်သား ၏ သမီးဖြစ်ခဲ့ရပြန်ပါသည်။



မိဘနှစ်ပါးတွင် ကြွေးမြီများပြားလွန်းရကား လှည်းသူကြီး၏ အကြွေးသိမ်းမယားငယ်အဖြစ်သို့ ဆင်းရဲငြိုငြင်စွာ ရောက်ရှိခဲ့ရပါသည်၊ ထိုဘဝ၌ တပည့်တော်မသည် သီတင်းသီလနှင့် ပြည့်စုံသော မယား ကြီးနှင့် လင်အကြားတွင် မုန်းထားခြင်းဖြစ်အောင် ကုန်းစကားပြော သော အပြစ်ကံကို ထပ်မံပြုမိပြန်ပါသည်။

အို–အရှင်မ ဗောဓိထေရီဘုရား၊ တပည့်တော်မသည် ထိုသို့သော ပရဒါရကံနှင့် ပိသုဏဝါစာကံတို့ကြောင့် ယခုဘဝတွင် လင်သုံးဆက် တိုင်အောင် နှစ်သက်ခြင်းမရှိ၊ တပည့်တော်မကဲ့သို့ ရှိသေစွာလုပ်ကျွေး သော ဣသိဒါသီကို မုန်းထား၍ စွန့်ပစ်သွားကြခြင်း ဖြစ်ပါသည်။

ထိုမကောင်းမှုကံတို့၏ အဆုံးသည် ယခုဘဝတွင် အပြီးသတ် ၍ ခပ်သိမ်းသော ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်စွာ ရဟန္တာမ အဖြစ်သို့ ရောက်ခဲ့ရပါပြီဘုရား"

ဗောဓိထေရီ ရဟန္တာမသည် ဣသိဒါသီထေရီ၏ အပဒါန် တရားကို နာကြား၍ အလွန်တရာအဆင်းလှသော သိက္ခာကာလဲ့ကို မမှိတ်မသုန် ကြည့်နေမိလေ၏၊ "လင်ယောကျ်ားများ၏ ပစ်ပယ်ခြင်း ခံခဲ့ရစဉ်က အလျှံတပြောင်ပြောင် တောက်လောင်နိုပ်စက်အပ်ကုန်သော ကိလေသာ မီးညွန့်မီးရောင်တို့၏ အရိပ်အရောင်တို့မှာ ယခုအခါဖြစ် သော ဣသိဒါသီထေရီ၏ ဝင်းဝါစိုပြည်သော မျက်နှာပြင်၌လုံးဝကင်း စင်လျက် အသူရိန်လက်မှ လွတ်ကင်းစ စန္ဒာလဝန်းကဲ့သို့ ရှိချေ၏၊ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ရှိချေ၏၊ ကန်၌ပွင့်သော ကြာဖြူ ပန်းကဲ့သို့ ရွှင်လန်းတင့်တယ်လှချေ၏၊ ဗောဓိပက္ခိယဂုဏ်နှင့် ပြည့်စုံ သော တရားတော်၏ အာနိသင်ကား အံ့ဖွယ်ရှိလေစွတကား" ဟု ဆင်ခြင်ကြည်ညိုနေမိလေ၏။

**(မဟာစည်ဆရာတော်ဘုရား၏ သလ္လေခသုတ် တရားတော်နှင့် ဣသိဒါသီထေရီအပဒါန်တို့ကို မှီခို၍ ကြည်ညိုလိုက်ပါသည်။)**

www.burmeseclassic.com

www.burmeseclassic.com

ဖအေကို အမွေပေးသောသမီး



"ဖအေကို အမွေပေးသော သမီး"

ထိုစကားမှာ အမှန်ပါတည်း၊ ကျွန်ုပ်၏ ရင်နှစ်သမီး ချစ်မငြီးသော ရောဟနီ၊ ဝေသာလီပြည်တွင် မဟာသာလ ပုဏ္ဏားကြီးဟူ၍ ထင်ရှားခဲ့သည်မှာ ပစ္စည်းဥစ္စာ ကြွယ်ဝခြင်း၊ ဝေဒပညာပြည့်စုံခြင်း၊ ဗြာဟ္မဏအမျိုးဖြစ်ခြင်း စသည်တို့ထက် ကြန်အင်လက္ခဏာ လိမ္မာရေးခြား စကားပြေပြစ် ချစ်ဖွယ်ကူရွှေ့ သရေတင့်သည့် သမီးရောဟနီ၏ ဂုဏ်သတင်းကြောင့်လည်း ဖြစ်ပါသည်။

တစ်ဦးတည်းသော မိခင်မဲ့ ရတနာကလေးအား 'မရှိ၊ မရ' ဆိုသည့် စကားကို မကြားမတွေ့ရအောင် အလိုလိုက်ရခြင်းမှာ ကျွန်ုပ်အတွက် စိတ်ချမ်းသာသောပီတိဖြစ်ပါသည်၊ သမီးရောဟနီသည် ပျိုမျစ် ငယ်ရွယ်သူဖြစ်လင့်ကစား ပွဲလမ်းသဘင် အပျော်အပါးများထက် ဘာသာရေးရာတို့ကို စိတ်ဝင်စားလေ့ရှိရာ ယခုတစ်လော လူသားဘုရားဆိုသူများ ဝေသာလီသို့ရောက်လာတိုင်း ဂုဏ်ရည်တန်းတူ အဖော်များနှင့် သွားရောက်ကြည့်ရှု စပ်စုတတ်ပေသည်၊ ကျွန်ုပ်အနေဖြင့် ထာဝရဖြစ်သော မဟာဗြဟ္မာကြီးထက်ခိုင်လုံကြသည်မဟုတ်၊ သမီးအတွက် တုန်လှုပ်ချောက်ချားစရာ စိုးရိမ်ဖွယ်မရှိသဖြင့် အပျော်အပါးအလို့ငှာ ခွင့်ပြုလိုက်သည်သာများပါသည်၊ လူတို့၏ သဘောကား ပုဂ္ဂိုလ်ထူး ဝါဒထူးဆိုလျှင် ကြည့်ချင် မြင်ချင် ကြားချင် နာချင်ကြသည်မှာ မမှတာမဟုတ်လော၊ ငယ်ရွယ်သူတို့က ပို၍တက်ကြွတတ်စမြဲ။

www.burmeseclassic.com

www.burmeseclassic.com



ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ ကစ္စာယန၊ အဇိတ၊ သိဥ္စည်း၊ နာဋပုတ္တ။

ကျွန်ုပ်တို့ဝေသာလီသို့ ထိုလူသားဘုရားများ တစ်ယောက်ပြီး တစ်ယောက် တစ်ပါးပြီးတစ်ပါး အခြံအရံတပည့် သားမြေးများနှင့် ရောက်လာကြပြီး သူတို့၏ ဝါဒရေးရာများကို ဟောပြောသိမ်းသွင်းခဲ့ကြသည်။ ထိုသို့ တစ်ဦးပြီးတစ်ဦး တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်လာတိုင်း သမီးရောဟနီနှင့် သူ့အပေါင်း အသင်းများသွား၍ စပ်စုလေ့ရှိသည်။

"ဘယ့်နှယ်လဲသမီး၊ ညည်းသွား၍ အကဲခတ်သောဘုရားများ အကြောင်း ပြောပါဦး" ဟု ပြန်လာသောအခါတိုင်း ကျွန်ုပ်က ရယ်သွမ်းသွေးရသည်။

"အို – ဖခင်၊ သူတို့ကိုယ်သူတို့ ဘုရားလို့ ကြွေးကြော်ကြပါတယ်၊ တပည့်နောက်လိုက်များလည်း ရှိကြပါတယ်၊ ဒါပေမဲ့ ဣန္ဒြေကတော့ ကြည်ညိုစရာ လေးစားစရာ မြတ်နိုးစရာ သမီးမမြင်ခဲ့ပါဘူး၊ ဘုရားများဟာ အဝတ်တောင်မှ မဝတ်ဘဲ အချည်းနှီး ကိုယ်လုံးတီး နေကြတာက ရက်ဖွယ်လိလိ ဖြစ်ပါတယ်။ ဝါဒတွေလည်း မိမိကိုယ်မိမိ အလွန်အကျူး နှိပ်စက်အပင်ပန်းခံခြင်း၊ ကောင်းမှု မကောင်းမှုဟူ၍ မရှိခြင်း၊ ရှေးဘဝဆိုတာ မရှိခဲ့၊ နောင်ဘဝဆိုတာ မရှိ၊ ယခုဘဝသာ တပ်အပ်ထင်လင်း ဖြစ်နေခြင်းကြောင့်ကာလ ဒေသပယောဂအလျောက် သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ လှည့်ဖြားခြင်း၊ အပျော်အပါးလိုက်စားခြင်း ဆိုတာတွေကို မစိုးမရွံ့ လုပ်နိုင်တယ်ဆိုတဲ့ ဝါဒတွေကို သမီး ထိတ်လန့်ခဲ့ရပါတယ်"

သမီး ရောဟနီ၏စကားကို ကျွန်ုပ်လေးစားလိုက်ရပါသည်၊ အကောင်းအဆိုးကို ခွဲခြားဝေဖန်နိုင်သော ဆင်ခြင်တုံတရားကို ကျွန်ုပ် ဝမ်းမြောက်ဝမ်းသာ ထောက်ခံပါသည်။



"သမီးရောဟနီရဲ့ အမြော်အမြင် ဉာဏ်ရှိမှန်းသိလို့ အဖေ စိတ်ချစွာ လွှတ်လိုက်တာပေါ့ သမီးရယ်၊ တကယ်တော့ အဖေတို့ရဲ့ ထာဝရပြဿနာကြီးသာ ကိုးကွယ်ရာဖြစ်ပါတယ်ကွယ်" ဟု နှစ်သိမ့်လိုက်ရပါသည်။

"အခုအထိတော့ သမီးလက်ခံထားရမှာပေါ့လေ"ဟု ပြောရာ ကျွန်ုပ်မှာ တစိမ့်စိမ့်ကြည့်ကာ ချစ်မငြီး ဖြစ်လိုက်ရပါသည်။

ရက်ပေါင်းများစွာ မကြာ မမြင့်လိုက်ပါချေ၊ သမီးရောဟနီက သတင်းတစ်ရပ် ဆောင်ကြဉ်းပြောပြလာပြန်ပါသည်။

"အဖေ–ကျွန်မတို့ ဝေသာလီကို ရောက်လာခဲ့တဲ့ ဘုရားခြောက်ယောက်ကိုကောသလဘုရင်ကြီးက နန်းတော်ပင့်ပြီး စုံစမ်းတော်မူသတဲ့"

"အမယ်– ဘုရင်ကြီးကိုယ်တိုင် စိတ်ဝင်စားသတဲ့လား သမီး၊ ဘုရင်၏ ကိုးကွယ်ရာ ချီးမြှောက်ခြင်း ခံကြရပြီလား"

"ဘယ်–ကိုးကွယ်ရာဖြစ်နိုင်ကြပါ့မလဲ အဖေ၊ ဘုရင်ကြီးက ဘုရားခြောက်ယောက်ကို သင့်တော်လျောက်ပတ်ရာမှာ ထိုင်တော်မူကြပါလို့ ဖိတ်ခေါ်လိုက်တယ်ဆိုရင်ပဲ ပလ္လင်တို့ သလွန်တို့ စတဲ့ မြင့်မြတ်တဲ့ နေရာတွေမှာ မထိုင်ဝံ့ကြသဖြင့် နန်းကြမ်းပြင်မှာသာ အသီးသီး နေရာယူကြသတဲ့"

"ဟင်– ဒါနဲ့များ သူတို့ကိုယ်သူတို့ အတုမရှိသောဘုရား၊ လောကမှာ အမြင့်ဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်တွေလို့ ကြွေးကြော်ရသေးသလား၊ ဘုရင်ကို ကြောက်ရွံ့ရှိသေနေကြကတည်းက ဘုရင့်ထက်အောက်တန်းကျပါတယ်လို့ အလိုအလျောက် ဝန်ခံရာ ရောက်ကုန်ကြပြီပဲ၊ ရှက်စရာ"

"ဒါထက် ရှက်စရာကောင်းပါသေးတယ် အဖေ၊ ဘုရင်ကြီးက အဖေမြင်သလိုမြင်ပြီး အထင်သေးသွားတယ်ထင်ပါရဲ့၊ 'ကဲ– သင်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် တရားအပေါင်းကို သိမြင်သော ဗုဒ္ဓဟု ဝန်ခံကြပါသလော’လို့ မေးလိုက်တယ်ဆိုပဲ”

“ဩော်– ဒီလို ပွင့်ပွင့်လင်းလင်း မေးတော်မူလိုက်သတဲ့လား၊ ဒီတော့ ဘယ်လိုဖြေကြသတဲ့လဲ”

“ဒီလို ရဲရဲတောက် မေးတော်မူလိုက်တော့ မင်းဆိုတဲ့ အရှိန် အဝါကြောင့် ကြောက်လန့်တုန်လှုပ်ပြီး ‘ကျွန်ုပ်တို့ ဝန်မခံပါ’ လို့ ဖြေပြီး နန်းတော်ပေါ်မှ ဆင်းပြေးကြသတဲ့”

ကျွန်ုပ်မှာ သမီးဖြေလိုက်သောစကားကို ကြားလိုက်ရသည့်အခါ ပွဲသဘင်မှ လူရွှင်တော်တစ်ယောက်၏ ဟာသကို ကြားလိုက်မြင်လိုက်ရသကဲ့သို့ အူလှိုက်သည်းလှိုက် ရယ်လိုက်ရပါသည်။

“ကဲ– အရှက်တော်ကွဲကုန်ပါပကောလား၊ ဘုရားကြီးခြောက်ဆူရယ်”

“ဒါတောင်မှ သူတို့အရှက်ကိုတော့ သူတို့ ‘မိုးကြိုးပစ်ထန်းလက်ကာ’ ကာကွယ်ပြောလိုက်သေးသတဲ့ အဖေရဲ့၊ သူတို့ကိုကြည်ညိုပြီး ပင့်သွားကြတဲ့ ပုဂ္ဂိုလ်များက မခံချိမခံသာနဲ့ ‘ဘာဖြစ်လို့ ဗုဒ္ဓဟု ဝန်မခံကြတာလဲ’ လို့မေးတာကို ‘ငါတို့ပြောတာကို ဘုရင်ကြီးက မယုံလျှင် ဘုရင်ကြီး အကုသိုလ်ဖြစ်မှာ သနားမိလို့ပါ’ လို့ ဖြေသတဲ့လေ၊ အံ့ရော”

ထိုစကားကြောင့် သားအဖနှစ်ယောက်စလုံး ပြုံးကြပြန်ပါသည်၊ သမီးရောဟနီကား သို့ကလောက် ဓမ္မရေးရာကို စိတ်ဝင်စားသော သုတေသီကလေး ဖြစ်ပါသည်။ အပြစ်ကင်းသော ဝါသနာကို ကျွန်ုပ် အနေဖြင့် ချုပ်ချယ်မှု မပြုလိုပါချေ။

ဤသို့ဖြင့် ရက် လ အတန်ကြာသွားပြီးသည်နောက် ဥက္ကောဋ္ဌေယျ သတင်းဖြစ်လာပြန်ပါသည်။

“ဂေါတမဗုဒ္ဓ ဝေသာလီသို့ နောက်လိုက်နောက်ပါ ရဟန်း



သံဃာများခြံရံလျက် ကြွရောက်လာပြီ”

ဝေသာလီပြည်သူပြည်သားများ လှုပ်လှုပ်ရွရွ ရှိနေကြပြန်သည်၊ အရပ်ထဲတွင်လည်းကောင်း၊ ဈေးများတွင်လည်းကောင်း၊ ပွဲလမ်းသဘင်များတွင်လည်းကောင်း၊ ယုတ်စွအဆုံး သေတင်းကုပ်တွင်လည်းကောင်း ပျံ့နှံ့နေကြသည်။

ဤတွင် သမီးရောဟနီက အပေါင်းအဖော်များနှင့်အတူ ဗုဒ္ဓရှိရာသို့ သွားခွင့်တောင်းလာပြန်တော့သည်။

“သမီးက တယ်ဒုက္ခရှာပြန်သကိုး၊ သူလည်း အထက်ဆရာကြီးများလို ကျော်စောတဲ့အရှိန်အဟုန်ကုန်တော့ ပျောက်ကွယ်သွားမှာ မဟုတ်လား၊ အဖေ စနည်းနာပြီးပါပြီ၊ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါ ဒနရဲ့ သားတဲ့၊ အသက်အရွယ်မှာ သံဃည်းဆရာကြီးများထက်ပင် ငယ်သေးသတဲ့” ဟု ကျွန်ုပ်က ပြောသည့်အခါ–

“အသက်အရွယ်ငယ်သည်ကြီးသည်က အဓိကမဟုတ်ပါဖခင်၊ မင်းဇကရာဇ် သားငယ်ကို ငယ်သည်ဟု မထီမဲ့မြင် မပြုထိုက်သကဲ့သို့ မြွေပွေး မြွေဟောက်ကို ငယ်သည်ဟု မရွံ့မကြောက် မသုံးသပ်ထိုက်သကဲ့သို့ လောက၌ အရည်အချင်း ဩဇာ အာဏာနှင့် ပညာ သီလသာ အဓိကထားသင့်သည်ဟု သမီးယူဆပါတယ်”

အချက်အလက်ကျသော သမီးကို ကျွန်ုပ်ဝမ်းသာအံ့ဩမိသော်လည်း လူကြီးပီပီ သိက္ခာကို ဆည်လိုသေးသဖြင့် ဤသို့ ဆက်လိုက်ရပါသေးသည်။

“သမီး– လောကမှာ သူလိုကိုယ်လို လူကမွေးတဲ့ လူသားက ဘုရားဖြစ်နိုင်ကောင်းသည်မဟုတ်၊ စင်စစ်သော်ကား ဘုရားဟူသည် အနန္တတန်ခိုးရှင် ဖန်ဆင်းရှင် ကယ်တင်ရှင်ဆိုသည်မှာ အနန္တစကြဝဠာ တောတောင်ရေမြေ သမုဒ္ဒရာနှင့်တကွ အမျိုးလေးပါးသော လူသားနှင့် သတ္တဝါတို့ အကုန်ကို ပြုလုပ်ဖန်ဆင်းပေးနိုင်တဲ့ မဟာဗြဟ္မာကြီးသာ

www.burmeseclassic.com

www.burmeseclassic.com



လျှင် ထာဝရဗုဒ္ဓဖြစ်ကြောင်း သမီးယုံမှားမရှိလင့်” ဟုကျွန်ုပ်က နှစ်သိမ့်လိုက်ရပါသည်။

“အို– ချစ်စွာသောဖခင်၊ ဖခင်တို့၏ ထာဝရဘုရားဟုဆိုသော မဟာဗြဟ္မာကြီးကို ဖခင်ကိုယ်တိုင် မြင်ဖူးခဲ့ပါသလား၊ ထိုဘုရားကြီး၏ ဩဝါဒနှင့် ဓမ္မရေးရာကို ဖခင်ကိုယ်တိုင် သူ့ထံမှောက်မှ နာကြားမှတ်ယူခဲ့ပါသလား၊ သမီးအနေနှင့်ကတော့ ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ဖူးမြော် အကဲခတ်ကြည့်ချင်ပါသည်၊ ကိုယ်တိုင်ဟောသော တရားဝါဒကို နားနှင့်ဆတ်ဆတ် တပ်အပ်သေချာကြားနာပြီးမှ မိမိကိုယ်တိုင် ဝေဖန်သုံးသပ် အဆုံးအဖြတ်ပြုလိုပါသည်၊ အို ဖခင်၊ သမီး သွားပါရစေ၊ အကောင်းအဆိုး အကျိုးရှိမရှိ သိနိုင်သော ပဋိဘာန်အရာမှာ သမီးအား ယုံကြည်စိတ်ချရသည် မဟုတ်ပါလားဖခင်”ဟုဆိုလာသောအခါ ကျွန်ုပ်မှာ မတားသာတော့၊ တစ်သက်လုံး အလိုလိုက်လက်စနှင့် လိုက်ရသာရှိပါတော့သည်။

သမီး ရောဟနီကား ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ရမှ ကျေနပ်သည့် အလေ့စရိုက်ရှိသူတည်း၊ သူ့အပေါ်တွင် ကျွန်ုပ်ယုံမှားသံသယမရှိပါချေ၊ ထို့ကြောင့် စိတ်ချလက်ချ ဆင်ထားလိုက်သည်၊ ဂေါတမဗုဒ္ဓထံမှ ပြန်လာသည့်အခါ ထိုပုဂ္ဂိုလ်၏ ချွတ်ယွင်းချက်နှင့် အကြောင်းယုတ္တိမတန်မှုများကို ကျွန်ုပ်အားပြန်၍ ဖောက်သည်ချနေပါလိမ့်မည်၊ အလွန်တရာ ခေါင်းပါးခြိုးခြံ၍ အဝတ်မဆီး အချည်းနှီးသော ကိုယ်ကာယဖြင့် ကြမ်းတမ်းစွာကျင့်ခဲ့ကြသည့် ဆရာကြီးများထက် နုနုငယ်ငယ် မင်းစည်းစိမ်အလယ်တွင် ခံစားစံစားခဲ့ဖူးသော မင်းသားငယ် သိဒ္ဓတ္ထဝယ် အဘယ်တရားထူးများ ရှိနိုင်ပါလိမ့်မလဲ၊ သမီးရောဟနီအတွက် သွားရကျိုးနပ်ပေလိမ့်မည် မဟုတ်ပေတကား။

သို့သော် –သို့သော် –

ဗုဒ္ဓထံမှပြန်လာသည့်အချိန်မှစ၍ သမီးရောဟနီ၏ ထူးခြားပုံ



ကလေးများကို အကဲခတ်လိုက်မိပါပြီ၊ သမီးသည် အခါတိုင်းကဲ့သို့ မြင်ခဲ့ ကြားခဲ့ဖူးသမျှကို တင်ပြဆွေးနွေးခြင်းမပြု၊ ကိုယ်အမူအရာ နှုတ်အမူအရာ တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေခံညားနေတော့သည်၊ ရွှင်လန်းကြည်လင်နေသော စိတ်ဓာတ်က သူ့မျက်နှာဝယ် အရိပ်ဟပ်နေသလို တွေ့ရသည်။

“ဘယ့်နှယ့်လဲသမီး၊ အရင်တုန်းက ဘုရားတွေအကြောင်း ဖောက်သည်ချသလို အခုလည်း အဖေ့ကို ဂေါတမဗုဒ္ဓအကြောင်းမပြောတော့ဘူးလားကွယ်” ဟု စကားစလိုက်သည်။

“အို–ကျေးဇူးရှင် ဖခင်၊ သမီးဆန္ဒ အဝဝကို အလိုလိုက်စွာ ခွင့်ပေးပါသော ဖခင်အား သမီးရိုသေမြတ်နိုး ရှိခိုးပါသည်၊ ယခင်ယခင် ဘုရားဆိုသူများအကြောင်းကို တစ်ခွန်းတစ်ပါဒနှင့် ပြောပြပြည့်စုံနိုင်သော်လည်း ယခုသမီးတွေ့ခဲ့ရသော ဗုဒ္ဓအကြောင်းကိုမူကား တရားတော်၏ မေဒနီအဆီအနှစ်ကို ထားဘိဦး၊ ဗုဒ္ဓ၏ ရူပအသရေကိုပင် အဖေသိအောင် ပြောပြဖို့ အချိန်အများကြီး ယူရပါလိမ့်မည်၊ ထို့အတွက် နောက်ရက်များမှာ အားပါးတရ ပြောပါရစေ” ဟု တောင်းပန်ရှာပါသည်။

ဗုဒ္ဓအသရေတော် နှစ်လိုဖွယ်ရှိလိမ့်မည်ကိုကား ကျွန်ုပ်ရိပ်စားမိပါသည်၊ သကျသာကီဝင် မင်းမျိုးဖြစ်ခြင်းကြောင့် အသားအရေ စိုပြည်ဝင်းဝါလျက် နူးညံ့သိမ်မွေ့မည်မှာ ယုံမှားစရာမရှိနိုင်ပါ၊ထို့ကြောင့် မိန်းကလေးတို့၏ စိတ်နေသဘောထားအတိုင်း ပုဂ္ဂိုလ်ခင်၍ တရားကို မင်ခဲ့လေပြီလော။

နောက်နေ့များတွင်လည်း ဗုဒ္ဓထံသို့ သွားပါရစေဟု ခွင့်တောင်း၍ ကျောင်းတော်ကို အပေါင်းအဖော်များနှင့်တကွ သွားပြန်လေသည်။

ကျောင်းတော်မှပြန်လာတိုင်း ပြန်လာတိုင်း မိမိအိမ်၏ စည်းစိမ်ဘောဂတို့အလုပ်တွင် ပျော်ရွှင်မြူးထူးမှု နည်းသည်ထက် နည်းကာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အပေါ်မှာလည်း ဝတ်ကြီးဝတ်ငယ်ပြုစုလျက် ရှိသေမှုများ ပိုလာသည်ကို တွေ့ရပါသည်၊ အိမ်မှုအစေခံ အခြွေအရံတို့ကိုပင် ချိုသာစွာ ဆက်ဆံ၍ ခွင့်လွှတ်သည့် မေတ္တာတရားများ ထင်ရှားပေါ်လွင်လာခဲ့ပါသည်။

ထို့အပြင် ထူးခြားသည်က 'သမဏ–သမဏ'ဟု ဥဒါန်းကျူးသလို တစ်ကိုယ်တည်း ရွတ်ဆိုနေတတ်သည်၊ အိပ်ရာဝင်သည့်အချိန်တွင် ဖြစ်စေ၊ အိပ်ရာမှနိုးသည့်အချိန်တွင်ဖြစ်စေ၊ ယုတ်စွအဆုံး မတော်တဆလက်မှ ပန်းကန်တစ်ခုတစ်ခု လွတ်ကျသည့်အခါတွင်ပင် 'သမဏ' ဟု ယောင်၍ အော်လိုက်တတ်သည်၊ ထိုအခါ ကျွန်ုပ်မှာ စဉ်းစားစရာ ဖြစ်လာရပါပြီ။

ဗုဒ္ဓ၏ အသရေတော်ကို ကြည်ညို၍ ပုဂ္ဂိုလ်စွဲရှိနေလျှင် 'ဗုဒ္ဓ–ဗုဒ္ဓ'ဟု သာ အမြဲမြည်တမ်းနေစရာရှိသည်၊ ယခုကား ဗုဒ္ဓ၏ တပည့်သာဝက သမဏများကို တမ်းတကြည်ညိုနေသည်မှာအကြောင်း တစ်ခုဖြင့် ရှိကောင်းသည်၊ ထို့ကြောင့် သမီးအား မေးလိုက်ရသည်။

"သမီး–သမဏဆိုသည်မှာ အသူနည်း"

"သမဏဆိုသည်မှာ ဗုဒ္ဓ၏ သာဝကများ ဖြစ်ကြပါသည်ဖခင်"

"သပိတ်ကိုလက်စွဲလျက် အိမ်စဉ်ကိုရပ်လျက် ထမင်းတောင်းခံလေ့ရှိသူများ မဟုတ်လော"

"ဟုတ်ပါ၏ ဖခင်"

"ဘယ်လိုလဲသမီး၊ သူတောင်းစားနှင့်မခြားအောင် ရှိကြလေတကား၊ ဗုဒ္ဓက တားမြစ်ခြင်း မပြုလေရော့သလား"

"ဗုဒ္ဓကိုယ်တော်တိုင် အိမ်စဉ်ကိုရပ်၍ ဒကာ ဒကာမ လှူသောဆွမ်းကို ခံလေ့ရှိပါသည်၊ သူ၏တပည့်သာဝကများကိုလည်း ရဟန်းဖြစ်သည့်နေ့မှစ၍ တစ်သက်ပတ်လုံး ခံဆွမ်းသာ ကြောင့်ကြ စိုက်ထုတ်ပြုလုပ်ရမည်ဟု ဩဝါဒပေးခဲ့ပါသည်"



"အို သမီး၊ သမုဒ္ဒရာ ဝမ်းတစ်ထွာဟု ဥပမာပြုရသော လူ့ဘဝ၌ မိမိ၏ဝမ်းစာအတွက် ကြိုးစွာသော လုံ့လ ဝီရိယဖြင့် ရင်းနှီးမှုရအပ်သော ထမင်းကို အလွယ်တကူ ခံယူစားနေကြသော် လူပေါ်တွင်လူတင်စီးများ မဖြစ်ကြကုန်ပေဘူးလား"

"လူထင်စီးဆိုသည်မှာ မရမနေ အာဏာဖြင့် တောင်းယူသူများကိုသာ ခေါ်ထိုက်ပါသည် ဖခင်၊ သမဏများမှာ အိမ်ရှင်တမပေးမလှူလျှင်လည်း အေးချမ်းစွာပင် ထွက်ခွာသွားကြသည်သာ ဖြစ်ပါသည်"

"အလွန်အောက်ကျ သိမ်ငယ်သော ကိစ္စပေတကား"

"ဗုဒ္ဓသခင်သည် သာကီဝင်မင်းမျိုးဖြစ်လျက် နှိမ့်ချသောစိတ်ရှိသည့်နည်းတူ သူ့တပည့်သာဝကတို့ကိုလည်း နှိမ့်ချကျိုးနွံသောစိတ်ထား ရှိစေလိုပါသည်၊ အိမ်စဉ်ကလောင်းလှူသော ဆွမ်းအာဟာရများမှာ တစ်အိမ်နှင့်တစ်အိမ် တူကြသည်မဟုတ်၊ ကောင်းဆိုးရောရာပူအေးပျော့မာ ရသတဏှာ မဖြစ်အောင် သုံးဆောင်စေလို၍လည်း ဖြစ်ပါသည်၊ အဖေကိုယ်တိုင် နိစ္စဓူဝ ရွာသားတို့၏ လောင်းလှူသမျှကို သည်းခံ၍ စားနိုင်ရန် အလွန်ခက်ခဲပါလိမ့်မည်၊ စားသည့်အခိုက်တွင်လည်း 'ဤသည့်စားဖွယ် အမယ်မယ်ကို မြူးရယ်မာန်ကြွ လှပရေးဆင်းပြည့်ဖြိုးခြင်းငှာ မသုံးပါဘူး၊ လေးဖြာခတ်ဆောင် ဤကိုယ်ကောင်သည် ရှင်အောင်တည်လျက် အသက်မျှတမ်း မမောပန်းညား ဘုရားသာသနာ ကျင့်နှစ်ဖြာကို ကျင့်ပါနိုင်စေ ဝေဒနာဟောင်းသစ် မဖြစ်စေရ ယာပိုထ်မျှလစ် ခပ်သိမ်းပြစ်ကို မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း'ဟု အမြဲ နှလုံးသွင်းနေရပါသည်ဖခင်"

"သမီးပြောတဲ့ 'ဘုရားသာသနာ ကျင့်နှစ်ဖြာ' ဆိုသည်က ဘာတွေများလဲ"

"အို–ဖခင်၊ သမဏများမှာ အချိန်တရစပ် မပြတ်ပြုလုပ်နေရသော ကိစ္စနှစ်ရပ် ရှိကြပါသည်၊ တစ်ခုမှာ ဗုဒ္ဓဟောကြားဆုံးမသော

www.burmeseclassic.com

www.burmeseclassic.com



တရားအရပ်ရပ်ကို မှတ်သားသရဇ္ဈာယ်နေရသော အလုပ်တစ်ခုဖြစ်၍ တစ်ခုမှာ ဗုဒ္ဓ၏ကျင့်စဉ်အတိုင်း သံသရာဝဋ်မှ လွတ်ကင်းရာ လွတ်ကင်းကြောင်း ဝိပဿနာအကျင့်ကို အမြဲကျင့်ကြံနေရသည့် အလုပ်ဖြစ်ပါသည်၊ ထိုကိစ္စရပ်ကို မပြုမကျင့်သော သမဏအား မြတ်စွာဘုရားက ပြင်းထန်စွာ ရှုတ်ချကဲ့ရဲ့တော်မူပါသည် ဖခင်"

"ဒါဖြင့် သူတို့ ကိုယ်ကျိုးအတွက် ကျင့်ကြံအားထုတ်ဖို့ရာကို ဒါယကာ ဒါယိကာမများက ပေးကမ်းထောက်ပံ့နေရသည် ဆိုပါစို့"

ကျွန်ုပ်က ဤသို့ရေရွတ် မြည်တမ်းလိုက်သောအခါ သမီးရောဟနီသည် ကရုဏာမျက်နှာထားဖြင့် ကျွန်ုပ်အား ပြန်ကြားရှင်းလင်းလိုက်ပါသည်။

"ကျွန်မ၏ ကျေးဇူးရှင် အို--ဖခင်၊ ကျွန်မအား နေ့စဉ်ထမင်းကျွေးနေသည့်အတွက် ဖခင်မှာ မည်သို့အကျိုးအမြတ်ရပါသနည်း၊ ကျွန်မအား လုပဆန်းကြယ် အဝတ်အလဲအလှယ်တို့ကို ဆင်ယင်ထားသည်မှာ အဖေ့တွင် တစ်စုံတစ်ရာ အကျိုးခံစားနေရပါသလား"

"ရောဟနီ၊ သင်ကား ငါ၏ချစ်သမီးအရင်းမဟုတ်ပါလော"

"ဖခင်သည် အိမ်အမှုလုပ် လယ်ယာအမှုလုပ်များကို အဘယ်ကြောင့် ထမင်းကျွေးထားပါသနည်း၊ ကျွဲနွားဆင်မြင်း စသည့် ဖခင်ပိုင် သတ္တဝါများကိုလည်း အဘယ်ကြောင့် အစာရေစာမပြတ် ကျွေးမွေးနေရပါသနည်း၊ အမှန်စင်စစ်ကား ဖခင်အတွက် ဥစ္စာစီးပွား စပါးဆန်ရေ အထွေထွေကို ရလိုမှုကြောင့်သာ ဖခင်အကျိုး မျှော်ကိုး၍သာ ကျွေးရခြင်း ဖြစ်ပါလိမ့်မည်၊ ကျွန်မအားလည်း သမီးဟူသော သမုဒယ သံယောဇဉ်ကို ဖခင်ခံစားနေရခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်"

သမီးရောဟနီ၏စကားတို့မှာ သိမ်မွေ့သည်နှင့်အမျှ နက်နဲခက်ခဲလာပါသည်၊ မိမိပြုသမျှ အမှုကိစ္စအလုံးစုံသည် မိမိ၏ကိုယ်ကျိုးသို့သာ ရှေးရှုခံမင်နေကြောင်း ဇေဇေတွေးမှ ရေးရေးပေါ်လာတော့သည်။



"အို– ချစ်လှစွာသော အဖကျေးဇူးရှင်၊ ဗုဒ္ဓသည် ခပ်သိမ်းသော သတ္တဝါတို့၏ လောကုတ္တရာအကျိုးငှာ ပါရမီအမျိုးမျိုးကို ကိုယ်ကျိုးစွန့်ကာ အစွန့်ကြာစွာ ဆည်းပူးတော်မူခဲ့ပါသည်၊ ထိုဗုဒ္ဓ၏ သာဝကသမဏများသည်လည်း မြတ်သောအလှူကို ခံတော်မူထိုက်အောင် ကျင့်ကြံကြိုးစား မြတ်တရားကို ပွားများအားထုတ် နေကြသူများသာ ဖြစ်ကြပါသည်၊ သမီးတို့၏ အလိုရမ္မက် နှစ်သက်စွဲလမ်းသော လောဘကို ပယ်ဖျက်လှူဒါန်းနိုင်ရာ ပုဂ္ဂိုလ်များသာ ဖြစ်ကြပါသည်၊ အို–ဖခင်၊ ဖခင်၌ များစွာသော ဥစ္စာတို့ကို သူတစ်ပါးအား အတိုးရင်းပွားရအောင် ချေးငှားခြင်းပြုသည့်အခါ၌ လတ်တလောအားဖြင့် အကျိုးကျေးဇူးမဲ့ ပေးလိုက်ရသည်ဟု ဆိုရမည်လော၊ နောက်ကာလအဖို့ အတိုးအညွန့်ကို ရနိုင်သကဲ့သို့ လယ်ယာ၌ စိုက်ပျိုးအပ်သောကောက်ပင်ဟူသမျှသည် နောက်ကာလ အဖို့ အသီးနှင့်တကွသော စပါးပင်များဖြစ်ပေါ်လာသကဲ့သို့ သမဏတို့အား လောင်းလှူအပ်သော ဆွမ်းစသည်တို့သည်လည်း သမီးတို့အဖို့ အကျိုးကျေးဇူးများနိုင်ပါသည်" ဟု ဖြေပါသည်။

"အဘယ် ရောဟနီ ချစ်သမီး၊ သမဏတို့အား ချစ်မြတ်နိုးလှသည်တကား၊ ချစ်သမီးပင်လျှင် ရဟန်းမကလေး ဖြစ်နေလေပြီလား" ဟု ကျွန်ုပ်က ရယ်သွမ်းသွေးလိုက်မိသည်။

"သမဏရဟန်းတို့သည် ကမ္မဋ္ဌာန်းအလုပ်ကို ကောင်းစွာလုပ်လိုကြကုန်၏၊ ပျင်းရိခြင်း မရှိပါကုန်၊ ရာဂကိုလည်းကောင်း ဒေါသကိုလည်းကောင်း စွန့်နိုင်ကြကုန်၏၊ ထို့ကြောင့် သမီးချစ်မြတ်နိုးပါ၏၊ အရိယာဇာတ် ရဟန်းမြတ်တို့သည် များသောအကြားအမြင် ရှိကြကုန်၏၊ တရားကို ဆောင်ကြကုန်၏၊ တရားဖြင့် အသက်မွေးကြကုန်၏၊ တစ်ခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌ တည်သောစိတ် ရှိကြကုန်၏၊ သတိရှိကြကုန်၏၊ ထို့ကြောင့်သမီးသည် သူတို့အား ချစ်မြတ်နိုးပါ၏၊

www.burmeseclassic.com



အို–ဖခင်၊ ရဟန်းတို့သည် ပစ္စည်းဥစ္စာ စုဆောင်းခြင်း မရှိသည့်အတွက် တစ်ရွာမှတစ်ရွာသို့လည်းကောင်း၊ တစ်ကျောင်းမှ တစ်ကျောင်းသို့ လည်းကောင်း ငဲ့ကွက်ခြင်းမရှိပါဘဲ အလိုရှိရာ တောမြိုင်သာသို့ထွက်ခွာ နိုင်ကြပါပေသည်။

သမဏတို့သည် ငွေကိုဖြစ်စေ ရွှေကိုဖြစ်စေ ခံယူခြင်းမပြုကြ ပါကုန်၊ ပစ္စုပ္ပန်ရလာဘ်ဖြစ်သော ဆွမ်း သင်္ကန်း ကျောင်း ဆေးဟူသည့် ပစ္စည်းလေးပါးသာလျှင် ပစ္စဝေက္ခဏာတင်လျက် ဆင်ခြင် သုံးဆောင် နေကြပါကုန်၏၊ အမျိုးလေးပါးမှ အသီးအသီး ရဟန်းပြုလာကြကုန် သော သမဏတို့သည် မိမိတို့၏ ဇာတိပုည ဂုဏ်မာနကို စွန့်လျက် အချင်းချင်းညီညွတ်ချစ်ခင်ကြသည်မှာ ချီးမွမ်းဖွယ် ဖြစ်ခြင်းကြောင့် သမီးသူတို့အား ချစ်မြတ်နိုးရပါသည်။ အို ဖခင်၊ သမီးအား ရဟန်းမ ကလေး ဖြစ်နေချေပြီလောဟု ဖခင်က မေးသည်ကို၊ 'သမီးအနေဖြင့် ဖြစ်နိုင်လျှင် ဖြစ်ချင်နေပါပြီ'ဟု ပြောလိုပါသည်၊ သမီးသည်ဗုဒ္ဓနှင့် တစ်ကြိမ်တွေ့မြင် ကြားနာရပြီးသည်မှစ၍ သံသရာမှ လွတ်မြောက်ရာ လမ်းစဟု ဆိုအပ်သော သောတာပန်အဆင့်သို့ ရောက်ခဲ့ရပါပြီ"

သမီး၏ တည်ကြည်သောစကားကို ကြားလိုက်ရသည့်အတွက် ကျွန်ုပ်မှာ တုန်လှုပ်ချောက်ချားသွားမိသည်၊ အံ့ဩတွေဝေ၍ သမီး မျက်နှာကို ကြည့်မိသည်၊ ကျွန်ုပ်၏ခံတွင်းမှ ပွင့်ဟသွားမိသည်။

"ဘယ်လိုလဲသမီး၊ သမီးကိုယ်တိုင် ဗုဒ္ဓ၏တပည့်ဖြစ်သွားပြီ လား၊ ဖခင်တို့၏ မျိုးရိုးမှာ မြင့်မြတ်သော မဟာဗြဟ္မာဖြစ်သည်ကို သမီးသိထားပြီ မဟုတ်လား၊ လူသားဘုရား၏ တပည့်ဟူ၍ ခံယူသည် မှာ မဟာဗြဟ္မာကြီး၏တပည့်ထက် သာလွန်မွန်မြတ်နိုင်ပါ့မလား သမီး"

ထိုစကားကို ကြားလိုက်သော သမီးရောဟနီက ကျွန်ုပ်အား နူးနူးညံ့ညံ့ ဖြေကြားပါသည်။



"ပညာရှိဖြစ်သော ဖခင်၊ သမီး၏စကားကို စဉ်းစားဖြေစေချင် ပါသည်၊ သတ္တဝါတစ်ဦးတစ်ယောက်အတွက် မျိုးရိုးဇာတိဇသည် အဓိက လား၊ အကျင့်သီလသည် အဓိကလား"

ကျွန်ုပ်မှာ လွယ်လွယ်ကလေးမေးလိုက်သော သမီး၏ပုစ္ဆာကို နက်နဲစွာတွေးရပါပြီ၊

ဤလောကမျက်မြင် သန့်စင်မွန်မြတ်သော အမျိုးကောင်းသား ဆိုရငြားလည်း ကိုယ်ကျင့်တရား ပျက်ပြား၍ သူတစ်ပါးကို သတ်ခြင်း၊ သူ့ဥစ္စာကို လုယူဖျက်ဆီးခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ သေရည် သေရက်ကို နှစ်သက်စွဲလမ်း ပရမ်းပတာ ရှိနေကြခြင်းကို တွေ့နေရ သည်၊ ထိုသူတို့အား မိဘမျိုးရိုးကိုမှမငဲ့၊ ကဲ့ရဲ့ပြစ်တင် ရှောင်ကြဉ် မုန်းတီးခဲ့ကြသည်၊ အမျိုးကောင်းသော်လည်း အကျင့်ကောင်းမှ လူအပေါင်းက ကြည်ညိုကြသည်မှာ ဓမ္မတာ၊ ထို့ကြောင့် သမီး၏ စကားမှာ ငြင်းနိုင်ဖွယ်ရာမရှိ။

"သမီး၏ဖခင် ကျေးဇူးရှင်၊ဗြာဟ္မဏအစစ်တို့၏အကျင့်ခုနစ်ပါး ကို ဘုရားဗုဒ္ဓ ဟောဖော်ပြ၍ ကျွန်မနာယူခဲ့ရပါပြီ"

သမီး၏စကားကို အံ့အားသင့်လျက် ကျွန်ုပ်က စောဒကတက် လိုက်မိသည်။

"ဘယ့်နှယ်လဲသမီး၊ ဗြာဟ္မဏမျိုးမဟုတ်သော သကျသာကီဝင် ဗုဒ္ဓက ဗြာဟ္မဏတရားကို ဘယ်လိုသိနိုင်ပါ့မလဲ"

"သစ္စာလေးပါး အမှန်တရားကို ကိုယ်တော်တိုင် သိသဖြင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော ဗုဒ္ဓသည် လောကီလောကုတ္တရာတရား အပေါင်းကို အကြွင်းမဲ့သိတော်မူခြင်းကြောင့်လည်း သဗ္ဗညုတဉာဏ် ကို ရရှိခဲ့ခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ဗြာဟ္မဏတို့၏ တရားကို ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေထက် စေ့စပ်သေချာ သိတော်မူခြင်း ဖြစ်ပါသည်"

www.burmeseclassic.com



"အဟောဝတ–အံ့ဩဖွယ်ရှိလေစွတကား၊ သူဟောသော တရားကို ဖခင်အား တစ်ဆင့်ပြောကြားစမ်းပါလော့" ဟု ကျွန်ုပ်က တောင်းပန်လိုက်ရပါသည်။

"အကြင်သူသည် မကောင်းမှုဟူသမျှတို့ကို အပပြုပြီးဖြစ်ခြင်း၊ တဟုန်းဟုန်းမာန်မာနမှုကင်းခြင်း၊ သီလစောင့်ထိန်း၍သမထဝိပဿနာ နှစ်ဖြာသော အကျင့်ရှိခြင်း၊ ကိလေသာ အငြိအစွန်းမှ ကင်းစင်ခြင်း၊ အရဟတ္တဖိုလ်သို့ ကျရောက်ပြီးခြင်း၊ မှန်ကန်သော မဂ်အကျင့်ကို ကျင့်သုံးပြီးခြင်း၊ ရာဂ ဒေါသ မောဟ ဒိဋ္ဌိဟူသော တရားများမရှိခြင်း၊ ဤတရားခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဗုဒ္ဓက သူ့ကိုယ်သူ ဗြာဟ္မဏ အစစ် ဖြစ်သည်ဟု ရဲရဲဝံ့ဝံ့ ဝန်ခံကြေညာထားပါသည်။ အို ဖခင်– မိမိကိုယ်ကိုမိမိ ဗြာဟ္မဏဟု မျိုးရိုးစဉ်ဆက် လက်ခံထားသောဖခင် သည် ထိုဗြာဟ္မဏစင်စစ် ကျင့်ဝတ်ဖြင့်ပြည့်စုံပြီး ဖြစ်ပါသလော"

ကျွန်ုပ်သည် အပြစ်ပြုမိသော တပည့်ငယ်သည် ဆရာ့ရှေ့ဝယ် ရောက်ရဘိသကဲ့သို့၊ ရာဇဝတ်မှု ပြုမိသော အမှုသည်သည် တရားသူကြီး ထံမှောက်သို့ ရောက်ရဘိသကဲ့သို့ မျက်နှာပူစွာ ညိုးလျော် ကာဖြင့်–

"သမီး၊ စင်စစ်သော်ကား ထိုကျင့်ဝတ်တရားတို့ဖြင့် အဖေမှာ မပြည့်စုံသေးဟု ဝန်ခံရမည်သာ ဖြစ်ပါသည်" ဟု မနေသာ၍ ဝန်ခံ လိုက်ရပါပြီ။

သမီးရောဟနီသည် ကျွန်ုပ်အား ချစ်ခင်လေးစားသော မေတ္တာ တရား အပြည့်အဝဖြင့် တစေ့စေ့ကြည့်ကာ နူးညံ့သာယာစွာ ဤသို့ တိုက်တွန်းပါတော့သည်။

"ဤသို့ဖြစ်လျှင်ကား ကျွန်မတို့သားအဖ ဗြာဟ္မဏစင်စစ်ဖြစ် ရန် ကြိုးစားကျင့်ကြံကြဖို့သာ ရှိပါတော့သည်၊ အို–ကျေးဇူးတော်ရှင် မွေးသဖခင်၊ သမီးအား ဘိက္ခုနီပြုခွင့်ပေးပါလော့၊ ဖခင်ကိုယ်တိုင်လည်း



ဆင်းရဲအပေါင်းကို ကြောက်ရွံ့ဗြားအံ့၊ ဒုက္ခအပေါင်းကို မနှစ်သက် ဗြားအံ့၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓအားလည်းကောင်း၊ ဗုဒ္ဓ၏ ဝါဒတရားတို့ကိုလည်းကောင်း၊ ဗုဒ္ဓ၏ သာဝက သမဏတို့အား လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါလော့၊ အာသဝေါတရား တို့ ကင်းရာ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အားထုတ် ပါလေလော့"

သမီးရောဟနီ၏ စေတနာ မေတ္တာစကားတို့မှာ ကျွန်ုပ်၏ တစ်ကိုယ်လုံးကို ပီတိဖြင့် ထုံမွမ်းသွားစေပါသည်၊ ကြက်သီးတဖြန်း ဖြန်းထလျက် နှစ်သက်ကြည်နူး အာရုံထူးဖြင့် မူးမေ့မတတ် ခံစားလိုက် ရပါပေ၏၊ လက်ထက်ပတ္တမြား ထင်ရှားတင်ပြ ကြည့်လိုက်ရသကဲ့သို့ မျက်ဝါးထင်ထင် သံသယအပေါင်းကင်းစင်လိုက်ရပါပြီ၊ ဤရွှေ့ဤမျှ မိုးနဲ့လှ ဓမ္မမေဒနီ တရားတော် အဆီအနှစ်ကို ကျွန်ုပ်ထက်အရင် ဗုဒ္ဓထံတော်မှောက်မှ ကြားနာလက်ခံခဲ့သည်ကို နှစ်ထောင်းအားရ ဂုဏ်ယူလိုက်မိပါသည်။ ထို့ကြောင့် လေးစားခြင်း၊ ကြည်ညိုခြင်း၊ အမွန်အမြတ်ပြုခြင်း၊ အားကိုးခြင်းတို့ဖြင့် သမီးရောဟနီအား တစေ့စေ့ ကြည့်ကာ ပီတိသောမနဿ အဖြာဖြာဖြင့် ဝမ်းသာရွှင်ပျစွာ ဤသို့ ပြောလိုက်ရပါတော့သည်။

"အဘယ် ချစ်သမီးရောဟနီ၊ ငါဖခင်သည် အမျိုးအနွယ်အား ဖြင့် အစဉ်အဆက် ဝေါဟာရပြုလာခဲ့သော ဗြာဟ္မဏမှသည် သဘာဝ အားဖြင့် မဟာဗြာဟ္မဏစင်စစ် အဖြစ်ကြီးဖြစ်အောင် ကျင့်ဆောင်ပါ တော့အံ့၊ သမီးအားလည်း မွန်မြတ်လှစွာ ဝိပဿနာကျင့်နိုင်စေခြင်းငှာ ဘိက္ခုနီပြုခွင့် ပေးပါအံ့၊ ငါ့သမီးကား အဖေ့အတွက် လောကုတ္တရာ အမွေ ပေးနိုင်သော သမီးအလိမ္မာ ချစ်စရာပညာရှိလေးပါသည်း၊ သာဓု သာဓု သာဓု"

(ပုဏ္ဏိကာထေရီအပဒါန်)

www.burmeseclassic.com

www.burmeseclassic.com




"ဗဟုဝါရ၊ ဒဿနဖြင့်၊ မိန်းမယောကျာ်း၊ မြင်ဖန်များသော်၊ သနားချစ်ခင်၊ စိတ်ကျွမ်းဝင်၍၊ ကျွန်ပင်တမင့်၊ ဖြစ်လင့်မယွင်း၊ တပ်မက်လျှဥ်း၏"

ဤစာမှာ ရှေးပုဂ္ဂိုလ်ပညာရှိများက ကျွန်မကို သက်သေပြပြီး တဏှာရာဂဆိုတာ မျက်စိလည်တတ်တဲ့အကြောင်း ထုံးဟောင်းနှင့် သာဓက ဆုံးမသည့်လင်္ကာ ဖြစ်စရာရှိပါတယ်။

သမုဒယတဏှာရဲ့အပြစ်ကို လူ့ဘဝသာယာတာအစစ်မဟုတ်ပါဘူးလို့ အတုလဘဂဝါက အမြစ်နုတ်ပေးတဲ့ ဗုဒ္ဓုပ္ပါဒခေတ်ကြီးမှာ တဏှာကိုဦးစားပေး မိဘတို့ရဲ့ဂုဏ်လေးကိုမှမထောက် ကျွန်ကလေးတစ်ယောက်ကို လင်လုပ်ခဲ့တာ သာဝတ္ထိပြည်ကြီးမှာကျွန်မတစ်ဦးတည်းသာ ရှိပါလိမ့်မယ်။

သခင်နဲ့ကျွန်ဆိုတဲ့ အတန်းအစားဟာ ဦးထိပ်နှင့်ခြေထောက်သို့ကလောက် မနီးမစပ် မအပ်မရာမို့ ထိတွေ့နိုင်စရာ အကြောင်းမဟုတ်ပါဘူး၊ အမျိုးလေးပါးရယ်လို့ခွဲခြားတဲ့ လူ့စနစ်ကြီးဟာ ဗုဒ္ဓမပွင့်မီကတည်းက အရိုးစွဲအမြစ်တွယ်လာခဲ့တဲ့ ကိစ္စကြီးပါ။

ကျွန်မတို့ ဘိုးဘွားဘီဘင်ကစပြီး ယုံကြည်ကိုးကွယ်လာခဲ့ကြတာက ကမ္ဘာလောကကြီးနှင့်တကွ ရေမြေတောတောင် သမုဒ္ဒရာ သတ္တဝါ အနန္တကို ဖန်ဆင်းပေးခဲ့တဲ့ မဟာဗြဟ္မာကြီးပါ၊ သူသာလျှင် တစ်ဆူတည်းသော အတုမရှိသော ထာဝရဘုရားပါ။

သတ္တဝါမှန်သမျှဟာ သူ့အလိုအတိုင်း သေရေး ရှင်ရေးက အစ ဖြစ်ကြရပါတယ်၊ သူစီမံသမျှ ခံကြစံကြရပါတယ်၊ တန်ခိုးတော် အနန္တနှင့် မဟာကရုဏာတရား အားကြီးလွန်းလို့ သတ္တဝါတို့ရဲ့ မကောင်းမှု အကုသိုလ်များကို သူ့အား ကိုးကွယ်ပူဇော် ဝန်ချတောင်းပန်လိုက်တာနဲ့ အပြစ်ဟူသမျှခွင့်လွှတ်ပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာများပင် ပေးသနားတော်မူတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဤရွှေဤမြူ ဘုန်းကျက်သရေရှိသော ဘုရားကြီး၏ အာခံတွင်းမှ 'ဗြာဟ္မဏ' ဆိုသော လူတန်းစားတစ်ရပ်ကို မွေးဖွားပေးလိုက်ပါတယ်။ အမြင့်ဆုံးသောပုဂ္ဂိုလ်ကြီးရဲ့ အမြတ်ဆုံးသော အင်္ဂါအစိတ်အပိုင်းက ပေါက်ဖွားလာရတဲ့ လူတန်းစားမို့ အမြင့်မြတ်ဆုံး ဖြစ်ပါတယ်၊ ဒါကြောင့် အသက်မွေးမှုမှာ သူတကာလို ပင်ပင်ပန်းပန်းလုပ်ကိုင်စားသောက်ဖို့ မလိုပါဘူး၊ သူတစ်ပါး၏ အပူဇော်ကိုသာ ခံယူစားသောက်ကြရပါတယ်၊ အကျင့်ဝတ္တရားအနေနဲ့ ဝေဒကျမ်းများကို သင်ကြားရွတ်ဖတ်ခြင်း၊ ဆုံးမသြဝါဒပေးခြင်း၊ မဟာဗြဟ္မာကြီးကို ယဇ်ပူဇော်ရာမှာ စီမံခန့်ခွဲပေးခြင်း၊ မင်းဆရာပုရောဟိတ်လုပ်ခြင်းတို့ပါပဲ။

ဗြဟ္မာကြီးရဲ့ လက်မောင်း လက်ရုံးက ပေါက်ဖွားလာတဲ့အမျိုးကတော့ 'ခတ္တိယ' လူတန်းစားဖြစ်ပါတယ်၊ သူတို့ကတော့ မြေရှင်ဘုရင်ကြီးများ၊ ဗြာဟ္မဏတို့နှင့်တကွ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးရမယ့် စစ်သူရဲကောင်းကြီးများ ဖြစ်ပါတယ်။

တတိယအမျိုးကတော့ 'ဝေဿ'တဲ့၊ သူတို့ကိုတော့ ဗြဟ္မာကြီးက ဒူးခေါင်းအထက် ပေါင်က မွေးထုတ်လိုက်တာဖြစ်ပါတယ်၊သူတို့က နိုင်ငံတော်ကြွယ်ဝအောင်၊ အစာရေစာ ဝမ်းစာစပါး ပေါများအောင် ကုန်သွယ်လယ်လုပ် စီးပွားရှာကြရပါတယ်၊ သူကြွယ်ကြီးများပေါ့၊ အခွန်ထမ်းကြီးများ ဖြစ်ပါတယ်။

အဲ 'သုဒ္ဒ' လို့ခေါ်တဲ့ လူတန်းစားကျတော့ ဗြဟ္မာကြီးရဲ့ ခြေဖဝါးမှ ပေါက်ဖွားလာသတဲ့၊ အဆင့်အတန်း အနိမ့်ဆုံး အယုတ်ညံ့ဆုံးလို့ သတ်မှတ်ကြပါတယ် အစေခံ၊ ကျေးကျွန်၊ ဆတ္တာသည်၊ အမှိုက်ကျုံး၊ မိလ္လာသိမ်း၊ သူကောင်မြုပ်ဆိုတဲ့ အလုပ်မျိုးကို လုပ်ရပါတယ် သူတို့တစ်တွေရဲ့ အောက်တန်းကျပုံကတော့ဖြင့် ရင်နာစရာပါပဲ၊ အဲသည့် 'သုဒ္ဒ' အမျိုးထဲမှာတောင် နိမ့်သည်ထက်နိမ့်တဲ့



စဏ္ဍာလအမျိုးရယ်လို့ ခွဲခြားထားလိုက်ပါသေးတယ်၊ အင်္ဂါခြေလက်ပခုံးနှစ်ဖက်ကြား ခေါင်းပါလျက်သားနဲ့ လူဟူ၍တောင် အသိအမှတ်အပြု မခံရသလောက်ပါပဲ။

တိရစ္ဆာန်ဖြစ်တဲ့ ကျွဲ နွား ခွေး ကြောင် စတဲ့သတ္တဝါတွေကို ချစ်လို့မွေးပြီး လူနှင့်နီးနီးကပ်ကပ် ယုယုယယ ပွတ်သပ်နေချင်နေကြမယ်၊ သုဒ္ဒတို့ရဲ့ အနိမ့်ဆုံးအတန်းအစား ဒွန်းစဏ္ဍားဆိုလျှင် ထိကပ်ဖို့နီးစပ်ဖို့မပြောနဲ့၊ အသံကို မကြားရ လူကိုမမြင်ရအောင် ရှောင်ရတာတွေရှိပါတယ်၊ အခြားသောလူများနေတဲ့ ရွာထဲမြို့ထဲမှာ မနေကြရပါဘူး၊ မလာမနေရတဲ့ကိစ္စကြောင့် ရွာထဲ မြို့ထဲ လာရတော့မယ်ဆိုလျှင် အသံမြည်အောင် တစ်စုံတစ်ရာကို တီးခတ်ရင်း ပါးစပ်က 'ကျွန်တော် အမျိုးနိမ့်လာပါပြီ' လို့ အဆက်မပြတ် ဟစ်အော်လာရသတဲ့၊ ဒါမှ ကြိုတင်ပြေးရှောင်နိုင်ကြမယ်၊ မမြင်ရအောင် ပြတင်းတံခါးများ ပိတ်လိုက်ကြဖို့ အချိန်ရကြမယ်ပေါ့၊ နောက်ပြီးတော့လည်း ရှိသေးတယ်၊ သူ့ကျောဘက်မှာ တံမြက်စည်းတစ်ခုကို မြေကြီးဒရွတ်တိုက်ချည်ဆွဲလာခဲ့ရသတဲ့၊ ဒါက ဘာဖြစ်လို့လဲဆိုတော့ သူနင်းလို့ထင်မယ့် ခြေရာတွေကို လူကောင်းလူမြတ်တွေ ထပ်မနင်းကြရအောင်တဲ့လေ၊ ခြေရာချင်းတောင် မထိရဘူးပေါ့၊အဲ–လည်ပင်းမှာလည်း ခွက်တစ်ခု ဆွဲရသေးတယ်၊ ဒါက သူ့တံတွေးတို့ နှပ်တို့မြေကြီးပေါ်ကို ကျ မကျန်ရစ်ခဲ့ရအောင်တဲ့။

အသက်မွေးဝမ်းကျောင်းအနေနဲ့ သူများလုပ်တဲ့ အလုပ်ကို ဝင်မလုပ်နိုင်ကြဘူး၊ လုပ်ခွင့်လည်းမရှိဘူး၊ ကျောင်းမှာနေလို့ စာပေလည်း သင်ခွင့်မရှိဘူး၊ ဗြာဟ္မဏမျိုးတို့ ရွတ်ဖတ်သင်အံတဲ့ ဝေဒလေးပုံ ဆိုတာများ သင်ကြားရမယ်မဆိုထားနဲ့၊ တစ်လုံးတစ်ပါဒလေးတောင် ယောင်လို့မှ နှုတ်မှမထွက်မဆိုကြရဘူး၊ အဲဒါကို ကျူးလွန်တဲ့ သုဒ္ဒဆိုလျှင် လျှာကိုအဖြတ်ခံကြရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည့်စနစ်ကြီးကို ဘယ်လောက်အထိ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ယုံကြည်နေကြသလဲဆိုလျှင် မာတင်္ဂဆိုတဲ့ ဒွန်းစဏ္ဍားတစ်ယောက်က အိမ်ဝမှာ ဖွတ်လာလဲ့ပြီး သမီးကိုတောင်းတဲ့အခါ သူ့ကိုထိတွေ့ဆွဲကိုင်ရမှာ မသဒ္ဓါလှလို့ ကိုယ့်ရင်သွေး သူဌေးသမီးကို ပေးလိုက်တဲ့ သူဌေးကြီးဖခင်လိုဟာမျိုးတောင် ရှိတယ်လေ၊ သမီးသာအဆုံးခံမယ်၊ ဇာတ်အပျက်တော့ မခံကြဘူးဆိုတဲ့ အစွဲအလမ်းကြီးဟာ ကြောက်စရာပါပဲ၊ ထိတ်လန့်စရာပါပဲ။

ကျွန်မရဲ့ဖခင် သူဌေးကြီးဟာ သာဝတ္ထိမြို့မှာ အလွန်ထင်ရှားတဲ့ မြေပိုင်ရှင် 'ခတ္တိယ' အမျိုးပါ၊ ဂေါတမဗုဒ္ဓသခင် သာဝတ္ထိမြို့တော်ကို ကြွလာတယ်ကြားတော့ သူက ပြောပါတယ်။

"ဂေါတမဗုဒ္ဓဟာ တို့နဲ့အမျိုးတူတဲ့ ခတ္တိယသကျသာကီဝင်မင်းသားမို့ ကြည်ညိုဖွယ်ရာ အဆင်းလက္ခဏာနဲ့ ပြည့်စုံမယ်ဆိုတာ ယုံမှား မရှိပါဘူး၊ ခြောက်နှစ်တိုင်တိုင် တောထဲမှာ တရားကျင့်ခဲ့တာမို့ ယောဂီပညာ တတ်သလောက် တတ်ခဲ့လိမ့်မယ်၊ တန်ခိုးဣဒ္ဓိလည်း ရှိသင့်သလောက်ရှိပါလိမ့်မယ်၊ ဒါပေမဲ့ မဟာမာယာဒေဝီလို လူမိန်းမက မွေးတဲ့ လူသားသာဖြစ်တာမို့ လူဆရာကြီးတစ်ယောက်ပဲ ဖြစ်မှာပါ၊ လူနတ်ဗြဟ္မာတို့ရဲ့ဆရာ၊ လူနတ်တို့၏ ကိုးကွယ်ပူဇော်တာကို ခံထိုက်တယ် ဆိုတာကတော့ ယုတ္တိမရှိပါဘူး၊ ဖခင်ကတော့ လက်မခံနိုင်ပါဘူး၊ တို့ကိုးကွယ်နေတဲ့ မဟာဗြဟ္မာကြီးသာလျှင် လောကသုံးပါးရဲ့အရှင် ဖြစ်တယ်"

အဲသလိုပြောတာကို ကျွန်မရဲ့မိခင်နှင့်မောင်က သဘောတူကြတယ်၊ လက်ခံကြတယ်၊ ကျွန်မကတော့ ဖခင်ကြီးကို ပြန်မေးမိတယ်။

"အဲသည့် မဟာဗြဟ္မာကြီးတို့ကို ဖခင်တို့ မြင်ဖူးပါသလား"

"သူ့ဆန္ဒတော်အတိုင်း တို့သေလွန်လို့ သူ့ထံမှောက်ရောက်သွားတဲ့အခါ မြင်ရ ဖူးရမှာပေါ့"



"ဒါဖြင့် ရည်မှန်းကြည်ညိုရအောင် ပုံပန်းသဏ္ဌာန်ကော ဘယ်လိုရှိမလဲ"

"အို–သူ့ပုံပန်းသဏ္ဌာန်ဟာ အတုမရှိနိုင်ဘူး၊ ဒါကြောင့် အတုမလုပ်နိုင်ဘူး"

"ဒီလိုဖြင့် သူ့ဝါဒ တရားလမ်းစဉ်တွေကို ဘယ်သူကကိုယ်တိုင်ကြားနာရသလဲ"

"အလွန်တန်ခိုးရှိသော သူ့သားတမန်တော်များက ကြားနာရပြီး ဖခင်တို့ကို တစ်ဆင့်ဟောကြားနေတာပေါ့၊ ငါ့သမီးက တယ်ပြီး စပ်စုသကိုး၊ မဟာကရုဏာရှင် ဘဘတို့ဘုရားသခင်ကို ယုံမှားတစိဘယ်မရှိနဲ့သမီး၊ သမီးတို့ ဖခင်တို့ရဲ့ အပြစ်ဟူသမျှ ဖဘုရားသခင်က ကယ်တင်ခွင့်လွှတ်လိမ့်မယ် သမီးရယ်"

ကျွန်မ၏ဖခင် တစ်ဦးတည်းသော သမီးရတနာမို့ သားဖြစ်သူ ကျွန်မမောင်ထက် ချစ်ခင်ကြင်နာ မျက်နှာသာပေးခြင်း ဖြစ်ပါတယ်၊ ဒါကြောင့်လည်း ကျွန်မက စောဒက တက်ဝံ့တာပေါ့။

"သမီးက ငါတို့သာဝတ္ထိမြို့ကြီးကို ဂေါတမဗုဒ္ဓကြွလာပြီး ဇေတဝန်ကျောင်းမှာ မင်္ဂလာတရားဟောကြားတယ်ကြားလို့ စိတ်ညွတ်ပုံရတယ်၊ လူဆိုတာ အထူးအဆန်းဆိုလျှင် သူများထက်ဦးအောင် သွားကြည့်၊ သွားလေ့လာ၊ ပြီးတော့ တစ်ဆိတ်ကို တစ်အိတ်လုပ်တတ်ကြတာ ဓမ္မတာပါပဲ၊ သမီးစဉ်းစားကြည့်၊ ဂေါတမဗုဒ္ဓဟာ ခတ္တိယ သာကီဝင်သာဆိုတယ် အမျိုးအနွယ်ကို မစောင့်ဘူးလေ၊ တို့ထက် ဇာတ်နိမ့်တဲ့ လူတန်းစားအမျိုးမျိုးကို ရဟန်းပြုပေးပြီး သူနဲ့ ဇာစ်တန်းတစ်စားထဲ ဒွေးရောယှက်တင် ပွန်းပွန်းတီးတီး ဆက်ဆံနေထိုင်တယ်၊ လူဒါယကာတွေက ရှိခိုးဦးခိုက်စေတယ်၊ ဒါကြောင့် သူကိုယ်တိုင်လည်း ဇာတ်ပျက်သွားပြီ၊ လူတွေလည်း ဇာတ်ပျက်ကုန်ပြီ၊ ငါ့သမီးက ဇာတ်ပျက်အောင် ရောယောင်လိုက်မသွားချင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဲသလို ဖခင်ကြီးရဲ့ ခွင့်ပြုခြင်းမရှိသည့်အတွက် ဗုဒ္ဓရှိရာကိုလည်း မရောက်နိုင်၊ ဖူးလည်း ဖူးခွင့်မရနိုင်ခဲ့ပါ၊ သို့ပေမဲ့ ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်ဆိုတဲ့ စကားလို ဗုဒ္ဓ၏ တရားသတင်းက ကျွန်မနားတွင်းသို့ ရောက်ခဲ့ရပါသည်။

အကြောင်းက ဒီလိုပါ။

တစ်ခါက ဝေဒလေးပုံ အာဂုံဆောင်နိုင်လို့ တပည့်လက်သား ငါးရာတို့၏ ဆရာကြီးတစ်ဆူဖြစ်တဲ့ ဗြာဟ္မဏ ပုဏ္ဏားကြီးတစ်ယောက်ဟာ ဗုဒ္ဓထံတော်ကို အရောက်သွားပြီး သို့ကလို လျှောက်ထားသတဲ့။

"အရှင်ဂေါတမ၊ အရှင်ဟာ ဗြာဟ္မဏအစစ် ဖြစ်တယ်လို့ ဟောပြောနေတယ်လို့ ကြားပါတယ်၊ အရှင်ဟောပြောတဲ့အတိုင်း ဗြာဟ္မဏဟု ဝန်ခံပါသလား"

ပုဏ္ဏားကြီးရဲ့ အကြံက ဗုဒ္ဓက ဗြာဟ္မဏအစစ်ဖြစ်တယ်လို့ ဝန်ခံလျှင် သကျသာကီတွေဟာ 'ခတ္တိယ' အမျိုးဆိုတာ နိုင်ငံတကာ သိပြီးဖြစ်လို့ ဗုဒ္ဓဆိုပြီး မုသာဝါဒပြောတယ်လို့ စွပ်စွဲမယ်၊ ဗြာဟ္မဏ မဟုတ်ပါဘူးလို့ ဖြေလျှင်တော့ ဗုဒ္ဓကို နှိမ့်ချမယ်တဲ့။

သူက ချည်ပြီး တုပ်ပြီးသဘောပေါ့။

ကျွန်မလည်း ဖခင်ကြီးပြောထားတဲ့စကားကို သတိရပြီး နဝေတိမ်တောင် ဖြစ်သွားမိတယ်။

အဲဒါကို ဗုဒ္ဓက ရဲရဲတင်းတင်းနဲ့ ရှင်းရှင်းပဲပြန်ဖြေလိုက်ပုံကို ကျွန်မကြည်ညိုလွန်းလို့ တစ်ဆင့်စကားကိုပဲဖောက်သည်ချပြမယ်နော်။

"ကိုယ့်ကိုယ်ကို ဗြာဟ္မဏမျိုးရယ်လို့ ဂုဏ်ယူနေတဲ့ အသင်ပုဏ္ဏားကြီး၊ ဗုဒ္ဓကိုယ်တော်ဟာ ဗြာဟ္မဏအစစ်ဖြစ်တယ်လို့ ဟောနေတာ ဟုတ်တယ်၊ အဲသလိုပြောနေတာ မုသာဝါဒမဟုတ်ဘူး၊ ဗြာဟ္မဏအစစ်တို့၏ ကျင့်ရာလမ်းစဉ်ကို မသွေမဖည် အမြဲနိစ္စ ပြုကျင့်နေလို့ ဖြစ်တယ်၊ အာသဝေါတရားလေးပါးကုန်ခန်းတဲ့ ပုဂ္ဂိုလ်ကိုမှ သမဏ ဗြာဟ္မဏလို့ခေါ်တယ်၊ ဗြာဟ္မဏအစစ်မဟုတ်ပါဘဲလျက် ဗြာဟ္မဏအစစ်ဟု ယုံကြည်လက်ခံထားတာက အသင်ပုဏ္ဏားကြီးပဲ ဖြစ်တယ်၊ သင့်ကိုယ်သင်ပြန်ကြည့်၊ သင်ဟာ သင့်အမိအဖ နှစ်ပါးရဲ့ သုက်သွေးကြောင့် သင့်မိခင်ဝမ်းထဲမှာ ကိန်းအောင်းကြီးထွားလာခဲ့တယ်၊ မွေးတော့လည်း သင့်မိခင်ရဲ့ဝမ်းက မွေးရာလမ်းကြောင်း 'ယောနိ' ကပဲ သူလိုကိုယ်လို ထွက်လာခဲ့ရတယ်၊ သင့်ဘိုးဘွားမိဘကာလခုစ ဤအတိုင်း လာခဲ့ကြတာကို သိလည်းသိတယ်၊ ဒီလိုသိလျက်နဲ့ ကိုယ်မမြင်ဘူးတဲ့ ဗြဟ္မာကြီး၏ ခံတွင်းက သန့်သန့်ရှင်းရှင်း ထွက်လာကြတာပါလို့ အဘယ့်ကြောင့် ဂုဏ်ယူကြွားဝါပြီး လူတန်းစား ခွဲနေကြတာလဲ၊ မွေးရာမျိုးရိုးဇာတိကြောင့် ဗြာဟ္မဏဟူ၍ ဖြစ်လာတာမဟုတ်ဘူး၊ ဗြာဟ္မဏအစစ်တို့၏ အကျင့်သိက္ခာနှင့်ပြည့်စုံမှ ဗြာဟ္မဏ အစစ်ဖြစ်တယ်၊ အသင်ပုဏ္ဏားကြီးကိုယ်တိုင်မှ ဗြာဟ္မဏတို့၏ အကျင့်ကို သိရဲ့လား၊ မသိလျှင် မှတ်သွားအုံး"



အဲသလို တရားဟောလိုက်သေးသတဲ့။

အို- ကျွန်မကိုယ်တိုင် ဗုဒ္ဓထံတော်မှောက်မှာ ဗုဒ္ဓတရားကို ပြည့်ပြည့်စုံစုံ ကြားရတာ မဟုတ်ပေမဲ့ တစ်ဆင့်စကားနဲ့ပဲ အကျေနပ်ကြီး ကျေနပ်မိပါပြီ။

အကယ်၍များ ကိုယ်တိုင်ကိုယ်ကျ ဖူးရ နာရ ကြားလိုက်ရလျှင် အဲသည့်အချိန်ကတည်းက ဗုဒ္ဓ၏ ဘိက္ခုနီဖြစ်သွားမှာပါပဲ၊ ဒါပေမဲ့ ကျွန်မဝဋ်ကြွေးက ကျန်သေးတယ်လေ။

ဖခင်ကြီးကို ကျွန်မက တစ်ဆင့်ပြောပြပါသေးတယ်၊ ဒါပေမဲ့ ဖခင်ကြီးကတော့ ကျားကျား မီးယပ် ပါပဲ၊ အဲသလို တစ်ယူသန်ဖြစ်နေတဲ့ ဖခင်ကြီးကြောင့် ဗုဒ္ဓနှင့်ကင်းကွာခဲ့ရပါတယ်။

အဲသည့်အချိန်အခါမှာ ကျွန်မအသက်က ဆယ့်ခြောက်နှစ်လောက်၊ တရားမွေနှင့်ကင်းကွာလျှင် လောကီအာရုံကာမဂုဏ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ခံစားလို့အကောင်းဆုံးအရွယ်ပေါ့၊ လူ့လောကမှာ ခံစားစရာတွေက အများကြီး၊ လုပ်ကိုင်လှုပ်ရှား ဆင်းရဲသားတွေထက် ပြည့်ပြည့်စုံစုံ ချမ်းသာစွာနေ ချမ်းသာစွာစားရတဲ့ သူဌေးသမီး သူဌေးသားတွေက ပေမတဏှာ ဖြစ်လွယ်ကြပါတယ်၊ စိတ်ကူးစိတ်သန်း အဆန်းတကြယ် အချစ်နယ်ချဲ့တတ်ကြပါတယ်။

အမျိုးလေးပါး စနစ်ကြောင့် အိမ်ထောင်ထိမ်းမြား လင်သားကိစ္စကအလွန်ကျယ်ပြန့်ပါတယ်၊ ခတ္တိယအမျိုးတူ သတို့သားကို ရှာရ ဖွေရ၊ စေ့စပ်ကြောင်းလမ်း စိစစ်ရွေးချယ်နေကြတာက အကြာကြီး၊ ဒါကို သားသမီးများက မိဘရဲ့အစီအမံကို စောင့်မျှော်ပြီး မိဘက နေရာချထား ပေးစားမှ လက်ခံရတာဟာ ထုံးစံ၊ ဒါမှ သားကောင်း သမီးကောင်း။

ကျွန်မကျတော့ တစ်မျိုး၊ အိမ်ထောင်ရေးကို မပြောနဲ့၊ ဘာသာ အယူဝါဒရေးရာမှာတောင် လွတ်လွတ်လပ်လပ် တွေးခေါ်ယူဆလက်ခံချင်တယ်၊ ဒါကြောင့် ဘယ်တော့မှ ဘယ်သူမှန်းမသိ ဘယ်လိုအရွယ် ဘယ်လိုစရိုက်မှန်းမသိတဲ့, မိဘက ရွေးပေးတဲ့ လင်ကောင်းထက် ကိုယ်တိုင်မြင်ဖူး တွေ့ဖူး အကဲခတ်နိုင်ဖူးတဲ့ ကြင်ဖော်ကို ရှာမိပါပြီ၊ ကြည့်မိပါပြီ၊ တွေ့မိပါပြီ၊ သူ– သူ–သူမှသူ။

သူကတော့ ဝေးဝေးလံလံက မဟုတ်ပါဘူး၊ ကျွန်မတို့ မိဘဩဇာ အာဏာအောက်မှာ ပင်ပန်းကြီးစွာ အောက်ခြေသိမ်းလုပ်နေရတဲ့ 'ဒါသ'ဆိုတဲ့ ကျွန်လုလင်ကလေးပါ။

သုဒ္ဒအမျိုးရယ်လို့ အစေအပါး သူရင်းငှားလုပ်နေရှာပေမဲ့ အောက်တန်းအကျဆုံး စဏ္ဍာလအမျိုး မဟုတ်ရှာပါဘူး၊ ကျွန်မတို့နဲ့ တကွ ပစ္စည်းပစ္စယ အသုံးအဆောင်ကို မတို့မထိရအောင် ရှောင်ကြဉ်ရတဲ့ အတန်းအစား မဟုတ်သေးပါဘူး၊ ဒါကြောင့်သာ မိဘများက ခိုင်းစေအသုံးပြုနေကြတာပေါ့။



သို့ပေမဲ့ ကျွန်ဟာ ကျွန်ပါပဲ၊ သုဒ္ဒဟာ သုဒ္ဒပါပဲ၊ သခင်နဲ့ ကျွန်ဆိုတာ ငယ်ထိပ်နဲ့ ခြေဖဝါး၊ ဒါဟာ ကျွန်မအဖေရဲ့ လှေနံဓားထစ် တစ်ယူသန်ဝါဒ။

ကျွန်မရဲ့ သဘောကတော့ ဗုဒ္ဓရဲ့တရားအတိုင်း ကျွန်လည်းလူ သခင်လည်းလူပဲ၊ အကျင့်စရိုက်ကောင်းတာ မကောင်းတာသာ မူလ။

အင်း–ပြောတော့ ပြောစရာပေါ့လေ၊ ကျွန်မကိုယ်တိုင်က ကျွန်လုလင်ကလေးကို ကြိုက်ရင်းစွဲရှိနေလို့ ဗုဒ္ဓ၏တရားကိုလက်ခံမိတာလား၊ ဗုဒ္ဓ၏အယူအဆကို လက်ခံလို့လည်း ကျွန်လုလင်ကလေးကို ပို၍ကြိုက်လာသလား၊ ဒါတော့ မပြောတတ်ဘူး။

ဒါသအနေနဲ့တော့ သခင်မဆိုတာကို မျက်မွေးတော် မော်၍မှ မကြည့်ဝံ့ရှာပါဘူး၊ သူကမကြည့်ဝံ့လို့ မကြည့်ပေမဲ့ ကျွန်မကဖြင့် ကြည့် ကြည့်နေမိပြီလေ။

အရွယ်က ကျွန်မနဲ့ မတိမ်းမယိမ်း၊ ဣန္ဒြေနဲ့ မျက်နှာနေ မျက်နှာထားက သူ့ဘဝ အခြေအနေအရ မာန်မာနမရှိ၊ သိမ်သိမ်မွေ့မွေ့ အောက်ကျို့နှိမ့်ချတဲ့ မျက်နှာထား၊ ဒါပေမဲ့ ကျားကျားယားယား ယောကျ်ားပီသတဲ့ ကာယဗလ၊ လက်မောင်း ရင်အုပ် ကြွက်သားများက ကြေးနီရောင်သူ့အသားမှာ ချွေးတစိုစိုနဲ့ ဝင်းလက်တောက်ပြောင်နေပါတယ်။

ရိုးသားဖြောင့်မတ်ပြီး အကြင်နာတရားရှိတာကတော့ သူနေ့စဉ် နေ့တိုင်းကိုင်တွယ် အသုံးပြုနေတဲ့ ကျွဲ နွား သတ္တဝါတွေအပေါ်မှာတောင် သက်သက်ညှာညှာ ယုယုယယ ပြောဆိုခေါ်ဝေါ်ပြီး ကိုယ်ချင်းစာတတ်တာ ကျွန်မသိပါတယ်၊ သူ့ တာဝန်ဝတ္တရားမှာ လစ်ဟင်း ပျက်ကွက်တယ်ရယ်လို့ မရှိဖူးပါဘူး၊ ဒါကြောင့် အခိုင်းအစေတွေ အများအပြား အနက် ဖခင်ကြီးက မျက်နှာသာပေး အရေးတယူလုပ်ပါတယ်၊ အဝတ် အထည် အစားအသောက် မကြာမကြာ ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မလွဲသာလို့ တစ်ခါတစ်ရံ သူက ကျွန်မနဲ့ မျက်နှာချင်းဆိုင်မိတဲ့အခါ သူက ရိုးသားကျိုးနွံတဲ့စိတ်နဲ့ကြည့်တယ်၊ ကျွန်မက လင်အဖြစ်နဲ့ အားကိုးချစ်ခင်နိုင်တဲ့ အရည်အချင်း အပြည့်အဝရှိသူပါကလားလို့ စဉ်းစားရင်း တပ်မက်စွာကြည့်တယ်။

မိန်းမသားတစ်ယောက်ကို ယောကျ်ားတစ်ဦးက ချစ်ခွင့်ပန်ဖို့ ပိုးပန်းဖို့က ခဲယဉ်းကြန့်ကြာလျှင် ကြာပါလိမ့်မယ်၊ မိန်းမသားကသာ ကြိုက်လို့ ချစ်ခွင့်ချစ်ရေး ကိုယ်သဒ္ဓါလို့ ပေးချင်ရင် လွယ်ပါတယ်။

စာဆိုရှိပါတယ်၊ လက်ပစ်တစ်တွက်မှာ အချက်ပေါင်းတစ်ဆယ်တစ်ရာ ပစ်နိုင်တဲ့ လေးသမားဆိုပေမဲ့ တစ်ချက်မှာ မြားတစ်စင်းသာ ပစ်နိုင်ပါတယ်တဲ့၊ မိန်းမသားက တစ်ချက်ထဲမှာ မြားငါးစင်းတိတိ ပစ်နိုင်တယ်လေ၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ မြားငါးစင်းပေါ့၊ ငါးစင်းစလုံးလွှတ်လျှင် ငါးစင်းစလုံး အသည်းကို စူးနိုင်တာပေါ့၊ ဒါက ကျွန်မလက်တွေ့ပဲ၊ တဏှာနှင့် ကွန်ရက်သည် အတူဆုံးနိုင်းစရာဖြစ်သည်လို့ ဗုဒ္ဓက ဟောဖူးသတဲ့။

ယောကျ်ားဆိုတဲ့ ဗီဇစိတ်ကလည်း ချစ်မိပြီဆိုမှဖြင့် ရွှေမြင်းမိုရ်တစ်တောင်လုံးကို တုံးမှတ်လို့ ခုန်ကြတာချည်းပါပဲ၊ အခွင့်အရေးသာရမယ်ဆိုလျှင် လ ရထားကို ကစားချင်ကြတာပါပဲ၊ နောက်ပြီးတော့သူငင်လို့ ကိုယ်ကယိမ်းတာမှ မဟုတ်ဘဲနဲ့၊ ကိုယ်သိမ်းလို့ သူပါလာရတာလည်း ဖြစ်သကိုး။

ဒီလိုနဲ့ တိတ်တခိုးချစ်ကြိုးသွယ်ကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ ပိပိရိရိနေလာကြတဲ့အခါမှ မကြာရသေးဘူး၊ ဝေဟင်မှာ လေဆင်ရှုံခွဲတော့မယ့် တိမ်မည်းကြီးတစ်ခုက ဖုံးလွှမ်းလာခဲ့ပါတယ်။

ကျွန်မကို အိမ်ထောင်ချပေးဖို့ မျိုးတူသူဌေးသားတစ်ယောက်ကို တွေ့ပြီတဲ့။



ကျွန်မလက်မခံနိုင်ပါဘူး၊ ဘယ်နည်းနဲ့မှ ကျွန်မရဲ့ဒါသလုလင်ကို ပစ်ပြီး အသစ်မလိုချင်တော့ပါဘူး၊ သူနဲ့က ဂုဏ်ချင်းမတူပေမဲ့ အချစ်ချင်း တူခဲ့ကြပြီလေ၊ ဒါထက် အောက်တန်းကျတဲ့ မျက်နှာငယ်မို့ တွယ်တာတဲ့ ကရုဏာက အဆတစ်ရာ သူများထက် အလေးသာခဲ့ပြီ ကော။

ကျွန်မရဲ့အိမ်ထောင်ရေးသတင်းဟာ ကောင်းချီးသြဘာ မင်္ဂလာနဲ့ တစ်အိမ်လုံး လှုပ်လှုပ်ရှားရှား အားရဝမ်းသာ ဖြစ်ကုန်ကြပြီ၊အားလုံးထဲမှာ သူတစ်ယောက်ထဲသာ မျက်နှာသေကလေးနဲ့ အဝေးက ကျွန်မကို မျှော်ကြည့်နေရှာတယ်၊ သူ့အသည်းနှလုံးက ပြောချင်တဲ့ စကားတွေဟာ ရီဝေတဲ့သူ့မျက်လုံးအစုံက ဖိတ်လျှံထွက်ကျနေပါတယ်။

“ကဲ- ခက်ကြပြီ သခင်မရယ်”

သူ့ခမျာ ဒီစကားပဲ ပြောရပေမှာပေါ့၊ အစကတည်းက သူက ပြောခဲ့ရှာပါတယ်။

“သခင်မရယ်- ကျွန်တော့်အပေါ်မှာ သနားတယ် ချစ်ခင်တယ်ဆိုတာဟာ သခင်မတို့အခြေအနေနဲ့ ငွေစန္ဒာလမင်းကြီးက မှဆိုးမတဲကလေးထဲက အပေါက်အပြဲက ခဏဝင်ကြည့်တာ ဖြစ်မှာပါ၊ သခင်မ စိတ်ထွေပြားလို့ ကစားကျီစယ်တာ ဖြစ်မှာပါ၊ ကောင်းကင်က လမင်း မြေပြင်ကို ဆင်းကစားတယ်လို့ မရှိပါဘူး၊ ကျွန်တော့်ဘဝက သခင်မတို့ရဲ့ ကြေးနဲ့ဝယ်ထားတဲ့ ကျွန်တစ်ယောက်ပါ၊ အဲသလို ကြေးကျွန်တစ်ယောက်အဖို့ သခင်မကို ပြစ်မှားကျူးလွန်ဖို့ကိုထားလို့ ခိုးမှုဝှက်မှု တော်လှန်ထွက်ပြေးမှုကလေးလောက်နဲ့တောင် အသက်ဆုံးအောင် စီရင်နိုင်ခွင့်ရှိပါတယ်”

“ဒီမှာဒါဒါ၊ ကိုယ်ကမောင့်ကို ‘ဒါသ’လို့တောင် မခေါ်ရတော့လို့ ဒါဒါလို့ခေါ်မယ်နော်၊ ကိုယ့်ကိုလည်း ‘သခင်မ’ လို့ ဘယ်တော့မှ မခေါ်နဲ့၊ နားခါးလွန်းလို့၊ ခင်မလို့ခေါ်စမ်းနော်ကြားလား၊ကဲ -ခင်မ

www.burmeseclassic.com

www.burmeseclassic.com



မေးမယ်၊ ဒါဒါ ခင်မကို မချစ်နိုင်ဘူးလား၊ မချစ်လိုဘူးလား၊ ပွင့်ပွင့်လင်းလင်း မြန်မြန်ပြောစမ်း၊ စကားပြောဖို့ အခွင့်အခါက မလွယ်လိုက်တဲ့ဖြစ်ခြင်း"

"သြော်–သခင်မရယ်"

"လာပြန်ပလား သခင်မ"

"ကောင်းပါပြီလေ ခင်မ၊ မဥ္ဇူသကနတ်ပန်းကို ဘယ်သူ မဆင်မြန်းလိုဘဲ ငြင်းနိုင်မလဲ၊ အဗ္ဗုဿ ရသရက်သီးအရသာကို ဘယ်သူ မသုံးဆောင်လိုဘဲ ရှိပါ့မလဲ"

"ဒီလိုဆိုပြီးပြီ၊ နောင်ခါမှ ဈေးကြောင်းပေါက်ရာကို ရောင်းကြမယ်" တကယ်ကတော့ သူ့နှလုံးတွင်းက မေတ္တာကို အာဏာဆန်ဆန် သိမ်းပိုက်ခဲ့ရခြင်းပါ၊ ဟော အခုတော့ ကောင်းနေတဲ့အိပ်မက်၊ မိုးလင်းချက် မြန်လွန်းလို့ မျက်ကလဲဆန်ပျာ ဖြစ်ကြရပြီ။

တစ်နေ့ထက်တစ်နေ့ ဈေးစပ်ကြောင်းလမ်းလာကြမယ့်ရက် ကလည်း နီးလာပြီ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် မိုက်ရုံမှတစ်ပါး အားကိုးရာမမြင်၊ ဒီတော့ ကျွန်မမိုက်ရပါမယ်၊ 'သန်းခေါင်လကွယ်၊ တောအုပ်လယ်မှာ၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသား၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်ဝယ်' မီးသွေးတိုက်ထဲ ဖွတ်ဝင်ရပါမယ်။

"ဒီမယ်– ဒါဒါ၊ သေသေချာချာနားထောင်စမ်း၊ နက်ဖြန်နံနက် အရုဏ်တက်လျှင် ကိုယ့်အလုပ်ခွင်က ဘယ်သူမှမမြင်ရအောင် ထွက်ပြီး သေနင်္ဂိုဏ်းကိုသွား၊ အဲသည်က ခင်မ မလာမချင်းစောင့်နေ၊ မကြာခင် လုပ်ကိုင်စားသုံးဖို့ ရတနာများကိုယူပြီး ရုပ်ဖျက်၍ ခင်မ ထွက်ခဲ့မယ်၊ နောက်တော့ ဆွေအန္တရာယ်ကင်းရာ တစ်မြို့တစ်ရွာကို ပြေးကြမယ်"

"ခင်မ စဉ်းစားပါအုံး၊ ဘဝကို အပြီးအပိုင် စွန့်တော့မှာလား"

"ဘဝကိုမစွန့်လျှင် ဒါဒါကို စွန့်ရတော့မယ်၊ ဒါမှ မဟုတ်လည်း ဒါဒါက ခင်မကိုစွန့်သွားပေတော့"



ကျွန်မက သူ့ကိုမစွန့်နိုင်သလိုသူကလည်း ကျွန်မကို မစွန့်နိုင်ပါဘူး၊ ဒီလို အချိန်းအချက်နဲ့ မိဘအိမ် မိဘ၏အရိပ်အဝါ မိဘ၏ ဂုဏ်သိက္ခာအောက်မှ မျက်ကန်းတစ္ဆေမကြောက် သူ့နောက်ကိုလိုက် ခဲ့ပါတယ်၊ တကယ်ကတော့ သူ့နောက်လို့ပြောရမယ့် မဟုတ်ပါ ဘူးလေ၊ 'ပုဆိုးပိုက်ကာ မောင်ပိုက်ကာနှင့် လိုက်ပါမယ် ရွှေနွယ်ရိုး မိန်းမကခိုး' ခဲ့တာသာ ဖြစ်ပါတယ်။

သာဝတ္ထိမြို့ကြီးနှင့်ဝေး၍ မိဘမောင်ဖွားတို့၏သားမှ ကင်းလွတ်ရာ ရွာကြီးတစ်ရွာတွင် မျိုးရိုးဇာတိပါ ခြေရာဖျောက်လို့နေကြပါ တယ်၊ ကျွန်မပါလာသော ပစ္စည်းကလေးများ ထုခွဲပြီး ဆင်းရဲသား လူတန်းစားလို မထင်မရှားနေရပေမဲ့ ကျွန်မမှာတော့ 'လူမှာငရဲ– စိတ်ထဲနိဗ္ဗာန်' ဖြစ်နေတာပေါ့။

ပါလာသော ပစ္စည်းငွေကြေးတို့နဲ့ အေးအေးလူလူ ထိုင်စားနိုင်ပေမဲ့ သူကလယ်လုပ်ပြီး စီးပွားရှာပါရစေတဲ့လေ၊ မိန်းမဥစ္စာနဲ့ ကြောင့်ကြမဲ့ စားသောက်နေရတာထက် ကိုယ့်ခွန်အားနဲ့ မယားကို ရှာဖွေကျွေးချင်ပါသတဲ့၊ ဒါကြောင့် တားမရတဲ့ သူ့စေတနာကို ကြည်ကြည်သာသာ ခွင့်ပြုလိုက်ရတယ်၊ လယ်တောကိုလိုက်ပြီး ထမင်းပို့ ရတာ၊ သူပြန်အလာမှာ ဒူးခပ်ကျွေးရတာ၊ အဲသလို လင်ကို ချစ်လို့ လုပ်ရတဲ့ ကရိကထကလေးတွေက ခံစားလို့ အရသာအရှိသား၊ သဒ္ဒါတယ် ကြည်ဖြူတယ်ဆိုတာ ပီတိတစ်မျိုးပေါ့။

ဒီလိုနဲ့ လေးငါးခြောက်လလောက် ကြာလာတဲ့တစ်နေ့မှာ သူ့ကို ဝမ်းသာအားရ ပြောမိတယ်။

"ဒါဒါ၊ ခု ခင်မမှာ မောင့်ရင်သွေးကလေးကို ပဋိသန္ဓေဆောင်ထားရပြီ"

"ဟယ်"

သူက လက်ခမောင်း ဖြောင်းခနဲနေအောင် ထ ခတ် ပြလိုက်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ ဖခင်ဖြစ်ရမယ့် ယောကျ်ား ငါမှငါတကား"ဟု ကြုံးဝါးလိုက်ပုံက အားရှိစရာ ဝမ်းမြောက်စရာ ကြည်နူးစရာကြီးပါပဲလေ၊ ကျွန်မကို အရင့်အရင်ကထက်ပိုပြီး ယုယလာတယ်၊ ပိုပြီးကြင်နာလာတယ်၊ လယ်အလုပ်ရော အိမ်အလုပ်ပါ သူကဒိုင်ခံလုပ်ပြီး ကျွန်မကို သက်သာနိုင်သမျှ သက်သာအောင် စောင့်ရှောက်နေတယ်။

ဩော်– မိန်းမသားများ မိဘတို့က ရွှေပေါ်မြတင်ထားခဲ့ပေမဲ့ လင်သားရဲ့ အပြုစု အယုအယကို ပိုလို့ပဲခုံမင်လိုလား တန်ဖိုးထားတတ်ကြပါကလား၊ ဒါကြောင့်သာ 'ဖခင်နှင့်လင်၊ တူပင်မကျွာ၊ သေကြရာဌ်၊ ဣန္ဒြာနတ်ဆေး၊ တစ်လုံးပေးလည်း၊ ကျေးဇူးထွတ်တင်၊ မွေးဖခင်ကို၊ မရှင်စေရာ၊ လင်ကိုသာလျှင်၊ ရှင်ပါစေမူ၊ လျှင်စွာကုလိမ့်' လို့ ဝေဖန်ကြတာ အပြစ်တင်ကြတာနေမှာပါ။

' ဒါပေမဲ့ တစ်ခုတော့ ကိုယ်တွေ့ခံစားရပါတယ်၊ မိန်းမသားများ ကိုယ်လေးလက်ဝန်နဲ့ မီးဖွားတော့မယ်ဆိုတဲ့အချိန်မျိုးမှာ လင်သား ဖခင်တို့ထက် မိန်းမချင်းဖြစ်တဲ့ ကိုယ့်မိခင်ကို အားကိုးမိတဲ့ စိတ်ပါ၊ မိန်းမတို့ဓမ္မတာ မိခင်သာလျှင် အကျွမ်းကျင်ဆုံး နားအလည်ဆုံး ကိုယ်တွေ့အဖြစ်ဆုံး မဟုတ်လား၊ အသေးအမွှားကအစ မေးလို့ရတယ်၊ ပြောလို့တင့်တယ်တယ်၊ နောက်ပြီးတော့ သမီးကို အကြင်နာဆုံးဖြစ်တယ်၊ အဲဒီအခိုက်အတန့်မှာတော့ ဖခင်နဲ့ လင်သားတို့တောင်မှ မိခင်ကို မယှဉ်နိုင်ဘူးဆိုတာ အကြွင်းမဲ့ ယုံကြည်လက်ခံထားပြီးသား။

အားမကိုးလို့လည်း မဖြစ်ဘူး၊ ယောကျ်ားဖော်စီး မိန်းမမီးနေ၊ တစ်နေ့တစ်နေ့ သချိုင်းကို ခြေလှမ်းသုံးလှမ်း နီးနေကြတယ်ဆိုတဲ့ ပြောလေ့ပြောထ စကားစဉ်တွေကလည်း ချောက်ချားစရာ ကောင်းလှပါတယ်၊ ဒါကြောင့် မိခင်ရဲ့လက်ကို ဆုပ်ကိုင်ပြီးသာ မွေးလိုက်ချင်ပါတယ်။

"ဒါဒါ မီးဖွားခါနီးရင် အမေတို့ထံ ခဏပြန်ရအောင်နော်၊



ခင်မကို လိုက်ပို့ပေးပါနော်၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတဲ့ မိဘတွေပါမောင်ရယ်၊ ခင်မတို့ရဲ့အပြစ်ကို လျစ်လျူရှုနိုင်တဲ့ သူတို့ မြေးကလေးမျက်နှာကို အားကိုးစရာ ရှိသားပဲ၊ နော်– သွားကြရအောင်ပါနော်"

ကျွန်မက အားတက်သရော ပြောနေတာကို သူက ဝမ်းပန်းတနည်း ရှိနေပါတယ်။

"ခင်မရယ်၊ မဖြစ်နိုင်တာကြီးပါ၊ မောင်သေတာကို မြင်ချင်လို့လား၊ မိဘမျိုးရိုးတို့ရဲ့ ငယ်ထိပ်ကို ဖနောင့်နဲ့တက်ပေါက်ထားတဲ့ ငမိုက်သားကျေးကျွန်ကို ဘဝအဆက်ဆက်တောင် ကျေကြပါ့မလား၊ မျောက်မြင်တော့ ခဲနဲ့ထုချင်တဲ့စိတ်ဟာ ဆင်အိပ်ရာ ဆိတ်နှိုးသလိုဖြစ်ကုန်ကြမှာပေါ့၊ မောင် လိုက်မပို့ဝံ့ပါဘူး၊ ဘယ်နည်းနဲ့မှ မပို့ဝံ့ပါဘူး"

"ဒါဖြင့် ခင်မတစ်ယောက်ထဲ လူကြုံရှာပြီး သာဝတ္ထိကို ခဏပြန်မယ်လေ၊ မီးဖွားပြီးတော့ ခင်မ အမြန်ဆုံးပြန်လာခဲ့မှာပေါ့"

"ခင်မ ဒီလိုသွားရင်လည်း အသွားခြေရာသာ ထင်ကျန်ခဲ့မှာပါ ခင်မရယ်၊ ကိုယ့်အဖို့တော့ မယားပါမက သမီးလေးလား သားလေးလားမှ မသိလိုက်ရအောင် ရင်သွေးပါဆုံးရမယ့်ဘဝပါ"

သူ့ကြောင်းကျိုးပြ အချက်အလက်ကလည်း ယုတ္တိမကင်းလှသောကြောင့် လက်လျှော့လိုက်ရပါပြီ၊ လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာခဲ့တော့မှဖြင့် ဒီအချိန်မှာလည်း သေအတူရှင်မကွာ ရဲရဲကြီးနေလိုက်ပါတော့မယ်။

"ကဲပါလေ စိတ်ဆင်းရဲဖြစ်မနေပါနဲ့၊ ခင်မ မသွားတော့ပါဘူး"

"ဝမ်းသာလိုက်တာ ခင်မရယ်၊ မယားကို မျက်စိအောက်က အပျောက်မခံနိုင်တဲ့ လင်ပါကွယ်၊ ဒီရွာမှာ မီးနေကိစ္စသဘာဝကို နားလည်တဲ့ ဝမ်းဆွဲလက်သည်တွေ ရှိမှာပေါ့"

သူက မွှေ့မွှေ့ပိုက်ပိုက်နှင့် မယားလေးကို အားပေးရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ခမျာကတော့ ကျွန်မကို သည်းစုသည်းနစ် စွဲအောင်ချစ်၍ မပစ်နိုင်ရာ မခွာနိုင်တဲ့ တစ်ဦးတည်းသော ကွန်းခိုရာပါတကား။

နေ့စေ့လစေ့ ကိုယ်ဝန်က ရင့်မာသည်ထက် ရင့်မာလာပါပြီ၊ မမွေးဖူး မဖွားဖူးတဲ့ ကျွန်မမှာ ပို၍ အားငယ်လာပါတော့တယ်။

အို – သူ့ကိုသာ လိုက်အပိုခိုင်းလို့တော့ ပိုပေးမှာ မဟုတ်ပါဘူး၊ သူ့ဘက်က တွေးကြောက်တာကိုလည်း အပြစ်ဆိုစရာမရှိပါဘူး၊ ရိုးရိုးတော်လှန်ပြီး အရှင်သခင့်ထံမှ ကိုယ်လွတ်လက်လွတ် ထွက်ပြေးတဲ့ ကျေးကျွန်များကိုမိလျှင်တောင် အကြီးအကျယ် အနှိပ်စက် အညှဉ်းဆဲ ခံကြရတာ တွေ့ဖူးကြားဖူးနေလေတော့ ရွှေလိုဥထားတဲ့ သမီးကလေး နုနုထွတ်ထွတ်ကို ခိုးယူပေါင်းသင်းနေတဲ့ သူ့အဖို့က ခွင့်လွှတ်စရာ လုံးဝ မမျှော်လင့်နိုင်တာ အမှန်ပေါ့၊ ဒီတော့ သူ့ကို အသိမပေးဘဲ သာဝတ္ထိကို လူကြုံရှာပြီးပြန်မယ်။

မိဘတွေထံရောက်လျှင် ကြိမ်းတာမောင်းတာလောက်အပြင် ကိုယ်ဝန်အရင့်အမာကြီးနဲ့သမီးမို့ ဘာလုပ်ရက်ကြမှာတုံး၊ ကိုယ့်မိခင် မျက်စိအောက်မှာ မွေးဖွားပြီးပြီဆိုတော့ သူ့အတွက်ပါ မျက်ရည်ခံထိုးပြီး အမျိုးမျိုးတောင်းပန်မယ်၊ အသနားခံမယ်၊ မိဘဆိုတာ သားသမီးတို့ရဲ့ကိုးကွယ်ရာ၊ ခွင့်လွှတ်ရှင် ကယ်တင်ရှင်တွေပါ၊ အခုဆိုရင် သမီးအချစ် မြေးအနှစ်မို့ သူတို့မြေးဦးကလေးကို မခွဲနိုင်မခွာနိုင်တာနဲ့ပဲ သမက်ပါ လက်ခံမှာ သေချာပါတယ်၊ ငါသွားမယ်၊ ငါသွားမယ်။

အဲသလိုစိတ်ကူးနဲ့ သူလယ်ထဲဆင်းနေတုန်း အိမ်နီးနားချင်းတွေကို ပြောဆိုမှာကြားပြီး ခရီးသွားလူကြုံတွေနဲ့ သာဝတ္ထိကို ထွက်ခဲ့ပါတယ်၊ ကျွန်မရဲ့အတွေးကတော့ အိမ်ရောက်မှ အမေ့ဆီမှာ မွေးမယ်ပေါ့၊ ဒါပေမဲ့ ခရီးသွားရင်းပဲ မိန်းမတို့ဓမ္မတာအတိုင်း ကမ္မဇလေ အပြင်းအထန် လှုပ်ရှားလာပါတယ်၊ ဒါကြောင့် လမ်းခုလတ် ဇရပ်ကလေး တစ်ဆောင်မှာနားပြီး စိတ်အားတင်းထားရပါတယ်၊ တကယ်



ပြောရလျှင် ကျွန်မရဲ့ တစ်ဖွတ်ထိုးလုပ်ခဲ့မှုကြောင့် ဘိုးမမီ ဒေါ်မတွေ့ ဆိုသလို မိခင်ထံလည်းမရောက် လင့်မျက်မှောက်ကလည်း ကင်းကွာပြီး အားငယ်စရာ တွေ့ရပါပြီ။

ခလုတ်ထိမှ အမိကိုတသည်ဆိုတဲ့ စကားများ တယ်မှန်ပါကလား၊ မီးနေကိစ္စကို သေလုမြောပါး ကိုယ်တိုင်ခံစားရမှ မိခင်တို့ရဲ့ ဓမ္မတာဝန်ကို ကိုယ်ချင်းစာလိုက်မိပါတယ်၊ မိန်းမူးတွေဝေ သေတော့မတတ် သည်းအူပြတ်မျှ မခံမရပ်နိုင်တဲ့ ဝေဒနာဆိုးကြီးကို အံကြိတ်လက်ဆုပ် ခံပြီး၍ မကြာခင်မှာပဲ 'အူဝဲ' ဟုအော်သံကလေး ကြားလိုက်ရပြန်တော့လည်း ငါ့ရင်သွေး ငါ့ရင်သွေး၊ ယခင့် ယခင်က 'ရင်သွေး' ဆိုတဲ့ ဝေါဟာရကို အမှတ်တမဲ့ပဲ နားလည်ခဲ့တာ၊ အခုတော့ ကိုယ့်ရင် ကိုယ့်နှလုံးထဲက ကိုယ့်သွေးတစ်စက်တစ်ပေါက်ကြီးထွားပြီး ကိုယ့်ဝမ်းမှာ ကိုးလလွယ်လို့ ဆယ်လရောက်အောင် တယုတယ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရတဲ့ 'ရင်သွေး' အစစ်ပါကလားလို့ ကြက်သီးထလောက်အောင် မေတ္တာ ကရုဏာတွေ ဟုန်းခနဲ ထခဲ့ရတယ်၊ ကမ္မဇလေကြောင့် ပင်ပန်းဆင်းရဲခံခဲ့ရတဲ့ ဒုက္ခတွေ၊ နာကျင်ပြင်းပြလွန်းတဲ့ ဝေဒနာတွေ အကုန်လုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတာဟာ အံ့သြစရာကြီးပါတကား။

အဲသလို ကိုယ့် 'ရင်သွေး'ကလေးကို ပွေ့ပိုက်ပြီး သောမနဿ ဖြစ်နေရလို့မှ မကြာလိုက်ပါဘူး၊ မောင်မင်းကြီးသား ကျွန်မယောကျ်ားဘွားခနဲ ရောက်လာပါတော့တယ်။

"မိုက်လိုက်တာ ခင်မရယ်၊ ရဲတင်းလိုက်တာမယားရယ်"လို့ ကျွန်မကိုအပြစ်တင်ရာမှ သားကလေးကိုလည်းမြင်ပါရော ကျွန်မရင်ခွင်ထဲက ပွေ့ပိုက်ထွေးယူပြီး ဝမ်းသာအားရဖြစ်နေပါတယ်။

အဲသည့်နောက် ကျွန်မကို ယုယုယယ စမ်းသပ်ဆေးမြန်းပြီး ကလေးရော ကျွန်မပါ သန့်စင်ရအောင် အနီးအနားတစ်ပိုက်မှာ ရေမိုး

www.burmeseclassic.com

www.burmeseclassic.com



ရှာ၍ သုတ်သင်ပေးပါတယ်၊ သစ်ကိုင်းခြောက်ကလေးတွေကို ရှာဖွေပြီး ဇရပ်ပေါ်မှာ မီးဖိုပေးပါတယ်၊ သားဖွားပြီးစ မိန်းမများအတွက်မီးလှုံပေးဖို့ အရေးကြီးပါတယ်၊ ဒါမှသာ နွေးနွေးထွေးထွေး သွေးသားရွှင်လန်းပါတယ်၊ သို့ကလို မီးနှင့်မကင်းအောင် နေခြင်းကြောင့် 'မီးနေကိစ္စ'လို့ ခေါ်ကြတာပေါ့။

သားကလေးကိုလည်း ချောချောမောမော မွေးဖွားပြီးပြီ၊ လင်ကလည်း အနားမှာရောက်လာပြီ၊ ဒါကြောင့် ကျွန်မမှာ ရွှင်ရွှင်လန်းလန်းနဲ့ ကျန်းမာချမ်းသာနေတဲ့အခါ–

"ခင်မရယ်၊ ဒီကနေပြီး ရွာကိုပဲပြန်ကြပါစို့၊ မီးဖွားဖို့ ကိစ္စကြောင့် မိဘထံပြန်မယ်လို့ထွက်လာခဲ့တာ ချောချောမောမောနဲ့ သားကလေး မျက်နှာမြင်ပြီးမှပဲ သာဝတ္ထိကိုရောက်အောင်သွားဖို့ မလိုတော့ပါဘူး"

ဒါကို ကျွန်မက အထွန့်တက်လိုက်ပါသေးတယ်။

"လမ်းတစ်ဝက်တောင် ရောက်လာမှတော့ သာဝတ္ထိကို ရောက်အောင် ဆက်သွားကြရအောင်လား ဒါဒါရယ်၊ တစ်လက်စထဲ သူတို့မြေးကလေးကိုပြပြီး တောင်းပန်ကြရအောင်လေ၊ မြေးကလေး မျက်နှာနဲ့ သူတို့ကျေချမ်းကြမှာပါကွယ်"

"ဪ– လှော်ရင်းနစ်တဲ့ လှေသမားလို ပြောနေတဲ့ကြားက တစ်ဖွတ်ထိုးသွားချင်ရင်တော့ ဟိုရောက်မှ မှားမှန်းသိတော့မှာပဲ၊ ကဲ–အခု ခင်မမှာ ကိုယ်ချင်းစာနိုင်တဲ့ဘဝကို ရောက်လာခဲ့ပြီ၊ ကိုယ့်သားကိုယ့်သမီးကို ဘယ်လောက်ချစ်သလဲ၊ ကိုယ့်သားကိုယ့်သမီးကို ဘယ်လောက် တန်ဖိုးထားသလဲ၊ ဘယ်လောက် အမွန်အမြတ်ပြုသလဲ၊ ဒီတော့ ကိုယ့်သားသမီးကို ပင်ဂန်းဆင်းရဲအောင်၊ ဂုဏ်ကျက်သရေနိမ့်အောင်၊ အမျိုးဇာတ်ပျက်အောင် ဖျက်ဆီးဇော်ကားတဲ့ ကျွန်သားပေါက်အပေါ် ခင်မထင်သလို အိမ်ဦးခန်းခေါ်တင်မယ် မှတ်သလား၊ ဇာတ်ကြီးတဲ့ 'ခတ္တိယ'အမျိုးဆိုတာကိုလည်း သတိထားပါအုံး၊ ဒီတော့



လာမယ့်ဘေးကို ပြေးမတွေ့ချင်ပါနဲ့ ခင်မရယ်၊ တစ်လင်တစ်မယား တစ်သားမိခင် ကြင်ကြင်နာနာနဲ့ ရွာပြန်နေကြပါစို့"

စေ့စေ့တွေးလျှင် သူ့စကားက အရေးပါပါတယ်၊ မျိုးရိုးအနေနဲ့သာ အောက်တန်းစားလို့ အခွဲခြားခံနေရပေမဲ့ ကျွန်မယောကျ်ားဟာ အတွေးအခေါ် ဉာဏ်ပညာမနိမ့်ပါဘူး၊ မြေးဦးကလေးကို ချစ်လွန်းလို့ သမီးကို သိမ်းပြီး သားမက် သူစိမ်းကို အပြစ်မပေးတောင် အဝေးကို နှင်လိုက်လျှင် ရင်ကွဲရမှာက ကျွန်မ။

ဗီဇကို အထင်သေးကြလို့ ကောသလနှင့် ဝိဋူဋပ ဒုက္ခများခဲ့ရပြီ။

"ကောင်းပါပြီ မောင်ရယ်၊ ခင်မ မသွားတော့ပါဘူး၊ မောင်နဲ့ ကွေကွင်းရမယ်ဆိုတဲ့ စကားများ နားမှလေသံတောင် မကြားပါရစေနဲ့"

သို့ကလိုနှင့် သားကလေးကိုပိုက်ပြီး နေရင်းရွာကို ပြန်လိုက်ခဲ့ပါတော့တယ်၊ သားသယ်အမေမို့ ရှေးကထက်ပိုပြီး အရေးယူဂရုစိုက်ရှာပါတယ်၊ သားတစ်မျက်နှာ တိုးလာလို့ လယ်အလုပ်ကို ပို၍ကြိုးစားလုပ်ပြန်ပါတယ်။

ဒီလိုနဲ့ပဲ လေးငါးနှစ်လောက်ကြာတဲ့အခါမှာ ဒုတိယကိုယ်ဝန်ကို ရရှိလာပြန်ပါတယ်၊ ကျွန်မအနေနဲ့သားသမီးရလာတယ်ဆိုကတည်းက မိဘရဲ့မေတ္တာကို ကိုယ်ချင်းစာနိုင်ခဲ့တာ အမှန်ပါပဲ။

ကိုယ့်ကလေးကို နို့တိုက်ရင်း ကိုယ့်ရင်သွေးကို ထမင်းခွံ့ပေးရင်း နာဖျားမကျန်းရှိရင် ပြုစုယုယပြီး သောကဖြစ်ရင်း၊ ကြည်သာရွှင်ပျတီတီတာတာရှိတဲ့အခါ မုဒိတာဖြစ်ရရင်း–

'ဪ၊ ငါ့မိခင်ဟာ ငါချစ်သလို ငါ့ကိုချစ်ရှာမှာပဲ၊ ငါနိုးရိမ်သလို၊ ငါကြောင့်ကြသလို ကြောင့်ကြစိုးရိမ်ရှာမှာပဲ၊ ငါ့သားကလေးနဲ့ငါ ကွဲကွာရမှာကို သည်းအူပြတ်မျှ ခံစားရသလို ငါ့မိခင်လည်း ငါနဲ့ကွဲကွာခဲ့ခြင်းကြောင့် မခံမရပ်နိုင်အောင် ခံစားပူဆွေးရရှာမှာ၊ ငါကသာလျှင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ကောင်းကြံ၍ မိဘကို စွန့်ပစ်ပြီး အချစ်နိုင်ငံကို လိုက်ခဲ့တာပါ ကလား' ဆိုတဲ့ အတွေးတွေက နေ့နေ့ညည နှိပ်စက်နေပါတော့တယ်။

တကယ်ဆိုတော့လည်း တူနှစ်ကိုယ် တဲအိုပျက်မှာနေရဆိုတဲ့ စကားဟာ တဏှာရူး ရူးပြီး ဘဝကို မြော်ခေါ် မစဉ်းစားကြတဲ့အခိုက် အတန့်ကလေးမှာ ပြောကြ ဆိုကြ ယုံခဲ့ကြတာပဲ၊ ကိုယ့်သမီးသား ကိုယ့်စီးပွား ကိုယ့်ပကာသနနဲ့ လူ့ဘဝကို တိုးဝင်ကြရမယ့် အချိန် ကျတော့ သူတကာရဲ့ မျက်မှောက်မှာ အောက်ကျတာကို ရှက်စနိုး ဖြစ်လာရပြီ။

အဲသည် အတွေးတွေဟာ ဘာကြောင့်ဝင်လာရသလဲ၊အကြောင်း ရှာကြည့်တော့ လင်မယားရဲ့အချစ်ဆိုတာက တောက်လောင်တုန်း ခဏမှာ အလွန်တရာ အရှိန်အဟုန်ကြီးမားတဲ့ ကောက်ရိုးမီးများနဲ့ တူလို့ပါ၊ လောင်စာကုန်တော့ အရှိန်စဲပြီး မီးခဲမှ မကျန်တော့အောင် ဆိတ်သုဉ်းသွားတတ်ပါတယ်၊ အဲ–မကြာခဏ ငြိမ်းပေမဲ့ မကြာခဏ တော့ တောက်လောင်တတ်သပေါ့၊ အဲသလို တောက်လောင်တဲ့အခါ တောက်လောင်လိုက်၊ ငြိမ်းတဲ့အခါ ငြိမ်းသွားလိုက်ဆိုတဲ့ ငြိမ်းကာမတ္တ ကလေးမှာ အမှားအမှန် အတွေးအခေါ်တွေ ပေါ်လာနိုင်တဲ့ အခွင့်အရေး ရှိလာတာပေါ့။

မိဘမေတ္တာဆိုတာကတော့ ဟုန်းခနဲစွဲပြီး ပူလောင်တဲ့ အရှိန် အဝါမဟုတ်တဲ့ ရှားမီးခဲနဲ့ နှိုင်းရမယ်ထင်ပါတယ်၊ အခိုးအငွေ့ မပြင်းထန်ပေမဲ့ အလွန်တရာကြီးမားတဲ့ 'ဥဏှ'ဓာတ်ဟာ အမြဲမပြတ် တည်ရှိနေပါတယ်၊ ဟုန်းခနဲမတက်ပေမဲ့ ဟုန်းခနဲကျတယ်လို့ မရှိပါဘူး။

ဒီလိုတွေးမိတဲ့အချိန်ကစပြီး လင့်အပေါ်မှာ မေတ္တာတုံးလို့ မှန်းပြီလို့ မဆိုနိုင်ပေမဲ့ မိဘမေတ္တာကို အလေးထားပြီး သနားမိတာ၊ တွယ်တာမိတာ၊ ခံယူလိုတာတွေက တဖွားဖွား ဖြစ်လာပါတယ်။



ဒီလိုနဲ့ ဒုတိယ ကိုယ်ဝန်အရင့်အမာဖြစ်လာတဲ့ တစ်နေ့ကျတော့ အရင်ကလို လင်ကို အသိမပေးဘဲ သားဦးကလေးကို လက်ဆွဲပြီး သာဝတ္ထိကို ထွက်ခဲ့ပြန်ပါတယ်၊ လူကြုံခရီးသွားဖော်များကလည်း ကိုယ်ပြည့်လက်ပြည့် နို့မျက်ကလေးပါ မပေါ့မပါးနဲ့မို့ ကရုဏာနဲ့ စောင့်ရှောက်ကူညီကြပါတယ်။

ရာသီက နွေအကုန်မိုးအကူး၊ အရင်တစ်ခေါက်တုန်းကလို ကိုယ်လွတ်လက်လွတ်မဟုတ်၊ လက်တွဲ၍ တစ်မျိုး၊ ချီပိုး၍ တစ်ဖုံ၊ လူကြုံကို အမီလိုက်၊ ကတိုက်ကရိုက်ရှိလှတာ မပြောပါနဲ့တော့၊ ဟိုး– လေးနှစ်လောက်က ဇရပ်ကလေးတောင် ပျက်ဆွေးလို့နေပြီလေ။

ရှေ့သို့ဆက်မလိုက်နိုင်သည့်အခါ အဲသည့်နေရာမှာ တစ်ထောက် နားပြီး ခရီးသွားအဖော်တွေကို ထားခဲ့ဖို့အကြောင်း တောင်းပန်လိုက် ရတယ်၊ ဒါကတော့ ကျွန်မယောကျ်ားဟာ အရင်တစ်ခါလိုပဲ စိုးရိမ် ကြောင့်ကြစွာ လိုက်လာအုံးမှာပဲလို့ တွက်မိလို့ပါ၊ နေလည်း နေမှာ မဟုတ်ပါဘူး။

နေဝင်ဖျိုးဖျအချိန် ဇရပ်ပေါ်မှာ လူမမယ်ကလေးတစ်ယောက် နဲ့မို့ တွေးကြောက်တာတော့ အမှန်ပါပဲ၊ သို့ပေမဲ့ ကြာကြာမကြောက် နိုင်ပါဘူး၊ ကမ္မဇလေကြောင့် ဝေဒနာက လှုပ်ရှားလာခဲ့ပါပြီ။

မွေးဖူး ဖွားဖူးတယ်ဆိုပေမဲ့ တစ်သားမွေး တစ်သွေးလန့်မိတာ မိန်းမတိုင်းဖြစ်ပါလိမ့်မယ်။

ဒီကြားထဲ မိုးနဲ့သင်းတဲ့ လေပြင်းက တိုက်ခတ်စ ပြုလာခဲ့ပါပြီ၊ တိမ်စိုင်တိမ်ခဲတို့ကလည်း ညိုမည်း၍ တက်သာကြပြန်ပါပြီ၊ သားကြီးက ဖက်တွယ်၍ မျက်နှာငယ်နှင့် ကြောက်ရွံ့နေတဲ့အခါ ရင်ခွင်မှာ ပွေ့ ထားရင်း အားတင်းနေရပါတော့တယ်။

"သြော်– မိန်းမမိုက်၊ မိဘကိုတော်လှန်ပြီး လင်နောက်ကိုလိုက် ခဲ့ပြန်သည်၊ လင်နှင့်နေပြန်ဘော့လည်း လင့်စကားကို နားမထောင်၊

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ကောင်နှင့် တွဲလွဲ၊ ဖွတ်ကဲ၍ ထွက်လာခြင်းကြောင့်ကလေးရော ငါပါ လူမနီးတဲ့ တောကြီးအလယ်မှာ ကိုယ့်ဒုက္ခကိုယ်ရှာသလို ဆင်းရဲရပါကလား” ဟု ငိုကြွေးမိပါတော့တယ်။

လေပြင်းက ဝုန်းခနဲတိုး၍ မိုးက တဝေါဝေါ သည်းလာခဲ့ပါပြီ၊ ကမ္ဘာလောက ခက်ထန်ပြင်းပြစွာ အလူးအလဲ နာလာပြန်သောကြောင့် ကျွန်မကို အတင်းဖက်တွယ်ရင်း အော်ဟစ်ငိုယိုနေတဲ့ သားရဲ့အသံဟာ တဖြည်းဖြည်း ဝေးသွားသလို မျက်စိမှာ အမှောင်ဖုံးပြီး စုလုံးကန်းသလို ခံစားလိုက်ရပါတော့တယ်။

ဘယ်ရွေ့ဘယ်မျှကြာအောင် သတိလက်လွတ်ဖြစ်ခဲ့ရသည်မသိ၊ ပထမဦးစွာ ခံစားမိတာဖြင့် တစ်ကိုယ်လုံး အေးနေရာမှ နွေးထွေးထွေး အထိအတွေ့ပါ၊ ဒါနဲ့တစ်ဆက်တည်း နားထဲဝင်လာတဲ့ အသံက တဖြည်းဖြည်း ပီသကျွဲပြားလာခြင်းပါပဲ။

“ခင်မ–ခင်မ– သတိထားလေ –သတိထား၊ ဒါဒါရောက်လာပြီ၊ ခင်မသားကလေးလည်း ဝမ်းကကျွတ်ပြီလေ”

လေးလံသော မျက်ခွံကို အားယူပြီး ဖွင့်ကြည့်လိုက်တော့ ကျွန်မရဲ့လင်ယောကျ်ားသူကမွေ့ထားလျက်၊ အားရပါးရ သူ့ကိုဖက်၍ တက်တော့မတတ် ငိုလိုက်ရပြန်ပါတယ်။

ကလေးနှစ်ယောက်စလုံးရဲ့ငိုသံ၊ ကျွန်မရဲ့ငိုသံ၊ မိုးသံလေသံ၊ သောသောည်နေပါတော့တယ်။

“ခင်မက တယ် ဒုက္ခရှာသကိုး၊ ကံကြီးလို့ ဒုက္ခရောက်မကုန် တော့တယ်”

“ခင်မကိုခွင့်လွှတ်ပါတော့ ဒါဒါရယ်၊ ကိုယ်တင်မက သားရော လင်ပါ ဒုက္ခပေးမိတာ တောင်းပန်ပါတယ်၊ နောက်ကို မောင့်အနားက တစ်ဖဝါးမခွာ တစ်သက်လုံး နေသွားပါတော့မယ်၊ ခင်မ ကတိပေး ပါတယ် မောင်ရယ်”



မိုးထဲလေထဲ လိုက်လာရရှာတာမို့ သူ့တစ်ကိုယ်လုံးလည်း ရွဲရွဲစို ခိုက်ခိုက်တုန်လို့။

အိမ်ပြန်ရောက်လို့ သားကလေးရဲ့အသံကို လှမ်းမကြားရ ကတည်းက ကျွန်မထွက်သွားပြန်တာကိုသိလို့ အိမ်နီးချင်းတွေကို မေးပြီး လိုက်ခဲ့ကြောင်း၊ လမ်းခုလတ်မှာ လေကြီးမိုးကြီးနှင့် တိုးနေလို့ ကြန့်ကြာရတာနှင့်အမျှ ခင်မတို့သားအမိအတွက် ပို၍စိုးရိမ်လိုက်မိ ကြောင်း၊ နေဝင်သွားတဲ့အပြင် ကောင်းကင်မှာ မိုးမစဲလို့ မှောင်နှင့် မည်းမည်းဖြစ်နေတဲ့အတွက် နာမည်ကို တကြော်ကြော်အော်ခေါ်ရင်း လိုက်ခဲ့ရာ ဤဇရပ်ပေါ်မှ သားကြီး ကလေးငိုသံကြားလို့ အပြေးအလွှား လာသည့်အခါ ခင်မမှာ မိန်းမူးမေ့မြောလျက် သားငယ်ကလေးမှာ အချင်းတန်းလန်းနဲ့ မွေးပြီးစ အခြေအနေကို ရင်ထုမနာ မြင်တွေ့ရ ကြောင်းတို့ကို ဝမ်းနည်းဝမ်းသာ ညည်းညူအပြစ်တင်သံပါ ရော၍ မမောမပန်း ပြောနေရှာပါတယ်။

အဲသလိုကြားရပြန်တော့လည်း ကိုယ့်ဒုက္ခထက် သူ့သောကမီး ပရိဒေဝကို ကရုဏာဖြစ်ပြီး ချစ်လိုက်ရပြန်တယ်၊ ကြင်နာလိုက်ရပြန် ပါတယ်၊ ကျွန်မအခုနပြောသလို ကောက်ရိုးမီးက ဟီးထအောင် တောက်လောက်ရပြန်တာပေါ့လေ။

“ဒါဒါရယ် – မယားအပေါ်မှာ ကောင်းလှချည်လား၊ ခွင့်လွှတ် နိုင်လှချည်လား”

“မိဘကို ပုန်ကန်ပြီး လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး မျိုးရိုး ဇာတိပါစွန့်ပစ်ပြီး ကိုယ့်အပေါ်မှာ ချစ်ခဲ့တဲ့မယားကို မသနားနေနိုင် ပါ့မလား ခင်မရယ်၊ ကိုယ်နှင့်မတန်မရာ ကံအကြောင်းပါလို့ ရထားတဲ့ ရတနာကို မမြတ်နိုးဘဲ ရှိနိုင်ပါ့မလား”

“အို– ဒါဒါရယ်၊ ဒါဒါ့ကို အသည်းနှလုံး သွက်သွက်ခါအောင် ခင်မ ချစ်ရပြန်ပါပြီ၊ အင်းဒါကြောင့် ဗုဒ္ဓက ‘တဏှာနှင့်တူသော

www.burmeseclassic.com



ဖမ်းယူတတ်သော ကွန်သည်မရှိ' လို့ ဟောတော်မူသတဲ့လေ၊ ခင်မရဲ့ ရုပ်ခန္ဓာကိုယ်ပါ မောင့်အချစ်ကွန်ရက်ထဲက မရုန်းမထွက်နိုင်အောင် တစ်သက်လုံး ဖမ်းထားပါပြီ၊ ရုန်းထွက်ဖို့ နေနေသာသာ ဖြစ်လေရာ ဘဝတိုင်းမှာ အဖုံးအလွှမ်း အဖမ်းအအုပ် ခံချင်ပါဘိတော့တယ်"

"အံမယ်-ခင်မက ဗုဒ္ဓရဲ့ဒေသနာကို နှလုံးသွင်းပြီးရှိနေပါကလား၊ ဗုဒ္ဓသာသနာကို ဘယ်တုန်းကများ ခံယူခဲ့ပါလိမ့်"

"ဗုဒ္ဓကို မဖူးတွေ့ဖူးသေးပါ ဒါဒါရယ်၊ မျက်မှောက်တော်မှ ဒေသနာကိုလည်း ကိုယ်တိုင်ကိုယ်ကျ မနာရသေးပါ၊ ဒါပေမဲ့ ဂန္ဓမာဒနတောင်ယံမှာ အပွင့်ကိုမမြင်ရသော်လည်း မဉ္ဇူသကပန်းရနံ့က တောအလုံးကို လှိုင်ပျံ့စေနိုင်တယ် မဟုတ်လား၊ မြင်ဖူးတွေ့ဖူးသော မင်းသုံး မြို့သုံး တောရွာသုံး ပန်းတကာတို့နဲ့မတူအောင် မွှေးချိုသော ရနံ့ကြောင့်လည်း' မဉ္ဇူသကပန်းလို့ ပြောနိုင်မှာပဲ မဟုတ်လား"

"အင်း-သာဓု သာဓု ခင်မ၊ ဒါဒါချစ်ရမြတ်နိုးရသော ခင်မဟာ အမျိုးအနွယ်အားဖြင့် မြင့်မြတ်ရုံမက ဉာဏ်ပညာအားဖြင့်လည်း ကြီးမြတ်ပါပေတယ်၊ ဗုဒ္ဓမျက်မှောက်ထံတော်ရောက်လျှင် ထွန်းပေါက်သော တရားမေဒနီနှင့် ဘိက္ခုနီကလေးများ ဖြစ်သွားမလား"

"အို- ဒါတော့ ဒါဒါ အထင်ကြီးလွန်းနေပြီ"

သေမင်း၏ခံတွင်းဝမှ ကင်းလွတ်ခဲ့ရသော ကျွန်မတို့ လင်မယားမှာ အသစ်တစ်ဖန် အချစ်နှာလန်ထလာကြသလို မေတ္တာမှာ ကရုဏာပို၍ နှစ်လိုမဆုံး ရှိကြရပါတယ်။

"ကဲ- ခင်မ၊ ဒါဒါ ထင်းရှာပြီး မီးဖိုပေးမယ်၊ နွေးနွေးထွေးထွေး စိတ်အေးချမ်းသာနေရအောင်၊ နက်ဖြန်သန်ဘက်တော့ ရွာကိုပဲပြန်ကြတာပေါ့၊ တောရွာဇနပုဒ်မှာ ခင်မလို သူဌေးသမီးရင့်မာကြီး အပြီးအပိုင် မနေနိုင်တာကို လက်ခံပါတယ်၊ သားကလေးနှစ်ယောက် သွားလောက် လာလောက်တဲ့အရွယ်ရောက်တော့ မိဘတို့ထံ တစ်ခေါက်



တစ်ကျင်းပြန်ပြီး တောင်းပန်ဝန်ချရအောင် ဒါဒါလိုက်ပို့ပေးမယ်၊ သံယောဇဉ်တစ်မျှင်က နှစ်မျှင်တိုးလာမှဖြင့် စိတ်ဆိုးပြေနိုင်လောက်ပါရဲ့၊ သူတို့မြေးကလေးနှစ်ယောက်မျက်နှာငယ်မှာကို အဘိုးအဘွားတိုင်း လွယ်လွယ်နဲ့ ပစ်ပယ်မှာမဟုတ်ပါဘူး"

ကျွန်မရဲ့ဘဝမှာ ကျွန်မအဲသလိုကြားရတာ ကျွန်မယောကျ်ားရဲ့ နောက်ဆုံးစကားဖြစ်ပါတော့တယ်၊ နောက်ဆုံးမှ နောက်ဆုံးပါ၊ ဘာဖြစ်လို့လဲဆိုတော့-

ကျွန်မကို ပီယဝါစာပြောပြီး ဓရပ်ပေါ်မှဆင်းလို့ ထင်းအရှာသွားလိုက်တာ ပြန်မလာတော့ပါဘူး၊ မိုးစဲလို့ ကြယ်ရောင်တောက်သော်လည်း ပြန်မရောက်လာပါဘူး၊ ခုနစ်စင်ကြယ်ပြောင် အမြီးထောင်ပြီး သန်းခေါင်လို့ပြနေတဲ့ အချိန်ကျအောင် လူရောင်မှ ပြမလာပါဘူး၊ မိုးလေစဲပေမဲ့ ကလေးကနှစ်ယောက်တွဲမို့ အမှောင်ကြီးထဲကို ကျွန်မ မလိုက်ဝံ့တာကြောင့် 'ဒါဒါရေ - ဒါဒါရေ' လို့သာ ဟစ်အော်နေရပါတယ်၊ သားဦးကလေးကလည်း မပီကလာ ပီကလာနဲ့ သူပါ ဝိုင်းခေါ်နေရှာပါတယ်။

ဒီလိုနဲ့ အရုဏ်တက်ပြီး လင်းဘက်ကို ရောက်ခဲ့ပါပြီ၊ ဒါဒါက မရောက်လာသေး။

တန်တော့-တန်တော့၊ လင့်စကားကို မနာခံပယ်ရှားတဲ့မယား၊ လင့်အလိုကို ဆန့်ကျင်တဲ့မိန်းမ၊ ဒုက္ခပေးတတ်တဲ့အိမ်သူကို မကြည်ဖြူလို့ စွန့်ထားခဲ့လေသလား၊ လင်နှင့်မယား၊ သမီးရည်းစားဆိုတဲ့ အချစ်မျိုးက 'ချစ်သော်သက်နှုန်း၊ မုန်းသော်ရန်သူ' အမှတ်ယူလို့ စိတ်ချရတာမှ မဟုတ်တာ၊ ကဲလေ- ရှိပါစေတော့၊ သာဝတ္ထိကို ခရီးတစ်ဝက်ရောက်မှတော့ တောက်လျှောက်ပဲ မိဘထံ ပြန်တော့မယ်၊ လမ်းမှာ လူကြုံနှင့်တွေ့လျှင်လည်း တစ်စေ့တစ်ပေါက် ထောက်လှမ်းလို့ မေးမြန်းကြည့်ရမှာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သွေးနုနု သားနုနု၊ အားပြုစရာကလည်း ဥမမယ် စာမမြောက် ကလေးငယ်နှစ်ယောက်နှင့်၊ မွေးစကို ရင်ဝယ်ပိုက်၊ အကြီးကလေးကို လက်ကဆွဲ၊ အားခဲလို့ ဇရပ်မှဆင်းခဲ့ရပါတယ်။

တစ်ခေါလောက်မှ မကွာတဲ့အရပ်မှာ မတ်တတ်က အထိတ် တလန့်ကြည့်နေလိုက်မိပါတယ်၊ ဒါဒါလေ ဒါဒါပေါ့၊ ချုံစပ်တစ်ခုမှာ ပိုးလိုးပက်လက် ခြေပစ်လက်ပစ် အိပ်မောကျနေဟန် တွေ့ရပါတယ်။

'သြော်-ခမျာ၊ တစ်နေကုန်အောင်လည်း ကတိုက်ကရိုက် အမောတပန်းလိုက်လာရ၊ တစ်ညလုံးလည်း မအိပ်မနေ ငါ့ကို ပြုစု ရတာကြောင့် ခြေကုန်လက်ပန်းကျပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေရှာတယ်' ဆိုတဲ့ အထင်နဲ့ သူ့အနားကိုလည်း တိုးသွားပါရော၊ ရှူးခနဲ ပါးပြင်းထပြီး မာန်စောင်နေလိုက်တဲ့ မြွေဟောက်ကြီးဟာ နည်းနည်းနော့နော မဟုတ်ပါဘူး။

ဒီတင် ကျွန်မရိပ်မိလိုက်ပြီ၊ သိလိုက်ပြီ၊ မိုးစိုစိုမှာ အသား အရေ ညိုမည်းပြီး ပစ်စလက်ခတ် လဲနေတာဟာ ညကတည်းက မြွေဟောက်ပေါက်ခံရပြီး အဆိပ်မွှန်လို့ မချိမဆံ့ အသက်ဆုံးရတာ ပေါ့၊ မြွေဟောက်ကြီး ထွက်သွားမှ ကြက်သေသေရာက သတိရပြီး သူ့ကိုသွားစမ်းလိုက်ပါတယ်၊ အေးစက်တောင့်တင်းနေရှာပြီလေ၊ အို-ကျွန်မစိတ်အထင်ဖြင့် ဂိရိဇဟို မြမြင်းမိုရ်တောင်ကြီးဟာ ကျွန်မ အပေါ်ကို တအိအိနဲ့ ပိလာသလို၊ ရပ်တည်နေတဲ့ မဟာပထဝီမြေ အထုဟာ တရွေ့ရွေ့နဲ့ ယွင်းယိုပြီး ကျွန်မတစ်ကိုယ်လုံးကို မျိုလိုက် သလိုခံစားနေရပါတယ်။

"ဒါဒါ ထလေ၊ အိပ်မနေနဲ့"

"ဒါဒါ ထလေ၊ အိပ်မနေနဲ့"

ကျွန်မသားလေးရဲ့ ငိုမဲ့မဲ့အသံကို ကြားလို့ ကြည့်လိုက်တော့ သူ့အဖေကို လှုပ်၍လှုပ်၍နှိုးနေတာကို ရင်ထုမနာ တွေ့နေရပါတယ်။



ကျွန်မ ကြာကြာမကြည့်ရက်တော့။

ကျွန်မမှာ မငိုဘဲ မျက်ရည်အိုးကြီး ကွဲသလို ထိန်းမနိုင်သိမ်းမရ တတွေတွေ မျက်ရည်ကျနေတော့တယ်၊ သားကိုဆွဲခေါ်ရင်း အဲဒီ မြင်ကွင်းမှ ကယောင်ချောက်ချား အပြေးအလွှား ထွက်ခဲ့ပါတယ်၊ တွေးကြည့်လိုက်ရင် လင်တစ်ယောက်လုံးရဲ့အလောင်းကို ခွေးစားစား လင်းတနားနား တာဝန်မဲ့ ထားပစ်ခဲ့ရသလိုပါပဲ၊ ဒါပေမဲ့ ကျွန်မ ဘာများတတ်နိုင်မှာလဲ၊ တကယ်တော့ သွေးနုသားနုနှင့် မြေကြီး ကလေးမျှ ယက်၍ မဖုံးနိုင်ခဲ့ပါ၊ သစ်တုံး သစ်ရွက်ကလေးမျှ မတင် နိုင်ခဲ့ပါ၊ ငှက်ပျောတုံး လက်ပံတုံးလို လုံးလုံးစွန့်ခဲ့ရခြင်းပါပဲ။

"အသည်းနာလိုက်ပါဘိ ဒါဒါရယ်"

ဒီကြားထဲ မသိတတ်ရှာတဲ့ သူ့သားက ဒါဒါ့ကို ဘာလို့ ထားခဲ့ရတာလဲတဲ့လေ၊ သူ့ဖခင်ကို ကျွန်မခေါ်တဲ့အတိုင်း 'ဒါဒါ' လို့ ခေါ်နေကျပါ၊ ကျွန်မ ဘယ့်နှယ်ဖြေရပါ့မလဲရှင်။

ကျွန်မ ရှေးရှု၍ ဆက်လျှောက်ရမည့်လမ်းကို မျှော်မှန်းကြည့် လိုက်မိပါတယ်၊ သစ်ပင်တောတောင်တွေဟာ ဝိုးတိုးဝါးတား လှုပ်ခါ ယမ်းခါ ရှိနေပါတယ်၊ မြေညီလမ်းတွေမှာလည်း သမုဒ္ဒရာထဲက လှိုင်း တံပိုးကြီးတွေလို နိမ့်ချည်မြင့်ချည် နိမ့်တုံမြင့်တုံ ရှိနေပါတယ်။

သားအကြီးကလေးက ကျွန်မရဲ့ခါးဝတ်ဆွဲကိုင်ပြီး တအိအိလုပ် ရင်း လိုက်နေသလို ရင်ခွင်ထဲက မွေးစကလေးကတော့ တအားအားနဲ့ ရှူးရှူးဝါးဝါး အော်နေပါတယ်။

ထိုမြင်ကွင်းကိုသော်လည်းကောင်း၊ ဤအသံကိုသော်လည်း ကောင်း ကြားနေလျက် မြင်နေလျက်နှင့် အသက်မပါသလို ကျွန်မ လမ်းလျှောက်နေမိပါတယ်၊ ခံစားမှုဟူသမျှ ကျွန်မမှာ ဘာမျှမရှိ။

ရောက်ခဲလှချည့်ဆိုသော သောကလည်းမရှိ၊ ပင်ပန်းလှချည့် ဟူသော ဒုက္ခလည်းမပေါ်၊ ဒါဒါ့ကို စွန့်ခဲ့ရသည့် ပတ်သန်းကျင်သာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့အာရုံမှာ စွဲစွဲမြဲမြဲထင်နေသလို ရှိပါတယ်၊ သညာမဲ့ ဝိညာဉ်မဲ့ တကယ့်စက်ရုပ်လို တစိုက်မတ်မတ် လျှောက်လာခဲ့ရာမှ တဝေါဝေါ တဒီးဒီးမြည်ဟီးကာ ကန့်လန့်ခံနေသော ယမားချောင်းကိုမြင်မှ သတိဝင်ပါတော့တယ်။

“ငါဒီချောင်းကို မြင်ဖူးသလား”

“ငါဒီချောင်းကို ဖြတ်ဖူးသလား”

အို– ငါအမြင်မှန်ရပြီလေ၊ မြင်ဖူးပါတယ်၊ ဖြတ်ကူးဖူးပါတယ်၊ အဲ–ဒါဒါနဲ့ သာဝတ္ထိက ပြေးလာကြစဉ်ကပေါ့၊ ဒီခရီးကလာလို့ ဒီချောင်းကိုဖြတ်ခဲ့ရတာပေါ့၊ ဒါပေမဲ့ ဒါဒါနဲ့ လာကြတုန်းကတပေါင်း တန်ခူး ဆန်းစနွေဦးမို့ ဒီချောင်းကြီးဟာ ခြောက်ခြောက်သွေ့သွေ့ သဲအပြည့်နှင့် သိမ်မွေ့ဆိတ်ညံ့ ပျော်အောင်ဖန်ခဲ့သမို့ တို့ကြင်စမောင်နှံ ရွှေကိန္နရာဟန် လက်တွဲလို့ သဲပေါ်မှာ မြူးခဲ့ကြ ပြေးလွှားခဲ့ကြသေးတာပဲ၊ အို – ဒါဒါရယ်။

အခုတော့ ယမန်နေ့က တစ်ညလုံး သဲသဲမဲမဲ ရွာခဲ့တဲ့မိုးက ချောင်းရဲ့အညာ အဝေးမှာရှိတဲ့ စိမ်းလဲ့ညိုမှောင်သော တောင်စွယ် တောင်တန်းတို့ကြောင့် ချောင်းပေါက်လို့စီးတာက မြစ်ကြီးပမာရှိနေပြီ၊ ဒိုက်သရောများ မျောပါလာကြတဲ့ အရှိန်အဟုန်ကို ကြည့်ရုံနှင့် ဝါးလုံးထိုးစီးနေတာ သိသာလှပါတယ်၊ ကြီးမားသော သစ်ကိုင်း သစ်ခက်များသာမက ရွာတွေထဲက ကျွဲ နွား ဆိတ် ဝက် စတဲ့ သတ္တဝါမျိုးတွေတောင် မသေမရှင် မချိမဆံ့ ပါလာတတ်ကြတယ်၊ သစ်ကိုင်း သစ်ခြောက်ပေါ်မှာ တွယ်ကပ်လိုက်ပါလာရှာတဲ့ ကြက် ငှက်ငယ်နဲ့ ရှဉ့် ကြွက်စတဲ့ တိရစ္ဆာန်ကလေးများကိုတော့ ကောင်းကင်မှာ ပျံဝဲနေတဲ့ စွန်ရဲတွေက မည်းခနဲဆင်းသုတ်ပြီး အာဟာရလုပ်နေကြတယ်လေ၊ ဩော် – ဒုက္ခပါတကား။

တောင်ကျချောင်းကြီးကိုကြည့်ရင်း မကူးဝံ့ မဖြတ်နိုင်၊ ကမ်းရိုး



က မှိုင်နေတဲ့အချိန်မှာ သားကြီးကထမင်းဆာလို့ငို၊ သားငယ်က နို့မစို့ရလို့အော်၊ အတော်စိတ်ဆင်းရဲရပါကလား၊ သူတို့ခမျာများမှာ ‘တောင်လဲရာ မြက်ပြတ်’ ရသလို မိခင်ရဲ့ ပရိဒေဝကြောင့် အငတ်ငတ် အမွတ်မွတ် ဖြစ်နေကြရတယ်။

“သားရယ် မငိုပါနဲ့၊ ချောင်းဟိုဘက်ရောက်ရင် လူနေအိမ်နဲ့ နီးလာပါပြီကွယ်၊ အဲသည်တော့ အလွယ်နဲ့မရတောင် အသနားခံပြီး တောင်းကျွေးမယ်နော်” လို့ နားလည်နိုင်သူကို စကားနှင့်ဖျောင်းဖျပြီး အငယ်ကလေးကိုတော့ “တအေးအေးတအိုအို” တေးဆိုသလို ချော့နေရပါတယ်။

ဟုတ်ပါတယ်၊ ဒီချောင်းကို ဖြတ်နိုင်မှ လူကြီးရော ကလေးပါ အငတ်ဘေးက လွတ်ကြမယ်လေ၊ နေကလည်း မွန်းတောင်တည့်မှုပဲ၊ ရေစီးကသန်ပေမဲ့ ချောင်းရေက ဒူးဆစ်ပေါင်လယ်လောက်သာ နက်ပါလိမ့်မယ်၊ ဆယ့်နှစ်ရာသီ ရေရှိနေတဲ့ချောင်းမှ မဟုတ်တာ၊ ဒါပေမဲ့ ကလေးနှစ်ယောက်စလုံးကို ချီပိုးသွားလို့ကတော့ မဖြစ်နိုင်ဘူးလေ။

ချောင်းအကျယ် ပမာဏက အတောင်လေးငါးဆယ်မျှသာ ဖြစ်တဲ့အတွက် တစ်ဖက်ကို တစ်ယောက်စီချီပို့မှ ကိုယ့်အဖို့လည်း အန္တရာယ်ကင်း၊ သူတို့မှာလည်း ဘေးကင်းနိုင်စရာ ရှိပါတယ်။

“ကဲ–သားကြီးက ဒီချောင်းကမ်းနားမှာ ခဏနေရစ်နော်၊ ညီညီကို ဟိုဘက်ကမ်းပို့ထားခဲ့ပြီးရင် မေမေက သားကို တစ်ခေါက်ပြန်လာခေါ်မယ် ဟုတ်လား”

သူနားလည်အောင် အတန်တန်မှာကြားပြီး သားငယ်ကိုပွေ့ချီလို့ ပေါင်လယ်ပေါင်ရင်း ရေထဲသို့ဆင်း၍ ဖြတ်ခဲ့ရတယ်၊ စီးလိုက်တဲ့ရေကြီးလိုက်တဲ့အဟုန် ဒလိမ့်ခေါက်ကွေး ကလေးတွေနဲ့တကွ ဒိုက်သရောတွေနဲ့အတူ မျောပါမသွားအောင် အားနဲ့ခွန်နဲ့ ရုန်းကန် ဖြတ်သန်းရ

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ ရေစီးတဲ့အသံကြီးကဖြင့် သေမင်းက အာခံတွင်းဖြဲပြီး တဟဲဟဲ ရယ်နေသလိုပါပဲ၊

တစ်ဖက်ကမ်းရောက်တော့ ခြောက်သွေ့တဲ့နေရာကလေးရွေး၊ နွေးထွေးအောင် အနီးစုတ်နဲ့ မွေးကင်းစကလေးကို ထုပ်ထားခဲ့ပြီး ကျန်ရစ်သူ သားကြီးထံ ပြန်ကူးခဲ့ပြန်တယ်။ ကျွန်မမှ ချောင်းအလယ် လောက်ရောက်မယ်ရှိသေး၊ ကောင်းကင်က တောင်ဟုန်မဲပြီး စွန်ရဲကြီး တစ်ကောင်က ကလေးကို သားတစ်အမှတ်နဲ့ သုတ်ချီလိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခဲနက်ကလေးငိုသံဟာ မိုးယံမှာလွင့်တက်သွားပါ တော့တယ်။

ကျွန်မမှာ ဗြုန်းခနဲ မှင်တက်မိသလို ကြောင်နေပြီးမှ သတိရ တယ် ဆိုလျှင်ပဲ အူအသည်းပြောင်းပြန်လှန်သလို အသံကုန် ဟစ်အော် လိုက်မိတယ်၊ 'ရွှေး–ရွှေး' နဲ့ နှုတ်ကအော်ပြီး လက်ခုပ်တီးလို့ ရေလယ်က ခြောက်မိတယ်၊ စွန်ရဲကတော့ ကျွန်မခေါင်းပေါ်မှာဝဲလို့ ကမ်းဘေးက သားကလေးရပ်နေရာ အပေါ်ကိုဖြတ်ပြီး တောစပ်ထဲ ဝင်သွားပါတယ်၊ ဒါပေမဲ့ ကျွန်မမှာတော့ သွေးရူးသွေးတန်းနဲ့ အအော် မရပ်နိုင်သေးဘဲ လက်ကားရားခြေကားရားနဲ့ ကတိမ်းကပါး လဲမလို ပြိုမလို ငိုကြီးချက်မ ဖြစ်နေတဲ့အခါ ကမ်းဘေးက သူငယ်က သူ့ကိုခေါ် တယ်မှတ်သလား၊ မသိပါဘူး၊ တရွေ့ရွေ့နဲ့ ရေစပ်ကို ဆင်းလာပြန် ပါပြီ။

"ဟဲ့–သား၊ မလာခဲ့နဲ့၊ မလာခဲ့နဲ့"

တကယ်တော့ ကျွန်မအော်နေတဲ့စကားဟာ ကြောက်အားနဲ့မို့ ဗလုံးဗထွေး ဝူးဝူးဝါးဝါးသာ ဖြစ်နေပါတယ်၊ ဒါကို ကလေးကမသိ၊ ကျွန်မရဲ့ပေါင်လယ်လောက် ရေအနက်ဟာ သူ့အတွက် ခေါင်းမြုပ် သွားပါလိမ့်မယ်။

"သား မဆင်းနဲ့၊ သားမဆင်းနဲ့၊ မေမေလာမယ်" လို့ ကျွန်မ



ပြောပြော ပြေးပြေး၊ ပြေးတုန်း သားကြီးဟာဝုန်းခနဲရေနက်ပိုင်းထဲကျပြီး မျောပါသွားပါတော့တယ်။

"အမယ်လေး–––"

သားမျောပါသွားရာ နောက်ကို ကျွန်မဝါးလုံးထိုး ပြေးလိုက် ပါတယ်၊ ဒါပေမဲ့ ကျသွားကတည်းက ထင်ထင်ပေါ်ပေါ်မဟုတ်ဘဲ မြုပ်တစ်ဝက် ပေါ်တစ်ဝက် 'ဒီး'တိုက်၍ ပါသွားတာမို့ တစ်စွန်းတစမှ မဆွဲလိုက် မမိလိုက်တော့ပါဘူး၊ ဝါးတစ်ရိုက်လောက်အထိ ကျွန်မပါ ရေမြုပ်လို့ ပါသွားပြီးတဲ့နောက် ကိုယ့်အသက်ကို လုခဲ့ရပါတယ်ရှင်။

ဒယီးဒယိုင် မောမောပန်းပန်းနဲ့ ကမ်းပေါ်ရောက်ခဲ့တာနဲ့ တစ်ပြိုင်နက် ရပ်တည်ခြင်းငှာ မစွမ်းသာတော့ဘဲ လဲပြိုမေ့မြောသွား ပါတော့တယ်။

"သမီး–သမီးရဲ့ဒုက္ခတွေ အမေ မကြည့်ရက်ပါဘူးကွယ်၊ အမေ့ ရင်ခွင်လောက် အေးချမ်းဘေးကင်းတဲ့နေရာမျိုး ဘယ်မှာမှ မတွေ့နိုင် မရှိနိုင်ဘူးဆိုတာ သမီးသိပြီမဟုတ်လား"

ကျွန်မသတိရလို့ မျက်စိဖွင့်ကြည့်လိုက်တော့ မိခင်ကြီးရဲ့ သဏ္ဌာန်ဟာ ဝိုးတဝါးနှင့် ပျောက်ကွယ်သွားပါတယ်။

"အမေ"

ကျွန်မ အဲဒီစကားတစ်ခွန်းသာ အူလှိုက်သည်းလှိုက် တစ်အား ဟစ်အော်ပြီး လဲနေရာမှ တစ်အားအန်၍ ပြေးခဲ့ပါတယ်၊ ကျင်းချိုင့် ခလုတ် ငုတ်နှင့်ဆူးချုံ အလုံးစုံကို ခုန်ကာလွှားကာ တစ်အားသာပြေး နေပါတယ်၊ မကြာမကြာ ဒလိမ့်ခေါက်ကွေး လဲလိမ့်၍ သွားသော်လည်း မနာမကျင် လေအလျဉ်ကဲ့သို့သာထပြီး ဆက်၍ပြေးခဲ့ပါတယ်။ ကျွန်မရဲ့ စိတ်ထဲမှာက 'အမေ အမေ' ဟူသော အသံသာ ရှိနေသလို ကျွန်မနား နှစ်ဘက်မှာက 'ပြေးဟေ့ ပြေးဟ' လို့တစ်တောလုံးက ညာသံပေးပြီး ဝိုင်းအော်နေကြသံသာ ကြားနေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ–အမေ"

"ပြေးဟေ့ – ပြေးဟ"

"အမေ–အမေ"

"ပြေးဟေ့ – ပြေးဟ"

ကျွန်မ နည်းနည်းကလေးမှ မမောပါ၊ နည်းနည်းကလေးမှ မပင်ပန်းပါ၊ ဒါကြောင့် ကျွန်မ နည်းနည်းကလေးမှ မရပ်မနားခဲ့ပါ။

ဟော ကျွန်မနေခဲ့တဲ့၊ ကျွန်မအဖေရှိတဲ့ သာဝတ္ထိမြို့ ဆင်ခြေဖုံးတောင် ရောက်လာပြီလေ၊ ကျွန်မ အပြေးမရပ်သေးပါ၊ ပြေးလို့ကောင်းတုန်း၊ ပြေးလို့ အရှိန်ရတုန်း၊ ပြေးလို့အရသာ ခံနေတုန်း၊ ဖြတ်သန်းသွားလာကြတဲ့ ရွာသူရွာသားတချို့က ကျွန်မကို အထူးအဆန်းကြည့်နေကြတယ် ထင်ပါရဲ့၊ ကျွန်မဂရုမစိုက်ပါဘူး။ တချို့လည်း လှမ်းပြီးမေးကြတယ်ထင်ပါရဲ့၊ ကျွန်မဘာမှ ပြန်မပြောခဲ့ပါဘူး၊ တချို့ လှည်းယာဉ်တို့ ခြေလျင်တို့က ကျွန်မပြေးလာတဲ့လမ်းကို အထိတ်တလန့် စိုးရိမ်တကြီး ရှောင်ဖယ်ပေးနေကြတယ်၊ အချင်းချင်းလည်း ကျွန်မကို စပ်စုကြည့်ရင်း အတင်းပြောနေကြသလား၊ ဝေဖန်နေကြသလား၊ ကောက်ချက် ချနေကြသလား၊ ကျွန်မဖြင့် န ဓာနာမိ ငါမသိ။

ကျွန်မ မြို့ထိပ်က နတ်စင်ကို ဖြတ်ခဲ့ပြီ။

ဟော–ကျွန်မ မြို့ကျုံးကို လွန်ခဲ့ပြီ၊ မြို့ရိုးနဲ့ မြို့တံခါးကို ကျော်ခဲ့ပြီ၊ မြို့တွင်းကို ဝင်ခဲ့ပြီ။

ဟောသည်မှာ သေတင်းကုပ်၊ ဟောသည်မှာ ပန်းဥယျာဉ်။

ဟောသည်မှာ မြို့လယ်ဈေး၊ ဟောသည်မှာ ကုန်သည်ရပ်ကွက်။

ဟောဒါက ပွဲစားတန်း၊ ဟောဒါက သူကြွယ်ပိုင်း။

ဟောသည်မှာ သူဌေးရိပ်သာ၊ ဟော–ဟယ်---

ကျွန်မ မျက်စိရှေ့မှာ ပြိုကျပျက်စီး မြေကြီးသို့ ပုံနေတဲ့ ကျွန်မတို့တိုက်၊ ကျွန်မမိဘများရဲ့ဂေဟာ၊ ကျွန်မကို မွေးခဲ့တဲ့ ဗိမာန်ကြီး။



ဟုတ်မှဟုတ်ကဲ့လား။

ဟုတ်ပါတယ်။

လွဲများနေသလား။

မလွဲပါဘူး၊ ငါကောင်းကောင်းကြီး မှတ်မိတာပေါ့။

ကျွန်မရပ်ပြီး ပါးစပ်အဟောင်းသားနဲ့ ကြည့်နေရာကို တိုက်ပျက်အုတ်ပုံကြီးမှာ လုပ်ကိုင်လှုပ်ရှားနေတဲ့ လူတွေက ဝိုင်းအုံပြီး လာကြည့်ကြတယ်၊ သူတို့လက်တွင်းမှာ တူးရွင်းတွေ ပေါက်တူးတွေ ပေါက်ချွန်းတွေ၊ တစ်ကိုယ်လုံး ပေပေရေရေ ဖုန်အလိမ်းလိမ်း ရွှံ့အပေပေနဲ့၊ ကျွန်မကို ဝိုင်းဝိုင်းလည်အောင် လှည့်ပတ်ကြည့်ကြတယ်၊ တိုက်ပြိုတိုက်ပျက်ကြီးနဲ့ အစုတ်စုတ်အပြတ်ပြတ် ရပ်ပျက်ဆင်းပျက်ကိုဆက်စပ်ဝေဖန်နေကြပုံရပါတယ်၊ အကဲခတ်နေကြပါတယ်။

"ဒါ – ဒါဟာ ကျွန်မတို့တိုက်မဟုတ်လား၊ ကျွန်မမိဘတွေရဲ့တိုက်လေ"

ကျွန်မ အဲသလို နဝေတိမ်တောင်နဲ့ ဆွံ့ဆွံ့ထစ်ထစ် မေးလိုက်တယ်။

"နေပါအုံး၊ မင်းက ဘယ်သူလဲ– ဘယ်ကလဲ"

အဲသလိုမေးလိုက်တဲ့ တစ်ယောက်အနားကို အပြေးအလွှား တိုးဝင်လာတဲ့ လူကြီးတစ်ယောက်က အထိတ်ထိတ် အလန့်လန့် တုန်တုန်ယင်ယင်ကြီး ဖြစ်လာပြီး–

"အမယ်လေး– သခင်မ–သခင်မလေးပါကလား၊ ကျွန်တော် ကျွန်ခေါင်းကြီး ဝရိန္ဒလေ၊ ဝရိန္ဒ၊ မှတ်မိပြီလား" သူ့ရင်ကို သူပုတ်၍ ခေါင်းတလှုပ်လှုပ်နှင့် ပြောနေပါတယ်။

အို– ကျွန်မမှတ်ပြီ၊ ဖခင်ကြီး၏အစေခံ ကျေးကျွန်အလုပ်သမားတို့ကို အုပ်ချုပ်နေသော အလုပ်ခေါင်းကြီး ဝရိန္ဒ၊ ကျွန်မနှင့်ကင်းကွာခဲ့တာမှ ငါးနှစ်လောက်ရှိသေးတာ၊ ကောင်းကောင်း မှတ်မိနိုင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဝရိန္ဒ–ဝရိန္ဒ၊ ကျွန်မမိဘတွေကော၊ ကျွန်မအဖေနဲ့အမေလေ၊ ပြီးတော့ ကျွန်မရဲ့မောင်ငယ်ကော၊ သူတို့ဘယ်မှာလဲ၊ ဒီတိုက်ကြီးက ဘာဖြစ်တာလဲ၊ ဝရိန္ဒတို့က ဘာလုပ်နေကြတာလဲ"

ကျွန်မဇယ်စက်သလိုတစ်ဆက်တည်းမေးလိုက်တယ်၊ အနားက လူတွေက စုတ်သပ်လိုက်ကြတယ်၊ ဝရိန္ဒက ကျွန်မကိုကြည့်ရင်း မျက်ရည်တွေကျလာတယ်၊ ပြီးတော့ သူ့မျက်လုံးအစုံကို လက်နှစ်ဘက်နှင့်အုပ်ပြီး –

"အမယ်လေး– သခင်မ" ဟု အော်ငိုပြီး ကျွန်မခြေရင်းကို ထိုင်ချလိုက်တယ်၊ ကျွန်မရဲ့ခြေဖျားကို ထိကိုင်တော့မတတ်၊ ခေါင်းညွတ် ငုံ့လျှိုးရာက –

"သခင်ကြီးရော၊ သခင်မကြီးရော၊ သခင်လေးရော ဒီတိုက်ကြီးပိလို့ သေကုန်ကြပြီလေ သခင်မရဲ့၊ မနေ့က တစ်မြို့လုံး မိုးကြီးလေကြီးကျလို့ တိုက်ဆွေးတိုက်ဟောင်းကြီးတွေ ပြိုကျတာ နေရာအနှံ့အပြားပေါ့၊ သခင်မတို့ တိုက်က စ ပြိုတာပါပဲ၊ ဟိုမှာကြည့်လိုက်စမ်းပါ သခင်မ"

သူလက်ညှိုးညွှန်ရာကို ကျွန်မ အသက်မပါသလို လိုက်ကြည့်မိတယ်။

"ဒီနေ့ နေ့လယ်ကပဲ သားအမိ သားအဖ ကံဆိုးရှာသူတွေကို သုံးလောင်းပြိုင် မီးသင်္ဂြိုဟ်လိုက်ရတာ မီးခိုးမှ မစဲသေးပါလား သခင်မရယ်၊ မီးခိုးမှ မစဲသေးပါဘူး"

သူပြောမှ သုသာန်သချိုင်းဆီက ကောင်းကင်ကိုတက်နေတဲ့ မီးခိုးအလိပ်လိပ်တွေကို သတိထားမိပါတော့တယ်၊ အဲသည့် မီးခိုးအလိပ်လိပ်တွေက ညစ်ညျူး မည်းမှောင်၍နေသလို ကျွန်မဝမ်းထဲမှာလည်း အလိပ်လိပ် အလုံးတက်ပြီး မျက်စိထဲမှာပဲ မှောင်မည်းလာပါတော့တယ်။



"သခင်မလေး-- သခင်မလေး၊ သတိထားပါ"

"ဘာကိုသတိထားရမှာလဲ ဝရိန္ဒ"

"ဘုရားအလိုတော်အတိုင်း နာခံကြရတာကို ပူဆွေးမနေပါနဲ့ သခင်မ"

"ပူဆွေးရမယ် ဟုတ်လား၊ ဒီမယ် ဝရိန္ဒ၊ သခင်မနဲ့အတူ ထွက်ပြေးတဲ့ ဒါဒါကို သိတယ်မဟုတ်လား"

"သိပါတယ် သခင်မ"

"သူသေသွားပြီ သိလား၊ မြွေအပေါက်ခံရလို့ သေသွားပြီ"

"အို– ဖြစ်ရလေ သခင်မရယ်"

"နောက်ပြီး မွေးခါစ သခင်မသားကလေးကို စွန်ရဲကြီးက သုတ်သွားတယ်လေ"

"ဘုရား--ဘုရား"

"အဲ–အကြီးကလေးက ရေထဲမျောလို့ ဆုံးရတယ်"

"အို–ဘုရားကယ်တော်မူပါ"

"အဲသည် အပူတွေကို အမေ့ကိုပြောပြချင်လွန်းလို့ ပြေးလာခဲ့တာ၊ အခု–အခု ပြောပြဖို့ အမေလည်းသေပြီ၊ အဖေလည်း သေပြီ၊ မောင်ကလေးပါ သေပြီဆိုတဲ့နောက်တော့ သခင်မအဖြစ်ဟာ ပူစရာမဟုတ်တော့ပါဘူး၊ ရယ်စရာတောင်ကောင်းလာပြီ၊ တကယ်ပါ၊ ဟစ်ဟစ်ပြီး ရယ်စရာကြီးပါလား၊ ဟား–ဟား–ဟား"

ကျွန်မအနားက ပရိသတ် အလန့်တကြားနဲ့ နောက်ဆုတ်သွားတဲ့အချိန်မှာ ကျွန်မအပေါ်ရုံအဝတ်တွေကို ဆုတ်ဖြဲပြစ်လိုက်တယ်၊ နောက်ပြီးတော့ ခါးဝတ်ထဘီ၊ ဒါကိုလည်း ချွတ်၍ လွှင့်ပစ်လိုက်တယ်၊ အဝတ်အလွှာတွေက ကျွန်မကို ပူလောင်စေတယ်၊ ကျဉ်းကျပ်စေတယ်၊ ချုပ်ချယ်နေတယ်လေ၊ ကျွန်မ မွန်းကျပ်ပူလောင်ပြီး သေသွားချင်ဘူး၊ အသက်ရှူချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ–ဟယ်–အလိုလေး"

ဝိုင်းအော်ကြတဲ့အသံတွေ၊ ရှောင်ပြေးကြတဲ့လူတွေ၊ ထွက်ပြေးကြတဲ့လူတွေ၊ သူတို့အနားနေလို့ အလကားပဲ၊ ကျွန်မကလေးကို လိုက်ရှာရမယ်၊ ကျွန်မရဲ့ဒါဒါကို လိုက်ရှာရမယ်၊ သူတို့ကို မတွေ့ရင် အမေ့ကိုရှာပြီး တိုင်ပြောမယ်လေ၊ ဒါမှမဟုတ်ရင်လည်း အဖေ့ကိုပေါ့၊ မောင်ကလေးဆိုလည်း အားကိုးရမှာပဲ။

ဒီလိုနဲ့ အရပ်တကာကိုပြေးပြီး ဒါဒါ့ကို ရှာခဲ့တယ်၊ သားကလေးကို စွန်ရဲကြီးဆီက ပြန်လုတယ်၊ သားအကြီးကလေးကို ရေကူးပြီး လိုက်ဆယ်တယ်၊ အမေအဖေတို့ကို ငိုငိုပြီး တိုင်ပြောတယ်၊ မောင်ကလေးတွေ့တော့ 'ကယ်ပါဦး မောင်လေးရဲ့' ဆိုပြီး ဖက်ငိုတယ်။

ကျွန်မကို ဘယ်သူမှ မသနားကြပါဘူး၊ သူ့ရင်ခွင်ထဲက နို့စို့ကလေးကို ဝင်လုရမလားလို့ ရိုက်ကြတယ်၊ မြေကြီးပေါ် ရေကူးနေတဲ့ အရူးမရယ်လို့ ရယ်ကြတယ်၊ ဉာဏ်တွေကို ဖျက်ရမလားလို့ ယောကျ်ားကြီးတွေက တွန်းပစ်တယ်။

အို– ဘယ်သူကမှ မညှာကြပါဘူး။

"ထဘီမပါဘဲ လျှောက်သွားနေတဲ့ အရူးမ" တဲ့။

"ပဋာစာရ၊ ပဋာစာရီ" တဲ့။

(ပဋာ=ခါးဝတ်မပါ၊ စာရ–စာရီ = လှည့်လည်သွားလာနေသူ)

ကျွန်မရဲ့မိဘပေးတဲ့ ငယ်နာမည်ပျောက်ပြီး ပဋာစာရီလို့ ခေါ်ကုန်ကြပြီလေ၊ သူတို့က ပဋာစာရီဆိုလည်း ပဋာစာရီပဲပေါ့၊ ကျွန်မကတော့ ဒါဒါ့ကိုရော၊ သားကလေးတွေရော၊ မိဘမောင်ဖွားကိုရော နေ့အဆက်ဆက် ညအဆက်ဆက် လိုက်ရှာနေတာပဲ၊မဟုတ်လို့ ရိုက်ချင်လည်း ရိုက်ကြပေါ့၊ တွန်းထိုးပစ်လဲ၊ လဲရာကခဲနဲ့ပေါက်လည်း နောက်တစ်နေရာ ရှာရုံပေါ့၊ ရယ်တဲ့လူတွေက ရယ်ကြပေါ့၊ ကျွန်မအဖြစ်က ရယ်စရာအဖြစ်ကြီးပဲဟာ။



"ဟား–ဟား–ဟား"

ဘယ်နှစ်နေ့ ဘယ်နှစ်ရက်ကြာသွားပြီလဲ မသိဘူး၊ ဘယ်နှစ်လကူးခဲ့သလဲတော့မသိဘူး၊ သိလည်း မသိချင်ပါဘူး၊ လူစုလူဝေးရှိတဲ့နေရာတိုင်း ကျွန်မသားကလေးတွေကို ရှာရဖွေရအောင် မေးမြန်းစုံစမ်းရအောင် ရောက်တာပေါ့၊ ဒါက ကျွန်မအလုပ်ပဲဟာ။

"အို–ဟဲ့– ပဋာစာရီ၊ မလာနဲ့–မလာနဲ့၊ သွား–သွား၊ တခြားနေရာကို သွား"

"ရိုက်ထုတ်လိုက်ကြစမ်းပါ ဒီအရူးမကို၊ ဗုဒ္ဓကျောင်းတော်ရှေ့မှာ အမြင်မတော်ပါဘူး"

"အမယ်လေး–အရှက်တကွဲအကျိုးနည်းတော်"

လူတွေက ကျွန်မကိုတွန်းထိုး၍ နှင်နေကြတယ်၊ ကျွန်မက မသွားပေါင်။

ဆွဲလွဲ ခေါ်ထုတ်ကြတယ်၊ ကျွန်မက မလှုပ်ပေါင်။

ရိုက်ပုတ်ထိုးကြိတ်ကြတယ်၊ ကျွန်မက မထိပေါင်။ အဲသလို ရုတ်ရုတ်ရက်ရက်ဖြစ်နေတုန်း အသာယာဆုံး အသံတသံကို ကြားလိုက်ရတယ်။

"ကြီးစွာဒုက္ခ ပြင်းထန်လှသော သောကမီးကြီး ညီးညီးတောက်လောင် ကယောင်ချောက်ချား စကားပေါက်ကရ သတိမရဘဲ သားငယ်ကိုစွန်ရဲသုတ် ရေမြုပ်၍သားကြီးသေ လင်သက်ဝေကိုမြွေကိုက်ခဲ တိုက်လဲ၍မိနှင့်ဖ မောင်ကြီးပါ ဆုံးကြသည်ဟု ချုံးချငိုကြွေး ပူဆွေးဗျာနောက် ရောက်တတ်ရာရာ သွားလာလှည့်ပတ် အဝတ်မကပ်ဘဲ ထမင်းငတ်ရေငတ် ပိန်ကပ်ကြုံလှီ ချစ်သမီး ပဋာစာရီ" တဲ့၊

အို – ချမ်းမြေ့လိုက်တဲ့ သဒ္ဒါရုံရယ်။

ဝွမ်းစများကို ဆီစိမ်လိုက်လျှင် နူးညံ့စိမ့်ဝင်သွားသလို သာယာနူးညံ့တဲ့အသံဟာ နားထဲကိုသာ ဝင်လာတာလို့ မထင်ပါဘူး၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးမှာရှိသမျှ မွေးညင်းပေါက်တွေထဲကို စိမ့်ဝင်သလို ဝင်လာပြီး ပူလောင်နေတဲ့ နှလုံးသည်းပွတ်ကို နှင်းရည်နဲ့ဆွတ်ဖျန်းလိုက်သလို ခံစားလိုက်ရပါတယ်။

ကျွန်မကိုဆွဲတဲ့လူတွေလည်း ရှဲခနဲဖြစ်သွားတယ်။

"ဗုဒ္ဓမြတ်စွာက ခေါ်တော်မူနေတယ်၊ ပဋာစာရီ" တဲ့။

"ဗုဒ္ဓ–ဗုဒ္ဓ"

ကျွန်မနှုတ်က ထပ်ဆင့်မြည်တမ်းလိုက်တာနဲ့ ကျွန်မကိုယ်မှာ အဝတ်မကပ်တာကို သိလိုက်တာဟာ တစ်ပြိုင်တည်းပါပဲ။

ကျွန်မမှာ ရှက်ကြောက်ကြီးစွာနဲ့ ကိုယ်ကိုကျုံ့ပြီး လက်နှစ်ဘက်က ရင်ကိုအုပ်လျက်သားရှိနေပါပြီ၊ အနားကလူတွေက ကျွန်မ သတိကပ်လာပြီး ရှက်ကြောက်တတ်မှန်းသိလာတယ်ဆိုလျှင် ကြင်ကြင်နာနာနဲ့ သူတို့ရဲ့တဘက်ကလေး ခေါင်းတင်ပဝါကလေးများကို ပေးကမ်းကြတယ်၊ ကျွန်မကလည်း ကျေးဇူးတင်စွာယူပြီး သိုသိုသိပ်သိပ် ဝတ်လိုက်ပါတယ်။

ဗုဒ္ဓက နှုတ်ခွန်းတော်လှစ်၍ အသိအမှတ်ပြုလိုက်တယ် ဆိုတာနဲ့ ပရိသတ်က ကျွန်မကို အရေးတယူလမ်းဖယ်ပေးကြတယ်၊ ရှေ့ဆောင် ရှေ့ရှုက် လမ်းရှင်းပေးကြတယ်၊ အမျိုးသမီးများကဆိုလျှင် ကျွန်မကို အင်္ဂဒေဝီ မဟေသီ မိဖုရားကြီးတစ်ပါးကို တွဲသလို ပျူပျူငှာငှာ ရိုသေလေးစားစွာ တွဲပို့ကြတယ်။

ဒီလိုနဲ့ ဗုဒ္ဓသခင်မျက်မှောက်တော်ကို ရောက်ရပါတယ်၊ ဆဒ္ဒန်ဆင်မင်း၏ အသံနှင့်တောင် နှိုင်းလို့မရနိုင်သေးတဲ့ ဗုဒ္ဓတရားဒေသနာ အသံကို ကိုယ်တိုင် စတင်၍ နာရခြင်းပါပဲ။

"ချစ်သမီး ပဋာစာရီ၊ လင်သေ သားသေ သမီးသေ မိဘသေ ဆွေမျိုးသေ သူတို့သူတို့သေလို့ ငိုခဲ့ရသော ချစ်သမီး၏ မျက်ရည်တွေဟာ အနမတဂ္ဂ အစမရှိသော ဘဝ ဘဝ သံသရာတို့ကို စုပေါင်း



လိုက်လျှင် မဟာသမုဒ္ဒရာကြီး လေးစင်းက ရေတွေထက် များလိမ့်အုံးမယ်ချစ်သမီး၊ ဘယ်ဆွေမျိုး ဘယ်မိဘ ဘယ်သားသမီးတို့သော်မှ သေမင်းကို ရှောင်ကွင်း၍ ရနိုင်သည်မဟုတ်၊ မိမိကိုယ်တိုင်သော်မှ ရှောင်ကွင်း၍ ရစကောင်းသည်မဟုတ်၊ ထိုဒုက္ခတို့မှ ကင်းရာကုန်ရာ နိဗ္ဗာန်ချမ်းသာကိုသာ မဂ္ဂင်ရှစ်ပါးကျင့်တရား ပွားများအားထုတ်ရမည် မဟုတ်လား ချစ်သမီး"

"အို–ဗုဒ္ဓသခင် ကျေးဇူးရှင်၊ အပျိုစင်ဘဝက တပည့်တော်မသည် အရှင်ဘုရား၏ တရားဓမ္မကို တစ်စွန်းတစ်စ ဝေးလံလွန်းလှသောဒေသက မဇ္ဈိုသကပန်းရနံ့ကို ရှူရမွှေးရသကဲ့သို့ ဓမ္မဂန္ဓာရုံကို အရသာခံမှုးခဲ့ပါတယ်၊ ထိုစဉ်ကတည်းက အဖဘုရား သခင်ထံမှောက်သို့ ရောက်ရပါမူ ဆူပွက်လောင်မြိုက်သော သောကပရိဒေဝမီး ငြိမ်းကင်းဝေးပြီး ဆောလျင်စွာ အေးရိပ်သို့ ခိုဝင်နိုင်မည်ဖြစ်ပါသည်ဘုရား၊ သို့သော်ငြားလည်း သားသေလင်ဆုံး မိဘမောင်ဖွားပါ ပြုတ်ပြုတ်ပြုန်းသဖြင့် ယူကျုံးမရ အပူလုံးကြွခဲ့ရသမျှ တဒင်္ဂဖြင့် မင်္ဂဖိုလ်တံခါးဝဟု ဆိုအပ်သော သောတာပတ္တိအဖြစ် ရောက်ရှိရသည်မှာ ပူရကျိုး ရူးရကျိုး နပ်ရပါပြီဘုရား" ဟု စိတ်တွင်းမှ ဝမ်းသာအားရ လျှောက်ထားလိုက်မိပါတယ်။

ဤသို့နှင့် ကျွန်မသည် လူတကာပေးသော အဝတ်တို့ကိုစွန့်ခွာ၍ ဗုဒ္ဓ၏သမီးတော် ဘိက္ခုနီတစ်ပါး ဖြစ်လာရပါတယ်၊ သို့ပေမဲ့လည်း ပဋာစာရီထေရီလို့ပဲ ဘွဲ့တပ်လို့ ခေါ်နေကြတာက ရှက်စရာတော့ အကောင်းသား။

မဟာနဖူးစမှာ၊ နံ့သာလူးသပြီး၊ ဂရာမြူးကြွခဲ့လို့၊ တကောရှုး မလေး ဖြစ်ခဲ့ရတာ တိုင်းကျော်ပြည်ကျော်မို့ ခေါ်ကြပါစေတော့။

ဤသို့နှင့် သောတာပတ္တိမဂ်မှ အထက်မဂ်အလို့ငှာ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ကျင့်ကြံနေဆဲ၊ တစ်နေ့ကျတော့ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



ဘိက္ခုနီကျောင်းပေါ်တက်ခါနီး ခြေကို ရေလောင်း၍ဆေးလိုက်တဲ့အခါမှာ သတိပြုမိတာတစ်ခု ထူးထူးခြားခြားရှိပါတယ်။

ဘာလဲဆိုတော့ ကျွန်မရေခပ်ပြီး ခြေအစုံပေါ်ကို လောင်းလိုက်တယ်၊ ရေက ခြေဖမိုးအပေါ်က ခြေဆေးခုံပေါ်ကို စီးဆင်းသွားတယ်၊ ခြေဆေးခုံပေါ်ကတစ်ဆင့် နိမ့်ရာမြေကြီးပေါ်ကို စီးဆင်းသွားပြန်တယ်၊ ဒါပေမဲ့ တစ်နေရာကျတော့ စီးတဲ့ရေဟာ မြေကြီးထဲစိမ့်ဝင်သွားတာမို့ ရေကြောင်းပြတ်သွားပါတော့တယ်။

အဲ–နောက်တစ်ခွက်လောင်းလိုက်ပြန်တော့ အခုနအစဉ်အတိုင်း ရေစီးသွားတာပါပဲ၊ ဒါပေမဲ အခုနရေကြောင်းပြတ်သွားတဲ့နေရာထက် နဲနဲလွန်ပြီးမှ စိမ့်ဝင်ပြီး ပြတ်သွားတာ တွေ့ရတယ်။

တတိယအကြိမ် လောင်းလိုက်ပြန်တယ်၊ အဲ–အခုန–အခုနလိုပဲ၊ ရေလျှောစီးသွားတာပါပဲ၊ သို့သော်မဲ့ ပထမ ဒုတိယနေရာတို့ကို ကျော်ပြီးမှ ရေကြောင်းပြတ်သွားတာကို သတိပြုမိလေတော့ ကျွန်မဉာဏ်နဲ့ တွေးမိတယ်။

“ပထမအရွယ်က လွန်မြောက်တဲ့အခါ ဒုတိယအရွယ်မာလည်း သေနိုင်တာပဲ။ အဲ– ဒုတိယအရွယ်လွန်တော့ကော တတိယအရွယ် ဆိုလျှင်တော့ ရှေ့ဆက်ပြီး အသက်ရှည်စရာ လုံးဝရှိတော့မှာမဟုတ်တာ သေချာလိုက်တာနော်”

“အဲဒါဟာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေပေါ့ ပဋာစာရီ”

ကျွန်မအတွေးနဲ့ကျွန်မ အလွန်ဘဝင်ကျသွားပါတယ်၊ အဲသည့် တရားပီတိနဲ့ ပေါ့ပါးရွှင်လန်းစွာ ကျောင်းတော်ပေါ်တက်ခဲ့ပါတယ်၊ ဆီမီးခွက်ကလေးကို ယူပြီး ကျွန်မရဲ့ကျောင်းခန်းကလေးထဲ ဝင်လာခဲ့ပါတယ်၊ ဆီမီးခွက်ကို နေရာတကျထားပြီး ညောင်စောင်းပေါ် ထိုင်လိုက်ပြီး ဝိပဿနာပြုရန် ဆီမီးခွက်ကို ငြိမ်းမယ်လို့ လုပ်ခါရှိသေး-

ကျွန်မပတ်ဝန်းကျင်မှာ အလွန်တရာ ကြည်လင်ထွန်းပတဲ့

BURMESE CLASSIC .com



ဗုဒ္ဓရောင်ခြည်တော်တွေ ကွန့်မြူးလို့ လာပါတော့တယ်၊ ရောင်ခြည်တော်နှင့် ထက်ကြပ်ပါပဲ၊ ရှစ်ပါးသော အင်္ဂါနဲ့ပြည့်စုံတဲ့ ဗုဒ္ဓ၏အသံတော်ကို ကြားနာလိုက်ရပါတော့တယ်။

“သင်တွေးတာ မှန်တယ် ပဋာစာရီ၊ ချစ်သမီးတွေးတာမှန်တယ်၊ သင်နှင့်တကွသော သတ္တဝါဟူသမျှဟာ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဆိုတဲ့ ကာလအပိုင်းအခြားတစ်ခုခုမှာ မလွဲမသွေ သေကြရမှာကေန်ပဲ။ ဒီတော့ ရုပ်နာမ်နှစ်သင်း ဖြစ်ပျက်ခြင်းကို ဝိပဿနာဉာဏ်အလင်းနဲ့ ထိုးထွင်းကြည့်တဲ့သူအဖို့တော့ တစ်ရက်တာမျှ အသက်ရှင်ရခြင်းဟာ အလွန်မြတ်၍ ငါဘုရားချီးမွမ်းအပ်ပါတယ်–ပဋာစာရီ”

ကျွန်မ–ကျွန်မ ဤအချိန်မှာပဲ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီဖြစ်ခဲ့ရပါပြီ၊ ဗုဒ္ဓရှိရာသို့ ထိခြင်းကြီးငါးဖြာဖြင့် ရိုသေစွာ ကော်ရော်ညွတ်ကျိုး ရှိခိုးလိုက်ပါတယ်။

ရဟန္တာဖြစ်ပြီးတဲ့နောက် ဖဘုရားထံမှာ ဝိနည်းပိဋကတ်ကို အကျယ်အားဖြင့် သင်ကြားတတ်မြောက်ပြီး ဝိနည်းနှင့်ဆိုင်ရာ အရေးအခင်းများကို ဘိက္ခုနီပတ်ဝန်းကျင်မှာ ဟောကြားဖြေဆိုနိုင်ခဲ့ပါတယ်။

မကြာပါဘူး၊ တစ်နေ့သောအခါ ဇေတဝန်ကျောင်းတော်မှ ဘိက္ခုနီမယ်တို့ကို ဗုဒ္ဓကိုယ်တော်တိုင် ရာထူးဌာနန္တရ ထားတော်မူတော့

‘ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနမ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋာစာရာ’ လို့ နှုတ်တော်မှ ထုတ်ဖော်ချီးမြောက်တော်မူခြင်းကို ခံလိုက်ရပါတယ်။

အဓိပ္ပာယ်ကတော့ ‘ရဟန်းမယ်တွေထဲမှာတော့ကျွန်မ ပဋာစာရီသည် ဝိနည်းအရာမှာ အမြတ်ဆုံး၊ အတတ်ဆုံး’ တဲ့။

(ပဋာစာရီထေရီအပဒါန်)

သုခီ အတ္တာနံ ပရိဟရန္တု၊ ၄၁

www.burmeseclassic.com


www.burmeseclassic.com
BURMESE CLASSIC .com
သုခ
www.burmeseclassic.com